# အရှင်စက္ကိန္ဒ / အရှင်ဝါသဝ

# ဥပမာစုံ ရခိုင်စကားပုံ



## အရှင်စက္ကိန္ဒ၊ အရှင် ဝါသဝ

# ဥပမာစုံ ရခိုင်စကားပုံ


| | | |
|---|---|---|
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၁၆၅/၉၅ (၃) |
| စာမူခွင့်ပြုချက် အမှတ် | - | ၇၄၄/၉၅ (၁၂) |
| စောင်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၂၀ ကျပ် |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| ထုတ်ဝေသည့်လ | - | ၁၉၉၆-ခု၊ ဩဂုတ်လ။ |

**- ပုံနှိပ်သူ -**

ဦးဝင်းမြိုင် (မြဲ-၀၂၄၈၆)
သိဒ္ဓိမြိုင်ပုံနှိပ်တိုက်၊
အမှတ် ၁၁၃၊ ၃၄ လမ်း၊ ရန်ကုန်မြို့။

**- ထုတ်ဝေသူ -**

ဦးရဲမြင့် (၀၁၀၄၉)၊ တက်လမ်းစာပေ၊ ၉၆၇၊ ပဒေသာရပ်ကွက်၊
စော်ဘွားကြီးကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။

- ဖြန့်ချိသူ -

ရခိုင်သားကြီးစာပေ
ခ/၅၅ (အေ)၊ ကျွန်းရွှေဝါလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၄၇၈၀၇

# ငါရှိဇာလုပ်ကတ်ဖို့လဲ

- ◆ စာပီမြင့်မှ လူမျိုးတင့်ရေ
- ◆ စာပီမဟိကေ လူမျိုးမဟိ
- ◆ နှုတ်တရာ စာတစ်ကြောင်း
- ◆ စကားနန့်ပြောကေ ပုံပြင်
- ◆ အက္ခရာတင်ဗျာယ် မှတ်တမ်းဝင်အောင်
- ◆ ငါရှိဇာလုပ်ကတ်ဖို့လဲ

**ရခိုင်သားကြီးစာပေ**

# ထုတ်ဝေသူ၏ အမှာ

"ရခိုင်သားတိမှာ စကားပုံပေါင်း ဇာလောက်ရှိရေလဲ" လို့
တွေးကြည့်နီလီရေ
အသျှင်စက္ကိန္ဒနန့် အသျှင်ဝါသရို့ အတွေးကို
ကျွန်တော်အံ့သြလို့ မဆုံးနိုင်ပါ
ယင်းစကားပုံကို
အက္ခရာစိုင်ဗျာယ်
စုဆောင်းသုတေသနလုပ်နီရေ
လုပ်ငန်းကြိုးပမ်းမှု ဖွဲလုံ့လကိုကား
ဒေစာအုပ်က သက်သေပြနီပါယင့်
ဒေစာအုပ်မှာ စကားပုံတစ်ခုတည်း မဟုတ်
ဥပမာ ဥပမေယျနန့်
သုံးလို့ပြောရေ ရခိုင်ဝေါဟာရကိုပါ
မှတ်တမ်းတင်ထားပါရေ
စကားပုံဝေါဟာရ စုစုပေါင်းရှစ်ထောင်နီးပါးကို
နှစ်ပေါင်းဇာလောက်ကြာအောင်
စုဆောင်းရေလဲ မပြောတတ်ပါ
ကျွန်တော်ကတော့
စာမူအဖြစ်က စာအုပ်အဖြစ်ကိုရောက်ဖို့
နှစ်နှစ်လောက် ကြိုးစားရပါရေ
လူမျိုးတစ်မျိုး၏ ဘာသာစကားဝေါဟာရတိရေ

တန်ဖိုးမဖြတ်နိုင်ရေ
ရတနာတိဖြစ်တေလို့
ဘာသာဗေဒပညာရှင်တိ ဆိုပါရေ
ယင်းပိုင်ဆိုကေ
ဒေစာအုပ်ရေ
ရခိုင်အမျိုးသားရို့အတွက်
တန်ဖိုးမဖြတ်နိုင်ရေ
“ရတနာစာအုပ်တစ်အုပ်” ပါ
ယင်းပိုင်စာအုပ်မျိုးကို
ထုတ်ဝေခွင့်ရရှိရေးအတွက်
ကျွန်တော်ဝမ်းသာလို့ မဆုံးပါ
ဒေစာအုပ်ထွက်ရှိရေးအတွက် ကူညီရေ
ကိုဘိုမင်းဖြူကို
အထူးကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါရေ

**ရခိုင်လှမြင့်**
**ရခိုင်သားကြီးစာပေ**



# တွိချင်ပါဗျာယ်

ဇာတ်ကြီးဆယ်ဘွဲ့ထဲက
အသျှင်သုဝဏ္ဏသာမ မိဘနှစ်ပါးရေ
ရွှေအိုးလေ့လိုချင်ရေ
မျက်စိလေ့မြင်ချင်
သားလေ့ရှင်ချင်ဆိုရေ ဆန္ဒစွာ
သကြားမင်းနန့်တွိလို့ ပြည့်စုံလီပါရေ
ရခိုင်စာအုပ်ကို ပုံနှိပ်ထုတ်ဝေစွာမှာ
စာအုပ်တိကို ကွန်ပျူတာစီဗျာယ်
စက္ကူကောင်းကောင်းနန့်လေ့ ရိုက်ချင်
တန်ဖိုးလေ့အနည်းဆုံးနန့် စာဖတ်သူကို ဝီချင်ရေ
ဆန္ဒက တစ်နိန့်ထက်တစ်နိန့်ပိုလာရေအတွက်
ကွန်ပျူတာစီဗျာယ်ပုံနှိပ်လိုက်ယင့် -----။
ဒေနိန့်စက္ကူဈေးနှုန်းက တစ်ရိပ်ရိပ်မြင့်
အယင်ထုတ်ဝေဖူးရေ ခဲစာလုံးစာစီရေစာအုပ်ထက်
ကွန်ပျူတာစီစာအုပ်က
အုပ်တစ်ထောင်မှာ နှစ်သောင်းမက ပိုကုန်နီဗျာယ်
စာအုပ်ကို ဈေးတင်ရောင်းဖို့မလွယ်
(စာဖတ်သူအတွက် ပြဿနာ)
စာအုပ်အရေအတွက်လည်း အရင်ထက်ပိုလို့ ရောင်းမထွက်နိုင်
ဟူး----
အသျှင်သုဝဏ္ဏသာမအမိနန့်အဖတွိလီဖူးရေ
သကြားမင်းနန့်တချက် ကျွန်တော့်ကို တွိပီးကတ်ပါဖိ။

**ရခိုင်လှမြင့်**
**ရခိုင်သားကြီးစာပေ**
**ခ(၅၅)၊ ကျွန်းရွှေဝါလမ်း၊**
**ဘုရင့်နောင်ပွဲရုံ**
**ရန်ကုန်မြို့။ဖုန်း-၂၄၇၈၀၇**

# ပုံ

## ဦးစက္ကိန္ဒ၏ အတ္ထုပ္ပတ္တိ

အသျှင်စက္ကိန္ဒသည် ရခိုင်လူမျိုးရဟန်းတစ်ပါး ဖြစ်ပါသည်။ ၁၉၃၆တွင် အဘ ဦးအောင်ထွန်းရှို၊ အမိ ဒေါ်ချင်းမယ်တို့မှ မွေးဖွားသန့်စင်ခဲ့ပါသည်။

၁၉၅၅-ခုနှစ်မှစ၍ စာပေနယ်ထဲသို့ ဝင်ရောက်ခဲ့ပါသည်။

အသျှင်စက္ကိန္ဒအမည်အပြင် ဦးပါကဋ္ဌအသျှင်ကြီး၊ နတ်မြစ်စန်းအောင်၊ နတ်မြစ်မောင်ကျော်ရှို၊ အမည်ခွဲများဖြင့်လည်း ရခိုင်ရိုးရာဆောင်းပါးများကို ရေသားလေ့ရှိပါသည်။

**အသျှင်စက္ကိန္ဒရေးသားပြုစုခဲ့သော စာအုပ်စာတမ်းများမှာ-**

၁။ ရခိုင်သဘာဝတေးကဗျာများ (၁၉၆၁)
၂။ ရခိုင်လက်ရွေးစင်ပုံပြင်များ (၁၉၆၆)
၃။ ရခိုင်ပုံပြင်ဆန်းများ (၁၉၆၇)
၄။ ရခိုင်ယဉ်ကျေးမှုများ (၁) (၁၉၆၉)
၅။ ဧစင်ရိုင်းချောင်းသမိုင်းနှင့် ထေရာမော်ကွန်း (၁၉၇၅)
၆။ ရခိုင်ပြည်တစ်ခွင်ပုံပြင်များ (၁၉၉၀)
၇။ ပြည်တွင်းမကိုင်ရှ်ခေတ်ဦးရာဇ်သမိုင်း (၁၉၉၃)
၈။ ရခိုင်ယဉ်ကျေးမှုများ (၂) (၁၉၉၃)
၉။ ရခိုင်ပုံသေဝတ္ထုများ ပထမတွဲ (၁၉၉၄)
၁၀။ ရခိုင်ယဉ်ကျေးမှုများ အမှတ် (၃) (၁၉၉၄)
၁၁။ လက်ဝဲသလုံးတော်ခေတ်သမိုင်းနှင့် စစ်တွေမြို့အကြောင်း (၁၉၉၄)
၁၂။ ရခိုင်ဘာသာစကားလမ်းညွှန် (၁၉၉၄)
၁၃။ ရခိုင်ယဉ်ကျေးမှုများ အမှတ် (၄) (၁၉၉၅)တို့ ဖြစ်ကြပါသည်။ အခြားစာအုပ်များလည်း ထုတ်ဝေရန်စီစဉ်ထားရှိပြီး ဖြစ်ပါသည်။

ယခုအခါ အသျှင်စက္ကိန္ဒသည် အသက်(၆၀)နှစ်ရှိပြီဖြစ်ရာ ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ မြို့ဦးကျောင်းကို ထူထောင်၍ သာသနာ့တာဝန်များကို ဆောင်ရွက်နေဆဲ ဖြစ်ပါသည်။

# ဦးဝါသဝ၏ အတ္ထုပ္ပတ္တိ

အသျှင်ဝါသဝသည် ရခိုင်လူမျိုးရဟန်းတော်တစ်ပါး ဖြစ်ပါသည်။ ၁၂၉၂-ခုနှစ်တွင် နတ်မြစ်ကမ်းခြေခြံချောင်းကျေးရွာတွင် အဖလယ်သမားကြီး ဦးမောင်လှခိုင်၊ အမိဒေါ်အုံးကြာဇံတို့မှ မီးရှူးသန့်စင်ဖွားမြင်ပါသည်။ ငယ်မည်မှာ မောင်နုဟုခေါ်တွင်ပါသည်။

နုခေါင်းချောင်းကျောင်း ဆရာတော်နာဂိတထံတွင် ရှင်သာမဏေပြု၍ ၁၃၂၀ ခုနှစ်တွင် မောင်တောမြို့နယ် ကပ္ပဂေါင်းကျေးရွာမှ ဦးကျော်ဦးနှင့် ဒေါ်ပုမေတို့၏ ပစ္စဲနုဂ္ဂဟကိုခံယူ၍ ဆရာတော်ဦးဉာဏ (သာသနာဓဇသိရိပဝရ ဓမ္မာစရိယ)အား ဥပဇ္ဈာယ်ပြု၍ ကပ္ပဂေါင်းရွာ နဒီသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

၁၉၆၁-ခုနှစ်တွင် မင်းပြားမြို့ ဇယသုခကျောင်း၌ ပညာသင်ကြားလျက်ရှိနေစဉ် (၁၉၆၂-ခုနှစ်တွင်) ရန်ကုန်မှ ဦးစက္ကိန္ဒရောက်လာ၍ စာပေနယ်ထဲသို့ သက်ဝင်ရောက်ခဲ့ပါသည်။ ထိုအခါမှစ၍ ရခိုင်ဝေါဟာရများကို စုစည်းခြင်း၊ ဥပမာစုံရခိုင်စကားပုံများကို စုစည်းခြင်း စသောစာပေများကို ဝါသနာအလိုက်တစ်စတစ်စစုစည်းလာခြင်း ဖြစ်ပါသည်။



၁၃၃၄ ခုနှစ်တွင် ငါးဇင်ရိုင်းချောင်းတွင် ကျောင်းတော်တွင် တစ်ဝါသီတင်းသုံးခဲ့ပြီး၊ ၁၃၄၅-ခုနှစ်တွင် စစ်တွေမြို့သိဒ္ဓိကာရုံကျောင်းမှ ဆရာတော်ဦးဝိဒူရက ပင့်ခေါ်၍ ယင်းတွင်ပင် (ယခုထိ) သီတင်းသုံးနေထိုင်လျက် ရှိပါသည်။

"ဝါသနာဘာဂီဆက်တိုင်းမှီ" ဆိုသည့်အတိုင်း ဝါသနာအလျောက်စာပေများရေးသားပြီး နတ်မြစ်-ဦးဝါသဝ၊ နတ်မြစ်-မာလာ၊ နတ်မြစ်-မောင်ဝဏ္ဏအမည်ဖြင့် မဂ္ဂဇင်းများတွင် ဆောင်းပါးများရေးသားဖူးပါသည်။

ဦးစက္ကိန္ဒ၏ ငါးစင်ရိုင်းချောင်းသမိုင်းနှင့် ထေရာမော်ကွန်းတွင်လည်းကောင်း ပြည်တွင်း မကိုဋ်ဓာတ်ဦးရာဇ်သမိုင်းတွင် လည်းကောင်း၊ မင်းပြားတစ်ခွင်ကျိန်းတော်ရှင်သမိုင်းတွင်လည်းကောင်း ပါဝင်ရေးသားခဲ့ဖူးပါသည်။

ယခင်က ဦးစက္ကိန္ဒနှင့်ဦးဝါသဝတို့ စုဆောင်းထားနှင့်ခဲ့ပြီးသော ရခိုင်ဝေါဟာရလက်ရေးမူများကို ရခိုင်ဝေါဟာရအဘိဓာန်အဖြစ် စာအုပ်ထုတ်ဝေရန် ကောင်စီခေတ်ကာလ ၁၉၈၂၊ ၈၃၊ ၈၄၊ ၈၅၊ ၈၆၊ ၈၇ ခုနှစ်ထိ ကြိုးစားအားထုတ်ပါသော်လည်း "ကမှ ပ" အက္ခရာအထိသာ မှတ်စုအနေဖြင့် လက်နှိပ်စက်အဆင့်သို့ ရောက်ခဲ့ပါသည်။ အဓိပ္ပါယ်ဖွင့်ဆိုရာ၌လည်း မပြည့်စုံခဲ့ပါ။ လုံးဝမဖွင့်ဆိုရသေးသော အက္ခရာများလည်း ရှိပါသေးသည်။ ယခုအခါ ထိုဝေါဟာရလက်ရေးမူစာရွက်တို့သည် ဟောင်းမြင်းဆွေးမြေ့လာ၍ အထိမခံစုတ်ပြဲလာပါသည်။ ဆက်လက်ဦးတည်၍ ဆောင်ရွက်ပြုလုပ်မည့်သူ မရှိကြပါသဖြင့် ကြာကြာထားလျှင် ပျက်စီးဆုံးရှုံးမှုသာဖြစ်ပါတော့မည်။

ယင်းအတွက်ကြောင့် စာပေကိုအဆုံးမခံချင်၊ မိမိတို့နှစ်ပေါင်းများစွာ စုဆောင်းလာခဲ့သောဝေါဟာရများကို အပျက်အစီးအဆုံးမခံလို၊ လက်မမြှောက်ဒူးမထောက်လိုသည့်သဘောဖြင့် မဖြစ်မနေကြိုးစားမည်ဆိုပြီး စာပေကိုချစ်မြတ်နိုးသော အသျှင်ဝါသဝသည် မှတ်စုအနေအားဖြင့် စုဆောင်းထားခဲ့သော ရခိုင်ဝေါဟာရများကို "ရခိုင်ဝေါဟာရအဘိဓာန်" ကောင်းတစ်စောင် စံတင်နိုင်လောက်အောင် အားထုတ်နေပါသည်။ နာမ်၊ နာမ်စား၊ ကြိယာ၊ ကြိယာဝိသေသနစသည်နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်တို့ကိုလည်း အတတ်နိုင်ဆုံးတစ်ကိုယ်တော်တည်း တာဝန်ယူလျက် အားတတ်သရောရေးသားနေပါသည်။ များမကြာမီ ရခိုင်ဝေါဟာရအဘိဓါန်တစ်အုပ် ထွက်ပေါ်လာနိုင်ရန် ကြိုးစားအား ထုတ်နေပါသည်။

နောက်များမကြာမီ ထွက်ပေါ်လာမည့်စာအုပ်များမှာ - ဦးဝါသဝ၏ ၁။ နက္ခတ်နှစ်ဆယ့်ခုနှစ်လုံးတို့၏ ဖြစ်စဟန်အကြောင်း ၂။ ရခိုင်ဘားမဲ့ဘားကရာတို့၏ အတ္ထုပ္ပတ္တိအကြောင်း ၃။ ရခိုင်ရှေးဟောင်း ဂါထာမန္တာန်ထူးများ ဖြစ်ကြပါသည်။

သာသနာ့တာဝန်ဆောင်ရွက်ချက်များမှာ-

မိမိတို့၏ မဟာဒွါရဂိုဏ်းဆိုင်ရာ အနုရက္ခိတအဖြစ်ဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်၊ မဟာဒွါရ (သီးခြား) ဂိုဏ်းဆိုင်ရာမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌအဖြစ်ဖြင့် လည်းကောင်း၊ ၁၉၈၀-ခုနှစ်မှစ၍ (၁၉၉၆-ခုနှစ်) ယခုထိ သာသနာတာဝန်ကိုထမ်းဆောင်လျက် ရှိနေဆဲ ဖြစ်ပါသည်။

ယခုအခါ အသျှင်ဝါသဝသည် ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ ရွာကြီးမြောက်၊ နေပူခံရပ်ကွက်၊ သိဒ္ဓိကာရုံကျောင်းတွင် သီတင်းသုံးလျက် သာသနာတာဝန်ကို ထမ်းဆောင်လျက်ရှိနေဆဲ ဖြစ်ပါသည်။ ။

## ဦးစက္ကိန္ဒနှင့် ဦးဝါသဝ

၎င်း (အသျှင်စက္ကိန္ဒနှင့် အသျှင်ဝါသဝ)အသျှင်နှစ်ပါးတို့၏ ဖိုးဖီးစဉ်ဆက်အနွယ်များမှာ ပုဏ္ဏားကျွန်းမြို့နယ်၊ တန်းစွယ်ရွာမှ (ဦးမောင်မဲ) လှကျော်ဖေ၏ အမျိုးအနွယ်များပင် ဖြစ်ကြပါသည်။ တစ်ချိန်က စစ်ဘေးဒဏ်ကြောင့် မိသားစုများ ထွက်ပြေးကြရာ နတ်မြစ်ကမ်းခြေသို့ ရောက်သွားခဲ့သည်။ ယင်းမှာပင်လျှင် အခြေစိုက်ချခဲ့ကြပါသည်။

ဗိုလ်ချင်းပျံခေတ် သူရဲကောင်းဖချစ်က ရပ်ရွာများချထားပေးခဲ့သောကြောင့် ၎င်းရပ်ရွာကို ဖချစ်ရွာဟု ခေါ်ဆိုခဲ့ကြပါသည်။ နောက် "ခြံချောင်းရွာ" ဟု ခေါ်လာခဲ့ကြပါသည်။ ယင်းမိသားစုထဲတွင် လှကျော်ဖေဆိုသူက ထူးထူးချွန်ချွန်ရပ်ရွာတွင် အကြီးအကဲဆရာအဖြစ်ဖြင့် ကလေးသူငယ်များအား စာပေသင်ကြားပေးခြင်း၊ ဝါသနာအလျောက် သံချပ်များကို စပ်ဆိုရေးသားခြင်း ပြုစုခဲ့ပါသည်။

လှကျော်ဖေတွင် နှမဖြူတစ်ယောက်ရှိပြီး ယင်းနှမ၏အစွယ်အပွားမှာ အသျှင်ဝါသဝတို့ပင် ဖြစ်ပါသည်။ လှကျော်ဖေ၏ အစွယ်အပွားမှာ အသျှင်စက္ကိန္ဒပင်ဖြစ်ပြီး၊ အသျှင်နှစ်ပါးမှာ ဝမ်းကွဲညီအစ်ကို (သမီးယောက်ဖ) အဖြစ် ဆွေမျိုးတော်စပ်ပါသည်။



# (၁)
# နိဒါန်း

လူမျိုးတိုင်းလူမျိုးတိုင်းတွင် စကားပုံများ အသီးသီးရှိကြပေလိမ့်မည်။ လူတစ်ယောက် စကားငါးခွန်းပြောလျှင် စကားပုံကတစ်ခွန်း၊ ဆယ်ခွန်းပြောလျှင် အောက်ထစ်သုံးခွန်းပါစမြဲ ဖြစ်သည်။ မေးရာ၌ဖြစ်စေ၊ အချင်းချင်းနှီးနှောတိုင်ပင်ကြရာ၌ ဖြစ်စေ၊ နှိုင်းညှိညွှန်ပြရာစသည်တို့၌ဖြစ်စေ စကားပုံများသည် အလွန်အသုံးဝင်ကြလေသည်။ စကားပုံများတွင် "အစတွင်ထုံးဖြစ်တေ" ဆိုသည့်အတိုင်း တွေ့ထိခံစားခြင်းစသော ဖြစ်ရပ်တိုအပေါ်အခြေခံ၍ တီထွင်လာခဲ့ရခြင်း ဖြစ်ပါသည်။ စကားပုံများတွင် မင်းနှင့်ပတ်သက်သောစကားပုံဖြစ်လျှင် "ရာဇပုံ" ဟုငင်း တိုင်းပြည်လူထုနှင့်ပတ်သက်ရာဖြစ်လျှင် "ထုံးပုံ" ဟုငင်း ခေါ်ကြလေသည်။ ထုံးပုံဥပမာဟူသမျှတို့သည် သာခကထဲတွင် အကျုံးဝင်လေသည်။ ထို့ကြောင့်စကားပုံသည် ဓလေ့ထုံးစဉ်ရိုးရာပိုင်းအနေအားဖြင့်ဖြစ်စေ စကားတန်ဆာဆင်စရာ ဇဝနလင်္ကာရအနေဖြင့် ဖြစ်စေ အသုံးကျလေသည်။ စကားပုံဆိုသည်မှာ သာခကေတစ်ခုကို ဥပမာပုံဆောင်၍ တိုတိုနှင့်လိုရင်းသိအောင် အကျဉ်းချုံးခိုင်းနှိုင်းပြောသောစကား ဖြစ်သည်။

ထို့ပြင်စကားပုံတို့မှ လူ့ဓလေ့သမိုင်းယဉ်ကျေးမှုဆိုင်ရာ အကျင့်စာရိတ္တစသည်များကို အများကြီးရရှိနိုင်လေသည်။ စကားပုံကို ဘယ်ခေတ်ဘယ်ကာလ ဘယ်လက်ထက်

ကပင် စတင်ပေါ်ပေါက်လာသည်ဟု သမိုင်းအမြင်ဖြင့် တင်ပြရန် ဖြစ်နိုင်မည် မဟုတ်တော့ချေ။ ဘာသာစကားပေါ်ပေါက်လာသည်ကပင်စ၍ လူများ၏ စကားပြောယဉ်ကျေးလိမ္မာမှုကို တစ်စတစ်စတိုးတက်လာစေခြင်းဖြင့် စကားပုံများကို အတွေ့အကြုံဖြစ်ရပ်များအပေါ် အတိုချုံး မှတ်တမ်းမော်ကွန်းသဖွယ် တီထွင်အသုံးပြုလာရခြင်း ဖြစ်သည်။

ရခိုင်စကားပုံများကို ရခိုင်ရာဇဝင်တို့၌လည်းကောင်း၊ ရခိုင်သာခြင်း၊ အလင်္ကာအဖွဲ့အနွဲ့စသည်တို့၌လည်းကောင်း တွေ့ရသည်။ ထို့ကြောင့် မင်းရေးပြည်ရေးတို့၌လည်းကောင်း အတိတ်တဘောင်စနဲအဖြစ်တို့၌လည်းကောင်း လူထုကအသုံးပြုခဲ့ကြောင်းတွေ့ရသည်။ ဥပမာ- မင်းဟာရီ (သီရိသုဓမ္မာရာဇာ) မင်းလက်ထက်တွင် အမတ်ကြီးငကုသလနှင့်ပေါင်းဖက်ခြင်း၊ အမတ်ကြီးကိုယုံစားမိခြင်းအတွက် လူထုကတဘောင်ဖော်ရာတွင်----

“ကျွန်နှင့်သူကောင်းအတူပေါင်း၊ သူကောင်းကျွန်စော်နံလိမ့်မည်။”

“ဖြားခန်း၍သစ်ငုတ်ပေါ်မည်” ဟု ဆိုပုံပြုခဲ့ကြသည်။

ယင်းသို့တိတ်တဘောင်တို့၌ စကားပုံများကို ထိရောက်စွာအသုံးပြုထားသည်များကို တွေ့နိုင်သည်။

ရခိုင်ရာဇဝင်တွင်ရှေးကျသော စကားပုံတစ်ခုကို တွေ့ရသည်။ ရခိုင်ဓလေ့ထုံးစဉ်ရိုးရာအဖြစ် ယခုတိုင်တည်မြဲရှိနေသော စကားပုံဖြစ်နေ၏။ ၎င်းစကားပုံမှာဆိုလျှင် “နီဝင်တရှူးဆိုင်းဆာဘီလူးလာရေ” ဟူသောစကားပုံတည်း။ ပုံပြင်ဖြစ်ရပ်မှာ ဓညဝတီခေတ်မတိုင်မီ ရှေးဦးရခိုင်ဝေသာလီပြည်တွင် ဖြမ္မာသိဒ္ဓိမင်းလက်ထက်ဘီလူးဖျက်ရန်အထိတ်တလန့်ဖြစ်ခဲ့ရသည်။ ဘီလူးတို့သည် ညဆိုင်းဆာ နံနက်ဆိုင်းဆာတို့၌ မြို့ထဲပြည်ထဲဝင်၍ လူများအားဖမ်းစားခဲ့ကြသည်ဆို၏။ ထိုအချိန်ကစ၍ ယင်းအချိန်၌ လူများမှာ အိမ်မှမထွက်ဝံ့ကြဘဲ ရှောင်ကြဉ်ရိုးပြုခဲ့ကြသည်။ ထို့ကြောင့် ယခုတိုင် ဆိုင်းဆာ၌ဘီလူးလာသည်ဟု အစဉ်စကားရိုးစကားပုံ ပြောလာကြသည်ကို လေ့လာတွေ့ရှိရပေသည်။ အကျယ်ကို ရခိုင်ရာဇဝင်နှင့် ရာဇဝင်လင်္ကာတို့တွင် ဖတ်ရှုနိုင်ပါသည်။ အကျဉ်းဖော်ပြရသော် ဖြမ္မာသိဒ္ဓိမင်းသားသည် နေ့ကိုထွက်၍ တောကစားရာ ဘီလူးဖမ်းစားခံရသည်။ တိုင်းပြည်လည်း ဆိတ်သုဉ်းတိမ်ကောမှုသို့ ဆိုက်ရောက်ခဲ့ရသည်။ ထို့နောက် အဇ္ဈုနမင်းနှင့်ကူန္တိမာယုမှ မွေးဖွားသောမာရယုမင်းသည် ထိုဘီလူးရန်ကို ဖြိုခွင်းလေသည်။ ကျန်ရစ်သောဖြမ္မာသိဒ္ဓိမင်း၏ သမီးတော်ရစိတာမာလာနှင့် ဆက်ခံလျက် ဝေသာလီမှ ဓညဝတီသို့ ရွှေ့ပြောင်းလာပြီး တိုင်းပြည်မြို့ရွာ တည်၍နေလေသည်။

ထို့ကြောင့် ---- “ဖွေဖွေရှာရှာ၊ ရပ်ဒိသာကို၊ လှည့်ကာပတ်လျက်၊ နံနက်ဆိုင်းဆာ၊ ညဆိုင်းဆာကို၊ ဝေသာလီမည်၊ ထိုသည်ပြည်၌၊ နေသည်မရှား၊ လူအများကို၊ ဖမ်းငြား၍သာ၊ စားကြပါသော်၊ ပြည်သာစိုးခြင်း၊ ထိုသည်မင်းလည်း၊ ဆင်မြင်းရထား၊ခြေသည်များနှင့်၊ လူသားစားကြူး၊ တောဘီလူးကို၊ နှစ်ဦးပေါင်းဆိုင်၊ စစ်ရေးပြိုင်သော်” ဟူ၍ ရှေးထုံးရခိုင်ရာဇဝင်လင်္ကာ၌ ဆိုချက်ရှိသည်။

ထိုသို့ရာဇဝင်ကိုအခြေခံလျက် ရခိုင်လူမျိုးဆက်သမိုင်းကို အောက်ပါကဲ့သို့လည်း စကားပုံတည်ထွင်ခဲ့ကြသေးသည်။

ရခိုင်အစ = အဇ္ဈုနက။

ရခိုင်အစ = မာရယုက။

ရခိုင်အစ = ရီကြိုင်က။

(ရေကြိုင်ရာမြိုင်တောကဟူလို)

ရခိုင်အစ = မြုံက

(မြုံလူမျိုးက၊ တောကြီးမျက်မည်းကဟူလို)

ရခိုင်နီရာ = ရီကြိုင်မှာ။

ယင်းသို့ရာဇဝင်တို့၌သာမက လျှောက်ထုံးမင်းအမိန့်တော်ဥပဒေထုံးတို့မှလည်း စကားပုံများ တွေ့နိုင်သည်။ ဥပမာ- မဟာပညာကျော်အမတ်ကြီးလျှောက်ထုံးတို့တွင်-

မြန်မာကိုပြဒါး၊ ကုလားကိုမဲနာ။

ကုလားမှာမြီ၊ သက်မှာခြီ။

ပြူကိုအမြောက်၊ တလိုင်းကိုအကောက်၊ ကုလားကိုမီးပေါက်။

မီးလွန်သော်ချစ်သည်၊ ရေလွန်သော်ပျစ်သည်။

သူမိုက်ကိုနိုင်မည်လိုမူ၊ မြှောက်မြှင့်။

သူတော်ကောင်းဥစ္စာကိုရေမှာ ပစ်သော်လည်း မနစ်၊ မီးမှာပစ်သော်လည်း မချစ်၊

မြို့ပြောင်းများလျှင် ပြည်သူပြည်သားမီးသို့ပူသည်သာ။

စသည်မှာ လိုရင်းသုံး၍ ပုံပြုမှတ်လောက်သောစကားဖြစ်ရာ စကားပုံပင် ဖြစ်လေသည်။

၎င်းပြင် - ရှေးကျလွန်းသော ဒသရာဇာမင်းလက်ထက် ကဝိကျော်အမတ်ကြီးစကားပုံကို တွေ့နိုင်သည်။ “ရဟန်းသိက္ခာ၊ မင်းမှာဘိသိက်၊ သူတော်စိတ်သည်၊ မဖိတ်ကျင့်ရိုး၊ မြတ်အမျိုး” ဆိုသည်မှာ ထုံးဓလေ့အရဖြစ်စေ၊ စကားပုံအရဖြစ်စေ အမျိုးမျိုးနှင့် သက်ဆိုင်သည့်ရာဇပုံလည်း ဖြစ်သည်။ နရမိတ်လှလက်ထက်အမတ်ကြီး ဝိမလ၊

စစ်တကောင်းစား ဝိမလ၊ လေးမြို့စားကဝိကျော်၊ လေးမြို့စားသိုက်တက်ငလက်ရုံးတို့၏ စကားပုံများကိုလည်း ရခိုင်ရာဇဝင်တို့တွင် တွေ့နိုင်လေသည်။ မင်းထီးလက်ထက် ကျွန်မကောင်းလျှင် အသျှင်၊ သားမကောင်းလျှင် အဖ၊ သမီးမကောင်းလျှင် အမိ၊ မယားမကောင်းလျှင် - လင်” စသည်ဖြင့် ပညတ်ဥပဒေများသည် စကားပုံဖြစ်ရပ်များ သာဓကဟု ဆိုနိုင်သည်။

ထို့ကြောင့် ရခိုင်လူမျိုးတို့၌ ရှေးဟောင်းစာပေလင်္ကာ၌လည်းကောင်း၊ ရာဇဝင်၌လည်းကောင်း၊ မှူးမတ်ပညာရှိများ ထုံးဟောင်းသာဓကပုံပြုပြောဆိုရာတို့၌လည်းကောင်း၊ အသုံးပြုခဲ့ခြင်းမှာ ထင်ရှားသည်။ စာပေလင်္ကာများမှ စကားပုံများကား အများအပြားပင်။ အောက်ပါရခိုင်ရာဇဝင်လင်္ကာတစ်ပိုင်းတစ်စ၌ စကားပုံများစွာကို စပ်ဆိုထားကြောင်း တွေ့နိုင်သည်။

“ဉာဏ်ပညာချုပ် ခြွန်းနှယ်အုပ်လျက်၊ မလှုပ်မလှည့်၊ စိတ်ကိုတည့်မှ၊ ကြောင်လက်သည်းဝှက်၊ ညောင်လျှင်ကြက်သို့၊ အမျက်ကိုတန့်၊ ဇောမာန်ညွှန့်၍၊ အခွန့်မြင့်ကျင်၊ မြက်သစ်ပင်လျှင်၊ မချွတ်အပင်သေသွားသွင်သို့ ပုံပြင်ကိုသာ ထောက်စနာ၍” (ရခိုင်ရာဇဝင်လင်္ကာ)

စစ်ရေးစစ်ရာနှင့်ပတ်သက်၍ လိုအပ်သောအချက်၊ စွန့်စားရမည့်အချက်တို့ကိုလည်း ရခိုင်ရာဇဝင်စကားပြေပေမူ၌ အောက်ပါအတိုင်းပြဆိုထားခဲ့သည်။

စစ်ကြီးရောက်လျှင် သူရဲကောင်းကို ရှာရာ၏။
အမှုကြီးရောက်လျှင် ခင်ပွန်းကောင်းကို ရှာရာ၏။
ရန်သူကိုအောင်လိုလျှင် ဥပါယ်ငါးပါးဖြင့် ရှာရာ၏။
အမျိုးကိုလိုသဖြင့် သူတစ်ယောက်ကို စွန့်ရာ၏။
ရွာတစ်ရွာကိုလိုသဖြင့် အမျိုးကိုစွန့်ရာ၏။
ဇနပုဒ်ကိုလိုသဖြင့် တစ်ရွာကိုစွန့်ရာ၏။

မိမိအကျိုးဖြစ်အံ့သည်ကို မြင်သဖြင့်ကား မြေပြင်အားလုံးကိုသော်လည်း စွန့်ရာ၏။ သတ္တိဗျတ္တိနှင့်ပြည့်စုံသောအာဇာနည်ပုဂ္ဂိုလ်တို့၏ စွန့်စားမှုအတွက် “ယောကျ်ားတို့မှာ အရာရာကိုဖွေရှာကြိုးပမ်း၊ ရှာနိုင်စွမ်းက၊ စိတ်ဝမ်းအလို၊ ပြည့်သည်ဆို၏ ဟူ၍လည်းကောင်း၊ တိုင်းပြည်ကိုဆောင်ရွက်ရာ၌ ပြည်ကြီးဝန်ကို အိုးတန်ဆန်ခပ်၊ မင်းကျင့်ဝတ်နှင့် လျှောက်ပတ်သင့်စွာ၊ စီရင်ရာသည်ဟူ၍ လည်းကောင်း တစ်ဦးနှင့်တစ်ဦး ဆက်ဆံရာ၌လည်း “မဟုတ်မခံခွန်းတုံ့ပြန် ဟုတ်သော်လည်းရှုံး လူကြီးမုန်း၊ မှားမှား



မှန်မှန်၊ ခေါင်းငုံ့ခံ၊ အစဉ်မမုန်း၊ လူကြီးသုံး” ဟုလည်းကောင်း (မြို့တည်လင်္ကာ)တိုက်ရိုက်မပြုလုပ်အပ် မစီရင်အပ်သည့်အရာ၌ “သားသမီးမိုက် လွန်ဆိုးညစ်လည်း တိုက်ရိုက်မျက်မြင်၊ မိဘခင်တို့၊ စီရင်ကွပ်ညှပ်၊ မပြုအပ်” ဟုလည်းကောင်း ဓမ္မသတ်ကျမ်း စီရင်ထုံး၌ ဤသို့ပြဆိုထားသည်။

ကျမ်းဂန်နိတိပါဠိပုဒ်ပါဌ်ဂါထာများသည် စကားပုံဖြစ်လာရသောအကြောင်းစာများကို တွေ့ရသည်။ “ဌာန ဌာနကောသလ္လ၊ အတ္တဟိတ ပရဟိတ၊ ပုထုဇ္ဇနော၊ ဥမ္မတကော၊ ဣတ္ထိဝင်္ဂ၊ နဒီဝင်္ဂ သဘောယို ကရောဟိ” စသည်ဖြင့် ပါဠိနှင့် စကားရော၍စကားပုံအဖြစ်သုံးနှုန်းသည်များကိုလည်း တွေ့ရသည်။ ရခိုင်ပုံပြင်များတွင်လည်း စကားပုံဖြစ်လာရသော ပုံဝတ္ထုများအများအပြားပင် တွေ့နိုင်သည်။ ငလက်ရုံးအမတ်ကြီး လျှောက်ထုံး၌ ကိုးကားတင်သွားသော ဖားပြုတ်ကေပုံပြင်မှာ “ဖားပြုတ်ကေကို ကျောက်သားနှင့်ထုလီ ကြောတက်လီ” ဟူသောစကားရပ်ဖြစ်ရပ်ကို “နီမြင့်လီအရှူးရင့်လီ” “ငပြီစုတ်ငရုပ်စပ်လီ သာကောင်းလီ” ဆိုသောစကားပုံအလားကဲ့သို့ လည်းကောင်း “ဆိုလီကဲလီ၊ မှုတ်လီရောင်လီ၊ မန်းလီရမ်းလီ” ဟူသောအသုံးအနှုန်းကဲ့သို့ငင်း စကားပုံဥပမာယူကာ အသုံးပြုနေကြရိုး ဖြစ်လာလေသည်။ ဤစကားပုံနှင့်အတူ ‘ပြောခဲနက် ဆိုခဲနက်” “ကြီးလီချဉ်လီ သံပရာသီး ရှောက်သီးပိုင်” တို့မှာ ထပ်တူစကားပုံသွားရှိသည်။ ထို့ပြင် ရခိုင်ပုံပြင်တို့၌လည်း စကားပုံ၊ စကားသုံးခွန်း၊ တစ်ခွန်းကို တသပြာစီတန်ဖိုးပေး၍ ဝယ်ယူရခြင်းအကြောင်းနှင့်စပ်ဆိုင်သောပုံပြင်များကို တွေ့ရသည်။ ထို၌ကား-

(၁) နည်းကေလေ့မပစ်ကေ့၊ များကေလေ့ မလိုက်ကေ့။
(၂) အိမ်မှာမယားကို စကားကုန်မပြောကေ့။
(၃) မပြီးခင်မမြင်စီကေ့။ (လှည်းကုန်သည်သူဌေးပုံပြင် ရခိုင်ပုံပြင်ဆန်းများမှ)

နောက်ပုံပြင်တစ်ခု၌လည်း စကားနှစ်ခွန်းတစ်ခွန်းကို အသပြာတစ်ထောင်တန်ဖိုးပေး၍ ဝယ်ယူကြောင်းကိုလည်း တွေ့ရသည်။

(၁) အကောင်းကို အဆိုးလုပ်လို့မရ။
(၂) အဆိုးကို အကောင်းလုပ်လို့မရ။

ယခုပြဆိုခဲ့ပြီးသော စကားပုံများမှာ ရခိုင်လူမျိုးတို့အတွေ့အကြုံအဖြစ်သနစ်ထုံးဓလေ့ရိုးရာအစဉ်အလာ လူနေမှုအခြေအနေတည်တွင်မှု အကြံရည်ဉာဏ်ရည်အရ၊ အစဉ်အလာ ပြောဆိုအသုံးပြုလာခဲ့ရသော စကားပုံများသာ ဖြစ်လေသည်။ သို့သော် ရခိုင်တို့နှုတ်တွင် အောင်းနေသမျှသော စကားပုံတို့ကို အလလ၊ အနှစ်နှစ် နှိုက်ယူရှာဖွေနိုင်မှ စကားပုံများကို စုစည်းမှု မှတ်တမ်းတင်မှုပြီးဆုံးနိုင်မည် ဖြစ်သည်။ အမှန်ဆိုလျှင် စကားပုံတီထွင်ဖြစ်လာရမည့် စက်ယန္တရားကိုကား ရပ်တန့်၍လည်း မရနိုင်ချေ။ စကား

ပုံချဲ့မြဲ ကျယ်လာစမြဲ၊ တိုးလာစမြဲသာ ဖြစ်ချေရာကား တစ်စတစ်စကျယ်ပွာမည်မှာကား မလွဲပေ။ နောက်ဆုံးလူမျိုးပြုန်းတီးမှပင် စကားပုံစကားဆန်းသစ်မှု တိုးပွားမှု ရပ်သွားပေလိမ့်မည်။ ထို့ကြောင့် ရခိုင်စကားပုံများကို မှတ်တမ်းတင်ထားရန်မှာ ရခိုင်လူမျိုး ရှိနေသရွေ့ ကာလပတ်လုံးလိုအပ်နေမည်သာတည်း။

ယခုတင်ပြလတ္တံ့သောစကားပုံများသည် (အရှင်စက္ကိန္ဒနှင့် အရှင်ဝါသဝ)ငါတို့နှစ်ရှည်လများစုစည်းရှာဖွေ၍ ရရှိထားသောစကားပုံများပင် ဖြစ်သည်။ စကားပုံများကို စုဆောင်းပုံမှာ လူတို့စကားပြောတိုင်းပြောတိုင်း နားစိုက်နေ၍ စကားပုံအဖြစ်အသုံးပြုရန် ထုတ်နှုတ်ယူထားခြင်း စသည်ဖြစ်သည်။ ဤသို့ တစ်စတစ်စ တစ်ရွေ့တစ်ရွေ့ ခြတောင်ပို့ပမာ စုဆောင်းလာခဲ့ရာ အခုဆိုလျှင် ရခိုင်စကားပုံခုနှစ်ထောင်ကျော်အထိ စုဆောင်းထားရှိပြီး ဖြစ်ပါသည်။ ဤသို့စုဆောင်းရရှိထားသော စကားပုံကိုကြည့်သောအားဖြင့် ရခိုင်တို့သည် စကားပုံများကို အလေးအနက်ပုံပြုပြောဆိုလာခဲ့သူများဖြစ်ကြောင်းကို သိရှိနိုင်ပေသည်။

စကားပုံများသည် ပညာရှိတို့အသုံးပြုခဲ့သော ထုံးပုံဖြစ်၍ သူ့အရာနှင့်သူအားလျော်စွာအရေးပါအရာရောက်လေသည်။ စကားပုံများကို လေ့လာမှတ်သားထားသောအားဖြင့် စကားပြောတိုင်းပြောတိုင်း ထုံးပုံသာဓကတို့ဖြင့် ပြောဆိုနိုင်စွမ်းရှိ၍ ဉာဏ်ကြွယ်ဝသော ပညာရှင်တစ်ဦးဖြစ်နိုင်သည်။ အခေါ်ခံနိုင်သည်။ မဟာပညာကျော်အမတ်ကြီးသည် မိမိ၏လျှောက်ထုံးများ၌ စကားပုံများကို ဥပမာဖြင့် ချဲ့ထွင်ဖွင့်ပြအသုံးချလေ့ရှိခဲ့ခြင်းကိုလည်း နမူနာယူကြစေရန်နှင့် ထိုသို့ပညာရှိများ ဉာဏ်ရည်သွားကို သိထားကြစေရန် အသုံးချနိုင်ကြစေရန် ဤသို့ရည်ညွှန်း၍ တင်ပြအပ်ပါသည်။

"ထုံးမှီကျမ်းလာ၊ သို့အရာတွင် ပညာမပြောင် မောဟထောင်၍၊ သံကြောင်ပဒ၊ ပရမတို့ ဒေါသထူထူ၊ ပြူစုစောင်းမြှောင်း၊ မကောင်းစရိုက်၊ သူမိုက်ကုဋေ၊ သချေ်သချာ၊ ညီညာမြှောက်မြှင့်၊ တဖြင့်စုတ်ငဲ့၊ ကဲ့ရဲ့ရှုတ်ချ၊ ဆိုပြန်ကလည်း၊ မြူမှုမသန်း၊ မနွမ်းလေရာ၊ ဥပမာကား၊ ဂင်္ဂါရေကြော၊ တိုက်လွှင့်မျှောသည်၊ သဘော်တို့တမ်း၊ ဆိပ်ကမ်းမမြင်၊ ပင်လယ်ပြင်၌၊ ဘယ်တွင်ဘယ်သို့၊ ရောက်တို့သနည်း၊ အသည်းကြွေလု၊ တရုရုနှင့်၊ ဗိုလ်ထုများစွာ၊ လူတစ်ကာထက်၊ သီတာမြစ်ကမ်း၊ သိနိုင်စွမ်းသည်၊ ဖြောင့်တမ်းမတိမ်း၊ ရွက်သိမ်းရွက်ဖွင့်၊ ဆိုက်သင့်အရပ်၊ လေကပ်လေကြောင်း၊ မစောင်းရအောင်၊ ဆောင်နိုင်သူအား၊ တစ်ယောက်သားသာ၊ ထင်ရှားကျော်ရှိန်၊ မာလိန်ခေါ်ကြ၊ ထိုနှစ်ဆသော်"

**(မဟာပညာကျော် လျှောက်ထုံးပီမူမှ)**

**ဦးစက္ကိန္ဒ(ရခိုင်၏)၂၃. ၈. ၈၆ ဦးဝါသဝ(နတ်မြစ်) ၂၃. ၈. ၈၆**



# က

က

၁။ ကကြီးခခွေးမတက်ခင် ဗေဒင်သင်ချင်။
၂။ ကခုန်အစ အသျှေက။
၃။ ကခြင်းမှာ ကျောက်ခြင်းပါ။
၄။ ကခြင်းအစ လက်ခြီက။
၅။ ကခြင်းအစ အသျှေက။
၆။ ကစပ်ရာမှာ ရန်ပါ။
၇။ ကစပ်ကြီးကေ ရန်ဖြစ်တေ။
၈။ ကစပ်သန်ရန်ရရေ။
၉။ ကစွာထက်ခုန်စွာများ။
၁၀။ ကဆုန်နယုန် မိုယ်းထစ်ရုံ။
၁၁။ ကဆုန်ပူပြင်း တော်သလင်း။
၁၂။ ကတိမတည် သစ္စာမဟိ လူဒိဌ်။
၁၃။ ကတိမထားခင် သတိထား။

၁၄။ ကတိမမှန် သစ္စာမတည် လူသဝေ။
၁၅။ ကတိုးဆီမိုယ်းရီဖြစ်။
၁၆။ ကထောင်းကပါးဖောင်ဖျက်ဝါးသို့။
၁၇။ ကဏန့်/လန့်ကိုအခြောက်လှန်းရေပိုင်။
၁၈။ ကဏန့်/လန့်မှာပိုင် အဥပြင်ထွက်တေ။
၁၉။ ကဏန့်/လန့်လည်းဆုံးခွန်းလည်းဆုံး။
၂၀။ ကဏန်းသစ်မြစ်ရ ရလို့။
၂၁။ ကဖန်ဖျားချီးပါ။
၂၂။ ကမြင်းကြောထ အရှက်ရ။
၂၃။ ကရား ကထား အလားလား။
၂၄။ ကဝါညို့မြ တြင်းဆော်ဧည့်သည်လာ။
၂၅။ ကဝါနက်ဆံရည်ဆီးက ဧည့်သည်လာ။
၂၆။ ကဝပ်ခြီကင်းလျှောက် (ယှောက်)တေပိုင်။
၂၇။ ကဟန်အစ လက်ဖျားက။
၂၈။ ကဟန်အစ အသျှောက။

# ကာ

၁။ ကာမငါးပါးဆားအလား။
၂။ ကာမတဏှာ သမုဒ္ဒရာ။
၃။ ကာမတဏှာဟူသမျှ မီးမက။
၄။ ကာယအငွေ့ ထိအတွေ့ကို လိုက်စားသောသူ အဆိပ်ဟူ၍။
၅။ ကာယအငွေ့ အဆိပ်ထိ။
၆။ ကာလကန္တီ တပေါင်းလမှာ ထလီပွီ။
၇။ ကာလပြောင်းပြန် ကျင့်မမှန်။

# ကိ

၁။ ကိလေသာမီးအဟိန်ကြီးက အကန်းသဖွယ်ဖြစ်တတ်တေ။



# ကု

၁။ ကုဋ္ဌီအိမ်ပျက် အပျင်ခက်။
၂။ ကုလားကိုခြောက် နွားကိုငေါက်။
၃။ ကုလားကိုထောင်း နွားကိုမောင်း။
၄။ ကုလားကိုမနိုင်လို စားဖိုမှာမီးထည့်၊ ဝသဲ့တောင်ကို ထီးတင်ကုလားကို ရှင်ပြု။
၅။ ကုလားကိုမနိုင် ရခိုင်ကိုမိန်း (မေး)။
၆။ ကုလားကိုမီးပေါက်၊ တလိုင်းကို အကောက် ပြူကို အမြှောက်။
၇။ ကုလားကို မဲနာ ဗမာကိုပြဒါး။
၈။ ကုလားကိုသတ် ဖီးကိုခွက်။
၉။ ကုလားခတ်တေရီ ကုလားဖင်ဆီးဖို့မလောက်။
၁၀။ ကုလားခတ်တေရီ ကုလားသုံးဖို့မလောက်။
၁၁။ ကုလားချင်းအတူတူ ဘာဘူကအသာခံ။
၁၂။ ကုလားဂေါင်း အမာနက်ပေါက်။
၁၃။ ကုလားဆင်ဖမ်း အယမ်းကာရ။
၁၄။ ကုလားဆိပ်ခွာ မရမာဆိပ်ကပ်။
၁၅။ ကုလားတော(တိုက်)မှာ ကျွားရောက်တေပိုင်။
၁၆။ ကုလားတိုက်မှာ ကျွားဝင်ဝင်လို့။
၁၇။ ကုလားနီရာ ချီးဖောင်သာ။
၁၈။ ကုလားနွားမှန် ပန်းသီးနွားဖြစ်။
၁၉။ ကုလားနန့်နွား သတ်နိုင်မှတာလားရေ။
၂၀။ ကုလားနန့်မယား သတ်နိုင်မှတာလားရေ။
၂၁။ ကုလားနန့်နွား နွားနန့်ကုလား။
၂၂။ ကုလားပုဇွန် ဆယ့်နှစ်တန်။
၂၃။ ကုလားဗဇီ နွားဗဇီ။
၂၄။ ကုလားမကေတ ထိုး- ထိုးလို့။
၂၅။ ကုလားမ ကြက်ဥရှို ဆယ်ခါနန့်မကျီ။
၂၆။ ကုလားမကြက်ဥရှို - ရှိုလို့။
၂၇။ ကုလားမှာ မုတ်ဆိတ်ဟိမှ သတ္တဝါမှာ ဆူဖြိုးမှ။
၂၈။ ကုလားမှာမြီ သက်မှာခြီ။

၂၉။ ကုလားပျက်က သက်အလွယ်။
၃၀။ ကုလားဝက်သားစားရေပိုင်။
၃၁။ ကုလားသီ တစ္ဆီဖြစ်။
၃၂။ ကုလားသီ။
၃၃။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ။
၃၄။ ကုလားအိုကေ - ချောင်း ရခိုင်အိုကေ - ကျောင်း။
၃၅။ ကုလားအိုကေ နွားကျောင်းကျ။
၃၆။ ကုသိုလ်ကိုမြှောက် ငရဲကိုကြောက်။
၃၇။ ကုသိုလ်ကတစ်ပဲ ငရဲကတစ်ပိဿာ။
၃၈။ ကုသိုလ်ရှာ အပြစ်လာ။
၃၉။ ကုသိုလ်လည်းရ ဝမ်းလည်းဝ။
၄၀။ ကုသိုလ် အကုသိုလ်မှာ မီးအုံးပြာ။

# ကဲ့

၁။ ကဲ့ရဲ့ခုနှစ်ရက် ချီးမွမ်းခုနှစ်ခါ။
၂။ ကဲ့ရဲ့တစ်ခါ ချီးမွမ်းတစ်လှည့်။
၃။ ကဲ့ရဲ့မှု ချီးမွမ်းမှု စုံစမ်းမြော်ထောက်ပြု။

# ကော

၁။ ကောခအေမျက် ပြင်မထွက်ရ။

# ကင်း

၁။ ကင်းခြီများတိုင်း အလားမယင် (လျှင်)။
၂။ ကင်စွန်းရိုးနီ ငင် - ငင်လို့။

# ကိုက်

၁။ ကိုက်တေခွီးလည်းမဟောင် ဟောင်ရေခွီးလည်း မကိုက်။
၂။ ကိုက်မနိုင် မွားမရ။
၃။ ကိုက်မနိုင် မွားမရ အရိုးပမာဏ။

# ကိုင်း

၁။ ကိုင်းကိုကျွန်းမှီ ကျွန်းကိုကိုင်းမှီ။
၂။ ကိုင်းတောမီးလောင် သတ္တဝါကြံရာမရ။
၃။ ကိုင်းတောမီးလောင် လောင်ရို့။
၄။ ကိုင်းမှာကုန် ယာမှာစား ယာမှာကုန်ကိုင်းမှာစား။
၅။ ကိုင်းခက်ခွတ်ပြတ် ပင်ခြီရင်းမှာသတ်။

# ကောက်

၁။ ကောက်ကရ မင်းကျ။
၂။ ကောက်ကလီ ကောက်ကလက် ငဟောက်တွင်း။
၃။ ကောက်ညှင်းမနွဲ့ ကောက်ကြမ်းနွဲ့။
၄။ ကောက်ညှင်းမနွဲ့ ကောက်ရောင်းနွဲ့။
၅။ ကောက်ညှင်းမပျောင်း ဆန်ကြမ်းပျောင်း။
၆။ ကောက်နှောင်းကေဆင်စာ သားနှောင်းကေကျွန်စာ။
၇။ ကောက်နှံကောက် ကောက်လို့။
၈။ ကောက်နှံကောက်သူက အနှံကြီးလိုချင်။
၉။ ကောက်မွီးစပ်တေသား ကောက်ကျိုပကျို။
၁၀။ ကောက်မွီးစပ်တေသား ကောင်းကျိုးမပွား။
၁၁။ ကောက်ရာမှာ -ကွိ့ ကွိ့ရာမှာ လိမ်။
၁၂။ ကောက်ရာမှာ - ကွိ့ ကွိရာမှာ လိမ် လိမ်ရာမှာကျစ်။
၁၃။ ကောက်ရိုးခြီမှာ လပွိထယောင်။
၁၄။ ကောက်ရိုးပုံကို ခွီးစောင့်။

၁၅။ ကောက်ရိုးပုံမြင်တိုင်း ဆွမ်းမတင်နိုင်။
၁၆။ ကောက်ရိုးပုံမြင်တိုင်း ရှိမခိုးနိုင်။
၁၇။ ကောက်ရိုးပုံမှာ အပ်ပျောက်။
၁၈။ ကောက်ရိုးမီးကတစ်ချက်သာ သားမယားမီးက တစ်သက်ပါ။
၁၉။ ကောက်ရိုးမီးပိုင် တစ်ချက်တောက်။
၂၀။ ကောက်ရိုးရီစွတ် ခါမကျရေပိုင်။
၂၁။ ကောက်သီးဝင်းဝင်း တော်သလင်း။
၂၂။ ကောက်သူမစားလောက် ဖြောင့်သူစားမကုန်။

## ကောင်း

၁။ ကောင်းကကောင်းယင့် ဆားငန်ရေ။
၂။ ကောင်းကကောင်းယင့် နှာခေါင်းဖျက်တေ။
၃။ ကောင်းကကောင်းယင့် မမှန်။
၄။ ကောင်းကကောင်းယင့် မွန်ကမမွန်။
၅။ ကောင်းကကောင်းယင့် အောက်ခြီရင်းမှာ ပိုးထိုးရေ။
၆။ ကောင်းကကောင်းယင့် မမွန်။
၇။ ကောင်းကေစံ ဆိုးကေ ခံ။ (မကောင်းကေခံ)
၈။ ကောင်းကေတသက် ဆိုးကေတချက်။
၉။ ကောင်းကေလိုက် နံကေပစ်။
၁၀။ ကောင်းကင်ကိုအမိုး၊ ကမ္ဘာမြီကြီးကို အခင်း၊ မြင့်မိုရ်တောင်ကို ခေါင်းအုံး။
၁၁။ ကောင်းကင်ပျံဝဲ ငှက်သူရဲလည်း မြီဝယ်တစ်ခါကျစမြဲ။
၁၂။ ကောင်းကင်အစကို ရှာမရရေပိုင်။
၁၃။ ကောင်းကင်အစကို ရှာရေပိုင်။
၁၄။ ကောင်းကျိုး ဆိုပြစ်။
၁၅။ ကောင်းစီလိုလို့ တရားနာ၊ ပူဆိပူဆာတွို့။
၁၆။ ကောင်းစီလိုလို့ တရားနာ ဒူနာနာနန့်ငြား။
၁၇။ ကောင်းစွာ မကောင်းစွာ နားမလည် ဝမ်းတင်းကေကျီ။
၁၈။ ကောင်းတစ်ခါ ဆိုးတစ်လှည့်။
၁၉။ ကောင်းတူဆိုးဖက် သီတူရှင်ဖက်။
၂၀။ ကောင်းတိုင်းစား ဝမ်းပိုက်ကားလို့ သီတတ်တေ။
၂၁။ ကောင်းတိုင်းမလိုက်နိုင် ဆိုးတိုင်းမပစ်နိုင်။
၂၂။ ကောင်းတိုင်းလည်း မလိုက်ကေ့ ဆိုးတိုင်းလည်း မပစ်ကေ့။
၂၃။ ကောင်းတုံတခါ ဆိုးတုံတလှည့်။
၂၄။ ကောင်းကောင်းမကောင်းကောင်းနှစ်ခုပေါင်း၊မကောင်းတွင်ကျယ်အကောင်းကျယ်
၂၅။ ကောင်းမှန်းယေမထင်၊ ကျိုးမှန်းယေမသိ။
၂၆။ ကောင်းမှန်းသိ တခိခိ။
၂၇။ ကောင်းမှန်းသိ သာအိတစိုစို။
၂၈။ ကောင်းရာကောင်းကြောင်း နည်းခံတောင်း။
၂၉။ ကောင်းရာကိုတု မကောင်းရာကိုထု။
၃၀။ ကောင်းရာကိုပြော လူမိုက်နားမှာ ဆောက်ခတ်ကြား။
၃၁။ ကောင်းရာကိုလုပ်၊ ချီးကျူးသံမကြားရ၊ မကောင်းရာကိုလုပ် ကဲ့ရဲ့သံဆူပွက်ညံ
၃၂။ ကောင်းလျှက်နှင့်ခံ၊ ဆိုးလျှက်နှင့်စံ။
၃၃။ ကောင်းလျှက်နှင့် ဆုံး။
၃၄။ ကောင်းအားကြီး ပျက်စီးတိုင်။
၃၅။ ကောင်းအားကြီးလေ့ ပျက်စီးရေ။

## ကံ

၁။ ကံကမြှောက်မှ စီးပွားဖြစ်တေ။
၂။ ကံကူမှ ထင်ပေါ်။
၃။ ကံကောင်းရေနွားး ကျားကိုက်လို့မသီ။
၄။ ကံကိုမယုံ ကံယုံမေကို ကြည့်ကတ်။
၅။ ကံကိုယုံ မီးပုံကိုခုန်မဆင်းကေ့။
၆။ ကံကိုယုံလို့ ဆူးခြုံကိုမနင်းကေ့။
၇။ ကံကိုလက်ဆုပ် အလုပ်ကင်းက ဆင်းရဲစွ။
၈။ ကံကြမ္မာငင် ပြီးလျှင်မလွတ်။
၉။ ကံသျှင်လုပ် ဘုန်းသျှင်စား။
၁၀။ ကံချွန်မှ ကြံတိုင်းပြီးမြောက်တေ။
၁၁။ ကံငင်ရာ ပါ။

၁၂။ ကံဆောင် အောင်စမြဲ။
၁၃။ ကံဆိုးမသားလားရာတိုင်း မိုးလိုက်လို့ရွာ။
၁၄။ ကံဆိုးမိုးမှောင် ခိုးစားခွီးဟောင်။
၁၅။ ကံထိုက်ရာမှာ နား။
၁၆။ ကံထမ်းလာစွာကို လူမမြင်၊ ဝန်ထမ်းလာစွာကို လူမြင်။
၁၇။ ကံနာ၊ ဝဋ်နာ။
၁၈။ ကံပီးစားမည် ထိုင်မနီကေ့။
၁၉။ ကံပစ်ချရာမှာ- ခံ။
၂၀။ ကံမကူ ဉာဏ်ထူတိုင်း မွဲ။
၂၁။ ကံမကောင်းလို့ မကောင်းဖြစ်တေ။
၂၂။ ကံမကောင်းလို့ လူဖြစ်ကျိုးမနပ်။
၂၃။ ကံမကောင်းလို့ အကြောင်းမလှ။
၂၄။ ကံမကောင်း အကြောင်းကိုထိုးချ။
၂၅။ ကံမကောင်း အကြောင်းမပါ။
၂၆။။ ကံမလိုက် ရှိနန်းမှာလည်း မစံထိုက်။
၂၇။ ကံမဟိအိုးမှာငါးသတစ် ကျောက်သားဖြစ်။
၂၈။ ကံမဟိရေခွီး ချီးခြောက်ကိုလည်း မစားထိုက်။
၂၉။ ကံမဟိရေခွီး လိပ်ကိုတောင် လိုက်မမီ။
၃၀။ ကံဟိမှ ထင်ပေါ်။
၃၁။ ကံဟိမှ ထင်ပေါ်၊ ထင်ပေါ်မှကျော်ကြား။
၃၂။ ကံဟိမှထင်ပေါ်၊ ဉာဏ်ဟိမှမြင်မြော်။
၃၃။ ကံဟိမှ လတ်လာရေ။
၃၄။ ကံဟိရေကျား လားလားချင်း သမင်ကိုမြင် (တွိ)။
၃၅။ ကံဟိရေခွီး ပြီးပြီးချင်း အစာကိုမြင်။
၃၆။ ကံဟိရေသား ကျားကိုက်လို့မသီ။

## ကန်

၁။ ကန်ကုဏ္ဍလာ၊ ယမုံနာမှာ၊ ပဒုမ္မာကြာမပေါက်၊ ကင်းစွန်းပေါက်။
၂။ ကန်တူးအိမ်ဆောက်၊ ချမ်းသာရောက်။
၃။ ကန်မှာရီလည်းကန်မှာ၊ ချောင်းမှာရီလည်းချောင်းမှာ။

## ကန့်

၁။ ကန့်ကူတစ်လက် သင်ပုန်းဖက်။

## ကန်

၁။ ကန်လို့သာ စမ်းရရေ၊ မကန်ကေမိုး ထိုးမည်။

## ကမ်

၁။ ကမ္ဘာကချီးခြောက်ကို ရီဆွတ်လို့နူးရေပိုင်။
၂။ ကမ္ဘာကြီလို့ ဥဒါန်း (ဝဒါန်း) မကျီ။
၃။ ကမ္ဘာပျက်ဖို့ခါ လူဖြစ်ကျိုးမနပ်။
၄။ ကမ္ဘာမီးလောင် သားကောင်ခုထိုင်။
၅။ ကမ္ဘာမီးလောင် သားကောင်တက်နင်း။
၆။ ကမ္ဘာမြီကြီး ရှိငွီသီး။
၇။ ကမ္ဘာလဆန်း တစ်ရက်ကပင်။

## ကမ်း

၁။ ကမ်းထောင့် (တောင်း)ပြိုမှာ ရပ်မှား။
၂။ ကမ်းနားသစ်ပင်။
၃။ ကမ်းနားသစ်ပင် မင်းခယောကျ်ား။
၄။ ကမ်းပြိုတစ်ခါ ကမ်းဆန်းတစ်လှည့်။
၅။ ကမ်းပြိုမှာ ရပ်ခီမှား။
၆။ ကမ်းပြို ရွာဆုတ်။
၇။ ကမ်းသားပေါက်မှာ ဗျိုင်းစောင့်ရေပိုင်။

# ကုက်

၁။ ကုက္ကိုသြား ခွီးစာပီး။

# ကုန်

၁။ ကုန်ခေါင်တစ်ဝက်၊ အင်းတစ်ဝက် ခန့်ဇနာ ဂါဂယော် (လျှော်)။
၂။ ကုန်ကူး လာဘ်မြင်။
၃။ ကုန်စျီးနှုံး လူကိုမပြောရ။
၄။ ကုန်ပုတ်မြင်တိုင်း ဆွမ်းမတင်နိုင်။
၅။ ကုန်မှာအတွက် လယ်မှာအညက်။
၆။ ကုန်ရာကုန်ရေ ဝရေမဟိ။
၇။ ကုန်သည်သမီးခါးလှ လယ်သည်သမီးဝမ်းလှ (ဝမ်းဝ)။
၈။ ကုန်သင့်ရာကုန် မကုန်သင့်ရာ မကုန်ရာ။

# ကုန်း

၁။ ကုန်းကပေါ်ကုန်းကစီး နံကပေါ်နံကစီး။
၂။ ကုန်းကြောင်းမထင် ရီကြောင်းထင်။
၃။ ကုန်းခါမှ တုံးလုံးပေါ်။
၄။ ကုန်းမှာနားပင်း ရီမှာဗကျင်း။
၅။ ကုန်းမှာလည်းမကျ ရီမှာလည်းမကျ။
၆။ ကုန်းမှာတဝက် ရီမှာအဆုံး။
၇။ ကုန်းမှောက်ဝမ်းကစီး ဝမ်းမှောက်ကုန်းကစီး။
၈။ ကုန်းလွတ်ကေ ရင်မလွတ် ရင်လွတ်ကေ ကုန်းမလွတ်။
၉။ ကုန်းသားရင်သား မခွဲခြား။

# ကိုယ်

၁။ ကိုယ်ကကျူး ဒူးကိုလည်း မယုံရ။
၂။ ကိုယ်ကချစ်ခင် သူမကြင် ခင်မင်စရာမဟိပါ။
၃။ ကိုယ်ကတရားကိုစောင့်မှ တရားကပြန်စောင့်မည် (ဖို့)။
၄။ ကိုယ်ကလူကိုရိုသီမှ လူကကိုယ်ကို ရိုသီမည်။
၅။ ကိုယ်ကလည်း ဒူးကိုမယုံ ဒူးကလည်း ကိုယ်ကိုမယုံ။
၆။ ကိုယ်ကလည်း လူကိုမယုံ လူကလည်း ကိုယ်ကိုမယုံ။
၇။ ကိုယ်ကားမစွန်း မြင့်မိုရ်တောင်ကို မှီယောင်လှမ်း။
၈။ ကိုယ်ကားလွတ် ဆင်ပေါင်ကြီးမှာ ပတုံး (အမြီး)ကျပ်။
၉။ ကိုယ်ကောင်းကိုယ်စံ ကိုယ်မကောင်းကိုယ်ခံ။
၁၀။ ကိုယ်ကောင်းသူကောင်း တောကောင်းဥဒေါင်း (ဝဒေါင်း)။
၁၁။ ကိုယ်ကောင်းသူကောင်း ဝါးကောင်း တောင်း။
၁၂။ ကိုယ်ကိုစောင့်စည်းနိုင်ကေလေ့ နှုတ်ကိုမစောင့်စည်းနိုင်။
၁၃။ ကိုယ်ကြီးရို့ မျက်စိငယ်ရေ- ဆင်။
၁၄။ ကိုယ်ကြိုက်စွာကို ကိုယ်ရာသိရေ။
၁၅။ ကိုယ်ကြိုက်ကေသကာ ချိုရေ။
၁၆။ ကိုယ်ကြိုက်သူကြိုက် ဆင်းရို့လိုက်။
၁၇။ ကိုယ်ကြိုက်သူကြိုက် သဘောချို။
၁၈။ ကိုယ်ကြိုက်အချစ် ကိုယ်မကြိုက် အမိုက်။
၁၉။ ကိုယ်ကြောင့်စိတ်ကြောင့် ဗျာယထောင်း။
၂၀။ ကိုယ်ခင် တစ်သက်လုံးကြင်။
၂၁။ ကိုယ်ခန္ဓာလွတ် ဆင်ပြောင်ကြီးမှာ ပတုံး (မတုံး)ကျပ်။
၂၂။ ကိုယ်ချင် ကတင်ရှီနန်း
၂၃။ ကိုယ်ချင် သစ်ခက်တဲနန်း။
၂၄။ ကိုယ်ချင်ဖြောင့်တန်း ကိုယ်မချင်ကလန့်ခွန်း။
၂၅။ ကိုယ်ချင်းစာ ညှာတာသနား မေတ္တာထား။
၂၆။ ကိုယ်ချင်းစာ မနာ။
၂၇။ ကိုယ်ချင်းစာ မေတ္တာတရား အမြဲထား
၂၈။ ကိုယ်ချင်းစာမှ ချမ်းသာ။
၂၉။ ကိုယ်ချစ်သူ ကိုယ်စီလှစမြဲ။
၃၀။ ကိုယ်စီကိုယ်စီ ဝန်ကိုချီ။
၃၁။ ကိုယ်တစ်ကြောင်း သူတစ်ကြောင်း။
၃၂။ ကိုယ်တစ်ခါ သူတစ်လှည့်။

၃၃။ ကိုယ်တစ်လှည့် သူတစ်လှည့်။
၃၄။ ကိုယ်တစ်ပြန် သူတစ်ပြန်။
၃၅။ ကိုယ်တွေ့ကြုံမှ ယုံကြည်ရ။
၃၆။ ကိုယ်ထဲကသွီးလည်း သီဘေးကိုပွား၊ တောထဲကဆီးလည်း သီဘေးကိုတား။
၃၇။ ကိုယ်နန့်ခင် မိတ်ဆွေရင်း။
၃၈။ ကိုယ်ထီး ကိုယ်ပါး။
၃၉။ ကိုယ်နန့်ခင် မိရင်းဖရင်း။
၄၀။ ကိုယ်ထောင်ရေလေးခက် ကိုယ်ပါးမှာကျ။
၄၁။ ကိုယ်ထောင်ရေစူး ကိုယ်ပါမှာစူး။
၄၂။ ကိုယ်နန့်ချစ် ကြိုက်သူမယှား။
၄၃။ ကိုယ်နန့်တူ ချစ်တူမဟိ။
၄၄။ ကိုယ်နန့်တူ ရွယ်တူမသျှား။
၄၅။ ကိုယ်နန့်တန်းတူ ချစ်သောသူ တလူမဟိ။
၄၆။ ကိုယ်နန့်ထပ်တူ ကိုယ်သာဟူ။
၄၇။ ကိုယ်နန့်မကွာ ထက်ကပ်ပါ။
၄၈။ ကိုယ်နန့်မကွာ အရိပ်ပါ။
၄၉။ ကိုယ်နန့်မဆိုင် ခွင့်မပိုင်။
၅၀။ ကိုယ်နန့်မတော် မပြုရာ။
၅၁။ ကိုယ်နန့်မတန် မင်းဖြစ်ကြံ။
၅၂။ ကိုယ်နန့်မတန် အဖိုးကြီးမှာ အထုပ်သန်။
၅၃။ ကိုယ်နန့်မတန် အဘာကြီးမှာ လိုင်ဖင်းသန်။
၅၄။ ကိုယ်နန့်အတူ ချစ်သူမဟိ။
၅၅။ ကိုယ်နှုတ်သရမ်း ပြစ်ဒဏ်ခံရ။
၅၆။ ကိုယ်ပူစွာကို ကိုယ်ရာသိရေ။
၅၇။ ကိုယ်ဖော်ရေဆီး ကိုယ်မစားနိုင်။
၅၈။ ကိုယ်ဖော်ရေးမီ ကိုယ်ကိုလောင်။
၅၉။ ကိုယ်ဖော်ရေးမီ ကိုယ်သတ်လို့မသီ။
၆၀။ ကိုယ်မကောင်းကေ ကိုယ်ခံ။
၆၁။ ကိုယ်မလုံ ပုန်းမသီ။
၆၂။ ကိုယ်မလှစွာကိုမမြင် သူများမလှစွာကိုမြင် ရယ်ချင်။
၆၃။ ကိုယ်မလှစွာကိုမမြင် သူများမလှစွာကို မြင်ရေ။
၆၄။ ကိုယ်မွီးစပ်တေမျှောက် ကိုယ့်ကိုခြောက်။
၆၅။ ကိုယ်မွီးရေမျှောက် ကိုယ့်ကိုခြောက်။
၆၆။ ကိုယ့်မျက်ချီးကိုယ်မမြင် သူများမျက်ချီးကိုယ်မြင်။
၆၇။ ကိုယ်ရီး ကိုယ်တာ။
၆၈။ ကိုယ်ရိပ်တူစွာ ထက်ကြပ်ပါ။
၆၉။ ကိုယ်ရိပ်မကွာ အတူပါ။
၇၀။ ကိုယ်လုပ်စွာ ကိုယ်သာခံစားရ။
၇၁။ ကိုယ်လုပ်မှ ကိုယ်စားရ။
၇၂။ ကိုယ်လိုစွာ ကိုရာသိရ။
၇၃။ ကိုယ်ဝယ်နွမ်းပါး ပင်ပန်းငြားက အမိသော်လည်း သားတော်ခဲ။
၇၄။ ကိုယ်ဝန်ဆောင်မိန်းမ ဖောင်စီးယောကျ်ား
၇၅။ ကိုယ်သန့် ယန့်မလို။

# ကိုယ့်

၁။ ကိုယ့်ကိုယ်ကိုပင် စိတ်ကြီးဝင်။
၂။ ကိုယ့်ကိုယ်ကိုပင် ဆရာထင်။
၃။ ကိုယ့်ကိုယ်ကိုပင် မြတ်သည်ထင်။
၄။ ကိုယ့်ကိုယ်ကိုပင် လှသည်ထင်။
၅။ ကိုယ့်ကိုကိုယ်ဖော် မသူတော်ခုနှစ်ပါး။
၆။ ကိုယ့်ကိုယ်ကိုသာ အားကိုးရာ။
၇။ ကိုယ့်ကိုကိုယ်အထင်ကြီး သွီးနားထင်ရာက်။
၈။ ကိုယ့်ကိုယ်ကိုအထင်ကြီး အရီးကျမှသိ။
၉။ ကိုယ့်ကိုနိမ့်ချ စောင့်သီလ။
၁၀။ ကိုယ့်ကြောင်းရင်းနန့် ကိုယ်ခံ။
၁၁။ ကိုယ့်ချီးကို လူဖင်မှာသုတ်။
၁၂။ ကိုယ့်ချီးကို ကိုယ်မွှီးရေ။
၁၃။ ကိုယ့်ချီးကို ကိုယ့်ဖော်ပြ။

၁၄။ ကိုယ့်ချီး ကိုယ့်ဖင်မှာကပ်။
၁၅။ ကိုယ့်ချီးမနံ လူချီးနံ။
၁၆။ ကိုယ့်ခြံမှာပေါက် ကိုယ့်နွား။
၁၇။ ကိုယ့်ငါးပိ ကိုယ်ကောင်းရေ။
၁၈။ ကိုယ့်ငါးပိ ကိုယ်ချီးမွှမ်း။
၁၉။ ကိုယ့်ငါးပိ ကိုယ်မွှီးရေ။
၂၀။ ကိုယ့်စကားနန့် ကိုယ့်ပါးရောင်။
၂၁။ ကိုယ့်စည်းကို ကိုယ်ဖောက်တေ။
၂၂။ ကိုယ့်စိတ် ကိုယ်မပိုင်။
၂၃။ ကိုယ့်စိတ်ကိုယ်မပိုင် အနိုင်မရ။
၂၄။ ကိုယ့်စိတ်နန့်နှိုင်း မရိုင်း။
၂၅။ ကိုယ်စွာကောင်းရေ လူစွာမကောင်း။
၂၆။ ကိုယ်စွာကိုလည်း မမှီ လူစွာကိုလည်း မလှမ်း။
၂၇။ ကိုယ်စွာကိုလည်းမမှီ လူစွာကိုလည်း မစုတ်။
၂၈။ ကိုယ့်စွာပီးမှ သူ့စွာရ။
၂၉။ ကိုယ့်စွာသာကောင်း သူများစွာမကောင်း။
၃၀။ ကိုယ့်ဇာတ်နန့် ကိုယ်။
၃၁။ ကိုယ့်တာဝန်နန့် ကိုယ်။
၃၂။ ကိုယ့်တာလုံမှ သူ့တာကိုတိုး။
၃၃။ ကိုယ့်တာဝန် ကိုယ်စီရွက် (သိ)။
၃၄။ ကိုယ့်တပ် ကိုယ်ချိုး။
၃၅။ ကိုယ့်တပ် ကိုယ်ဖောက်။
၃၆။ ကိုယ့်တပ် ကိုယ်လုံယောင်ထိုး။
၃၇။ ကိုယ့်တပ်မလုံဘဲ လူတပ်ကိုမဖာကေ့။
၃၈။ ကိုယ့်တပ်လုံမှ လူတပ်ကိုထိုး (ဖာ)။
၃၉။ ကိုယ့်ထမင်းစားလို့ ယောက္ခမကျွဲကိုကျောင်းရေ။
၄၀။ ကိုယ့်ထက်ကျူး ဒူးကိုလည်း မယုံ။
၄၁။ ကိုယ့်ထက်ကြီးမောင်ကြီး ကိုယ့်ထက်ငယ်မောင်သျှေ။
၄၂။ ကိုယ့်ထက်ကြီး လူကြီးမဟိ။
၄၃။ ကိုယ့်ထက်ချစ်သူ တလူမဟိ။
၄၄။ ကိုယ့်ထက်တတ် မြတ်သူမဟိ။
၄၅။ ကိုယ့်ထက်သာ ဆရာမှတ်။
၄၆။ ကိုယ့်ထက်သာ မကြိုက်။
၄၇။ ကိုယ့်ထက်သာ မနာလို။
၄၈။ ကိုယ့်ထက်သာ မြတ်ရာမဟိ။
၄၉။ ကိုယ့်ထက်အမြတ်မဟိ ပျားထက်အချိုမဟိ။
၅၀။ ကိုယ့်ဒယောစွန် ကိုယ်နင်းမိ။
၅၁။ ကိုယ့်ဒူးကိုယ်ချွန် လူရည်မွန်။
၅၂။ ကိုယ့်ဒူးကိုယ်မယုံရ။
၅၃။ ကိုယ့်နို့မလုံဘဲ လူနို့ကိုမဖုံးနိုင်။
၅၄။ ကိုယ့်ပရုတ်ဆီနန့် လူဘေးကိုဖျစ်။
၅၅။ ကိုယ့်ပေါင်ကို လူကိုလှစ်ပြ အနာရာမြင်။
၅၆။ ကိုယ့်ပေါင်ကို လူကိုလှစ်မပြကေ့။
၅၇။ ကိုယ့်ပေါင်သား ကိုယ်လိမ်။
၅၈။ ကိုယ့်ပေါင်သား ကိုယ်လှီး။
၅၉။ ကိုယ့်ဖဲကိုယ်ချိုး ကိုယ်ကိုးကျရေ။
၆၀။ ကိုယ့်ဖဲ ကိုယ်ချိုး ကိုယ်ထိုးကိုယ်စား။
၆၁။ ကိုယ့်ဖက်သူ့ဖက် ကြည့်လို့ပြောမှ အမှန်တရားကျ။
၆၂။ ကိုယ့်ဖင်မနိုင်ဘဲ သာကြူသောက်ချင်။
၆၃။ ကိုယ့်ဖင်မှာပွီး ကိုယ်လှစ်ပြ။
၆၄။ ကိုယ့်မျက်ချီး ဒပြုတ်သီးကိုမမြင် လူမျက်ချီး နှမ်းစိကိုမြင်။
၆၅။ ကိုယ့်မှာမဟိ ပြည်မှာမဟိ။
၆၆။ ကိုယ့်ရောဂါ ကိုယ်ရာသိရေ။
၆၇။ ကိုယ့်ရွာနန့် ကိုယ့်ဇာတ်။
၆၈။ ကိုယ့်ရွာမှာကြက်ဖ လူရွာမှာ ကြက်မ။
၆၉။ ကိုယ့်လူသူ့ဖက်။
၇၀။ ကိုယ့်လက်ခုပ်ထဲကရီ သွန်ချင်သွန် မှောက်ချင်မှောက်။
၇၁။ ကိုယ့်လက်ညှိုး ကိုယ့်မျက်စိမှာထိုး။
၇၂။ ကိုယ့်လှံ ကိုယ့်ပါးမှာစူး။
၇၃။ ကိုယ့်လျှာ ကိုယ်ကိုက်မိ။

၇၄။ ကိုယ့်ဝန်မှန် ကိုယ်ပြန်ရ။
၇၅။ ကိုယ့်ဟန်နန့်ကိုယ်။
၇၆။ ကိုယ့်အကြောင်း ကိုယ်ရာသိရေ။
၇၇။ ကိုယ့်အတတ်နန့် ကိုယ့်ပါးမှာစူး။
၇၈။ ကိုယ့်အတတ်နန့် ကိုယ်ခံ။
၇၉။ ကိုယ့်အထုပ်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်ယှောက် (လျှောက်)။
၈၀။ ကိုယ့်အထုပ် ကိုယ်ဖွင့်ပြ။
၈၁။ ကိုယ့်အပြစ်ကိုကိုယ်မမြင် လူများအပြစ်ကိုမြင်။
၈၂။ ကိုယ့်အပြစ်နန့်ကိုယ်ခံ။
၈၃။ ကိုယ့်အမိုက်ကို သိပညာဟိ။
၈၄။ ကိုယ့်အရီးကျ ငွေကြေးကိုမငဲ့ရ။
၈၅။ ကိုယ့်အရီး (အရေး)ကြုံ ငွီကုန်ဖို့ မကြောက်ကေ့။
၈၆။ ကိုယ့်အရီးထက် လူအရီးမကြီး။
၈၇။ ကိုယ့်အသက် ကိုယ်ရာချစ်။
၈၈။ ကိုယ့်အသက်ထက် သူ့အသက်မတင်း။
၈၉။ ကိုယ့်အား ကိုယ်ကိုး။
၉၀။ ကိုယ့်အားကိုယ်ကိုး ကိုယ့်ဒူးကိုယ်ချွန်။
၉၁။ ကိုယ့်ဥမှ ဥမှတ်တေ။
၉၂။ ကိုယ့်အိမ်မှာ ကိုယ်မင်း။
၉၃။ ကိုယ့်အိမ်မှာ ကြက်ဖ၊ သူ့အိမ်မှာ ကြက်မ။

# ကိုး

၁။ ကိုးကွယ်ရာတစ်ဆူ မှီခိုရာတစ်ခု။
၂။ ကိုးဆယ့်ကိုးလန်ကိုးပင်းကန် ကျင်သန်တပြီး စည်တတီး။

# ကျ

၁။ ကျတိုင်းလည်း မကောက်ကေ့ ရတိုင်းလည်း မဖြုန်းကေ့။



၂။ ကျတိုင်းလည်း မကောက်ကေ့ ရတိုင်းလည်း မယူကေ့။
၃။ ကျဖန်များပြည့် ယိုဖန်များကုန်။
၄။ ကျမကောက် ပျောက်မရှာ။
၅။ ကျမွိန့်နန့် ထရံရက်- ရက်လို့။

# ကျား

၁။ ကျားကိုဆီးတင် တင်လို့။
၂။ ကျားကိုလည်းကြောက် ကျားချီးကိုလည်း ကြောက်။
၃။ ကျားကိုက်ခါမကူ ပရွှတ်ဆိတ်ကိုက်ခါကူဖို့လား။
၄။ ကျားကိုက်ခါမကူ တောင်းကျိုင်ကိုက်ခါကူရေ။
၅။ ကျားကိုက်စွာထက် ငင်စွာရိ။
၆။ ကျားကိုက်ဖို့နွှား တောစယောင်။
၇။ ကျားကိုက်ဖို့နွှား တောနားယောင်။
၈။ ကျားကိုက်လို့မသီ ဖားကိုက်လို့သီ။
၉။ ကျားကိုမြင်ရေ ခွီးပိုင်။
၁၀။ ကျားကိုကြောက် ကျားရင်ခွင်ဝင်ပြီး။
၁၁။ ကျားကိုကြောက်လို့ရှင်ကြီးကိုး ရှင်ကြီးကျားထက်ဆိုး။
၁၂။ ကျားကို နွှားအပ်ယောင်။
၁၃။ ကျားကိုမထိ ကျားလက်မှာသီ။
၁၄။ ကျားကိုမြင်ကေ ခွီးခါးသီးရေ။
၁၅။ ကျားကိုယိုးလို့ ဗက်စားရေ။
၁၆။ ကျားကိုယှောင် ဆင်နန့်တွိ။
၁၇။ ကျားခြီရာထက် ဗက်ခြီရာမကြီး။
၁၈။ ကျားဂေါင်းမှာနီရေသန်း ကျားကိုမကြောက်။
၁၉။ ကျားဂေါင်းမှာ သန်းရှာမှား။
၂၀။ ကျားစား စား ကျားငတ် ငတ်။
၂၁။ ကျားဆရာ ကျားလက်မှာသီး။
၂၂။ ကျားဆရာ ကျားလက်မှာသီ မြွီဆရာမြွီလက်မှာသီ။
၂၃။ ကျားဆိုးထက် လူဆိုးခက်။

၂၄။ ကျားထက် ငလဝါကြီး။
၂၅။ ကျားနန့်ဆင် လယ်ပြင်ကျခါမှ သိမည်။
၂၆။ ကျားနန့်မြီကို ရီမှာတွိလည်း ဆယ်နိုင်ခဲ။
၂၇။ ကျားမတုံးကို ဆွဲရေပိုင်။
၂၈။ ကျားမတုံးကို ဆွဲရေလက်စ နောင်းနောင်းဆွဲ။
၂၉။ ကျားမတုံးမှာ ခဲဝါချိုင်ရေပိုင်။
၃၀။ ကျားမဟိလို့ သမင်ထရေ။
၃၁။ ကျားရှိမှာ ချော်လဲသတ်။
၃၂။ ကျားလည်းသီ တောလည်းကြီ။
၃၃။ ကျားသထာမှ နွားချမ်းသာ (နွားလွတ်)။
၃၄။ ကျားသနားမှ နွားချမ်းသာ။
၃၅။ ကျားသီကေ ဗက်ထရေ။
၃၆။ ကျားသီကို အသက်သွင်းရေပိုင်။
၃၇။ ကျားသီပြီးမှ သရဲထ။
၃၈။ ကျားသီပြီးမှ ရဲစွမ်းပြ။
၃၉။ ကျားသီပြီးမှ စွမ်းရဲပြ။
၄၀။ ကျားသပိတ် ဝင်ဝင်လို့။
၄၁။ ကျားသွီးသောက်မတတ်။
၄၂။ ကျားသွီးသောက်မှ ရဲ။
၄၃။ ကျားဟုန် ဟုန်လို့။
၄၄။ ကျားအိပ်ရာမှာ နွားလာရောက်ယောင်။

# ကျိ

၁။ ကျိကျိပက်ပက် ဗင်ကျော်ဟင်းပိုင်။

# ကျီး

၁။ ကျီးကန်း ခုန်ပုတ် (ခင်ပုတ်) ရန်တခြုတ်ခြုတ်။
၂။ ကျီးကန်းချင်းအတူတူ လိုင်(လည်)ဖြူက အသာခံ။
၃။ ကျီးကန်းတောင်းမှောက်။
၄။ ကျီးကန်းအာ ပြည်သာ။
၅။ ကျီးကန်းအာ မကြာစီကေ့ ချီဖားဟောက်မကြောက်လီကေ့။
၆။ ကျီးကိုဘုတ်မရိုသီ ဘုတ်ကိုကျီးမရိုသီ။
၇။ ကျီးတမာအစာဝခါမှ ဌာနကိုပျံ ပုံသဏ္ဍာန်သို့။
၈။ ကျီးဖိုဆဲကျိန်တသချီ ကျီးမဆဲကျိန်လေးသချီ။
၉။ ကျီးလန့်စား စားလို့။
၁၀။ ကျီးလန့်စာစားရေပိုင်။

# ကျေး

၁။ ကျေးကျွန်ကို မပြိုင်စီရ။
၂။ ကျေးကျွန်ရိုးကေ အသျှင်အကျိုး။
၃။ ကျေးသျှင်ထက်ကြွီးသျှင်မြင့်။
၄။ ကျေးဇူးကန်း လမ်းမမြင်။
၅။ ကျေးဇူးချေဖျက် ညောင်လင်ကြက်သို့။
၆။ ကျေးဇူးသျှင်ကို ကျေးခက်နန့်သတ် ကျေးဇူးဆပ်။
၇။ ကျေးဇူးသျှင်ကိုပြစ်မှား ခွီးပိုင်ဝက်ပိုင်သီရ။
၈။ ကျေးဇူးသျှင် ကျေးပင်ပေါက်။
၉။ ကျေးဇူးခြီ ရီပိုင်ခမ်း။
၁၀။ ကျေးဇူးတရိုက် ကျေးခက်နစ်ယောင် နစ်တတ်တေ။
၁၁။ ကျေးဇူးတရိုက် စုတ်စုတ်နစ်။
၁၂။ ကျေးဇူးပြုလည်း ကျေးဇူးတုံ့ပြန် ဒါးနန့်စံ။
၁၃။ ကျေးဇူးပြုလည်း ကျေးဇူးမထင် အကန်းသွင်။
၁၄။ ကျေးဇူးမတင် မျှင်ကြိုးငင်။
၁၅။ ကျေးဇူးမတင် ရန်တုံ့ချင်။
၁၆။ ကျေးဇူးမသိ ဒုက္ခတွိ့။
၁၇။ ကျေးဇူးမသိ လူဒိဌ္ဌိ။
၁၈။ ကျေးဇူးလည်းပြုရ တူနန့်လည်းအထုခံရ။
၁၉။ ကျေးဇူးသိတတ် သူတော်မြတ်။

၂၀။ ကျေးဇူးသိလျက် ------------
၂၁။ ကျေးဇူးဟိမှ ကျိုးကြောင်းပြ။

## ကျယ်

၁။ ကျယ်လျှင်ချဲ့ ကျဉ်းလျှင်ချုံ့။
၂။ ကျယ်လျှင်ချဲ့ ပဲ့လျှင်ဖဲ့ ကျပ်လျှင်သတ်ပင်း ချောင်လျှင်ထွင်း။

## ကျော

၁။ ကျောမှ - ကြွား။

## ကျော်

၁။ ကျော်မှ - ညော်။
၂။ ကျော်မှ ညော်၊ ပုပ်မှ ပေါ်၊ ခေါ်မှ လာ။
၃။ ကျော်ရေမိန်းမ လင်မရ။
၄။ ကျော်သာကျော် လင်မရ။

## ကျင်

၁။ ကျင်ကိုင် ကိုင်လို့
၂။ ကျင်သန်အို ကြက်နှင်မရ။
၃။ ကျင်သန်အို ယင်နှင်မရ။

## ကျင့်

၁။ ကျင့်ကြံအားထုတ် ကျိုးမယုတ်။
၂။ ကျင့်တတ်မှ သူမြတ်။



## ကျောက်

၁။ ကျောက်ကောင်းတစ်လုံး ချင်းလက်မှာဆုံး။
၂။ ကျောက်ကောင်းတစ်လုံး သားကောင်းတစ်ယောက်။
၃။ ကျောက်ကိုညှစ်လို့ ဆီမထွက်။
၄။ ကျောက်- ကျောက်ချင်းခတ်။
၅။ ကျောက်ကြီးကွဲ ကပ်မရ (ဆက်မရ)။
၆။ ကျောက်စောင်းထက် ရီစောင်းထက်။
၇။ ကျောက်စောင်းသံစောင်း ရီစောင်းထက်၊ မိန်းမစောင်းက သာလို့ထက်။
၈။ ကျောက်ဆောင်ကို ခြီနန့်ကန် (ကျောက်)ရေပိုင်။
၉။ ကျောက်ဆိုစွာ ကြီးကြီးငယ်ငယ် ရီမှာမြုပ်တေ။
၁၀။ ကျောက်တုံးကို ခွီးဟောင်ရေပိုင်။
၁၁။ ကျောက်တုံးကိုပြုတ်လို့ မနူး။
၁၂။ ကျောက်တုံးကိုရီမှာချရေပိုင် စုတ်စုတ်မြုပ်။
၁၃။ ကျောက်တုံးနန့် ဖိသတ်လို့မလဲ ငွီထုတ်နန့်ဖိသတ်မှလဲ။
၁၄။ ကျောက်နန့်ထုယင့် ဖားပြုတ်ကေမှာ ကြောတက်ယင့် (ကြွ- ကြွက်တက်ယင့်)
၁၅။ ကျောက်ပုံမှာ ငဝက်ရစ် ရစ်လို့။
၁၆။ ကျောက်ပြီးမှ ဝန်ချ။
၁၇။ ကျောက်ပြင်မှာ ဝါးပင်မပေါက်။
၁၈။ ကျောက်ပြင်မှာ ဝက်တူးမှား။
၁၉။ ကျောက်မျိုးမှန် ညွှန်မှာမနစ်။
၂၀။ ကျောက်ရစ်ကေဆီ ကျိန်းအညှင်းသီး။
၂၁။ ကျောက်ရစ်ကေသား နှမ်းဖတ်စား။
၂၂။ ကျောက်သားကို ပြုတ်တေပိုင်။

## ကျောင်း

၁။ ကျောင်းကမှုခင်း ရွာမဆင်းလို့မရ။
၂။ ကျောင်းကအမှု ရွာမှာကပ်။
၃။ ကျောင်းကြီးပြောင်ပြောင် ဝမ်းခေါင်ခေါင် (ဝမ်းဟောင်းဟောင်)။

၄။ ကျောင်းစကားကျောင်းမှာထား ရွာစကားရွာမှာထား။

၅။ ကျောင်းစကား ရွာကိုလား မှုပ္ပား။

၆။ ကျောင်းစားနန့်ကျောင်းထိုင်တကိုင်တည်း (တစ်ကိုင်းတည်း၊ တစ်ချက်တည်း) အတူတူ။

၇။ ကျောင်းနီကြာ ဆရာကိုမရိုသီ။

၈။ ကျောင်းနီကြာလီ မိုက်လီ။

၉။ ကျောင်းပြောင်လို့ ဆွမ်းခေါင်။

၁၀။ ကျောင်းပြောင်လို့ ဝမ်းဟောင်။

၁၁။ ကျောင်းသားကိုထောင်း နွားကိုမောင်း။

၁၂။ ကျောင်းသားကြီး မောင်သျှင်ကိုမရိုသီ မောင်သျှင်ကြီး ပဥ္စင်းကို မရိုသီ၊ပဥ္စင်းကြီး ဘုန်းကြီးကိုမရိုသီ။

၁၃။ ကျောင်းအမှု ရွာမှာပတ်။

# ကျပ်

၁။ ကျပ်လီ ညှပ်လီ။

၂။ ကျပ်လီညှပ်လီ တထွတ်ကြွီ။

# ကျိပ်

၁။ ကျိပ်မှာတရာ ရာမှာတယောက်

# ကျိန်

၁။ ကျိန်စာကျမှ လူလှ။

၂။ ကျိန်ဆဲမှ အသက်ရှည်။

၃။ ကျိန်ဆဲလီ အသက်ရှည်လီ။

၄။ ကျိန်ကိ ကျိန်ကာ။



# ကျိုး

၁။ ကျိုးကြောင်းမသိ လူဒိဗ္ဗိ။

၂။ ကျိုးစွာထက် ကောင်းစွာတော်သိယင့်။

၃။ ကျိုးရာကျိုးရေ ခုန်လို့ပင်။

# ကြာ

၁။ ကြာကေ ပေါင်းစောက်တေ။

၂။ ကြာကြာထား မှိုတက်တေ။

၃။ ကြာကြာနီ အခက်နန့်တွိ့။

၄။ ကြာကြာနီ အချက်နန့်တွိ့။

၅။ ကြာပင်အောက်က ဖားသူငယ်၊ ကြာဖက်ထက်တက်မင်းမူချင်။

၆။ ကြာရာမှာ - နှေး။

၇။ ကြာရာမှာ - နှေး၊ ပြုရာမှာ - ဖြု။

၈။ ကြာရိုးကြာပင်။

၉။ ကြာရှည်စားဖို့သွား၊ အရိုးကိုမမွားကေ့။

၁၀။ ကြာရှည်စားဖို့သွား၊ အရိုးကိုယှောင် (ရှောင်)

၁၁။ ကြာလီနှစ်လီ လှူပ်လီမြုပ်လီ။

# ကြား

၁။ ကြားတိုင်းနားမထောင်ရ၊ မြင်တိုင်းမကြည့်ရ။

၂။ ကြားတိုင်းနားမထောင်ရ မြင်တိုင်းမပြောရ။

၃။ ကြားပြီး သူမြွတ်။

၄။ ကြားဖူးမှ နားရည်ဝ။

၅။ ကြားဖူးမှနားရည်ဝ၊ လှုပြီး(တတ်)မှ အကျိုးရ။

၆။ ကြားရေနား ပင်းကွန်ဆောင်။

၇။ ကြားရာကြားစီ မမြင်စီကေ့။

# ကြီ

၁။ ကြီစပ်သန်ကေရန်ရရေ၊ မိုးကြီးသွန်ကေကန်ပေါက်တေ။

# ကြီး

၁။ ကြီးကြီးငယ်ငယ်၊ သူ့အရာနန့်၊ သူတွင်ကျယ်။
၂။ ကြီးခါမောင်ကြီး၊ ငယ်ခါမောင်သျှေ။
၃။ ကြီးချင်ဆီကြီး၊ ငွိထုပ်နန့်ဖိက - ပိပြား။
၄။ ကြီးချင်ဆီကြီး ဆင်ကိုလူစီး။
၅။ ကြီးချင်ဆီကြီး တောင်ဖူးဘုရာေအောက်က။
၆။ ကြီးနိုင် ငယ်ညဉ့်း။
၇။ ကြီးရာကြီးရေ ခွီးကြီးယောင်။
၈။ ကြီးရာကြီးရေ ဘူးသီးကြီးယောင်။
၉။ ကြီးရာကြီးရေ ဘူးသီးကြီး အလယ်ကောင်မှာတစိတည်း။
၁၀။ ကြီးရာကြီးရေ လက်ပံပင်ပိုင်အနှစ်မဟိ။
၁၁။ ကြီးရာမှသန် ပြည့်ရာမှာဖြည့်။
၁၂။ ကြီးလာလို့ ခွာတိုင်းရေ။
၁၃။ ကြီးလီချဉ်လီ။
၁၄။ ကြီးလီချဉ်လီ သမ္ဘာရာသီး ရှောက်သီးပိုင်။
၁၅။ ကြီးလေးလုံး ဋ္ဌကြီးအဆွီးဆုံး။
၁၆။ ကြီးသူဝမ်းခေါင်း ငယ်သူအောင်း။
၁၇။ ကြီးသောအမှုငယ်စီ ငယ်သေအမှုပပျောက်စီ။

# ကြဲ

၁။ ကြဲစီကြဲစဲ။
၂။ ကြဲစီကြဲစဲ လူငတေကိုအပြောခဲ။
၃။ ကြဲစီကြဲစဲ အပြောခဲ။
၄။ ကြဲစဲပျက် အပြောခက်။
၅။ ကြဲကြဲဆို ကြားကြားဖြေ။



# ကြည်

၁။ ကြည်ညိုရာ တဏှာပါ။
၂။ ကြည်ဖြူမှသဒ္ဓါ၊ ချစ်ခင်မှမြတ်နိုး။
၃။ ကြည်ဖြူလို့ပီး သီဆီးကိုမျှ အာကျောက်ချ။
၄။ ကြည်သာကြည်ညို တဏှာမပိုကေ့။

# ကြည့်

၁။ ကြည့်ကေကားပျော် ကိုင်ကေယော် မြင်သူမှောက်လဲ နဖူးကွဲ။
၂။ ကြည့်ကေမြင်ရေ ကိုင်ကေပျက်တေ။
၃။ ကြည့်ခါတောင် မြင်ခါပြောင်။
၄။ ကြည့်ချင်ဆီကြည့် ဝဲ့လေလေ။
၅။ ကြည့်တက်ကေဘာဝနာ မကြည့်တက်ကေတဏှာ။
၆။ ကြည့်ဖန်များ ငယ်။
၇။ ကြည့်ဖန်များ ငယ် နမ်းဖန်များ ပြေ။
၈။ ကြည့်ဖန်များ လှ။
၉။ ကြည့်ဖန်များကေ လှ၊ ကြားဖန်များကေ နားယဉ်။
၁၀။ ကြည့်ဖန်များ လှ  ထဖန်များ နီရာမရ။
၁၁။ ကြည့်လီ ဝီးလီ။

# ကြော

၁။ ကြောကသားလည်းသား ရင်ကသားလည်းသား။
၂။ ကြောသားကောင်းလို့ ဒုတ်တောင်းရေ။
၃။ ကြောသားကိုပြ ဒဏ်ရာကိုမြင်။
၄။ ကြောသားရင်သား ခွဲမထား။
၅။ ကြောသားအထက် အမနက်။

# ကြက်

၁။ ကြက်ကမတိုး ညွန်းကတိုး။
၂။ ကြက်ကန်း ဆန်တောက်။
၃။ ကြက်ကန်းဆန်ရ ရလို့။
၄။ ကြက်ကန်းဆန်အိုး တွိ့ရေပိုင်။
၅။ ကြက်ကန်းအစာကောက် ကျောက်ခဲကိုတောက်။
၆။ ကြက်ကိုအခြီကြည့် လူကိုအမူကြည့်။
၇။ ကြက်ကိုအခြီ လူကိုအမူ။
၈။ ကြက်ချီးခုတ်စား စကားများ။
၉။ ကြက်ချေကိုစွန်ထိုး - ထိုးလို့။
၁၀။ ကြက်ချိုင်ကြိုး ဆင်ချိုင်ကေပြတ်။
၁၁။ ကြက်ဂေါင်းဆိတ်မခံ ဆင်ချွန်းထိုးမခံ။
၁၂။ ကြက်စပါးစား ထရံကြီး။
၁၃။ ကြက်စပါးကို ယက်တေပိုင်။
၁၄။ ကြက်တကောင်ကုန်ယောင်စားမ လင်ထောင်းမ။
၁၅။ ကြက်တကောင် မှန်ထောင်ရို့တိုက်။
၁၆။ ကြက်တခါယက်ကေ အရာမမြင် ဝက်တခါတိုးကေ ဝက်တိုးမြင်။
၁၇။ ကြက်တည်သား ကျားကိုက်။
၁၈။ ကြက်နန့်ဗကျင်း။
၁၉။ ကြက်နှစ်ကောင် အရောင်ခွဲတိုက်။
၂၀။ ကြက်ပျံမကျ စည်ကားလှ။
၂၁။ ကြက်ဖင်မှာ ရီဆုံး - ဆုံးလို့။
၂၂။ ကြက်မတစ်ခွန်း၊ ကြက်ဖတစ်ခွန်း။
၂၃။ ကြက်မတိုးပဲ ညွန်းတိုး။
၂၄။ ကြက်မတွန်လို့ မိုးမလင်း ကြက်ဖတွန်မှ မိုးလင်းရေ။
၂၅။ ကြက်မမကောင်း ဝတင်းနန့်ပစ်။
၂၆။ ကြက်မ- မကောင်း ဝတင်းနန့်ပစ်၊ မယားမကောင်း အိမ်ဆိုးနန့်ပစ်။
၂၇။ ကြက်မှာအရိုး လူမှာအမျိုး။
၂၈။ ကြက်မျက်သင့် သင့်လို့။
၂၉။ ကြက်မျက်သင့်ပိုင် အကန်းယောင်။
၃၀။ ကြက်ယက် - ယက်လို့။
၃၁။ ကြက်လည်းမတိုး၊ ညွတ်လည်းမတိုး။
၃၂။ ကြက်ငယ်ကို စွန်ရဲထိုးရေပိုင်။
၃၃။ ကြက်မောက်ကို အဆိတ်မခံရေပိုင်။
၃၄။ ကြက်အသက်တက်စူးမှာ။
၃၅။ ကြက်ဥမှာပိုင် အစရှာမရ။
၃၆။ ကြက်ဥအနှစ် ထန်းအမြစ်။
၃၇။ ကြက်ဥအရောင်၊ တိမ်တောင်သဖွယ်၊ မင်းရေးကျယ်။

# ကြင်

၁။ ကြင်နာမှ ချစ်ခင်။
၂။ ကြင်နာမှချစ်ခင်၊ ချစ်ခင်မှ သနား။
၃။ ကြင်ရာကြင်ရေ ခင်မင်မှုမဟိ။

# ကြိုက်

၁။ ကြိုက်ကေလာ၊ လိုက်ကေခေါ်။
၂။ ကြိုက်မှ နှစ်သက်။
၃။ ကြိုက်မရှက်၊ ချစ်မရှက်၊ ငိုက်မရှက်၊ ငတ်မရှက်။

# ကြောက်

၁။ ကြောက်ကမကြောက်၊ ရွံ့ရေ။
၂။ ကြောက်ကမကြောက် ဒူးတုံရေ။
၃။ ကြောက်ကေငတ်တေ၊ ရဲကေမြတ်တေ။
၄။ ကြောက်ကေ ဖက်ရွက်လည်းထခြောက်။
၅။ ကြောက်ကေမွဲ ရဲကေချမ်းသာ။
၆။ ကြောက်ကေလွဲ သဲကေဆဲ။

၇။ ကြောက်တဝက် လန့်တဝက်။
၈။ ကြောက်တေဆို မျက်လုံးချယ်ပြ။
၉။ ကြောက်တေဆိုယင့် တိုးခြောက်ယင့်။
၁၀။ ကြောက်တိုင်း မခြောက်ရ။
၁၁။ ကြောက်တိုင်း မခြောက်ရ ခြောက်တိုင်း မကြောက်ရ။
၁၂။ ကြောက်တိုင်း မခြောက်ရ ဖျက်တိုင်း မပျက်ရ။
၁၃။ ကြောက်တတ်မှ ခြောက်တေ။
၁၄။ ကြောက်တတ်မှ လွတ်တေ။
၁၅။ ကြောက်ဖန်များ ကိုယ့်လက်ညှိုးကို ကိုယ်ကြောက်။
၁၆။ ကြောက်မှလွတ်တေ၊ ဖြတ်မှပြတ်တေ။
၁၇။ ကြောက်မှန်းသိ မျက်စိပြူးပြ။
၁၈။ ကြောက်မှန်းသိ လက်သီးပြ။
၁၉။ ကြောက်ရွံ့မှ အမှုပြီးရေ။
၂၀။ ကြောက်လီ ခြောက်လီ။
၂၁။ ကြောက်လီ ခြောက်လီ၊ မြှောက်လီ မြောက်လီ။
၂၂။ ကြောက်လို့မသီ ခွတ်လို့သီ။
၂၃။ ကြောက်လို့မသီ ရှက်လို့သီ။
၂၄။ ကြောက်ကေလွတ် ရဲကေခုတ်မှာကျ။
၂၅။ ကြောက်လျှင်မသီ၊ ရဲလျှင်မင်းဖြစ်။
၂၆။ ကြောက်ကေလွဲ၊ ရဲကေမင်းဖြစ်။
၂၇။ ကြောက်လျှင် ရန်ကင်း။
၂၈။ ကြောက်လျှင် ရန်ကင်း၊ လှည်းလျှင် သန့်ယှင်း။
၂၉။ ကြောက်အားကြီး ကြောက်ချီးယို။
၃၀။ ကြောက်အားထက် ရှက်အားသန်။
၃၁။ ကြောက်အားမသန် ရှက်အာသန်။
၃၂။ ကြောက်အားသန် စကားမပြန်နိုင်။

# ကြောင်

၁။ ကြောင်ကားကစပ် ကြွက်သီရေ။
၂။ ကြောင်ကျမကျ ခွီးကျကျ။
၃။ ကြောင်ကြီး ကျားဖြစ်။
၄။ ကြောင်ကြီး ကျားဖြစ်၊ ဖွတ်ကြီး မီးကျောင်းဖြစ်။
၅။ ကြောင်ချီး ငပိထင်။
၆။ ကြောင်ချီးနံ နံလို့။
၇။ ကြောင်ချီးမံ မံလို့။
၈။ ကြောင်ချီးကိုင်မိရေပိုင်။
၉။ ကြောင်ကျပ်၊ ဆင်ချောင်။
၁၀။ ကြောင်ခွတ်၊ နောက်မကျစီကေ့။
၁၁။ ကြောင်စာ ထုတ်တေ။
၁၂။ ကြောင်တစ်ကောင်အတွက်နန့် ကြွက်တစဉ်လုံးပြုန်း။
၁၃။ ကြောင်တောင်း ငါးခြောက်တောင်းမိ။
၁၄။ ကြောင်တောင်း ငါးစောင့်ခိုင်း။
၁၅။ ကြောင်ထင် ယုန်ထင်။
၁၆။ ကြောင်နင်းလို့ ခရင်းမကြီ။
၁၇။ ကြောင်နင်းလို့ ဆီးနှင်းမကြွီ။
၁၈။ ကြောင်နင်းလို့ဆီးနှင်းမကြွီ လီထလို့ ကျောက်တုံးမရွိ။
၁၉။ ကြောင်နင်းလို့ နန္ဒင်းမသီ။
၂၀။ ကြောင်မဟီလို့ ကြွက်ထရေ။
၂၁။ ကြောင်မသားပြောင်း ပြောင်းလို့။
၂၂။ ကြောင်မှာပိုင် ကိုယ့်ချီးကိုယ်ဖုံး။
၂၃။ ကြောင်ရောက် ကြွက်တိန်းရေပိုင်။
၂၄။ ကြောင်ရှောင်လို့ ကြွက်ကျပ်။
၂၅။ ကြောင်လာကေ ကြွက်ပျောက် ပျောက်လို့။
၂၆။ ကြောင်လာ ကြွက်ကုပ်။
၂၇။ ကြောင်လာ ကြွက်ပြီး။
၂၈။ ကြောင်လာသံ ကြွက်မကြား။
၂၉။ ကြောင်လက်သည်းဝှက် ညောင်လျှင်ကြက်သို့။
၃၀။ ကြောင်လက်သည်းဝှက် လိုခါမှထွက်။
၃၁။ ကြောင်လက်သည်းဝှက် အရေးကျမှထွက်။

၃၂။ ကြောင်သီတင်းသုံး ကြွက်ကိုမြင်ကေ ရှွင်ပြုံးပြုံး။
၃၃။ ကြောင်သူတော်။
၃၄။ ကြောင်သူတော်ပိုင် မကျင့်ကေ့ ဝံသူတော်ပိုင်ကျင့်။
၃၅။ ကြောင်သူဝန်တို ချီးကိုတောင်မှ လူကိုမပြ။
၃၆။ ကြောင်သံကြားကေ ကြွက်တိန်း (တိတ်) ရေပိုင်။
၃၇။ ကြောင်သံပီးကြွက်လန့်ပြီးရေပိုင်။
၃၈။ ကြောင်အိုကေ ကြွက်မလေး။
၃၉။ ကြောင်အိုကို ကြွက်မထီ။

# ကြောင်း

၁။ ကြောင်းကြများ ဗျာယပွား။
၂။ ကြောင်းကြများ သောကပွား။
၃။ ကြောင်းစမထင် လမ်းမမြင်။
၄။ ကြောင်းမတွင် လမ်းမဖြစ်။
၅။ ကြောင်းရာမထင် အပ်ရာထင်။

# ကြပ်

၁။ ကြပ်ခိုးလိုမှ ကြပ်စင်ရှာ။
၂။ ကြပ်စင်ပြုံမှ ကြောင်တတ်မှန်းသိ။
၃။ ကြပ်စင်မှာတင်ထား၊ ကြောင်စား။

# ကြျတ်

၁။ ကြျတ်ရာထက် ခြတ်ရာများ။

# ကြံ

၁။ ကြံကေလည်း အထမမြောက် မကြံကေလေ့ အထမြောက်။
၂။ ကြံစီကေလေ့ ကံချော်ကေလွဲ။



၃။ ကြံစီကေလေ့ အလွဲလွဲ။
၄။ ကြံနိုင်ကေ ပညာဟိ တည်ကြည်ကေသမာဓိ။
၅။ ကြံတိုင်းလည်း မဖြစ် ဖြစ်တိုင်းလည်း မကြံနိုင်။
၆။ ကြံတိုင်းလည်း မမြောက် မြောက်တိုင်းလည်း မကြံနိုင်။
၇။ ကြံတိုင်းမအောင်၊ ဆောင်တိုင်းမမြောက်။
၈။ ကြံတိုင်းအောင်၊ ဆောင်တိုင်းမြောက်။
၉။ ကြံဖန်များကေ အတွေးခေါင်ရေ။
၁၀။ ကြံတိုင်းမချို၊ လူမြင်တိုင်းမရိုး။
၁၁။ ကြံရာမရ ငါ့ဒုက္ခ။
၁၂။ ကြံရည်ကိုမြင်မှ ကြံဖတ်ကိုစုတ်။
၁၃။ ကြံဝယ်လို့စားခီဆို၊ မြောက်ဥဝယ်စား သွားချီးတက်။
၁၄။ ကြံသော်လည်း မြောက်နိုင်ခဲ၊ ယူသော်လည်း ရနိုင်ခဲ။
၁၅။ ကြံ့ဂြိုပိုင်ကျင့်၊ ဆတ်ဂြိုပိုင် မကျင့်ကေ့။

# ကြမ္မာ

၁။ ကြမ္မာကိုယိုး ကံအကျိုး။
၂။ ကြမ္မာကိုယိုး ကံအကျိုး၊ တည့်ုးငယ်ငယ်မနီရ။
၃။ ကြမ္မာငင် ကိုင်ငင်ရာလက်နက်ဖြစ်။
၄။ ကြမ္မာငင် ပြီးလျှင် မလွတ်။
၅။ ကြမ္မာဆောင် ပြီးသော်မလွတ်။
၆။ ကြမ္မာဆောင် ပြီးယှောင်မလွတ်။
၇။ ကြမ္မာယွင်းယို၊ ပျက်စီးလိုကေ၊ အသွားတခြား၊ အနီမှား၏။

# ကြမ်း

၁။ ကြမ်းကြား လီဝင်။
၂။ ကြမ်းကြား လီဝင်၊ စပ်ကြား ဖိုတိန်ဝင်။
၃။ ကြမ်းကြား လီဝင်၊ စပ်ကြား ရီဝင်။
၄။ ကြမ်းကြား လီဝင်၊ ပုတ်ကြား နွားချီးဝင်။

၅။ ကြမ်းစထောင် - ထောင်လို့။
၆။ ကြမ်းပေါက်ကျွံနုတ်ရ၊ စကားကျွံနုတ်မရ။
၇။ ကြမ်းပိုးကိုမာန်ပါ အိမ်ကိုမီးတိုက်။
၈။ ကြမ်းပိုးဥကို လိပ်ဥဖြစ်ယောင်ပြော။

# ကြိုး

၁။ ကြိုးကြာခြီလည်း ရှည်လွန်း၊ စာသျှေခြီလည်း တိုလွန်းရေ။
၂။ ကြိုးကြာရီမသောက်၊ စာလမ်းမယှော်က် (လျှောက်)။
၃။ ကြိုးကြာရီမသောက်၊ စာလမ်းမယှော်က်၊ နှမ်းမအောက်။
၄။ ကြိုးကြာလည်းသန်လွန်းရေ၊ ဂွမ်းခိုးသျှေလည်း ငယ်လွန်းရေ။
၅။ ကြိုး ကြိုးချင်ငြိ အိုး အိုးချင်းထိ။
၆။ ကြိုးချင်းထားကြိုးချင်းငြိ၊ အိုးချင်းထား အိုးချင်းထိ။
၇။ ကြိုးစားမှ ဘုရားဖြစ်တေ။
၈။ ကြိုးနန့်နွား ဇက်နန့်မြင်း။
၉။ ကြိုးနှောင်ချိုင်ထား သားမယား။
၁၀။ ကြိုးဖြီ ကြက်ပြီး။
၁၁။ ကြိုးရေမိုယ်းလည်းမရွှာ၊ ရွှာရေမိုယ်းလည်း မကြိုး၊ ပြိုးရေလင်လည်း မသတ်။
၁၂။ ကြိုးလည်းတင်း၊ မျှားလည်းတင်း။
၁၃။ ကြိုးလံနွား မျှားချိပ်ငါး။

# ကွာ

၁။ ကွာသာကွာရ လွမ်းစမပြေ။

# ကွန်

၁။ ကွန်ဖြန့် - ဖြန့်လို့။



# ကွမ်း

၁။ ကွမ်းတယာညက် ဆီးတစ်အိုးသောက်။
၂။ ကွမ်းတစ်ယာညက် ထမင်းတစ်အိုးကျက်။
၃။ ကွမ်းမြင်ကေ ကွမ်း၊ ဆီးမြင်ကေ ဆီး။
၄။ ကွမ်းသီးကြိုက် ရီးစားကိုလိုက်။

# ကျွေး

၁။ ကျွေးခါတစ်လုပ် ယူခါတစ်ပုတ်။
၂။ ကျွေးမွေးသုတ်သင် ကျေးဇူးရှင်။

# ကျွဲ

၁။ ကျွဲကိုနိုင်စီလိုကေ နဖား။
၂။ ကျွဲကိုခြောက် လူအိုပျောက်။
(ကျွဲကိုနိုင်စီလိုကေ- နဖား၊ မြင်းကိုနိုင်စိလိုကေ- ဇက်၊ ဆင်ကိုနိုင်စီလိုကေ-ချွန်း)
၃။ ကျွဲခြီရာကို ဖားသူငယ် ပင်လယ်ထင်။
၄။ ကျွဲခလောင်းဆွဲ - ဆွဲလို့။
၅။ ကျွဲခြီရာတစ်ချက် ဆိတ်ခြီရာ ဆယ်ချက်။
၆။ ကျွဲငတ်ရီမှာ ကျရေပိုင်။
၇။ ကျွဲငတ်ရီသောက်။
၈။ ကျွဲဆိုးကေ နှာခေါင်းကြီး။
၉။ ကျွဲဆိုးကေ နှာခေါင်းကြီး၊ လူဆိုးကေ- ကြောသားကြီး။
၁၀။ ကျွဲတစ်ဖက်၊ နွားတစ်ဖက်။
၁၁။ ကျွဲထက် ထမ်းပိုးသန်။
၁၂။ ကျွဲနားမှာ စောင်းတီးရေပိုင်။
၁၃။ ကျွဲနိုင်ခံတင်သားကြီရေ (ဖင်ပေါက်တေ)။
၁၄။ ကျွဲနိုင်မဟုတ် လောင်းနိုင်။
၁၅။ ကျွဲနွားဝယ်ကေ လယ်ထွန်၊ လူကိုဝယ်ကေ စေကျွန်။

၁၆။ ကျွဲနှစ်ကောင်ခတ်တေကြား မြက်ကြီ(သီ)။

၁၇။ ကျွဲနှစ်ကောင်ခတ်ရာမှာ မြက်မခံနိုင်။

၁၈။ ကျွဲပြီးရာမှာ ဖျာဆိုးပါ။

၁၉။ ကျွဲပြီးရာမှာ ဖျာဆိုးရှင့် - ရှင့်လို့။

၂၀။ ကျွဲမြက်စားရာ ငယက်ဖလာ - ဖလာ။

၂၁။ ကျွဲမှာဂြိုသိန် လူမှာနံပိန်၊ နွားမှာ ဂြိုတုတ်။

၂၂။ ကျွဲမှာစားလျှက်ပင် လူမှာကြံလျက်ပင်။

၂၃။ ကျွဲမှာစားလျှက်ပင်သီ၊ လူမှာကြံလျက်ပင်သီ။

၂၄။ ကျွဲမှာနဖား ကြိုးနန့်နွား။

၂၅။ ကျွဲမှာရင်အုံ၊ ဆင်မှာဖနပ်။

၂၆။ ကျွဲမှာရင်အုံ ဆင်မှာဖနပ်၊ ဝဘုတ်ကေလိုင်ဆစ်၊ ကြက်အမြစ်။

၂၇။ ကျွဲရီငတ်ကျ - ကျလို့။

၂၈။ ကျွဲရိုင်း၊ နွားရိုင်း၊ ယဉ်လွယ် လူရိုင်း ယဉ်ခဲ။

၂၉။ ကျွဲလိုင်မှာ တုံးဆွဲပါယောင်။

# ကျွက်

၁။ ကျွက်ကျွက်ဆူ ရီပူမှတ်။

# ကျွံ

၁။ ကျွံပြီးမှ လွန်ယောင်ထင်။

# ကျွန်

၁။ ကျွန်ခံများ ကျွန်စိတ်ပေါက်။

၂။ ကျွန်ထက်အောက် သပေါက်။

၃။ ကျွန်နန့်မတန် တစ်ပွင့်ပန်း၊ တသန်လုံးလုံး တကုံးကျွန်နန့်မရလော။

၄။ ကျွန်နန့်မတန် မင်းဖြစ်ကြံသည်။

၅။ ကျွန်နန့်မတန် မင်းဖြစ်ကြံသည်၊ အမှန်မှန်တန့်တန့်ခုနှစ်လတွင် မင်းဖြစ်အံ့။



၆။ ကျွန်နန့်သူကောင်း အတူပေါင်း၊ သူကောင်းကျွန်စော်မနံလား။

၇။ ကျွန်ပညာ ခြီမုတ်မှာတည်။

၈။ ကျွန်ဖြစ် ကျီးဖြစ်။

၉။ ကျွန်ဖြစ် သူကောင်းဖြစ်။

၁၀။ ကျွန်မကောင်း အသျှင်ဂေါင်း။

၁၁။ ကျွန်မိုက်ကိုယ့် အသျှင်ကို ပုန်။

၁၂။ ကျွန်မိုက်ကိုယ့် အသျှင်အသက်ကုန်။

၁၃။ ကျွန်မိုက်ကို အကျွမ်းဝင် အသျှင်ကိုရိုသီကင်း။

၁၄။ ကျွန်မိုက်ကို အကျွမ်းဝင် အသျှင်ကိုယ်ကျိုးယုတ်။

# ကျွန်း

၁။ ကျွန်းပေါ် - ပေါ်လို့။

၂။ ကျွန်းပေါ်သဲပို့။

၃။ ကျွန်းသားချင်းအတူတူ မြို့ဝင်ယင်သူက အသာယူ။

၄။ ကျွန်းသားမြို့ရောက် ကရောက်ကထောက်။

# ကျွမ်း

၁။ ကျွမ်းကျင်ရာ လိမ္မာ။

၂။ ကျွမ်းမှ လောင်မှန်းသိ။

# ကြွီ

၁။ ကြွီကိုဂေါင်းတင် ဖွဲ့ကိုဂေါင်းရွက်။

၂။ ကြွီအန်ယုံ့းမုံ တပွဲကြုံ ကုန်ယုံ့းတစ်ခေါက်၊ လင်ကုန်ယုံ့း ငါးပါးမှောက်။

# ကြွီး

၁။ ကြွီးကျမြီထူ။

၂။ ကြွီးတင်ကျွန်ဖြစ်။

၃။　ကြီးတင် သျှင်ဘုရင်ဆပ်လိမ့်မည်။
၄။　ကြီးတင်မြီကျ။
၅။　ကြီးတင်မြီကျ လင်ဆုံးရ။
　(ကြီးတင်မြီကျ၊ သားငါးရထက်၊ အိမ်မှာပေါက်ရောက်၊ ကင်းစွန်းဟင်းက ပိုကောင်းစွ)
၆။　ကြီးတောင်းကိုကိုင် မြီတောင်းကိုရွက်။
၇။　ကြီးထူမပူ ပွီးထူမယား။
၈။　ကြီးပီးကေဆုံး တောင်းကေမုန်း။
၉။　ကြီးမျာကေလေ့ မပူ ပွီးထူကေလေ့ မယား။
၁၀။　ကြီးမျာကေလေ့မပူ သန်းထူကေလေ့ မယား။

# ကြွက်

၁။　ကြွက်ကလည်း ဝက်ဖြစ်ချင်။
၂။　ကြွက်ကိုက် ကိုက်လို့။
၃။　ကြွက်ကို ကြောင်ရရေပိုင်။
၄။　ကြွက်ကိုမနိုင် ကျီကိုမီးတိုက်။
၅။　ကြွက်ကိုမာန်ပါ ကျီကိုမီးတိုက်။
၆။　ကြွက်စကားကို ဗူးတောင်းနားမထောင်၊ ဗူးတောင်းစကားကိုကြွက်နားမထောင်
၇။　ကြွက်စုတ်ရီမှာ နစ်တေပိုင်။
၈။　ကြွက်တွင်း မြွီအောင်း။
၉။　ကြွက်နားရွက်ကို ဆင်မှာတပ်ယောင်။
၁၀။　ကြွက်ပါးရောက် ငါကြွက်၊ ငှက်ပါးရောက် ငါငှက်။
၁၁။　ကြွက်လည်းမသီ၊ ဗူးတောင်းလည်းမကွဲ။

# ကြွယ်

၁။　ကြွယ်ဝ မနာလို။

**ခ**

# ခ

၁။　ခ စပ်ကေ ကျွန်ရုပ်ပေါက်တေ။
၂။　ခဗျာကိုပင် ရှိယောင်ထင်။
၃။　ခဗျာနန့် ရှိ။
၄။　ခမောင်းပင်မှာ၊ ညောင်လျှင်ကပ်ရောက်၊ အမျိုးပျောက်လိမ့်။
၅။　ခမောင်းမျက်ဝီ၊ ကမ္ဘာလုံးကို ခြက်လို့နီ။
၆။　ခမောင်းသုံးကြိမ် ကျေးသုံးကြိမ် ခြောက်ကြိမ်ပွင့်ယာမိုးကျယာ။
၇။　ခမောင်းသုံးကြိမ်၊ ကျေးသုံးကြိမ်၊ မှန်နန်းသုံးဆင့် မှင်းကျိုးပွင့်ယာ မိုးကျယာ။
၈။　ခမွီးစာနင် မပြင်းစီကေ့။
၉။　ခရီးကိုအပြင်းမလားကေ့၊ မီးကိုအကြွင်းမထားကေ့။
၁၀။　ခရီးတွင်လို့ ရွာစဉ်မသိ။
၁၁။　ခရီးမသိ အရောက်လား၊ အချိန်မသိ အဝစား။
၁၂။　ခရုခုန် စအိုကျွတ်။
၁၃။　ခရုမသီခင် ပဒိန်ဝင်မစွက်ကေ့။

၁၄။ ခရုမသိခင် ပင်လီပင်စွတ်ဝင်။
၁၅။ ခရင်းကြားကို မသိလို့ရီမှာနစ်။
၁၆။ ခရင်းကြားနန့် ရီခပ်တေပိုင်။
၁၇။ ခရိုင်ကိုးကြောင်း တမိုးဆောင်း။
၁၈။ ခရမ်းပင်မင့် ဗူးရာပွင့်က တိုင်းခွင်ပြည်ရွာ ဆူပွက်စွာတည်း။
၁၉။ ခရမ်းပိန်ဒါးတုံး လူပိန်ဉာဏ်တုံး။
၂၀။ ခရမ်းသီးဆွတ်တေပိုင် ဆွတ်၊ မုံလာဥနုတ် မနုတ်ကေ့။
၂၁။ ခရမ်းသီးပိန်ပိန် ဒါးတုံးချိန်။
၂၂။ ခဝဲပွင့်မုံ ဖရုံပွင့်စ နတ္တော်လ။

# ခါး

၁။ ခါးစည်းတခြား တင်တခြား။
၂။ ခါးစည်တခြား ထိုချင့်တခြား။
၃။ ခါးလည်းမလှ ဝမ်းလည်းမဝ။
၄။ ခါးသာခါး တမာပင် ဆီးဖက်ဝင်။

# ခု

၁။ ခုချောင် နောင်ကျပ်။
၂။ ခုနှစ်ချောင် ခုနှစ်မြောင်။
၃။ ခုနှစ်နှစ် ကောက်ရောင်း။
၄။ ခုနှစ်နှစ် ကောက်ရောင်း စကားဟောင်း။
၅။ ခုနှစ်နှစ် ကောက်ရောင်း မှိုရောင်းရောင်း။
၆။ ခုနှစ်နှစ်ချီးခြောက်ကို ရီဆွတ်လို့နူး အစိုနံရေ။
၇။ ခုနှစ်ရီ တရီမစပ်။

# ခဲး

၁။ ခဲး ခက်လာ ကြံဖော်ရှာ။
၂။ ခဲ နန့်ရှိစင် အဝီးပင်။
၃။ ခဲး ဝါတကောင် မစားလောက်၊ ကျားတကောင်လှော့က်။

# ခေါ်

၁။ ခေါ်မှထူး၊ ထူးမှကျော်။
၂။ ခေါ်မှထူး၊ ဖူးမှရောင်။
၃။ ခေါ်မှထူး၊ မခေါ်ပဲထူး အရူး။

# ခက်

၁။ ခက်ခဲးပြဿနာ ဖြေစွမ်းနိုင်ဘိ၊ ပညာဟိ။
၂။ ခက်ခက်ခဲးခဲး ကျော်လွှားမှသူရဲ။
၃။ ခက်ရာ ခက်ဆစ်။

# ခင်

၁။ ခင်မင်မှ ရင်းနှီး
၂။ ခင်မင်မှ ရင်းနှီး၊ ကြည်ဖြူမှ သဒ္ဓါ။
၃။ ခင်ရာဆွီမျိုး မြီရာဟင်းကောင်း။

# ခိုင်း

၁။ ခိုင်းကောင်းတိုင်း မခိုင်းရ၊ စားကောင်းတိုင်း မစားရ။
၂။ ခိုင်းတိုင်းမလားရ၊ ပီးတိုင်းမစားရ။
၃။ ခိုင်းတိုင်းမလားရ၊ လားတိုင်းမခိုင်းရ။
၄။ ခိုင်းသည့်ကျွန်၊ ထွန်သည့်နွား။

# ခေါင်

၁။ ခေါင်ကမိုးယို တအိမ်လုံးစို။

၂။ ခေါင်မိုးယိုပျက် ပျင်ရခက်။
၃။ ခေါင်းဝယ်ရာ လက်ဖားတောင်းရေပိုင်။

## ခတ်

၁။ ခတ်ချင်ဆီခတ် တိုင်ကမလွတ်။
၂။ ခတ်တက်ထက် ပွဲတက်ရှည်။
၃။ ခတ်တိုင်းလည် လူသံစည်။
၄။ ခတ်တတ်တေကျွဲ မခတ်ကေလေ့ အဂြိုသွီး။
၅။ ခတ်တတ်တေကျွဲ အစဥ်ဂြိုယက်။
၆။ ခတ်တတ်တေကျွဲ နွားကိုယှောင်၊ ရုန်းတတ်တေကျွဲ နွားကိုငှား။

## ခေတ်

၁။ ခေတ်မကောင်းမှာ လူဖြစ်တေ။

## ခပ်

၁။ ခပ်တိုင်းငန် ရမ်းပြဲဆား။

## ခံ

၁။ ခံသူမနာ သတ်သူနာ။

## ခန်

၁။ ခန္ဓာပြောင်းလည်း၊ ဂုဏ်ကြက်သရေ၊ ပြန့်နှံ့တည်။
၂။ ခန္တီတရားသည်းခံငြားက ဘုရားသော်မှ ချီးမွမ်းကြ၏။



## ခန့်

၁။ ခန့်စာထက် နှုတ်စာယင်။

## ခုန်

၁။ ခုန်တောက်ငှက်ကို ကျီးကန်းထိုးရေပိုင်။
၂။ ခုန်ပုတ်ကို ဇကန်းကျောက် - ကျောက်လို့။
၃။ ခုန်ပုတ်မြင်တိုင်း ဆွမ်းမတင်နိုင်။
၄။ ခုန်မှုဖား စားမှုကျား တွန်မှုကြက်ဖ။

## ခိုး

၁။ ခိုးတတ်တေလူ ယိုးတတ်တေ။
၂။ ခိုးပြစ်ထက် ယိုးပြစ်ကြီး။
၃။ ခိုးရာလိုက် ကြိုက်တေလားလို့ မိန်းစရာမလို။
၄။ ခိုးဝှက်မှုကြောင့် ပြစ်ဒဏ်ထောင်း။
၅။ ခိုးသူထက် ယိုးသူငရဲကြီး။

## ချီ

၁။ ချီတစ်ကြောင်း ဆတ်တကြောင်း။

## ချီး

၁။ ချီးကိုခွီးနိုင်ရေပိုင်။
၂။ ချီးကိုမြင် ယင်သဝေထိုး။
၃။ ချီးကိုမြင် ယင်အုံ။
၄။ ချီးကိုရှာ ပုဇွန်ဂေါင်းမှာ တွိ။
၅။ ချီးကြင်း - ကြင်းလို့။
၆။ ချီး (ချေး) ခြင်းထက် ပီးခြင်းကောင်း။

၇။ ချီးခြောက်ကို ချီးစိမ်းလုပ်။
၈။ ချီးခြောက်ကို ရီဆွတ်။
၉။ ချီးစိုက်ကေ သီးပါစမြဲ။
၁၀။ ချီးစိုက်ကြာ ကျားစာ။
၁၁။ ချီးစိုက်ကြာ ကျားစား၊ ထမင်းစားကြာ ဒါစား။
၁၂။ ချီးစိုက်ဖို့ခါမှ ချီးကိုင်းတံရှာရေ။
၁၃။ ချီးစိုက်ဖို့ခါမှ ချီးဖောင်သာရှာရေ။
၁၄။ ချီးစိုက်မတတ် နှစ်ခါပြန်။
၁၅။ ချီးစိုက်များ ခွီးမစား။
၁၆။ ချီးစိုက်သူထက် မြင်သူရှက်။
၁၇။ ချီးတစ်ယောက်ပေါက်ကေ၊ ပေါက်တေလူလည်းနံရေ၊ မပေါက်တေလူလည်းနံရေ။
၁၈။ ချီးတပြုတ်ပြုတ်ဂြိုသွီး ငပြောက်ကြီးပြီး။
၁၉။ ချီးတန်းသွယ် သွယ်လို့။
၂၀။ ချီးတုံးကြီး ခွီးမစား။ (စကားကြီး လူမယုံ)
၂၁။ ချီးနန့်ငါးတန်မျှား မျှားလို့။
၂၂။ ချီးပါဖန်များ ခွီးမစား။
၂၃။ ချီးပက်ကိုကြက် ယက် ယက်လို့။
၂၄။ ချီးပက်ကိုလက်ဝါးနန့်သတ် သတ်လို့။
၂၅။ ချီးပက်မှာ ငဝက်ရစ် ရစ်လို့။
၂၆။ ချီးပေါက်ရာမှ ချီးပါ။
၂၇။ ချီးပုတ်ကိုရောင်း ရေပိုင်။
၂၈။ ချီးပုံကိုမြင် ယင်တရုံရုံ။
၂၉။ ချီးပုံမှာ ချီးလောက်ပျော်။
၃၀။ ချီးပိုးနီရာ ချီးဖောင်သာ။
၃၁။ ချီးပိုးပျော်ရာ ချီးပက်မှာ။
၃၂။ ချီးမပါ အစာမဖြစ်။
၃၃။ ချီးမပေါက်ဘေးရောက်။ လီမစုန် ငွီကုန်။
၃၄။ ချီးမရ သီးမရ။
၃၅။ ချီးမွမ်းကြီး ကဲ့ရဲ့ရာရောက်။
၃၆။ ချီးမွမ်းခုနှစ်ရက် ကဲ့ရဲ့ခုနှစ်ရက်။
၃၇။ ချီးမွမ်းတစ်ခါ ကဲ့ရဲ့တစ်လှည့်။
၃၈။ ချီးမွမ်းထက်ကဲ့ရဲ့မှုယင် (လျှင်)။
၃၉။ ချီးမွမ်းမလွန်စီကေ့ အပြစ်တင်မယင်စီကေ့။
၄၀။ ချီးမွမ်းယောင်ယောင်နန့် ချောက်တွန်းချ။
၄၁။ ချီးမွမ်းရာမရောက် နှိမ်ရာရာက်။
၄၂။ ချီးမွမ်းလီ ဖျင်းလီ။
၄၃။ ချီးမှာရှိကျ မပစ်နိုင်၊ လက်ညှိုးမှာချီးလူး မဖြတ်နိုင်။
၄၄။ ချီးမှုံရေခွီးပိုင်။
၄၅။ ချီးယိုပြီးမှ အပေါက်ရှာ။
၄၆။ ချီးရော သီးပါ။
၄၇။ ချီးရော သီးရော။
၄၈။ ချီးလည်းမဖြစ် သီးလည်းမဖြစ်။
၄၉။ ချီးလိုက်ကေ- ရှုပ်တေ၊ ငှားလိုက်ကေ- ယုတ်တေ။
၅၀။ ချီးလုံးသီးလုံး။
၅၁။ ချီးသာယို ကြောက်တေလို့မဆို။
၅၂။ ချီးအိုးကိုလက်ညှိုးထိုးမိ။
၅၃။ ချီးအိုးကိုသကာအိုးယောင်ထင်လို့နှိုက်မိ။

# ချော်

၁။ ချော်လဲကေ၊ ခြီကိုအပြစ်တင်။
၂။ ချော်လဲ ဒူးကိုဆဲ။
၃။ ချော်လဲပြီးမှ ဒုတ်ကိုင်။
၄။ ချော်လဲ ဖိထိုင်။
၅။ ချော်လဲရာမှ ရောထိုင်။

# ချက်

၁။ ချက်တတ်မှ ကျက်။
၂။ ချက်တတ်မှ ကျက်၊ ပြောတတ်မှ စူး။

၃။ ချက်တတ်မှ ကျက်၊ ရှက်တတ်မှ ရှက်။
၄။ ချက်ထားရေငါး ကြောင်စား။

# ချင်း

၁။ ချင်းခွီးကိုတိုင်မှာ ချိုင်သတ်သေပိုင်။
၂။ ချင်းနည်းကေ ပုလဲလျှောက်။
၃။ ချင်းဖင်လွဲ - လွဲလို့။
၄။ ချင်းလက်မှာ ပဒမြားရောက်။
၅။ ချင်းပါးမှာ ပတ္တမြားဆုံးရေပိုင်။

# ချစ်

၁။ ချစ်ကြောက်ရိုညွှတ်၊ တပည့်ဝတ်။
၂။ ချစ်ခင်ခြင်းကြီး၊ လွန်ရင်းနှီး၊ ပစ္စည်းရောယှက်၊ မေတ္တာပျက်။
၃။ ချစ်ခင်ပေါင်းသင်း မိတ်ဆွေရင်း၊ ပျက်ယွင်းနောင်ခါ ဟိတတ်စွာ။
၄။ ချစ်ချင်းမတူ သွီးချင်းမမျှ။
၅။ ချစ်စကိုရှည်စီ၊ မုန်းစကိုတိုစီ။
၆။ ချစ်စ ခင်စ၊ ကြင်နာစ။
၇။ ချစ်တေဆို နုတ်ပင်မဆက်။
၈။ ချစ်တိုင်းလည်းမရ ရတိုင်းလည်းမချစ်။
၉။ ချစ်တုံး၊ ခင်တုံး၊ ရွှင်ပြုံးပြုံး။
၁၀။ ချစ်မှခင်မင်၊ ခင်မင်မှရင်းနှီး။
၁၁။ ချစ်ရာချစ်တေမကြိုက်။
၁၂။ ချစ်ရာမရောက် နှစ်ရာရောက်။
၁၃။ ချစ်လည်းပါးစပ် မုန်းလည်းပါးစပ်။
၁၄။ ချစ်လုံးလုံး မုန်းတုံးတုံး။
၁၅။ ချစ်လို့ခေါ် လော်မာရာရောက်။
၁၆။ ချစ်လျှက်နန့် မုန်း၊ ပြုံးလျက်နန့် ငို။
၁၇။ ချစ်သူကိုရှာကေတွို့၊ သီသူကိုကြာကေမိန့်။
၁၈။ ချစ်သူကိုလည်း မသာစီကေ့၊ မုန်းသူကိုလည်း မနာစီကေ့။
၁၉။ ချစ်သူမရ မုန်းသူကျ အိုဒုက္ခ။
၂၀။ ချစ်သူမုန်းသူ ဤနှစ်လူကား၊ ဒုက္ခတွိမှ သိကြရ။
၂၁။ ချစ်သတ်မသတ်ကြင်နာသတ်။
၂၂။ ချစ်ဟန်ပြု၍ ချောက်ထဲချမည်၊ သတိတည်။

# ချိုင်

၁။ ချိုင်ရာများကေမြဲ ခွတ်ရာများကေ- လဲ။

# ချဉ်

၁။ ချဉ်ပေါင်နန့်စား ထောပတ်လီချဉ်တက်။
၂။ ချဉ်သီးနန့်ဆား၊ အတူထား၊ မစားမည်သူ၊ ကျန်မည်လား။
၃။ ချဉ်သီးနန့်ဆား၊ အတူထား၊ လျှာဖျားအိန္ဒြေ မရချေ။

# ချောက်

၁။ ချောက်နက်ကြီးမှာ ကျောက်ခဲချယောင်။
၂။ ချောက်မသိ ကမ်းမသိ။
၃။ ချောက်မှာချောက် တောင်မှာတောင်။

# ချောင်

၁။ ချောင်ကေသပ်ပင်း ကျပ်ကေထွင်း။

# ချောင်း

၁။ ချောင်းကားအငယ် နံစောက်သျှေ။
၂။ ချောင်းကောက်ကေ လောင်းကိုဖြောင့်။
၃။ ချောင်းကောက်တိုင်း လောင်းမကောက်နိုင်။

၄။ ချောင်းသွေ့အငယ် စောက်နက်တေ။
၅။ ချောင်းငယ်လျှက်၊ ရိဝင်နက်။
၆။ ချောင်းတစ်ဖက် ဝက်လက်မီးကင်။
၇။ ချောင်းရာငယ်ရေ စောက်နက်တေ။
၈။ ချောင်းရာငယ်ရေ စောက်နက်တေ၊ လူရာငယ်ရေ စကားကြွယ်။
၉။ ချောင်းရာငယ်ရေ ရိဝင်နက်တေ။
၁၀။ ချောင်းရိနန့် မြစ်ရိမရော။
၁၁။ ချောင်းရိုးတိမ် ကျွန်ရိုးမတိမ်။
၁၂။ ချောင်းရိုး မြောင်းရိုးတိမ် ကျွန်ရိုးမတိမ်။
၁၃။ ချောင်းရိုးတိမ်လို့ မျိုးရိုးမတိမ်။
၁၄။ ချောင်းဝတိမ်လို့ ချောင်းဖျားနက်တေ။
၁၅။ ချောင်းသားလမူးပိတ် ဆံဖျားညီစီ။
၁၆။ ချောင်းသားတုတ်ခါ၊ ငဖယုံမကိုက်၊ ငဖယုံကိုက်ခါ ချောင်းသားမတုတ်။

## ချပ်

၁။ ချပ်ဆိုနားခပ်က မီးတောက်။

## ချမ်း

၁။ ချမ်းခါရီချိုး နှင်းတောတိုး။
၂။ ချမ်းခါရီချိုး နှင်းတောတိုး၊ ပူခါမီးလှုံ ပုဆိုးချုံ။
၃။ ချမ်းပူအမျှ တူတကွ။
၄။ ချမ်းရာမှာ - စွတ်၊ မွတ်ရာမှာ - ငတ်၊ လဲရာမှာ - သတ်။
၅။ ချမ်းရာအစ နားဝက။
၆။ ချမ်းသာကေ ဆွီမျိုးများ။
၇။ ချမ်းသာကေလေ့ ကိုယ်တွင်းသုခ မဟိက မခံစားရ။
၈။ ချမ်းသာဆင်းရဲ နှစ်ခုတွဲ။
၉။ ချမ်းသာတစ်ခါ ဆင်းရဲတစ်လှည့်။
၁၀။ ချမ်းသာများ ရာဂပွား။
၁၁။ ချမ်းသာများလည်း အပြစ်မကင်း။
၁၂။ ချမ်းသာသူနောက်က ဆင်းရဲအစဉ်လိုက်။
၁၃။ ချမ်းသာအစ ဗဟုသုတ။
၁၄။ ချမ်းသာအတူ ဆင်းရဲအမျှ။
၁၅။ ချမ်းအတူ ပူအမျှ။

## ချိန်

၁။ ချိန်ခွင်လျှာ တရားသာ။

## ချုံ

၁။ ချုံမှလုံ ဖုံးမှပုန်း။

## ချို

၁။ ချိုသောစကားပြောသူများကို သတိထား။
၂။ ချိုသာမှ နာပျော်။
၃။ ချိုသာမှနာပျော် နာပျော်မှဆီလျှော်။

## ခြီ

၁။ ခြီချော်ကေ ချော်ပတ်စီ နုတ်မချော်စီကေ့။
၂။ ခြီချော်ကေလဲ နုတ်ချော်ကေလွဲ။
၃။ ခြီချော်ကေလဲ နုတ်ချော်ကေငရဲ။
၄။ ခြီချော်ကေလဲရုံ၊ နုတ်ချော်ကေ ငရဲဘုံ။
၅။ ခြီချော်ထက် နုတ်ချော်ခက်။
၆။ ခြီချော်လက်ချော် တခါရာ။
၇။ ခြီခြီချင်းချိပ်၊ လိုင်- လိုင်ချင်းညိတ်။
၈။ ခြီဆီးပြီး ဝခွက်ကိုခွဲ။
၉။ ခြီမကျ လက်မကျ။

၁၀။ ခြီမစွမ်း ကင်းစွန်းငြိပြန်။
၁၁။ ခြီရာနှစ်ဖက် အချခက်။
၁၂။ ခြီရာ ဟင်းကောင်း။
၁၃။ ခြီရာဟင်းကောင်း၊ ခင်ရာဆွီမျိုး။
၁၄။ ခြီလှမ်းကျယ်ကေ ပြဲရေ။
၁၅။ ခြီလှမ်းကျယ်ကေ ပြဲရေ၊ စကားကျယ်ကေ (ဂေါင်း)ကွဲရေ။
၁၆။ ခြီလှမ်းကျယ်ကေ ပြဲရေ၊ အပတ်များကေ မြဲရေ။

## ခြူ

၁။ ခြူရာမှာ ကုလားမဇီးခြုံ။
၂။ ခြူရာမှာ စာဗူးတောင်းသိုက်။
၃။ ခြူရာမှာ သကြားလက်ညှင်း။
၄။ ခြူရာမှာ သပွတ်အူ။

## ခြည်

၁။ ခြည်ကိုဆွဲးတိုင်း ချ (ချား)ကရေ။

## ခြင်

၁။ ခြင်ထောင်ထဲက လက်သီးပြ။
၂။ ခြသေ့်မုန့်၊ မှင်ဆံဖားရား၊ ရင်ကားကား။
၃။ ခြသေ့်လည်းမဟုတ်၊ ခွီးလည်းမဟုတ်။

## ခြင်း

၁။ ခြင်းရာနှစ်ဆယ်၊ အသွယ်သွယ်။



## ခြိုင့်

၁။ ခြိုင့်လှောင်ငှက်၊ မြုံးမိငါး။
၂။ ခြိုင့်လှောင်ငှက်ယောင်၊ ပြီးယှောင်မလွတ်၊ သံသရာဝဋ်။

## ခြောက်

၁။ ခြောက်တိုင်း မကြောက်ရ။
၂။ ခြာက်တိုင်း မကြောက်ရ၊ မြှောက်တိုင်း မမြောက်ရ။
၃။ ခြောက်တိုင်း မကြောက်ရ၊ လှည့်တိုင်းမလည်ရ။
၄။ ခြောက်ပြစ်စင် ညှင်းပင်မဟိ။
၅။ ခြောက်ပြစ်စင် ညှင်းပင်မဟိ၊ မေရို့ကိုယ်မှာ ချောတိတိ။
၆။ ခြောက်လတခါ၊ လစန္ဒာမှာ၊ ရာဟုပါ။

## ခြုပ်

၁။ ခြုပ်ခြည်ထက်၊ ရက်ခြည်နည်း။
၂။ ခြုပ်နီကျအပ် သံချီးမတက်။
၃။ ခြုပ်ရာထက်၊ ဖာရာများ။

## ခြန်

၁။ ခြန်ချောင်းရွာသူယူ၊ အပျိုဖြူ၊ ကြည့်သူများလှ၊ မမြင်ရ။

## ခြုံ

၁။ ခြုံတပုတ် ယုန်တကောင်။
၂။ ခြုံထဲ ခဲးပစ်။

## ခြိုး

၁။ ခြိုးငယ်တထိုး လက်တချိုး။

## ခွါ

၁။ ခွာခွာပေါင်းမှ ကောင်း၊ နီးနီးကပ်ကပ်မလေးမြတ်။
၂။ ခွာတိုင်း ရေ။
၃။ ခွာရေဆို အပါးကပ်။

## ခွီး

၁။ ခွီးကားမဟောင် ကျောက်တုံးဟောင်း။
၂။ ခွီးကိုကစပ် ပါးစုတ်နားယက်။
၃။ ခွီးကိုကစပ် ပါးယက်နားယက်။
၄။ ခွီးကိုကစပ် ပါးယက်နားယက်၊ အသျှေကိုကစပ် ဂေါင်းထက်ခြီထက်။
၅။ ခွီးကိုဆဲးချင်၊ ခွီးသျှင်မျက်နှာ ကြည့်ကောင်းရေ။
၆။ ခွီးကိုညစာ ကြောင်ကိုမိုးသောက်။
၇။ ခွီးကိုပစ် ဘုရားမှာထိ။
၈။ ခွီးကိုယုံရို့၊ အိပ်မှထည့်၊ ပုဏ္ဏားမှာ ငေးတေးတေး။
၉။ ခွီးကိုရန်မူမိုက်သောသူ၊ ရန်သူလည်းခွီး၊ ခွီးလည်းခွီး။
၁၀။ ခွီးကိုသကာ၊ ကြောင်ကိုအုန်းသီး။
၁၁။ ခွီးကျမကျ ကြောင်ကျကျ။
၁၂။ ခွီးခလုတ်မှာ ရှောက်ခြမ်း (ခွန်း)ထိုး ထိုးလို့။
၁၃။ ခွီးခေါ်တင်လုံး အချိန်ဖြုန်း။
၁၄။ ခွီး ချီးမစားရကေ ဂေါင်းကိုက်တေ။
၁၅။ ခွီးချီးမှာ ဆန်စိကြဲး ကြဲးလို့။
၁၆။ ခွီးခြီကျိုးနန့် ယုန်လိုက်တေ။
၁၇။ ခွီးခြီကျိုးနန့် လိပ်ပေါင်ကျိုး။
၁၈။ ခွီးဂေါင်းမှာ ချီးမှုံမှုံလို့။
၁၉။ ခွီးစပါးမစား ကြောင်စာညှက်မကောက်။
၂၀။ ခွီးဆန်စား အစာမကြီ။
၂၁။ ခွီးတထပ်ငတ်၊ ခွီးသျှင်ဆယ်ထပ်ငတ်။
၂၂။ ခွီးတဟောင်ကိုရာ လားလီ၊ မီးတမြင်ကိုမလားလီကေ့။
၂၃။ ခွီးတောက်သရက်၊ ရှောနှောယှက်၊ သရက်ပင်မင်း၊ သီးချိုကင်း။
၂၄။ ခွီးတောက်ဟင်းနန့်ခွီး သီဆီး၊ ကြက်နန့်ဗကျင်း တူတူပင်။
၂၅။ ခွီးထီးခွီးမ အိပ်ဖို့ကျ၊ နီရာသုံးပတ်လှည့်စမြဲ။
၂၆။ ခွီးနား လောက်ကိုက်တေပိုင်။
၂၇။ ခွီးနားမှာ စောင်းတီးရေပိုင်။
၂၈။ ခွီးပိုင် စူးတိုက်တိုင်းလိုက် အမိုက်။
၂၉။ ခွီးပိုင် တုတုခေါ်လာ စူးစူးတိုက်လိုက်။
၃၀။ ခွီးပိုင် ဝက်ပိုင်။
၃၁။ ခွီးဖင်ကို လောက်ကိုက် ကိုက်လို့။
၃၂။ ခွီးဖင်ယက် ယက်လို့။
၃၃။ ခွီးဖြစ်ပြီးနောက် ချီးစားဖို့စွာမကြောက်။
၃၄။ ခွီးမတုံးကို ကျိန်တောက်စွပ် စွပ်လို့။
၃၅။ ခွီးမှာချီးမစားရကေ ဂေါင်းကိုက်တေ။
၃၆။ ခွီးမှာနှာရောင် ကြောင်မှာနဖူး၊ လူမှာဒူး။
၃၇။ ခွီးမှာသကာ၊ ကြောင်မှာအုန်းသီး၊ လူမှာဘိန်း။
၃၈။ ခွီးရှူးကောင်းစား တမွန်းတည့်။
၃၉။ ခွီးလည်းကျော်၊ ကြောင်လည်းကျော်။
၄၀။ ခွီးလက်ဝါးမှာ မီးလောင်ရေပိုင်။
၄၁။ ခွီးလက်ဝါးမှာ မီးလောင်အခံရခက်။
၄၂။ ခွီးလောက်ကျပြီး ပြီးရို့။
၄၃။ ခွီးလိမ္မာ မတုံးကုပ်၊ လူလိမ္မာနောက်ကိုဆုတ်။
၄၄။ ခွီးဝမ်းမှာဆန်စား၊ အစာမကြီ။
၄၅။ ခွီးသားစောင်း သီဖိုခါမှ လတုံမြည်ရေ။
၄၆။ ခွီးသားနှာခေါင်း အကြံကောင်းနမ်းလည်းနမ်းရ၊ ငါးချပ်ရ။
၄၇။ ခွီးသားရန်တိုက် လူမဖြစ်။
၄၈။ ခွီးသီကောင်ကို ဋွင်းတဆွဲး ဆွဲးလို့။

၄၉။ ခွီးသီကောင်မှာ ငွေတကျ ကျရို့။
၅၀။ ခွီးသီဖြန်း ဖြန်းရို့။
၅၁။ ခွီးသီလို့ အရီမရ။
၅၂။ ခွီးသူခိုး အိုးလိုင်မှာစွပ်။
၅၃။ ခွီးဟောင်စွာကိုရာကြားရေ၊ ဝက်ထိုးစွာကို မမြင်။
၅၄။ ခွီးဟောင်တိုင်း ကျောက်ခဲမပစ်နိုင်။
၅၅။ ခွီးဟောင်တိုင်း ထကြည့် ညဥ့်အိပ်ပျက်။
၅၆။ ခွီးဟောင်တိုင်း ထမကြည့်နိုင်။
၅၇။ ခွီးဟောင်သံကြား လူဟိလားလို့၊ မိန်းဖို့မလို။
၅၈။ ခွီးအနာကို လောက်ကိုက်တေပိုင်။

# ခွတ်

၁။ ခွတ်တတ်လီယင့် ပြတ်လီယင့်၊ ပြောတတ်လီယင့် မြတ်လီယင့်။
၂။ ခွတ်ထား ရေမှုဟင်းပုတ်၊ စားငုတ်ကျ။
၃။ ခွတ်ရာတခြား ကျရာတခြား။
၄။ ခွတ်ရာတခြား မှတ်ရာတခြား။

# ချွန်း

၁။ ချွန်းချွန်းမိန်း ယွန်းယွန်းဖြေ။

# ခြွန်း

၁။ ခြွန်း ခြွန်းချင်းချိပ်။
၂။ ခြွန်း ခြွန်းချင်းချိပ်၊ လိုင် လိုင်ချင်းညိတ်။
၃။ ခြွန်း အလာကို ကလန့်မမြင်။
၄။ ခြွန်းလာမှန်း ကလန့်မသိ။

# ဂ

# ဂ

၁။ ဂဃနဏ
၂။ ဂရုမစိုက် ဆင်ပေါင်ကြီးကို ခလုပ်တိုက်။
၃။ ဂရုမစိုက် အမိုက်ဖြစ်။
၄။ ဂရုမထား အမှုပွား။
၅။ ဂရုမထူ ဂူကိုမမြင်။
၆။ ဂရုမထူ ဂူကိုမမြင်၊ ဂရုထူမှ မြူကိုမြင်။
၇။ ဂရင်သီးမစားပဲ၊ အထင်မကြီးကေ့။

# ဂု

၁။ ဂုကန်တူး ဂုရီကြိုင်သောက်။
၂။ ဂုကန်တူး ဂုရီထွက်။
၃။ ဂုချောင် နောင်ကျပ်။

၄။ ဂုစည် နောင်ပျက်။
၅။ ဂုတမျိုး နောင်တမျိုး။
၆။ ဂုနီရှိ နက်ဖြန်ငွိ။
၇။ ဂုမြင် ညပျောက်။
၈။ ဂုရီတွင်းတူး ဂုရီကြိုင်သောက်ချင်။
၉။ ဂုလင်ယူ ဂုသားမွီးချင်။
၁၀။ ဂုသံတခွန်း ဂုတခွန်း။
၁၁။ ဂုသံတမျိုး ဂုတမျိုး။

# ဂူ

၁။ ဂူသျှိဂူတာ အဖြာဖြာ။
၂။ ဂူသျှိဂူတာ အဖြာဖြာ၊ ရောက်လာမစဲ တသဲသဲ။
၃။ ဂူပျက်မှာ မအောင်းရ လူပျက်ကို မပေါင်းရ။
၄။ ဂူလီကျ ဝက်ယောင် တွိ့မယှောင်။

# ဂေါ်

၁။ ဂေါ်ရာပြန်မှ လန်မှန်းသိ။

# ဂိုဏ်း

၁။ ဂိုဏ်းချင်းတူရာပေါင်း၊ မျိုးချင်းတူရာစပ်။

# ဂေါင်း

၁။ ဂေါင်းကိုကျောက်လို့ မာန်မပါ၊ ချီးအိုးကွဲမှ မာန်ပါ။
၂။ ဂေါင်းကိုညိတ် စိတ်ကိုသိ။
(ဂေါင်းကိုမကျောက်ကေလေ့၊ မက္ကလာကိုကျောက်ကေ၊ဂေါင်းကိုကျောက်တေမည်ရေ)။
၃။ ဂေါင်းဆောင်တတိုင် သွီးစုတ်ပြိုင်။



၄။ ဂေါင်းဆောင်မှာ ဂေါင်းယှောင်ဖြစ်။
၅။ ဂေါင်းဆောင်လည်းဖြစ်ရ နာမည်လည်း ပျက်ရ။
၆။ ဂေါင်းတရာကိုရာ စားလီ၊ ဂေါင်းတလုံးကို မစားလီကေ့။
၇။ ဂေါင်းတင်ဗျရွတ် ရွာစဉ်ထွက်။
၈။ ဂေါင်းတုံးခြင်းအတူတူ ထိပ်ကွက်ကအသာယူ။
၉။ ဂေါင်းတုံး ဂေါင်းတုံးချင်း။
၁၀။ ဂေါင်းထက်သစ်ခက်။
၁၁။ ဂေါင်းထက် ခြီထက်။
၁၂။ ဂေါင်းမလုံ စွာမလုံ။
၁၃။ ဂေါင်းရှိမျှားလို့ တက်ရှိမမျှား။
၁၄။ ဂေါင်းရှိရာမျှားရေ၊ တက်ရှိမမျှား။
၁၅။ ဂေါင်းလားတိုင်း မတုံးပါ။
၁၆။ ဂေါင်းလုံကေ စွာမလုံ၊ စွာလုံကေ ဂေါင်းမလုံ။

# ဂန်

၁။ ဂန္ထတရား လက်ကိုင်ထား အမှားမဟိ ပညာဟိ။

# ဂုဏ်

၁။ ဂုဏ်ကိုယူတတ်မှ အကျင့်ကိုကျင့်တတ်မှ။
၂။ ဂုဏ်ဆိုင် ဂုဏ်ပြိုင်။
၃။ ဂုဏ်နန့်တန်ယောင်၊ ကျင့်ကြံဆောင်။
၄။ ဂုဏ်မလို ဂုဏ်ပို၊ ဂုဏ်လို ဂုဏ်ပြို။
၅။ ဂုဏ်မဟိသူက ဂုဏ်ပြချင်။
၆။ ဂုဏ်မဟိ အသိမလုပ်ချင်။
၇။ ဂုဏ်မောက်ကမာန၊ နှိမ့်ချက နိမ့်ဝါဒ။
၈။ ဂုဏ်ဟိမှ ထင်ပေါ်၊ ထင်ပေါ်မှ ကျော်စော။
၉။ ဂုဏ်ဟိမှထင်ပေါ်၊ မျက်နှာဟိမှ ပွင့်လန်း။
၁၀။ ဂုဏ်ဟူသမျှ၊ အဝဝကို၊ မာနရှိသွား၊ မထောင်လွှားရ။

၁၁။ ဂုဏ်အသရေ၊ ပြည့်ဖြိုးကြွယ်မှ တင့်တယ်။

## ဂုံး

၁။ ဂုံးကောက် ကောက်တေ။

၂။ ဂုံးမစားပဲ ရုံးမလားကေ့။

## ဂြင်း

၁။ ဂြင်းကပ် ကပ်လို့။

၂။ ဂြင်းမစားပဲ ဆင်းမလားရ။

## ဂြို

၁။ ဂြိုကုပ်ဟိရာ ဂြိုကုပ်လာ။

၂။ ဂြိုကျိုးနားရွက်ပဲ့ တင်ယွဲ့ယွဲ့။

၃။ ဂြိုကျိုးနံ့လိမ် တင်ပိန်ပိန်။

၄။ ဂြိုကျိုးရေနွားလား၊ အစွယ်ကျိုးရေမြှီဟောက်။

## ဂွ

၁။ ဂွတိုက်မိန်း ရှွတိုက်ဖြေ။

# ဃ

## ဃ

၁။ ဃာရာမဟိ၊ သာရာမဟိ။

၂။ ဃာရာဝါသ၊ ကိစ္စများမြောင်၊ ဤလူ့ဘောင်။

၃။ ဃာရာဝါသ၊ ပြုကြအိမ်ထောင်၊ ချိုင်နှောင်မလွတ်၊

၄။ ဃရာဝါသ၊ ပြုကြအိမ်ရာ၊ ဤလူ့ရွာ။

၅။ ဃရာဝါသော အမှုပွား။

## ဃော

၁။ ဃောရာဝိသော၊ ပြင်းစွာဆိပ်တောက်၊ ငန်းမြွေဟောက်သို့။

၂။ ဃောသကအလှူ၊ ဖွီးဖွီးဖြူ။

**င**

# င

၁။ ငကန်းစမ်း စမ်းလို့။
၂။ ငကန်းနန့်ပိထိုင် ကျင်ကိုင်ရေပိုင်။
၃။ ငကန်းလယ်ထွန် ထွန်လို့။
၄။ ငကန်းလမ်းပြ။
၅။ ငကန်းသီ၊ ငစွေပေါ်လိမ့်မည်။
၆။ ငကျာ တကိုယ်လုံး ဖင်ချဉ်း။
၇။ ငကျာ သကာစား။
၈။ ငကြံ့စား ငဆူဝ။
၉။ ငစောက် ငစောက် အိမ်တိုင်းရောက်။
(ငစွေသားကို တန်ယောင်မစား၊ လွန်ယောင်စားလို့၊ ဘာရဲဘမှာချီးပြွန်းလားရေ)
၁၀။ ငဆိုးဆင် လေ့မျှောက်ဖြစ်။
၁၁။ ငရဲကလာရေလူ ပြာပူမကြောက်။



၁၂။ ငရဲကလည်း ခြောက်၊ ကုသိုလ်ကလည်း မြောက်။
၁၃။ ငရဲကိုကြောက်၊ နရက်ကိုရောက်။
၁၄။ ငရဲကိုယှောင်နိုင်၊ ဝဋ်ကိုမယှောင်နိုင်။
၁၅။ ငရုပ်ကြိတ်ထက်၊ လိုင်ညိတ်များ။
၁၆။ ငရုပ်ခရမ်း မြီကြမ်းကြမ်း။
၁၇။ ငရုပ်ဖုတ်စားလို့ ထောပတ်လီချဉ်တက်။
၁၈။ ငရုပ်နန့်ထမင်းတခါခြီ ခြီနိုးနိုး။
၁၉။ ငရုပ်ဖုတ်လို့ ငါးကြော်နံ့နံ့။
၂၀။ ငရုပ်သီးကောက်ဖို့လားရင်း နဂါးရောက်။
၂၁။ ငရုပ်သီးကို ငရုပ်ပိုးစား။
၂၂။ ငရုပ်သီးထဲမှာနီရေပိုး အစပ်ကိုမကြောက်။
၂၃။ ငရုပ်သီးမှန်ခုနှစ်လံ ရီငုတ်စားကေလေ့စပ်တေ။

# ငါ့

၁။ ငါ့ကိုနှုန်း တုံးလိမ့်မည်။
၂။ ငါ့ကိုယ်သာငါ နိူင်းစရာ။
၃။ ငါ့ကိုယ်ထက်ငါ အထင်ကြီး သွီးနားထင်ရောက်။
၄။ ငါ့ခြင်ထောင်လည်း ဝတ်ကြောင်ကမထွက်ချင်သိ။
၅။ ငါ့ခြံမှာပေါက် ငါ့နွှား။
၆။ ငါ့ငါးကိုငါ ငါးပိပျင်ပျင်ငါးခြောက်ပျင်ပျင်။
၇။ ငါ့စကားကို နွှားရ။
၈။ ငါ့ထက်ရှိုး သူခိုး။
၉။ ငါ့ထက်သာ ဆရာမဟီ။
၁၀။ ငါ့ထက်သာ မြတ်ရာမဟီ။
၁၁။ ငါ့ထက်သာသူ ဤဇမ္ဗူမှာ မဟီ။
၁၂။ ငါ့နီရာ စာတကွက်။
၁၃။ ငါ့နောက်ကလိုက် ငါ့ချီးပစ်။
၁၄။ ငါ့ပိုင်လူ ဇမ္ဗူမှာမဟီ။
၁၅။ ငါ့ပုတ်ကိုငါ ရှုပ်ရှုပ်ကားကား။

၁၆။ ငါ့ဖင်မှာ အသူ့ချီးလဲ။
၁၇။ ငါ့မယားလှမလှ ငါ့မျက်စိထဲဝင်ကြည့်။
၁၈။ ငါ့ရီကို ငါသွန်- သွန် မှောက် - မှောက်။
၁၉။ ငါ့လူ သူ့ဖက်။
၂၀။ ငါ့ဝန်ငါထမ်း ဇာပင်ရောက်ရောက်။
၂၁။ ငါ့သမီးလှ့ရေဆို ကွ(ကော့)ပြရေ။
၂၂။ ငါ့သမီးလှ့ရေဆို ယောင်းမကိုမြင်းစီးလို့ပြ။
၂၃။ ငါ့သားပုဝေ လားရာတိုင်းမှာ ကွက်ပေါ်ရေ။
၂၄။ ငါ့သားပုဝေ လားရာတိုင်းမှာ ဆလားပေါ်ရေ။

# ငါ

၁။ ငါကထီးရိုးလာလို့။
၂။ ငါခေါ်လို့ သူမလာ သူခေါ်မှ ငါလားရ။
၃။ ငါချင် ကတင်ရွှိနန်း။
၄။ ငါငင်လို့ သူမပါ သူငင်မှ ငါပါရ။
၅။ ငါမနိုင်ကေ နိုင်သူပေါ်လိမ့်မည်။
၆။ ငါမနိုင်ကေ နိုင်သူဖျက်လိမ့်မည်။
၇။ ငါမွိုးစပ်တေမျောက် ငါ့ကိုခြောက်။
၈။ ငါမှ ငါဟ။
၉။ ငါရို့ဘင်းကျိ ကပိုင်ချောင်းမှာ လွတ်ပါလီ။
၁၀။ ငါလည်းတစ်ယောက် ငရေကောက်။
၁၁။ ငါဦးငါစား သူဦးသူစား။
၁၂။ ငါဦးငါစားလီ၊ သူဦးသူစားလီ။

# ငါး

၁။ ငါးကင်ကို ကြောင်ရရေပိုင်။
၂။ ငါးကင်ကိုတွဲ့လိုမစား ကြောင်ငန္ဒား။
၃။ ငါးကောင်းအတွက် ကြားက ငါးဝက်ဒဏ်ခံရ။



၄။ ငါးကို ငါးချင်းမျှား။
၅။ ငါးကိုနှုန်းလို့ ခရုခုန်၊ လောင်းနံမှာသတ် စအိုကျွတ်။
၆။ ငါးကိုရီမှာရှာ ငွီကိုမြို့ကြီးပြကြီးမှာရှာ။
၇။ ငါးကိုလိုရီမှာရှာ ငွီကိုလို မြို့မှာရှာ။
၈။ ငါးကိုလိုရီမှာရှာ ပညာကိုလို မြို့မှာရှာ။
၉။ ငါးကိုလို ဟင်းကိုတောင်း။
၁၀။ ငါးကြီးကိုမြင် ငါးသျှေကိုပစ်။
၁၁။ ငါးကြီးကိုလို ငါးသျှေနန့်မျှား။
၁၂။ ငါးကြီးရီနက်မှာနီ၊ စကားဟောင်း စကားမှန် လူကြီးသူမများမှာနီ (ဟိ)။
၁၃။ ငါးကြီးအာနန္ဒါရကေ အသံမကြား၊ ငါအုတ်တကောင်ရကေ တအုတ်အုတ်။
၁၄။ ငါးခူနုတ်ခမ်း ငါးတန်ဝမ်း။
၁၅။ ငါးခုံးမတစ်ကောင်သီး တလှိုလုံးပုပ်။
၁၆။ ငါးခုံးမှာလည်း ငါးခုံးသတ္တိ ငါးမန်းမှာလည်း ငါးမန်းသတ္တိ။
၁၇။ ငါးချင်းမတူ ငါးဇမ္ဘူ။
၁၈။ ငါးချင်းအတူတူ ငတောက်တူကအသာယူ။
၁၉။ ငါးခြောက်စားလို့ ချီးခြောက်စိုက်တေလူ။
၂၀။ ငါးခြောက်တောင်းကို ကြောင်စောင့်။
၂၁။ ငါးခြောက်ဖျာမှာ ကြောင်လာကျယောင်။
၂၂။ ငါးစာနန့် အိုင်ပိုင်မဟိ။
၂၃။ ငါးစီခါးသျှေ ငယ်ရာငယ်ရေ ပင်လယ်ကူးနိုင်ရေ။
၂၄။ ငါးစိမ်းကိုမြင် ငါးကင်ကိုပစ်။
၂၅။ ငါးတမသားကို၊ လူဆယ်မသားသတ်လို့ မကုန်။
၂၆။ ငါးထောင်သူ ပြင်ဖြူသန်း ကျီးကန်းအစာ။
၂၇။ ငါးထောင် မွှီကျ။
၂၈။ ငါးပါးကာမ ကတော့ဝ။
၂၉။ ငါးပါးကာမ မွှီဆိပ်မျှ။
၃၀။ ငါးပါးသီလ ခါးဝတ်ပုဆိုး၊ မှန်ကျင့်ရိုး။
၃၁။ ငါးပိတစ်ပက်၊ ဆားတစ်ပက်။
၃၂။ ငါးပိမရခင် ဖက်ခင်း။
၃၃။ ငါးပိမရခင် ဖက်ခင်း၊ သားမရခင် ပုခွက်ဆင်။

၃၄။ ငါးပိသျှားကို ပျစ်မှာကင် ကင်လို့။
၃၅။ ငါးပီသျှား ပျစ်မှာကပ် ကပ်လို့။
၃၆။ ငါးပိဖုတ်ကို ဆရာမပြုနည်းမကျ။
၃၇။ ငါးပိမစား ဆားမစား ကုလားရွာကိုလား။
၃၈။ ငါးပိကောင်းလျှက် ဆားကဖျက်။
၃၉။ ငါးပိကောင်းလျှက် လောက်ကဖျက်။
၄၀။ ငါးပိကောင်းလျှက် လောက်သောသော။
(ငါးပိကောင်းသော်၊လောက်နှင့်သာကေ၊စဉ်လာထုံးဟောင်း၊ကြွတ္တိကောင်းကအပေါင်းအဖော်၊ယှောက်နန့်ပျော်)
၄၁။ ငါးပိကိုလည်းစား၊ သတိကိုလည်းထား။
၄၂။ ငါးပိုင်း ကမ်းတင်။
၄၃။ ငါးပိုင်း ကမ်းတင်၊ တင်လင်ဘလင်။
၄၄။ ငါးပျစ်ကို ကြောင်ရရေပိုင်။
၄၅။ ငါးပြီစုတ်၊ ငရုပ်စပ်လီ၊ သာကောင်းလီ။
၄၆။ ငါးပွက်ရည်နန့်၊ ဝက်သား နန့်မစားရေပိုင်။
၄၇။ ငါးပွက်ရာမှာ ငါးစာချ။
၄၈။ ငါးဖယ်ုံကိုက်ခါ ချောင်းသာမတုတ်၊ ချောင်းသာတုတ်ခါ ငါးဖယ်ုံမကိုက်။
၄၉။ ငါးမဟိလို့ မျှိုင်စွန်ရေ။
၅၀။ ငါးမန်းငါဆင်ရာငါးလား၊ ငါးလည်းတကောင် ပုစွန်ကြောင်။
၅၁။ ငါးမန်းငါးဆင်သာ ပင်လယ်ကူးနိုင်စွာမဟောက်၊ မျှိုင်ငါးလည်းပင်လယ်ကူးနိုင်ရေ(တာ)
၅၂။ ငါးမိုးဆိုကေ ဘုရား ငါးခြောက်ကိုကေ ဖုတ်ပြီးသား။ (ငမိုး)
၅၃။ ငါးမှာငါးသလောက်၊ မယားမှာ ဆံတောက်။
၅၄။ ငါးယက်သျှေကို ပြာမှာလူးရေပိုင်။
၅၅။ ငါးရှူးနန့်ဖြာရှူး။
၅၆။ ငါးရံ့ဆို ဖမ်းထား၊ ငါးခူဆို ရွှတ်ပစ်။
၅၇။ ငါးရံ့မြင်ကေဆုပ် ၊ ငါးခူမြင်ကေရွှတ်။
၅၈။ ငါးလွှန်မှ ကွန်ပြန့်။
၅၉။ ငါးဟောက်က ကြိုးကိုချိုင်။
၆၀။ ငါးဟောက်ကိုမရကေ တွင်းကိုဖျက်။
၆၁။ ငါးအုတ်တကောင်ရကေ တအုတ်အုတ်။



# ငဲ့

၁။ ငဲ့ညှာလို့သနား၊ ဒုက္ခများ။
၂။ ငဲ့ညှာသနား၊ ဗျာယပွါး။

# ငယ်

၁။ ငယ်ကမိဖ မဆုံးမ၊ အားခရေလည်း အဒါကြီး။
၂။ ငယ်ကအကျင့် ကြီးယောင်ပါ။
၃။ ငယ်ကျိုး ငယ်နာ။
၄။ ငယ်ခါကြီးချင်၊ ကြီးလာမှငယ်ချင်။
၅။ ငယ်ခါစရိုက်၊ ကြီးယောင်လိုက်။
၆။ ငယ်ခါဗာဒူဝတ်၊ ကြီးခါဗာဒူချွတ်။
၇။ ငယ်ခါမိဖ မဆုံးမက၊ မိဖတလည် ရန်သူမည်၏။
၈။ ငယ်ခါမောင်ငယ်၊ ကြီးခါမောင်ကြီး။
၉။ ငယ်ခါရွှက်၊ ကြီးခါဖက်။
၁၀။ ငယ်ရာငယ်ရေ၊ ခြာကောင်မျိုး။
၁၁။ ငယ်ရာငယ်ရေ၊ စမုံ့နက်ဆီးဝင်ရေ။
၁၂။ ငယ်ရာငယ်ရေ၊ စာသျှေမျိုး။
၁၃။ ငယ်ရာငယ်ရေ၊ နာမည်ကဘတုတ်ကြီး။
၁၄။ ငယ်ရာငယ်ရေ၊ ပုဇွန်စိတ်ကေအမျိုး။

# ငေါက်

၁။ ငေါက်ငမ်းမှန်းသိ၊ တိတ်တိတ်နီ။

# ငေါင်း

၁။ ငေါင်းပြီးမှ၊ လင်မရမှန်းသိ။

## ငတ်

၁။ ငတ်တေအခါ၊ အစာမရွီးနိုင်။
၂။ ငတ်လို့မစား၊ မွတ်လို့စား။
၃။ ငတ်လို့မသိ၊ မွတ်လို့သိ။

## ငုတ်

၁။ ငုတ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်။

## ငံ

၁။ ငံမြီ၊ ငံမြက်။

## ငန်း

၁။ ငန်းကလည်းငန်းစောင်း၊ မွန်းကလည်း မွန်းစောင်။
၂။ ငန်းတင်လို့ ရိတ်လီဆို ငန်းရှာမတွိ့ ရိမ္ဘိတွိ့။

## ငမ်း

၁။ ငမ်းဖမ်း၊ စုန်းဖမ်း။
၂။ ငမ်းဖမ်း၊ ဖမ်းလို့။

## ငို

၁။ ငိုကေလည်းစား၊ ရယ်ကေလည်းစား။
၂။ ငိုစား၊ ရယ်စား။
၃။ ငိုတခါ၊ ရယ်တလှည့်။
၄။ ငိုတတ်တေသား နို့စို့ရ။
၅။ ငိုတုံတခါ ရယ်တုံတလှည့်။
၆။ ငိုတုံ ရယ်တုံ လောကဘုံ။
၇။ ငိုရာငိုရေ မျက်ရည်မထွက်။
၈။ ငိုအားထက် ရယ်အားသန်။

## ငြင်း

၁။ ငြင်းရေမနိုင်၊ ခုန်ရေမလွတ်၊ နွားလိုင်ပင်းမာ ခေါင်းလောင်းစွပ်ယောင်။

## ငြောင့်

၁။ ငြောင့်တကာငြောင့် သောကငြောင့်။

## ငြိမ်

၁။ ငြိမ်ငြိမ်နီလီ ဖိစီးလီ။

## ငြိုး

၁။ ငြိုးရေလင်လည်း မသတ်၊ ကြိုးရေမိုယ်းလည်းမရွှာ။
၂။ ငြိုးရေလင်လည်း မသတ်၊ ကြိုးရေမိုယ်းလည်း မရွှာ၊ကိုက်တေခွီးလည်းမဟောင်။

## ငွီ

၁။ ငွီကုန်လူပန်း။
၂။ ငွီကိုရယောင်ရှာ၊ စိမက်သုံးစွဲ မဆင်းရဲ။
၃။ ငွီကိုလိုချင်ကေလေ့ သားမယားကိစ္စ စိတ်မချရ။
၄။ ငွီစားနဂါး။
၅။ ငွီတပဲနန့် ငါးကြီးဂေါင်းကိုကိုင်ရေ။
၆။ ငွီတောင်မှာနား၊ ငွီကျီး၊ ရွှီတောင်မှာနား ရွှီကျီး။
၇။ ငွီထုပ်ကိုလူခိုး၊ အသားတိုးလို့ပီး။
၈။ ငွီနန့်မဝယ် ကျွန်မမည်။

၉။ ငွီပေးနိုင်မှ အရာမြောက်။
၁၀။ ငွီပီးမှဆန်ရ၊ သမီးပီးမှ သမက်ရ။
၁၁။ ငွီမပါ အရာမမြောက်။
၁၂။ ငွီမဟိက ဒူးရှူးဟာလာ၊ ငွီဟိကလာပါ လာပါ။
၁၃။ ငွီမဟိ ကတိမတည်။
၁၄။ ငွီမဟိကေ ဗနဖူးသိုက်တူး။
၁၅။ ငွီမဟိကေ လူရာမဝင်။
၁၆။ ငွီမဟိပဲ လီသန်ကြီး။
၁၇။ ငွီမဟိပဲ အိတ်ကြီး။
၁၈။ ငွီမဟိ အသုံးကြီး၊ ဆန်မဟိ အစားကြီး။
၁၉။ ငွီသုံးမှုထက်၊ ငွီရှာမှုခက်။
၂၀။ ငွီဟိခါလာပါ လာပါ၊ ငွီမဟိခါ ဒူးရှူးဟာလာ။
၂၁။ ငွီဟိမှ ထင်ပေါ်။
၂၂။ ငွီအကြောင်း ပေါင်းမှသိ။
၂၃။ ငွီအကြောင်းနန့် မုန်းတီးရေ။
၂၄။ ငွီအကြောင်းနန့် အသက်သီရရေ။
၂၅။ ငွီအကြောင်း ပန်းဘဲမသိ။
၂၆။ ငွီအကြောင်း ပန်းဘဲမသိ၊ သံအကြောင်း ပန်းထိမ်မသိ။

# ငှက်

၁။ ငှက်ကိုခြိုင့်မှာလှော်င်- လှော်င်လို့။
၂။ ငှက်ကိုမသိ ဇရက်ကိုခြိုးထင်။
၃။ ငှက်ကြီးခြီလည်း ရှည်လွန်းရေ၊ စာချေခြီလည်း တိုလွန်းရေ။
၄။ ငှက်ကြီးတလှမ်း၊ စာချေဆယ်လှမ်း။
၅။ ငှက်ကြိုးကြာ၊ အသံသာ၊ ဥကချဉ်လှပါ။
၆။ ငှက်ပျက်ကတိုင်းလှည့်ရေ၊ လူပျက်က စကားတတ်တေ။
၇။ ငှက်မကောင်းမြည် မြည်လို့။
၈။ ငှက်မှာစာမရီ၊ မင်းမှာသာကီ။
၉။ ငှက်မှာပျံရင်းသီ၊ လူမှာကြံရင်းသီ။
၁၀။ ငှက်မှာအစာထုတ်၊ ဖြူမှာချီးထုတ်။
၁၁။ ငှက်မှာအဆုံးငုံး၊ လူမှာအဆုံးဒုန်း။
၁၂။ ငှက်မှာအတောင်၊ ငါးမှာမတုံး။
၁၃။ ငှက်ဝါမြည်၊ ဧည့်သည်လာ။
၁၄။ ငှက်သရမ်း ကပ်စိမိ။
၁၅။ ငှက်သရမ်း ကပ်စိမိ၊ လူသရမ်း ဘေးကြမ်းတွို့။
၁၆။ ငှက်သရမ်း လူကြမ်းလက်မှာထိ။

# စ

## စ

၁။ စကားကသောတာပန်၊ အကျင့်က ခွီးသဏ္ဍာန်။
၂။ စကားကသောတာပန်၊ အကျင့်က တာတေလန်။
၃။ စကားကောင်းပြော ကုလားရောက်တေ။
၄။ စကားကောင်းပြော ငယောင်းဖီလာ။
၅။ စကားကောင်းမှာ စကားရောင်းပါ။
၆။ စကားကောင်းလျှက်၊ ချွတ်ယွင်းခက်။
၇။ စကားကောင်းလျှက်၊ ယုံဖို့ခက်။
၈။ စကားကောင်းသလောက် ယုံဖို့ကြောက်။
၉။ စကားကို၊ ကုန်ယောင်မပြောရ။
၁၀။ စကားကို ကုန်ယောင်မပြောရ၊ အတတ်ကိုကုန်ယောင်မသင်ရ။
၁၁။ စကားကိုချိုချို၊ အပြောကိုတိုတို။
၁၂။ စကားကိုချိုစီ၊ ဖြောင့်မတ်စီ။

၁၃။ စကားကိုတန်စီ၊ အလုပ်ကိုကြံစည်။
၁၄။ စကားကိုနောက်၊ သဘောကိုပေါက်။
၁၅။ စကားကိုဖြည်းဖြည်း၊ အလားကိုမျှဉ်းမျှဉ်း (မျှိုင်းမျှိုင်း)။
၁၆။ စကားကိုလည်း အပိုမပြောကေ့၊ မယားကိုလည်း အလိုမလိုက်ကေ့။
၁၇။ စကားကိုအတန်၊ အကျင့်ကိုအမှန်။
၁၈။ စကားကို အယမ်းမပြောရ၊ အချိန်ကိုအလကားမဖြုန်းရ။
၁၉။ စကားကို မယမ်းမပြောရ၊ အချိန်ကို အလွဲမဖြုန်းရ။
၂၀။ စကားကို အအောင်၊ မယားကို အပေါင်။
၂၁။ စကားကြီး လီသံပါ။
၂၂။ စကားကြီး လူမယုံ။
၂၃။ စကားကြီး လူမယုံ၊ ချီးတုံးကြီး ခွီးမစား။
၂၄။ စကားကျယ်ကေကွဲ၊ အလှမ်းကျယ်ကေပြဲ။
၂၅။ စကားကျွံကေနှုတ်မရ၊ ကြမ်းပေါက်ကျွံကေနှုတ်ရ။
၂၆။ စကားချို လူလို။
၂၇။ စကားချို လူလို၊ စကားကြမ်း လူမခန့် (လူမုန်း)။
၂၈။ စကားဆို တောင်ပိုင်မမောက်ကေ့။
၂၉။ စကားစကား ပြောဖန်များ၊ စကားထဲက စကားရ။
၃၀။ စကားစကား ပြောဖန်များ၊ စကားထဲက ဇာတိပြ။
၃၁။ စကားစကား ပြောဖန်များ၊ စကားထဲက နည်းနာရ။
၃၂။ စကားစကား ပြောဖန်များ စကားထဲက ရန်ကိုရ။
၃၃။ စကားဆိုမတင်းကေ့၊ ပညာလို မပျင်းကေ့။
၃၄။ စကားဆိုမပိုကေ့၊ လူမိုက်နန့်ရော မနှောကေ့။
၃၅။ စကားဆိုမပိုကေ့၊ မယားဆို တို့မထိကေ့။
၃၆။ စကားတစ်ခွန်း တသန်းတန်။
၃၇။ စကားတောက်ဆတ်၊ လူကိုင်းဖြတ်။
၃၈။ စကားတတ်က စောင့်ခဲသည်၊ တရားတတ်က ဖြောင့်ခဲသည်။
၃၉။ စကားတတ်က ရန်မရ။
၄၀။ စကားနီ စကားရ။
၄၁။ စကားနည်း ရန်စဲ။
၄၂။ စကားနည်း ရန်စဲ၊ စကားများ ရန်ပွား။
၄၃။ စကားပြောစရာမဟိ၊ ငါ့မယားဝမ်းကြီးရေ။
၄၄။ စကားပြောတိုင်း အရာမဝင်။
၄၅။ စကားပြောရာ နန္ဒင်းပါ။
၄၆။ စကားပြော ဟုတ်နိုးနိုး၊ အလုပ်မှာ သဝေထိုး။
၄၇။ စကားပြော အချိပ်ပါ၊ မင်္ဂလာဆောင်း တစောင်းကာ။
၄၈။ စကားပြာ အနှောင့်မလွတ် အသွားမလွတ်။
၄၉။ စကားပြောအရာဟိ၊ အလုပ်အကြံ ဇာမဟိ။
၅၀။ စကားမငြိမ် ပြိန်းသွမ်းပစ။
၅၁။ စကားမဆုံး ကြောင်းမဆုံး။
၅၂။ စကားမဆုံး လမ်းမဆုံး။
၅၃။ စကားမတည် လူသဝေ။
၅၄။ စကားမတတ် ထုံးကိုမှတ်၊ တရားမတတ် ယုံး(ရုံး)ကို ကပ်။
၅၅။ စကားမပြော ဒုံမိမော။
၅၆။ စကားမပြော ဗဗောမှတ်လား။
၅၇။ စကားမဟိ စကားရှာ၊ လိပ်နောက်ကုန်းမှာ အမွီးကာ။
၅၈။ စကားများ ကြွားပျင်းကပ်။
၅၉။ စကားများ ကြွားပျင်းကပ် စပါးလုံးအစားကပ်။
၆၀။ စကားများ ကြက်ချီးခုတ်စား။
၆၁။ စကားများ စကားဖီးသင့်။
၆၂။ စကားများတိုင်း အရာမဝင်။
၆၃။ စကားများ ပစမှာ ဆိတ်ချီးဝင်။
၆၄။ စကားများ ဖျင် ဆိတ်ချီးဝင်။
၆၅။ စကားများ မုသားပါ။
၆၆။ စကားများ - မုန်း၊ အသုံးကြီး- ပြုန်း။
၆၇။ စကားများ - ရန်၊ အစားများ - ဖန်။
၆၈။ စကားများ အမှားပါတတ်တေ။
၆၉။ စကားမှာ အချက်၊ မျှားမှာအဟက်။
၇၀။ စကားမှာ အပြော၊ မယားမှာ အချော။
၇၁။ စကားမှာ အပြော၊ အလုပ်မှာ ကြိုးစား။
၇၂။ စကားမှာအောက်၊ အစားမှာ နောက်။

၇၃။ စကားလွန် ကျွန်ဖြစ်။
၇၄။ စကားအဝှန် မီတာလွန်။
၇၅။ စကားဦးမှာ၊ နတ်ဦးပါ။
၇၆။ စ ကေ - ကားရေ။
၇၇။ စ ကေ - ရက်တေ။
၇၈။ စကြာရိုက်လီ၊ ကြောတက်လီ (ကြွတက် = ကြွက်တက်လီ)။
၇၉။ စကြာလည်းပိုင်၊ လုံပျံလည်းရ၊ ဝေသာလီမှာစန္ဒြ။
၈၀။ စကြာလုံပျံ၊ ဝေသာလီမှာ ကိုးဆက်စံ။
၈၁။ စကြာဝဠ္ဍါကိုခြီကန်၊ မြင့်မိုရ်တောင်ကို ဂေါင်းဆိုက်၊ မိုက်တေလူ။
၈၂။ စ န ဝ မသိ၊ ဘိုးသိုးကြီး။
၈၃။ စနီသား မီးပွားယမ်းကျ။
၈၄။ စနီ သောကြာ ရက်ကန်းမတင်ရာ။
၈၅။ စနီ အင်္ဂါ မိုယ်းများရွာ (မိုးယ်းပြင်းရွာ)။
၈၆။ စနီ အင်္ဂါ မိုယ်းများရွာ၊ ရွာလီမိုယ်းသက် ခုနှစ်ရက်။
၈၇။ စပါးသျှင်ကို မျှောက်ခြောက်။
၈၈။ စပါးသျှင်ကို မျှောက်နှင်။
၈၉။ စပါးစိထဲမှာဆန်၊ လူဝမ်းထဲမှာ ဉာဏ်။
၉၀။ စပါးစိထဲမှာဆန်၊ လူဝမ်းထဲမှာ အကြံ။
၉၁။ စပါးတရာ တသိုးကာ၊ လေးရာတချပ်၊ စပါးသျှင်မခစပ်။
၉၂။ စပါးတသီး၊ သားတသီး။
၉၃။ စပါးတောမှာ ငန်းရှာ - ရှာလို့။
၉၄။ စပါးတောမှာ မျှောက်ကျိုင်ကျ ရေပိုင်။
၉၅။ စပါးပွဲတုံး ကျားရဲတုံး။
၉၆။ စပါးဖျင်း ဖျာပြင် (တလင်းပြင်) လူဖျင်း ရွာပြင်။
၉၇။ စပါးလည်းမဖြစ် ဆန်လည်းမဖြစ်။
၉၈။ စပါးမှာလည်း မဝင် ဆန်မှာလည်း မဝင်။
၉၉။ စပါးမှာအလုံး မုန့်မှာအဖြုန်း။
၁၀၀။ စပါးလဲကေ ခြိုးစားရေ ယောက်ျားလဲကေ သိုးရေ။
၁၀၁။ စပါးလဲကေ ယှုံး မုညင်းလဲကေ ကျုံး။
၁၀၂။ စပါးလုံးများကေ အစားကပ် ငါးတောင်သူကို အဖမ်းကပ်။
၁၀၃။ စပါးလုံးများကေ အစားကပ် လူသဝေကို အပြောကပ်။
၁၀၄။ စပါးလှန်းရေတခွက်လောက် ဘဲငန်းစားရေတရာလောက်။
၁၀၅။ စပါးဝါဆို ဆီးပြာသို။
၁၀၆။ စရိုက်အလိုက် ဆိုးကောင်းဖြစ်။
၁၀၇။ စရိုက်ဝင် - ဝင်လို့။

# စာ

၁။ စာကတတ်ယင့် အပြောအဟောမတတ်။
၂။ စာကလည်း ဒေါင်းခြီလောက်လှမ်းချင်။
၃။ စာကလည်း ဒေါင်းဖြစ်ချင်။
၄။ စာကိုကျက်အံ ပေဒင်မှာအကြံ။
၅။ စာကိုဖတ်ယဉ် မြင်းကိုစီးယဉ်။
၆။ စာကိုဗူးတောင်းက ဆုံးမယောင်။
၇။ စာကျက်သူထက် ကြားသူရ။
၈။ စာသျှေခြီလည်းတိုလွန်း ကြိုးကြာခြီလည်းရှည်လွန်း။
၉။ စာသျှေတကောင် ကြောသားရင်သားနုတ်ကေ မကျန်။
၁၀။ စာသျှေတကောင် လူတထောင်။
၁၁။ စာတကြောင်းမှာ ဂုင်းဆယ်ခါပါ။
၁၂။ စာတရွိကြား ဌင်းတ(တကောင်)နားရေပိုင်။
၁၃။ စာတတ်ကျူး အရူးဖြစ်။
၁၄။ စာတတ်ပီတတ် မဟောတတ်။
၁၅။ စာနားပင်းကို အနှင်ခက်။
၁၆။ စာနားပင်းကို အနှင်ခက် ငါးတောင်သူကို အဖမ်းခက်။
၁၇။ စာနားပင်းကို အနှင်ခက် လူကန်းထိုက်ကို အပြောခက်။
၁၈။ စာနားပင်းကို အနှင်ခက် လူညက်ကို အပြောခက်။
၁၉။ စာပျံ ဂေါင်းကွဲ။
၂၀။ စာဗူးတောင်းသိုက်ရာခြူလာ သပွတ်အူကသာလို့ခြူ။
၂၁။ စာမခုန် ဖျိုင်းမလား။
၂၂။ စာမတတ်ကေ စာတတ်ယောင်ယောင် ပုရပိုက်ကို နံပါးမျှောင်။

၂၃။ စာမတတ်ကေ လမ်းနားမှာဖတ်။
၂၄။ စာမတတ်ကေ အကမ်းနန့်တူ၊ ရက်ကန်းမတတ် အကျိုးနန့်တူ။
၂၅။ စာမရီမျိုး အမွီးတချောင်း ကျွတ်အံ့စိုး သာကီနွယ်ရိုး မျိုးရောစိုး။
၂၆။ စာရွီးထက် စာပျင်ခက်။
၂၇။ စာရွီးထက် စာဖတ်ခက်။
၂၈။ စာသင်အစ နမောက။

# စား

၁။ စားကေကုန် လှူကေမြတ်။
၂။ စားကေချီးဖြစ်တေ။
၃။ စားကြူးအနက် ကိုယ်မတက်။
၄။ စားခါကျားစား - စား၊ ငတ်ခါကျားငတ် - ငတ်။
၅။ စားခါငါးကျော်၊ ယော် (လျှော်) ခါ ငကျီး၊ ထောင်မှာကျ ငကန်းကြီး။
၆။ စားခါငရုပ် ပြောခါငမုတ်။
၇။ စားခါနီးထမင်းပွဲ အလုခံရ။
၈။ စားခါနီးလောင်ပွန်း ခြီနန့်ကန်။
၉။ စားချင်ကေ ထမင်းကောင်း မစားချင်ကေ ထမင်းချိုင်း (ချမ်း)။
၁၀။ စားချင်ကေဒက်တိန်ညာ မစားချင်ကေငဝက်။
၁၁။ စားစရာထက် ယော်စရာခက်။
၁၂။ စားစရာမမြင် ပေါင်စရာမဟိ ငုံးတိတိ။
၁၃။ စားစရာရှာမရ အယော်ဂါဂကျ။
၁၄။ စားစရာမဟိ ယော်စရာဟိ။
၁၅။ စားစရာလည်း ဆန်မဟိ ပီးစရာလည်း ငွီမဟိ။
၁၆။ စားစောင်ခေါ် ကျောက်စောင်လိုက်။
၁၇။ စားစွာထက် ပစ်စွာကုန်။
၁၈။ စားတော့ကျောင်း၊ လက်ဆီးတော့ကန်၊ အိပ်တော့ စရပ်။
၁၉။ စားနီကျ ကြောင်ဖား။
၂၀။ စားနိုင်ကေ သံသပိတ်၊ မစားနိုင်ကေ ရောဂါ။
၂၁။ စားပါဆို (အိုးမှာ)ကုန်။



၂၂။ စားပါဆိုယင့် ကိုယ်စားယင့်။
၂၃။ စားပြီးကေ လောင်ပွန်းမှာ ချီးစိုက်။
၂၄။ စားပြီး လက်မသွိ့စီကေ့။
၂၅။ စားပြီးသောက်ပြီး လုပ်လက်ဆီး၊ ထားဖို့မျက်နှာ လမ်းကြောင်းမှာ။
၂၆။ စားဖန်များ သွားရဲ။
၂၇။ စားဖန်များ သွားရဲ နီဖန်များမြဲ။
၂၈။ စားဖို့က လက်တဆစ်၊ ပြောလီဖို့က မော်ကွန်းဖြစ်။
၂၉။ စားဖို့က လက်တဆစ်၊ ပြောလီဖို့က မိုကိုးနှစ်။
၃၀။ စားဖို့အခါ ဦးဆောင်၊ လုပ်ဖို့အခါ ဘေးယှောင်။
၃၁။ စားမခြီဆန်တကျီမလောက်၊ အိပ်မခြီစည်တီးလို့ မနိုး။
၃၂။ စားလို့မခြီသျှသျှားရီ၊ စားလို့မကောင်းပြိန်းအငေါင်း။
၃၃။ စားမှန်းသောက်မှန်းသိယောင် အိုးသံခွက်သံ တညံညံ။
၃၄။ စားရကတလောင်ပွန်း၊ အလုပ်ကပင်ပန်း။
၃၅။ စားရကေ ကျောက်ဖျာကိုလည်းထမ်း၊ မစားရကေ ဂွမ်းတောင်းကိုလည်း မထမ်း
၃၆။ စားရကေ တစ်ချက် မစားရကေ တသက်။
၃၇။ စားရကံကြုံလို့ မုတ်ဆိတ်ပျားစွဲ။
၃၈။ စားရခါတခိခိ မစားရခါ တဒိဒိ။
၃၉။ စားရခါ တဟားဟား၊ မဟားရခါ လူမွေးသား။
၄၀။ စားရခါ တဟီးဟီး၊ မစားရခါ တစီစီ။
၄၁။ စားရခါ လင်၊ မစားရခါ နင်။
၄၂။ စားရခါ သကာ မစားရခါ ခါးတမာ။
၄၃။ စားရခါ သခင် မစားရခါ အမိလင်။
၄၄။ စားရငရုပ်ဖုတ်၊ အိပ်ရဖျာဆိုးစုတ်။
၄၅။ စားရငရုပ်ဖုတ်၊ အလုပ်မှာ တကုတ်ကုတ်။
၄၆။ စားရစွာနန့် ကျောင်းသျှင်ညှင်းဆဲစွာနန့် မရှိ။
၄၇။ စားရတဆုတ်တလုတ် ဝတ်ရအစုတ်စုတ်။
၄၈။ စားရတဆုတ်၊ အလုပ်မှာ တစုတ်စုတ်။
၄၉။ စားရရာ ဩဇာ၊ ပျော်ရာနိဗ္ဗာန်။
၅၀။ စားရာစားရေ၊ ဇာမှန်းမသိ။
၅၁။ စားရေကဆားနန့် လုပ်ကေက အားနန့်။

၅၂။ စားရေးထက် နီရေးခက်။
၅၃။ စားလီသမျှ သဲရီကျ။
၅၄။ စားလူတရာ လုပ်လူတစ်ယောက်။
၅၅။ စားလည်းစား လုပ်လည်းလုပ်။
၅၆။ စားလို့မခြီဆန်တကျီ၊ အိပ်လို့မရ ဆင်အော်မှထ။
၅၇။ စားလိုက် မည်လည်း၊ သဲတယှပ်ယှပ်၊ ပစ်လိုက်မည်လည်း ဆီတရွှဲရွှဲ။
၅၈။ စားသူဟိက သတ်သူဟိ။
၅၉။ စားသူဟိလို့ သတ်သူဟိရေ။
၆၀။ စားသောက်မဝ ငါးကာမ။
၆၁။ စားဦးစားကြောင် နံပျောင်ပျောင်။
၆၂။ စားဦးစားကြောင် အလယ်ရောင်။

# စိ

၁။ စိကေသျှေ- စိကေသျှေနန့်အားလုံးကုန်။
၂။ စိခြက် - စိခြက်။

# စို့

၁။ စို့စို့ကြည့် ရဲရဲမြင်။
၂။ စို့စို့မက်မက်သုံးတတ်မှ စီးပွားတက်။
၃။ စို့စဉ်ပွဲ ဖင်ကွဲရေ။
၄။ စို့စပ်မှသေချာ၊ သေချာမှ ခိုင်လုံ။
၅။ စို့မက်စုဆောင်း သဋ္ဌေးလောင်း။
၆။ စို့မက်မှ ကြွယ်ဝ။
၇။ စို့မက်မှ ဥစ္စာတက်။
၈။ စို့မှ ပွား။
၉။ စို့ရာနဖာ စိတောက်ကျာ။



# စီး

၁။ စီးတက်မှယဉ်၊ ချိုင်တက်မှခိုင်။
၂။ စီးပွားပြည့်မှူ ခြတောင်စု။
၃။ စီးပွားပြည့်မှူ ခြသို့စု။
၄။ စီးပွားပြိုင် အနိုင်လု ဒေါသခု။
၅။ စီးပွားဥစ္စာ၊ ရှာကြံခါ၌၊ ရရာရကြောင်း၊ ပိုးရွှက်ပြောင်းသို့။

# စု

၁။ စုပေါင်းလုပ်ဆောင် ပြီးမြောက်အောင်။
၂။ စုဖန်များ ခြတောင်ပို့ဖြစ်။
၃။ စုဖန်များ ပျားလပို့ဖြစ်။
၄။ စူဋ္ဌလိပ်ကြီးကို ရီမှာလွှတ်တေပိုင်။

# စူး

၁။ စူးကိုစူးချင်းထွင်။
၂။ စူးကိုစူးချင်းထွင် လောင်းကိုလောင်းချင်းဆယ်။
၃။ စူးကိုမွှဲ့ရာ မီးကိုကမ္ဗလာ။
၄။ စူးကျဝက်ယောင် တွဲ့မယောင်။
၅။ စူးကြားဗူးသီး သစ်ကြားဝါးပျစ်။
၆။ စူးကြားမှာ ဗူးသီးရေပိုင်။
၇။ စူးခက်မှာ ထမိန်ဆိုးငြိ- ငြိလို့။
၈။ စူးငြောင့်ဝင်နုတ်ရန်လွယ်၊ သောကငြောင့်ဝင် နုတ်ရန်ခဲ။
၉။ စူးတိုက်တိုင်းကိုက် အမိုက်ဖြစ်။
၁၀။ စူးဝင်ရာကို ပေါက်ဆိန်ရာလုပ်တေ။
၁၁။ စူးနီရာစူး ဆောက်နီရာဆောက်။
၁၂။ စူးမှာဖက်ကျဖက်ဒုက္ခ ဖက်မှာစူးကျ၊ ဖက်ဒုက္ခ။
၁၃။ စူးမှာဖက်ကျ ဖက်ပေါက်၊ ဖက်မှာစူးကျ ဖက်ပေါက်။

## စေ

၁။ စေတနာနန့်ပီး သီဆီးကိုမျှ အာဂျောက်ချ။
၂။ စေတနာမှာ ဝေဒနာဖြစ်။
၃။ စေတနာလွန်ကေ ကမြင်းရာရောက်ကေ။
၄။ စေတနာလွန်ကေ တွန့်ရေ။
၅။ စေတနာလွန်ကေ တွန့်ရေ၊ ဝီရိယလွန်ကေ ဆွံ့ရေ။
၆။ စေတနာအလျှောက် အကျိုးရောက်။

## စည်

၁။ စည်ကားတစ်ခါ သုန်ဖျင်းတလှည့်။
၂။ စည်ပင်တခါ ပျက်ပြားတလှည့်။
၃။ စည်သံမကင်း ဟာလပင်း။
၄။ စည်းကမ်းစောင့်ထိမ်း ဘေးရန်ငြိမ်း။
၅။ စည်းစုပ်တရာ လင်းကွင်းတချိန်း။
၆။ စည်းမကျ နည်းမကျ။
၇။ စည်းမကျ နှဲမကျ။
၈။ စည်းမပါ နည်းမပါ။
၉။ စည်းမပါ နှဲမပါ။
၁၀။ စည်းမပိုင် နည်းမပိုင်။
၁၁။ စည်းမပိုင် နှဲမပိုင်။
၁၂။ စည်းမသိ နည်းမသိ။

## စော

၁။ စောစောထ နီတပိုတက်။
၂။ စောရနက္ခတ်နန့် ယှဉ်လို့မွီးရေသား။

## စင်

၁။ စင်ဖြူရိုးဖြောင့် နတ်လူစောင့်။

## စစ်

၁။ စစ်ကြီးရောက်လျှင် သူရဲကောင်းကို ရှာရ၏။
(အမှုကြီးရောက်လျှင် ခင်ပွန်းကောင်းကို ရှာရ၏)(ရန်သူကိုအောင်လိုလျှင် ဥပါယ်ငါးပါးဖြင့် ပြုရာ၏။)
၂။ စစ်ထဲဝင် ရန်နှင့်လက်ထပ်ကြုံ။
၃။ စစ်မရောက်မီ မြှားကုန်။
၄။ စစ်သံပီးမှ မြှားချွန်။

## စိုက်

၁။ စိုက်တေခါဖရုံ၊ သီးရေခါ ဗူးသီး။

## စိုင်

၁။ စိုင်တီအနာ အစဉ်ပါ။

## စဉ်း

၁။ စဉ်းစားဖန်များ အကြံကောင်းရ။

## စောက်

၁။ စောက်ထိုးမိုးမျှော်။
၂။ စောက်မှန်းမထင် နက်မှန်းမသိ။
၃။ စောက်မှန်းမသိ ချောက်မှန်းမသိ။

# စောင့်

၁။ စောင့်နိုင်ကေ အကျိုးဟိ ကြံနိုင်ကေ ပညာဟိ (ယို)။
၂။ စောင့်လို့မျှော် ပေါ်လာခြင်းမဟိ။
၃။ စောင့်လို့သာစောင့်ရ ပေါ်လာခါ ဇာလဲမဟုတ်။

# စပ်

၁။ စပ်ကိုအလယ်ကမထမ်းကေ့ ရပ်ကိုဂေါင်းမဆောင်ကေ့။
၂။ စပ်ကြားဖိုတိန်ဝင် ကြမ်းကြားလီဝင်။
၃။ စပ်ကြားရီဝင် ပုတ်ကြားနွားချီးဝင်။
၄။ စပ်ကြားရီဝင် မျိုးကြားသူစိမ်းဝင်။
၅။ စပ်မှ ငရုပ်သီးမှန်းသိ။
၆။ စပ်လည်းစပ်ကာ ငရုပ်သီးမှာ အဖိုးနာ။
၇။ စပ်လည်းစပ်ပြန်ခံလည်းခံရ ငရုပ်သီးမှာ အဖိုးကျ။

# စိတ်

၁။ စိတ်ကကြည်ဖြူ အလိုတူ။
၂။ စိတ်ကူးစိတ်သား။
၃။ စိတ်ကူးနန့် ကအိပ်ဖူးစား။
၄။ စိတ်ကူးနန့် ဆီအိုးမှောက်။
၅။ စိတ်ကူးနန့် လိပ်ဥတူး။ (စိတ်ကူးနှင့်လိပ်ဥကောင်း) (စိတ်ကူးနှင့်လိပ်ဥရောင်း)
၆။ စိတ်ကောင်းကေ အခေါင်းကျန်။
၇။ စိတ်ကိုသတ် အပြစ်လွတ်။
၈။ စိတ်ကိုသတ် အပြစ်လွတ်၊ နုတ်ကိုထိန်းအပြစ်ငြိမ်း။
၉။ စိတ်ကိုသာဟော ဖဘုရား။
၁၀။ စိတ်ကိုအလိုလိုက် အမိုက်ဖြစ်။
၁၁။ စိတ်ကြောင့် ကိုယ်ကြောင့် ဗျာယထောင်း။
၁၂။ စိတ်ကြောင့်ကြီ လက်ကြောင့်သီ။
၁၃။ စိတ်ကြွ ကိုယ်ရွ။
၁၄။ စိတ်ဆောင်တိုင်း ကိုယ်ပါ။
၁၅။ စိတ္တဇရောဂါ ဆီးကူးလို့မရ။
၁၆။ စိတ်တပြည် လူတပြည်။
၁၇။ စိတ်တူ တသက် စိတ်မတူ တချက်။
၁၈။ စိတ်တူတသက် စိတ်မတူ တမနက်။
၁၉။ စိတ်တူ ပိတ်ဖြူ စိတ်မတူ မဲကြောင်းထူ။
၂၀။ စိတ်တူ- မဖြူ စိတ်မတူ မဲတူ။
၂၁။ စိတ်တူလို့ ကြည်ဖြူကေလေ့ အမိကန့်လန့်ဆိန်း (ဆီး)။
၂၂။ စိတ္တံ - စိတ်။
၂၃။ စိတ်ထားတတ်မှ မြတ်။
၂၄။ စိတ်ထားရိုးဖြောင့် နတ်လူစောင့် (နှစ်သက်)။
၂၅။ စိတ်ထောင်း ကိုယ်ပြောင်း။
၂၆။ စိတ်နီဘုံဖျား လူနီတုံးကြား။
၂၇။ စိတ်နီဝတီဖျား လူနီခြုံကြား။
၂၈။ စိတ်ပါ ကိုယ်ရောက်။
၂၉။ စိတ်ပါလို့ ကိုယ်မပါ။
၃၀။ စိတ်ပင်ပန်းကိုယ်နွမ်း။
၃၁။ စိတ်ပေါက် စိတ်ရောက်။
၃၂။ စိတ်ပေါက် နဖူးခေါက်။
၃၃။ စိတ်ပျို ကိုယ်နု။
၃၄။ စိတ်ပျော်တဟာဟာ စိတ်မပျော်တစာစာ။
၃၅။ စိတ်ဗရချာ ကိုယ်ဆင်းရဲရာ။
၃၆။ စိတ်မကောင်း ကိုယ်ပြောင်း။
၃၇။ စိတ်မကောင်း ဗျာယထောင်း ရောဂါစုပေါင်း။
၃၈။ စိတ်ယင် (လျှင်)အမှားပင်။
၃၉။ စိတ်ရို့ ကိုယ်မချို။
၄၀။ စိတ်ရို့ ကိုယ်နွမ်း။
၄၁။ စိတ်ရို ကိုယ်ရို့။
၄၂။ စိတ်ရောက်တိုင်း ကိုယ်မရောက်။

၄၃။ စိတ်လားရာကိုယ်ပါ။
၄၄။ စိတ်လားရာကိုယ်ပါ ခက်တေကာ။
၄၅။ စိတ်လိုသို့လိုက် လူငမိုက်။
၄၆။ စိတ်ဟိတိုင်း ကိုယ်မပါ ကိုယ်ပါတိုင်း စိတ်မဟိ။
၄၇။ စိတ်ဟိတိုင်း မလိုက်နိုင်။
၄၈။ စိတ်အလိုလိုက် အမိုက်ဖြစ်။

# စံ

၁။ စံဂိုးကိုဆင်နင်းလို့ တိုးမပြား။
၂။ စံဂိုးပြင်မှာ ကြွက်သျှေပြီးယောင်။
၃။ စံဂိုးလောက်ပင် ဇောက်မနက်။

# စန်

၁။ စန္ဒကူးမှာ အနှစ်ပြည့်၊ ဇကန်းမှာ အဆီမဲ့။

# စမ်း

၁။ စမ်းဖီစမ်းဖတ်။

# စိန်

၁။ စိန်နားငှေါင်းရောင်နန့် ပါးပြောင် (နားပြောင်)။

# စိန်း

၁။ စိန်းသီးလက်ရွတ် ကြံမတတ်။

# စုံ

၁။ စုံကျ - ကျ၊ မကျ - ကျ။
၂။ စုံစမ်းဆင်ခြင် မှားမဝင်။

# စုန်

၁။ စုန်စုန်၊ ဆန်ဆန်။

# စုန်း

၁။ စုန်းကျ - ကျလို့။
(စုန်းနတ်ယောင်ယောင်၊ မှော်ယောင်ယောင်နှင့် ချိုသာစကားပြောသူများကို သတိထား)
၂။ စုန်းဖမ်း ငန်းဖမ်း။
၃။ စုန်းဖမ်း - ဖမ်းရို့။

# စွာ

၁။ စွာကပိတ်မှ စိတ်ကပေါ်။
၂။ စွာတခွန်း ဂေါင်းတခွန်း။
၃။ စွာတခွန်း ပစတခွန်း။
၄။ စွာထိုင်ရာ တင်ပါးပါ။
၅။ စွာရှကာ မွာရှကာ။
၆။ စွာလုံကေ ဂေါင်းမလုံ၊ ဂေါင်းလုံကေ စွာမလုံ။
၇။ စွာအိုမငြိမ် တင်ပါးကြီး။

# စွဲ

၁။ စွဲလမ်းမှုကြောင့် ဘေးဒဏ်ထောင်း။

## စွတ်

၁။ စွတ်ကေထ သို့ကေထိုင်။

## စွန့်

၁။ စွန့်စားမှယောက်ျား ခုန်မှဖား။

၂။ စွန့်စားမှယောက်ျား ခုန်မှဖား၊ တွန်မှကြက်ဖ။

# ဆ

## ဆ

၁။ ဆပြင်ဗလိနန့် အထင်မကြီးကေ့။

၂။ ဆရာကောင်းတပည့် စာကောင်းတတ်။

၃။ ဆရာကောင်းတပည့် ပန်းကောင်းပန်။

၄။ ဆရာကောင်းတပည့် အနှစ်ပြည့်။

၅။ ဆရာကောင်းထံ နည်းမခံ ဂုဏ်မာန်ခတင်းတင်း။

၆။ ဆရာကိုပြန် အာခေါင်ကိုလှံ့စူး။

၇။ ဆရာချင်းတူကေလေ့ ပညာချင်းမတူ။

၈။ ဆရာ - ဆရာနန့်၊ လက်စသတ်တော့ ဗူးဆရာ။

၉။ ဆရာထက်က ဆရိုလုပ်ချင်။

၁၀။ ဆရာမကောင်း တပည့်ကောင်း။

၁၁။ ဆရာမကောင်း တပည့်ကောင်း၊ သားသမီးမကောင်း မိဘဂေါင်း။

၁၂။ ဆရာမကောင်း တပည့်တကာ အပါယ်စာ။

၁၃။ ဆရာမပြ ငါးပိကင်ကို နည်းမရ။





၁၄။ ဆရာမပြ ငါးပိဖုတ်ခါ နည်းမကျ။

၁၅။ ဆရာမပြ နည်းမကျ။

၁၆။ ဆရာမပြ နည်းမရ။

၁၇။ ဆရာမသင် နည်းမမြင်။

၁၈။ ဆရာများ သားသီရေ။

၁၉။ ဆရာလည်းမဖြစ် တပည့်လည်း မဖြစ်။

၂၀။ ဆလားပေါ် - ပေါ်လို့။

၂၁။ ဆလားအိတ်မှာ ဆန်ဟိရေပိုင်။

## ဆား

၁။ ဆားတကျပ် သပုံတကျပ်။

၂။ ဆားတန်ပျားတန်။

၃။ ဆားနန့်ချဉ်သီး၊ ယမ်းနန့်မီး။

၄။ ဆားဖြူး ဖြူးရို့။

၅။ ဆားဖြန်း ဖြန်းရို့။

၆။ ဆားမပါငါး ပေ့ါပျက်ပျက်။

၇။ ဆားမပါ ပျားလည်းမချို။

၈။ ဆားမပါ အရသာကင်း။

၉။ ဆားမရ ရီမရ။

၁၀။ ဆားမြဲတွင်း ငါးတအိုးကုန်။

၁၁။ ဆားမြဲ မြဲရို့။

## ဆီ

၁။ ဆီကာလိပ်သောက်တိုင်း အထင်မကြီးကေ့။

၂။ ဆီခြင် ရီခြင်။

၃။ ဆီတခါ ရီတလှည့်။

၄။ ဆီတခြား ရီတခြား။

၅။ ဆီနယ်ပျားခွပ် နွားသင်းခတ်။

၆။ ဆီနန့် ရီ။
၇။ ဆီနန့်ရီသျှောင် ကွာခြားယောင်။
၈။ ဆီပိုင် အပေါက်ရှာ။
၉။ ဆီဖြစ်ရီဖြစ်။
၁၀။ ဆီမီးပြောင်ပြောင် လတန်းဆောင်။
၁၁။ ဆီလောင် နှမ်းဖတ်။
၁၂။ ဆီဝယ်ရာလက်ဖားပါတိုင်း ခေါင်းဝယ်ရာလက်ဖားတောင်း။
၁၃။ ဆီသည်မ လက်ခုတ်။

# ဆီး

၁။ ဆီးကိုချဉ်း အားမကိုးကေ့ ကိုယ်လည်းအားပြုဖို့လို။
၂။ ဆီးကိုလည်းတိုက် ကိုယ်လည်းညှစ်။
၃။ ဆီးကျမ်းဖတ်ရာ နားထောင်ပါ၊ သူနာကောင်းနည်းနည်း (နိုးနိုး)
၄။ ဆီးစား ကွမ်းစား
၅။ ဆီးစွမ်းမစွမ်း သရဲကြမ်းမှသိ။
၆။ ဆီးဆရာကို လူနာကသင်။
၇။ ဆီးဆရာဆီးစမ်း တအိမ်လုံးလန် (သေ)။
၈။ ဆီးမှာနူနာမျက် ကူးရခက်။
၉။ ဆီးလည်းအနာ၊ အနာလည်း ဆီး။
၁၀။ ဆီးလိပ်မှာ အတို၊ မယားမှာ အပျို။
၁၁။ ဆီးသမက မထောင်းထာ သူနာကမခံချိ။
၁၂။ ဆီးသမကံ သူနာကံ။
၁၃။ ဆီးသမမှာ အို ဟူရားမှာပျို။

# ဆု

၁။ ဆုတောင်းမှ ပြည့်၊ စုဆောင်းမှ ဟိ။



# ဆူ

၁။ ဆူဆူပူပူ အပူကင်းပီးသောကအီး။
၂။ ဆူတတ်ကဆဲ တတ်တေ။
၃။ ဆူယောင်ကားစောင့်၊ နတ်ယောင်မစောင့်။
၄။ ဆူးငြောင့် ငါးစင်း လူခပင်း။

# ဆဲ

၁။ ဆဲချင်ဆီဆဲ မောင်မလေး။
၂။ ဆဲဖန်များ ကေ-ထုံ

# ဆယ်

၁။ ဆယ်ကန်ရီသောက်၊ ဆယ်ရွာရောက်။
၂။ ဆယ်ခွန်းပြောလို့ တခွန်းမထင်။
၃။ ဆယ်တောင်းကြဲလို့ တတောင်းမရ။
၄။ ဆယ်တောင်းထောင်းလို့ တတောင်းမရ။
၅။ ဆယ်မိဆယ်ဖြာ။
၆။ ဆယ်ရက်တိတိ စမ်းမတွိ့ (ဆားမတွိ)
၇။ ဆယ်ရက်တိတိ စမ်းမတွိ့ ဆဲ့တရက်ဖြား ဆားနန့်စား။

# ဆက်

၁။ ဆက်ဆံမကောင်း အပေါင်းမဆန့်။

# ဆင်

၁။ ဆင်က - ကစပ်၊ ဆိတ်သီတတ်။
၂။ ဆင်က ကြီစပ်၊ ဆိတ်သီတတ်။
၃။ ဆင်ကစပ်စွာ ဆိတ်မခံသာ။

၄။ ဆင်ကန်းတောတိုး။
၅။ ဆင်ကန်းတောတိုး ချောက်ကိုထိုး။
၆။ ဆင်ကန်းတောလား ချောက်ကမ်းပါး။
၇။ ဆင်ကိုဆင်ချင်းဖမ်း။
၈။ ဆင်ကိုဆင်နန့်ချိုင်။
၉။ ဆင်ကိုလူစီး။
၁၀။ ဆင်ကြီးတိုင်း မျက်စိမကြီး။
၁၁။ ဆင်ကြမ်းကကျုံး လူကြမ်းကမုန်း။
၁၂။ ဆင်ကြမ်းချွန်းနှိမ်။
၁၃။ ဆင်ချောင် ကြောင်ကျပ်။
၁၄။ ဆင်ခြီရာ ဆိတ်ခွါနန့်တိုင်း။
၁၅။ ဆင်ခြီရာမထင် ဆိတ်ခြီရာထင်။
၁၆။ ဆင်ခြီရာမှာ နှင်းပေါက်ကျ ကျလို့။
၁၇။ ဆင်စားမစားကေ့၊ ဆိတ်စား - စား။
၁၈။ ဆင်စားလို့ မကုန်ဆိတ်စားလို့ကုန်။
၁၉။ ဆင်စီးတရာ မြင်းစီးတထောင်။
၂၀။ ဆင်စီးလို့ မြင်းရုံ။
၂၁။ ဆင်စွယ်ကို ပြတ်တေဒါး ခရမ်းသီးမှာ စုတ်ဖွားဖွား။
၂၂။ ဆင်စွယ်မှန်ရိုး ပိုးမထိုး။
၂၃။ ဆင်တကောင်မစားလောက်၊ ကျွားတစ်ကောင်လျောက်။
၂၄။ ဆင်တဖက် ဆိတ်တဖက်။
၂၅။ ဆင်တဖက် မြင်းတဖက်။
၂၆။ ဆင်တဝင် မြင်းတပြီး (မြင်းတထွက်)။
၂၇။ ဆင်တိုင်းလည်းမလျှ တတိုင်းလည်း မရ။
၂၈။ ဆင်နားရွက်ကို ဝက်တက်ယောင်။
၂၉။ ဆင်နင်းလို့မသီ ဆိတ်နင်းလို့သီ။
၃၀။ ဆင်နန့်ဆိတ် ဆိတ်နန့်ဆင်။
၃၁။ ဆင်နန့်ဆိတ် နှိုင်းရေပိုင်။
၃၂။ ဆင်နှာမောင်းကို ခွီးမျှော်- မျှော်လို့။
၃၃။ ဆင်ပစပ်မှာ နှမ်းစိကျယောင်။
၃၄။ ဆင်ပေါက်ကြီးကို ဇီးစိနန့်ပစ်ယောင်။
၃၅။ ဆင်ပေါင်ကြီးကို ယင်ကောင်လောက်မှတ်။
၃၆။ ဆင်ပေါင်ကြီးကို ချီပိုးရန်ရှာ၊ မျောက်မာန်ပါ။
၃၇။ ဆင်ပြောင်ကြီးမှာ ကိုယ်ကားလွတ် မတုံးကျပ်။
၃၈။ ဆင်ဖိုးတထောင် ကြောင်ဖိုးတသိန်း။
၃၉။ ဆင်ဖိုးထက် ချွန်းဖိုးကြီး။
၄၀။ ဆင်ဖိုးပိုင်လို့၊ ချွန်းဖိုးမပိုင်။
၄၁။ ဆင်ဖြူပေါင်ကျိုး ထီးဖြူညှိုး။
၄၂။ ဆင်ဖြူမျက်နှာ ဆင်မဲမကြည့်ဝံ့ (မကြည့်သာ)။
၄၃။ ဆင်ဗွေ၊ မြင်းဗွေ၊ ကျွဲနွားဗွေထက် နတ်ဗွေအမျိုးသာလို့ဆိုး။
၄၄။ ဆင်မှာချီးတုံး ပိုးမှာတောင်ကုန်း။
၄၅။ ဆင်မှာဆင်စာ ဆိတ်မှာဆိတ်စာ။
၄၆။ ဆင်မှာကျင်ငယ် ချီးပိုးမှာပင်လယ်။
၄၇။ ဆင်မှာလည်း ဆင်အား ဆိတ်မှာလည်း ဆိတ်အား။
၄၈။ ဆင်လာ- လာ၊ မြင်းလာ - လာ။
၄၉။ ဆင်လားကေ လမ်းမလို။
၅၀။ ဆင်လား လမ်းဖြစ် (လမ်းထွင်)။
၅၁။ ဆင်လည်းသန်လွန်းရေ၊ မြင်းလည်းယင်လွန်းရေ။
၅၂။ ဆင်လည်းသန်လွန်းရေ၊ မြင်းလည်းယင်လွန်းရေ ဆိတ်မှကောင်းရေ။
၅၃။ ဆင်လိုက်မှ ကျွမ်ိနန့်ရှာ။
၅၄။ ဆင်သီကို ဆိတ်ရီနန့်ဖုံး ရေပိုင်။
၅၅။ ဆင်အိပ်ရာမှာ ဆိတ်လာနှိုးယောင်။

# ဆင်း

၁။ ဆင်းရဲကေ ငရဲနန့် ရန်မကင်း။
၂။ ဆင်းရဲကေ ဆွီမျိုးမတော်ချင်။
၃။ ဆင်းရဲကေ ရန်များရေ။
၄။ ဆင်းရဲကေ လူရာမဝင်။
၅။ ဆင်းရဲကေ လူမဟောက် ပုဇွန်ဖြူ ငါးမဟောက် (ဟုတ်)။

၆။ ဆင်းရဲကေ လင်မယားရန်ဖြစ်တေ။
၇။ ဆင်းရဲကေ ခိုးနိုးနိုး။
၈။ ဆင်းရဲချမ်းသာ အနားမှာ။
၉။ ဆင်းရဲချမ်းသာ အပြစ်သာ။
၁၀။ ဆင်းရဲတခါ ချမ်းသာတလှည့်။
၁၁။ ဆင်းရဲမတူ ချမ်းသာမမျှ ငါ့ဘဝ။
၁၂။ ဆင်းရဲများအပြစ်ပွား။
၁၃။ ဆင်းရဲလီ ရောဂါနှိပ်စက်လီ။
၁၄။ ဆင်းရဲသား လယ်လုပ်မိုယ်းခေါင်ရေ။
၁၅။ ဆင်းရဲသားသီ စည်မတီး။
၁၆။ ဆင်းရဲသား လူပျင်း တနိမှာသုံးခါဖျား။
၁၇။ ဆင်းရဲသူလူမဟုတ် ပုဇွန်ဖြူငါးမဟုတ်။
၁၈။ ဆင်းရဲအတူ ချမ်းပူအမျှ။
၁၉။ ဆင်းရဲအားရ ကြွယ်ဝမနာလို။

# ဆိုင်

၁။ ဆိုင်ရာဆိုင် မပိုင်။

# ဆိုင်း

၁။ ဆိုင်းလည်းမကျ ဗုံလည်းမကျ။

# ဆောက်

၁။ ဆောက်ခတ်တရာ ဗောတူတချက်။
၂။ ဆောက်ဖြစ်မှ ကျောင်းတကာ။
၃။ ဆောင်တိုင်းအောင် ကြံတိုင်းမြောက်။

# ဆောင်း

၁။ ဆောင်းခါကျွန်ပြီး မီးလှုံရာမှာ ဖမ်းလို့တွိ့။
၂။ ဆောင်းခါငခူ ပူခါငဝက်။
၃။ ဆောင်းခါဆီးပိုင်။
၄။ ဆောင်းခါရီချိုး နှင်းတောတိုး၊ ပူခါမီးလှုံ စောင်ကြီးချုံ။
၅။ ဆောင်းခါလူပျင်း တနိမှာသုံးခါဖျား။
၆။ ဆောင်းခါအိပ်မက် ကရောက်ကထောက်မက်။
၇။ ဆောင်းရာသီပြာသိုလ ဝါကြီးမမီးတဖွာ။

# ဆတ်

၁။ ဆတ်ကျရေ။
၂။ ဆတ်တစ်ကြောင်း ချီတစ်ကြောင်း။
၃။ ဆတ်မှာအဂ္ဂိုလ်ကြောင့် ဆုံးယှုံး။
၄။ ဆတ်မှာအဂ္ဂိုကြောင့်ဆုံးယှုံး ဖားမှာအသံကြောင့် သီဆုံး။
(ဆတ်မှာအဂ္ဂိုကြောင့် ဆုံးယှုံး ဖားမှာအသံကြောင့် သီဆုံး၊ လူမှာအမျိုးကြောင့် ပျက်ပြုန်း)
၅။ ဆတ်လှီးရာမှာ ခွီးမျှော် - မျှော်ရို့။

# ဆဒ္ဒန်

၁။ ဆဒ္ဒန်ဆင်ဖြူမျိုးမှန်ကေ ဆင်မဲဖွားရိုးမဟိ။

# ဆိတ်

၁။ ဆိတ်ကိုမြင်မှ ဆင်ကိုခလုတ်ခတ်တေ။
၂။ ဆိတ်ကွယ်ရာ အရပ်မဟိ။
၃။ ဆိတ်ချီးတရာ ဆင်ချီးတတုံး။
၄။ ဆိတ်ချိုင်ရေကြိုးနန့် ဆင်ကိုချိုင်လို့မရ။
၅။ ဆိတ်ခြီတရာ ဆင်ခြီတချောင်း။
၆။ ဆိတ်ဆိတ်သျှေစားဆို ဆိတ်သားထည့်။
၇။ ဆိတ်ဆိတ်နီက တထောင်တန် ဆိတ်ဆိတ်မနီက အထောင်းခံ။
၈။ ဆိတ်ဆိတ်နီ စဆီမှတ်လား။

၉။ ဆိတ်တကြောင်း ဆင်တကြောင်း။
၁၀။ ဆိတ်တရာ ဆင်တကောင်။
၁၁။ ဆိတ်တရှိ ကြိုးတခြီ။
၁၂။ ဆိတ်ဖန်များ အနာဖြစ်။
၁၃။ ဆိတ်မသိခင် ဥကိုဖောက်။
၁၄။ ဆိတ်မသိခင် အရိနှိုး။
၁၅။ ဆိတ်မှာဆိတ်စာ၊ ဆင်မှာဆင်စာ။
၁၆။ ဆိတ်မှာဆိတ်အား ဆင်မှာဆင်အား။

# ဆုတ်

၁။ ဆုတ်ကေစူး၊ စားကေရူး၊ နမ်းကေမူး၊ ပဒိုင်းသီးပိုင်။

# ဆံ

၁။ ဆံကိုသာချ မာနမချ။
၂။ ဆံထုံးချ အမြိတ်နန့် စကားပြောအချိပ်နန့်။
၃။ ဆံထုံးတထောင် အဂေါင်းတလုံး။
၄။ ဆံထုံးထိပ်တင် လင်မရ။
၅။ ဆံထုံးလည်းထုံးရ ခေါင်းလည်းဖြီးရ ပန်းလည်းပန်ရ။
၆။ ဆံပင်ဖြူသီမင်း တခွန်တိုင်ထူ။

# ဆန်

၁။ ဆန်ကောင်းမကောင်း ထောင်းမှသိ။
၂။ ဆန်ကောင်းမကောင်း ထောင်းမှသိ လူကောင်းမကောင်း ပေါင်းမှသိ။
၃။ ဆန်ကုန် ထမင်းကျွေး။
၄။ ဆန်ကုန် မြီလီး။
၅။ ဆန်စဉ်တိုင်း ကျမွိန့်မလိုက်နိုင်။
၆။ ဆန်တစိနန့် ထမင်းမဖြစ်။
၇။ ဆန်ထမင်း ဆားဟင်းနက်။
၈။ ဆန်နစ်ကြိတ်စရာမဟိ လူကိုကြွီးအတိ။
၉။ ဆန်နန့်ထင်း မီးနန့်ရီ။
၁၀။ ဆန်ပုတ်မှာ ကြွက်သျှေကျ- ကျလို့။
၁၁။ ဆန်ဖိုးထက် ရိဖိုးကြီး။
၁၂။ ဆန်ဖြူဆန်နီထောင်းမှသိရေ လူကောင်းမကောင်း ပေါင်းကြည့်မှသိရေ။
၁၃။ ဆန်မဟိ ငွီသာအရင်း။
၁၄။ ဆန်မဟိပဲ ကျီဆောက်။
၁၅။ ဆန်မဟိပဲ ပုတ်ကြီး။
၁၆။ ဆန်မဟိပဲ ပုတ်ကြီး ဝန်မဟိပဲ အထုပ်ကြီး။
၁၇။ ဆန်မဟိ အစားကြီး။
၁၈။ ဆန်မဟိ အစားကြီး ငွီမဟိ အသုံးကြီး။
၁၉။ ဆန်မှာလည်း မဝင် စပါးလည်း မဝင်။
၂၀။ ဆန်ရီစပါး ဝပြောထွီ- ပြည်ခညဝတီ။
၂၁။ ဆန်ရင်း နာနာဖွတ်။
၂၂။ ဆန်လည်းမဖြစ် စပါးလည်း မဖြစ်။
၂၃။ ဆန်အောက်နန့် ငါးခြောက်။
၂၄။ ဆန်အောက်လို့ ဆွမ်းလောင်း။

# ဆန်း

၁။ ဆန်းတိုင်းမလှ ရိုးတိုင်းမအ။
၂။ ဆန်းရာဆန်းစီ မအောက်စီကေ့။
၃။ ဆန်းလျှင်တချက် ရိုးလျှင်တသက်

# ဆုံး

၁။ ဆုံးစမမြင် ကြောင်းလမ်းသွင်။
၂။ ဆုံးစမမြင် ပင်လယ်ပြင်။
၃။ ဆုံးစမမြင် အာကာပြင်။

၄။ ဆုံးမ ခဲခက် ကြိစဲ ပျက်။
၅။ ဆုံးမ - မခံ လူငကြံ။
၆။ ဆုံးမ - မနိုင် ပျက်ချော်တိုင်။

# ဆို

၁။ ဆိုခဲ စီ၊ မြဲစီ၊ ဆိုလွယ်စီ၊ ပြေခဲစီ။
၂။ ဆိုမည်ယောင်ယောင်နန့်ဖုံး ငိုမည်ယောင်ယောင်နန့်ပြုံး။
၃။ ဆိုသာဆို မပိုကေ့ ငိုသာငို မျက်ရည်မစိုကေ့။

# ဆို့

၁။ ဆို့ဖန်များ နုတ်ခမ်းရဲ။
၂။ ဆို့မနိုင် ဖာမရ။

# ဆိုး

၁။ ဆိုးကေပစ် ကောင်းကေလိုက်။
၂။ ဆိုးကေလေ့ မောင်ချစ်သူ ကောင်းကေလေ့ မောင်ချစ်သူ။
၃။ ဆိုးကေသတ် ရိုးကေငတ်။
၄။ ဆိုးကောင်းမသိ လူငတိ။
၅။ ဆိုးဆိုးကောင်းကောင်း သီယောင်ပေါင်း။
၆။ ဆိုးတခါ ကောင်းတလှည့်။
၇။ ဆိုးတူ ကောင်းဖက်။
၈။ ဆိုးဖွယ်ကောင်းဖွယ် ဤနှစ်ထွေကို ဉာဏ်ဝယ်စူးချ ပဏ္ဍိတ။
၉။ ဆိုးလွန်းက ထောင်ကျ ရိုးလွန်းက အ
၁၀။ ဆိုးလွန်းကထောင်ကျ ရိုးလွန်းက မရ။
၁၁။ ဆိုးလျှင်ခံ ကောင်းလျှင်စံ။
၁၂။ ဆိုးလျှင်ပစ် ကောင်းလျှင်လိုက်။

# ဆွီ

၁။ ဆွီချင်းချုံမှလုံ မျိုးချင်းထပ်မှ မြတ်။
၂။ ဆွီ - ဆွီချင်းထပ်၊ မျိုး - မျိုးချင်းစပ်။
၃။ ဆွီတရာ မျိုးတသောင်း။
၄။ ဆွီမျိုးချင်းရန်တွိ့ တသက်နန့်မမိန့်။
၅။ ဆွီမျိုးလင် ကြင်နာသတ်၊ အပြင်လင် ငင်ကာသတ်။
၆။ ဆွီမျိုးသားချင်း မစိမ်းကားရ။

# ဆွဲ

၁။ ဆွဲကောင်းတိုင်းဆွဲ ပြဲရုံသာ။

# ဆွမ်း

၁။ ဆွမ်းခံနီယင့် ငှက်သင့်။
၂။ ဆွမ်းဆန်တဲ ကြွက်ချီးကျ။
၃။ ဆွမ်းတစ်အုပ်နန့် ဘုရားပေါင်းရန်တိုက်။
၄။ ဆွမ်းတစ်အုပ်နန့် ဘုရားစုံဖူး။
၅။ ဆွမ်းတင်လည်းမမှီ ဆွမ်းကြွင်းလည်းမမှီ။
၆။ ဆွမ်းတင်လည်းမမှီ ဆွမ်းဆုတ်လည်း မမှီ။

**ဇ**

## ဇ

၁။ ဇကာ ကျယ်ရေ။

၂။ ဇကန်းဂေါင်းဖြူခါယူ။

၃။ ဇကန်းတရှိုကြား ဖျိုင်းနားရေပိုင်။

၄။ ဇကန်းပိုင်အာရို့စား။

၅။ ဇကန်းပိုင် အာရို့စား ခွီးပိုင်ဝုတ် လို့မစားကေ့။

၆။ ဇကန်းမျက်စိ စွန်မျက်စိ။

၇။ ဇကန်းလည်းအာအာ၊ ခဲးဝါလည်း ဝါဝါ၊ ပြည်ရွာသာလှမြို့ဧည (ဝါဝါမြည်သံ)

၈။ ဇကန်းအာ မကြာစီကေ့ ချီဖားယောက် မကြောက်လီကေ့။

၉။ ဇရက်သိုက်မှာ ကြောင်လာကျယောင်။

၁၀။ ဇရက်အိုး ပြို - ပြိုရို့။

၁၁။ ဇရပ်နန့်မီးသွီး တံတားနန့်ချီး။

၁၂။ ဇဝဲး ဇဝါမရ။



၁၃။ ဇဝဲး မရ၊ ဇဝါ မရ။

## ဈ

၁။ ဈာ- ဈာ - ဈာနန့် ဈာလည်းမဟုတ် ညာလည်းမဟုတ်။

၂။ ဈာတိ - ဈာတိ မျိုးရိုးဈာတိ လူမြင်တိုင်း မသိ။

၃။ ဈာတိတလုံး အခက်ဆုံး။

၄။ ဈာတိတလုံး အမြတ်ဆုံး။

၅။ ဈာတိတလုံး အမှန်သုံး။

၆။ ဈာတိမမှန် မျိုးမသန်။

၇။ ဈာတိမာန် ခက်ထန်မှ မင်းမျိုးမှန် (မျိုးရိုးမှန်)

၈။ ဈာတိမျိုးမှန် အဖိုးတန်။

၉။ ဈာတိမျိုးမှန် အောက်ကျမခံ။

၁၀။ ဈာတိမှန်- မမှန် အမူအကျင့်ကိုကြည့်။

၁၁။ ဈာတိကို ယောင်ယမ်းမှသိ။

၁၂။ ဈာတိအနာ လှကြာမိမှာ ဝမ်းထဲပါ။

၁၃။ ဈာတိအနာ ဝမ်းထဲပါ။

၁၄။ ဈာတိအနာ ဝမ်းထဲပါ ဗိန္ဓောကုလို့ မရပါ။

၁၅။ ဈာပတိသျှစ်သောင်း ရှိကံကြောင်း။

၁၆။ ဈာပင် လာလီ ငါမထီ။

၁၇။ ဈာလောက်ပင်ကြီး ငွီထုပ်နန့်ဖိ- ပိပြား။

၁၈။ ဈာအရုပ်နန့် ငါးဖုတ်ကြပ်စင် တင်ဖို့ရောင်။

## ဉ

၁။ ဉီခိုးနန့် ရှိခိုး တချက်တည်း။

၂။ ဉီတင်နန့် ဉီးတင်တူတူပင်။

## ဖီး

၁။ ဖီးကိုခွတ် မယားကိုသတ်။
၂။ ဖီးချောင်းရီနန့် မြစ်ရီမရော။
၃။ ဖီးစီကို ထန်းသီးလုပ်။

## ဖက်

၁။ ဖက်ကိုကိုင် ပြီးနိုင်လွတ်ခဲ။
၂။ ဖက်ကြိုးနန့်မြင်း မျှင်ကြိုးနန့်ကျွဲ။

## ဖောက်

၁။ ဖောက်ဆိုကေ ဂျောက်။
၂။ ဖောက်ဝင်လီ နက်လီ။
၃။ ဖောက်ဝင်လီနက်လီ နက်လီဖောက်ဝင်လီ။

## ဖောင်

၁။ ဖောင်ဆိုကေ - ဒန်း၊ ဒန်းဆိုကေ - ဖောင်။
၂။ ဖောင်ပင်လား - ဖောင်ပင်လားနန့် ဖောင်းလည်းမဟုတ် ဖြက်လည်းမဟုတ်။

## ဖောင်း

၁။ ဖောင်းလည်းမဖြစ်၊ ဒန်းလည်း မဖြစ်။
၂။ ဖောင်းထက်လီ ပြတ်လီ။

## ဖာတ်

၁။ ဖာတ်ကတော့တမတ်ရ လင်းကွင်းနင်းမိတော့ တဆယ်လျော်ရ။
၂။ ဖာတ်ချင်းမတူကေလေ့ မေတ္တာသာပဓာန။
၃။ ဖာတ်ချင်းမတူ မကြည်ဖြူ။
၄။ ဖာတ်ချင်းမတူ အလိုတူ။
၅။ ဖာတ်တူသားစား ပျက်ပြားရ။
၆။ ဖာတ်မတူ အမူကွဲပြား။
၇။ ဖာတ်မှာလူပျက်၊ အိမ်မှာကြွက်နက်၊ ကြမ်းမှာအကွပ်။
၈။ ဖာတ်သမ ပစ၊ အရှုးပစ၊ အသျှေပစ။
၉။ ဖာတ်သမ- မယား၊ နွဲ့သမပါး၊ ဖဲသမ (ဒင်္ဂါး)။

## ဖမ်

၁။ ဖမ္ဗူဒိတ်ကျွန်း နိမိတ်ထွန်း။
၂။ ဖမ္ဗူမှာ တလူမပေါ်။
၃။ ဖမ္ဗူမှာယှား ငါတကား။
၄။ ဖမ္ဗူရစ်ရှိစင် မင်းသုံးဝင်။

## ဖွဲ့း

၁။ ဖွဲ့းကောင်းမှ အောင်ပွဲရ။
၂။ ဖွဲ့းသန်မှ အောင်လံရ။

## ဖွန်း

၁။ ဖွန်းကြီးရာ ဟင်းဖတ်ပါ။

## ဈ

### ဈာ

၁။ ဈာပန ပြာကျမှ ပြန်တော့မည်။

### ဈီး

၁။ ဈီးကိုကြည့်လို့ ပါးပါးလှီး။
၂။ ဈီးချင်းတူ ဦးသူယူ။
၃။ ဈီးစကားဈီးမှာ အိမ်စကားအိမ်မှာ။
၄။ ဈီးစကားမှာ မုသားပါ။
၅။ ဈီးစကားမှာ အမှားပါ။
၆။ ဈီးစကား အတည်မဟိ။
၇။ ဈီးစကား အိမ်မှာမယား - မပြောရ။
၈။ ဈီးစာ နှာစာ။



၉။ ဈီးစာ နှာစာ၊ အဘာကြီးမှာ အထုပ်ပါ။
၁၀။ ဈီးတင်စပါး အဖျင်းများ။
၁၁။ ဈီးပွဲမှာ ငမွဲသိုက်။
၁၂။ ဈီးပွဲမှာ လူမွဲသိုက်။
၁၃။ ဈီးမှာစကား အိမ်မှာမယားကိုတောင် မပြောရ။
၁၄။ ဈီးရောင်းစား မုသားပါ။
၁၅။ ဈီးသင့်မှ ကုန်စွန်ရေ။
၁၆။ ဈီးသုံးနှာသုံး။

### ဈာန်

၁။ ဈာန်ကစပ်ကြူး ဈာန်ကြိုးပြတ်၊ ကန်းမနန့်ရတတ်။

## ည

### ည

၁။ ညကလည်းကောင်း၊ လကလည်းကောင်း၊ ပုံကောင်းတစ်ခု ပြောပြပါ။
၂။ ညဇာလည်း မလာကေ့၊ အပူလည်း မရှာကေ့။
၃။ ညပြောအောက်၊ နိန့်ပြောနောက်။
၄။ ညဦးက ငိုရေလူလည်း ကျွဲတမ၊ မိုးသောက် ငိုရေလူလည်း ကျွဲတမ။

### ညာ

၁။ ညာစား ဝါးစား ။ (ညာစား၊ ပျာစား၊ ဝဝစား)
၂။ ညာစား သာပေါင်း။
၃။ ညာစားသာပေါင်း ၊ ထိုလူများကို ယှောင်ကြည်ကောင်း။
၄။ ညာနိုင်ကေ သမာဓိ၊ လိမ်နိုင်ကေ ပညာဟိ။
၅။ ညာလဲဘယ်ထောင် တက်တက်ပြောင်။

# ညီ

၁။ ညီညာထကြွလုပ်ဆောင်မှ အောင်မြင်ကြ။
၂။ ညီနန့်အည်းကို တရားဆို၊ အည်းကိုမျက်ရည်ယို။
၃။ ညီနန့်အည်းမတရားချ၊ အည်းမမျက်ရည်ကျ။
၄။ ညီမျှမှုသမ။
၅။ ညီအည်းကိုနှစ်ဦး ဖြိုးဥပမာ။

# ညည့်

၁။ ညည့် ကိုကကြောင် နိန့်ကိုမောင်။
၂။ ညည့်ခါရီချိုး ကန်းကျင် ဆီအိုးနန့်မှား။
၃။ ညည့်နက်လီ တဆီမြွလီ။
၄။ ညည့်နက်လီ တဆီရဲလီ။
၅။ ညည့်နက်သိုင်ခေါင် စဆီမျှောင်။
၆။ ညည့်ပြောအောက်ကြည့်၊ နိန့်ပြောနောက်ကြည့်။
၇။ ညည့်မိုက်သိုင်ခေါင် မှောင်မိုက်ထဲ တိမ်တိုက်ကဖုံး။
၈။ ညည့်မှောင်မသိ ကြက်မျက်စိ။
၉။ ညည့်ရှည် အိမ်မက်များ။
၁၀။ ညည့်အခါ လူအခြင်းကို မပြောရ။
၁၁။ ညည့်အိပ်တေခါ မီးမထွန်းပဲ မအိပ်ရာ။

# ညောင်

၁။ ညောင်ကပ်မျိုးရော တသဘော။
၂။ ညောင်စိလောက်လှူ ညောင်ပင်ကြီးလောက်ရ။
၃။ ညောင်ညောင်မြည် ကြောင်မှန်းသိ။
၄။ ညောင်ပင်ကို မနိုင်၊ ပုထိုးကို ဖျက်။
၅။ ညောင်ပင်ကြီးလှူ ညောင်စိလောက်မရ။
၆။ ညောင်ပင်ကြီးအောက် ညောင်ပင်သျှေမပေါက်။



၇။ ညောင်ပွင့်ရေခါယူ။
၈။ ညောင်မြစ်ကိုတူး ပုသင်ဥပေါ်။

# ဉာဏ်

၁။ ဉာဏ်ပညာချုပ် ခြွန်းနှယ်အုပ်သို့။
၂။ ဉာဏ်မွဲကင်းထူး မိုက်သောသူ အတူမပေါင်းရ။

# ညှာ

၁။ ညှာထါးငါး ကြောင်စား။
၂။ ညှာထားငါး လောက်သောသော။

# ညွှတ်

၁။ ညွှတ်ကိုမမြင် အစာကိုသာမြင်။

# ဌ

# ဌါ

၁။ ဌါနခြားမူ၊ ကိုယ့်အိမ်သူလည်း၊ အမူ ကွဲပြတ်၊ ကျင့်ဖောက်တတ်။
၂။ ဌါန- ဌါန ကောသလ္လ။

# တ

## တ

၁။ တကာ ငါဆိုတိုင်း။
၂။ တကာပါးကဆိုကေ နာပါရေဆာပါရေ၊ ဘုန်းကြီးပါးကဆိုကေ စားလိုက်သောက်လိုက်
၃။ တဆတ်ဆတ်ခြင်ခတ်မောင်ယေ၊ ခပ်ဖန်များကေ အိုးပြည့်ရေ။
၄။ တဏှာကင်းပြောင် ခေမာသောင်။
၅။ တဏှာကိုအဖော်လုပ်၊ သံသရာစုပ်စုပ်မြုပ်။
၆။ တဏှာနန့်တူဘိ မြစ်မဟိ။
၇။ တဏှာပေမ ချစ်သမျှ မီးမျှမကပူ။
၈။ တဏှာမြစ်မ ပင်လယ်ဝ။
၉။ တဏှာမှာ မျက်စိမဟိ။
၁၀။ တဏှာရမက် လူကိုဖျက်။
၁၁။ တဏှာလွန် ကျွန်ဖြစ်တေ။
၁၂။ တဏှာသည် အကန်းနန့်တူ။
၁၃။ တဏှာသန် ပူပန်ရ။
၁၄။ တဏှာအလိုသို့လိုက် အမိုက်ဖြစ်။
၁၅။ တတိုင်းလည်းမရ ဆင်တိုင်းလည်း မလှ။
၁၆။ တပည့်မကောင်း ဆရာဂေါင်း။
၁၇။ တပည့်မကောင်း ဆရာကောင်း၊ သားသမီးမကောင်း မိဖဂေါင်း (ခေါင်း)။
၁၈။ တပည့်မလိမ္မာ ဆရာသီတင်းမသုံးသာ။
၁၉။ တပည့်လိမ္မာ ဆရာအာပတ်လွတ်။
၂၀။ တပည့်ရှာ ဆရာနန့်တွိ။
၂၁။ တပေါင်နီ တစ်ရှိခန်း။
၂၂။ တပေါင်၊ နီဒါန်း၊ ကိန်းအခန်း။
၂၃။ တပေါင်းတန်ခူး တောင်လီမြူး။
၂၄။ တပေါင်းတန်ခူး မြူဖုံဖုံ။
၂၅။ တပေါင်းတန်ခူး လီပွီမြူး (မိုးသက်ကြူး)။
၂၆။ တပေါင်းတန်ခူး လီဟူးဟူး။
၂၇။ တပေါင်းရွက်ကျင် ရွက်နုဆင်။
၂၈။ တပေါင်းလ လီပွီ ထွားထွားကြီ။
၂၉။ တပို့တွဲ တပေါင်း ပြာမှုန့်ဆောင်း။
၃၀။ တပို့တွဲ တပေါင်း မြူထောင်းထောင်း။
၃၁။ တမာစကားမပြောကြားနှင့် နဝံပီယံပြောဆိုရန်။
၃၂။ တမာ- တမာခါးတမာ၊ တမာပင်က ဇာတိပြ။
၃၃။ တမာသကာထည့်လည်း မချို။
၃၄။ တမန်းကောင်းကေပျောင်း လူကောင်းကေ ပေါင်း။
၃၅။ တမန်းတပြည် ညွှန်တစ်ပြည်။
၃၆။ တရားကိုစောင့်ပြီးမှ တရားကပြန်စောင့်။
၃၇။ တရားကိုရှာ အချက်ကိုဖျက်။
၃၈။ တရားကိုရှာ အချက်ကိုခွါ။
၃၉။ တရားကို နတ်စောင့်။
၄၀။ တရားကိုလိုက် တဏှာကိုပစ်။
၄၁။ တရားကျင့်တတ် သူတော်မြတ်။
၄၂။ တရားကြူးကေမွဲ၊ အစားကြူးကေ ဘေး။
၄၃။ တရားဆုံးဖြတ် ဓမ္မသတ်။
၄၄။ တရားတတ်ဖြောင့်ခဲသည် စကားတတ်စောင့်ခဲသည်။
၄၅။ တရားနာခိုက် ပီတိဖြစ်။
၄၆။ တရားနန့်လွဲ၊ အပါယ်ငရဲဆွဲ။
၄၇။ တရားဖက်လိုက် ဘုရားကြိုက်။
၄၈။ တရားမတတ် ရှုံးကိုကပ်၊ စကားမတတ် ထုံးကိုမှတ်။

၄၉။ တရားမှန် - နတ်လူသာခုခေါ်။
၅၀။ တရားလည်းနာရယောင်၊ အဆာလည်းပြေယောင်။
၅၁။ တရားဆိုသော်ရဲလှစေ၊ စကားဆိုသော် မြဲလှစေ။
၅၂။ တရားလွဲ နတ်လူလှည့်မကြည့်။
၅၃။ တရားသည် လူကိုမျက်နှာမလိုက်။
၅၄။ တရားဩဇာမြိုက်ရသာ၊ ချိန်ခါရှိခိုက် သောက်သုံးလိုက်။
၅၅။ တရုတ်နန့်ကုလား။
၅၆။ တရုတ်နန့်ကုလား ခါးမှပျက်ပြား။
၅၇။ တရုတ်နန့် ဝက်။
၅၈။ တရုတ်မျက်နှာ ဝက်မကြည့်သာ။
၅၉။ တရွှိ့ရွှိ့လား ဖန်များရောက်။
၆၀။ တလင်္ကန္ဒီ စနီရန်ဖက် တခြက်ခြက်။
၆၁။ တလင်္ကန္ဒီ စပါးကျီမှာထား။
၆၂။ တလင်္ကန္ဒီ ရွာလီမိုးသက်ခုနှစ်ရက်။
၆၃။ တလင်္ကန္ဒီ ပွဲတလင်နိကြိုး။
၆၄။ တလင်းလည်းပွဲ ပုတ်လည်းဆွဲ။
၆၅။ တလိုင်းကိုအကောက်၊ ကုလားကိုမီးပေါက်၊ ပျူကိုအမြောက်။
၆၆။ တလိန်တွက် ငှက်အမျိုး ကောင်းကင်ပြိုမှာစိုး။
၆၇။ တလိန်တွက် ငှက်အမျိုး အပင်မှာ မနားရိုး။
၆၈။ တဝဲလည်လည် လူငစွေ။

# တံ

၁။ တံငါနားနီးကေ - တံငါ ၊ မုဆိုးနားနီးကေ - မုဆိုး။

# တစ်

၁။ တစ်ကိုင်တည်း ငါးပိ။
၂။ တစ်ကောင်ရလည်း သမီးမေထွီး ချင်ထွီးစားမည်။
၃။ တစ်ကောင်ရလည်း အာစားဖို့ နှစ်ကောင်ရလည်း အာစားဖို့။



၄။ တစ်ကန်ကရီ တစ်ကန်မှာထည့်မပြည့်။
၅။ တစ်ကိုယ်ကောင်းကြံ အထီးကျန်။
၆။ တစ်ကျောင်းတဂါထာ တစ်ရွာတပုဒ်ဆန်း။
၇။ တစ်ကျောင်းတည်းနီ တစ်ရီတည်းသောက်။
၈။ တစ်ခါကောင်း ကောင်းနည်းနည်း (နိုးနိုး)။
၉။ တစ်ခါကျဖူးမှ သတိရရေ။
၁၀။ တစ်ခါခုန်ဖူး ရေနွှား၊ ခါတိုင်းခုန်ရေ။
၁၁။ တစ်ခါခိုး ဆယ်ခါခိုးချင်။
၁၂။ တစ်ခါခိုးတစ်ခါတွို့ ကံကအဆွီး။
၁၃။ တစ်ခါစား မလုပ်ရ၊ တသက်စာကြံ။
၁၄။ တစ်ခါစံ တစ်ခါခံ ရစမြဲ။
၁၅။ တစ်ခါ တစ်ခါနန့်။
၁၆။ တစ်ခါပီး တွိတိုင်းတောင်း။
၁၇။ တစ်ခါပြဖူး သူ့ကျေးဇူး။
၁၈။ တစ်ခါပြော တသက်မှတ်ထား။
၁၉။ တစ်ခါမကောင်း ဆယ်ခါမကောင်း။
၂၀။ တစ်ခါမကျ သတိမရ။
၂၁။ တစ်ခါမပြောင့် ဆယ်ခါမပြောင့်။
၂၂။ တစ်ခါမပြန် အနာဂါမ်။
၂၃။ တစ်ခါမမိ တစ်ခါမိ။
၂၄။ တစ်ခါမယုံ ဆယ်ခါမယုံ။
၂၅။ တစ်ခါမသိ ဆယ်ခါမသိ။
၂၆။ တစ်ခါမသိ ဆယ်ခါသိ။
၂၇။ တစ်ခါမသီ ပျဉ်ဖိုးမသိ။
၂၈။ တစ်ခါရ ရေကြောင်းထင်၊ ရွာနားချောင်း၊ လမူးပိတ်၊ ချီးတုံးဝင်။
၂၉။ တစ်ခါလာအားနာ၊ နှစ်ခါလာ အားနာ။
၃၀။ တစ်ခါလိမ်- လိမ်သူအပြစ်၊ နှစ်ခါလိမ် လိမ်ခံသူအပြစ်။
၃၁။ တစ်ခါသိ ဆယ်ခါသိ။
၃၂။ တစ်ခါသီဘူးမှ ပျဉ်ဖိုးနားလည်။
၃၃။ တစ်ချက်ခုတ် နှစ်ချက်ပြတ်။

၃၄။ တစ်ချက်ကို တစ်သက်ယူ။
၃၅။ တစ်ချိန်းခွတ် နှစ်ချိန်းပြတ်။
၃၆။ တစ်ခြားလူထက် ကိုယ်လူညှက်။
၃၇။ တစ်ခြားလူထက် လူယုံခက်။
၃၈။ တစ်ခြုံကွယ်ဘိ တမယ်မိ။
၃၉။ တစ်ခွန်းစကား တစ်သက်ထား။
၄၀။ တစ်ခွန်းပြော နှစ်ခွန်းနားလည်။
၄၁။ တစ်စိကေဆို တစ်အိတ်ကေ။
၄၂။ တစ်စိကေဆို တသက်စာယူ။
၄၃။ တစ်စိကေဆို- တစ်စိကေနန့် အိတ်ပြည့်။
၄၄။ တစ်စိနောက်က တစ်စိလိုက် ဖြစ်ချင်စွာဖြစ်။
၄၅။ တစ်စက်တစ်စက် ကျဖန်များ အိုးပြည့်။
၄၆။ တစ်စက်တစ်စက် ယိုဖန်များ ကုန်။
၄၇။ တစ်ဇွန်းကိုရာမြင်ရေ တစ်အိုးကို မမြင်။
၄၈။ တစ်ဇွန်းယူခ တစ်ယောက်မ။
၄၉။ တစ်ညည့်လုံးလျှော်ရေလောင်း၊ ခုန်းတိုင်ကမလွတ်။
၅၀။ တစ်ညည့်အိပ်ပျက် ဆယ်ညည့်အိပ်မဝ။
၅၁။ တစ်တောဝင် တစ်ပြင်သန်း။
၅၂။ တစ်တောင်ပီး တစ်လံယူ။
၅၃။ တစ်တောင်ပြေ တစ်လံမြင် ပညာသျှင်။
၅၄။ တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်။
၅၅။ တစ်တန်၊ ကူး တိုးကိုကြောက် ဆယ်တန်ကူး တိုးနန့်တွိတတ်တေ။
၅၆။ တစ်တန်ကူးတိုး မြတ်ရာပို့။
၅၇။ တစ်တွင်းဝင် တစ်ကောင်ကြွက်။
၅၈။ တစ်ထည်ရ အလှပြိုင်ချင်။
၅၉။ တစ်ချက်ဆို တစ်သက်ယူ။
၆၀။ တစ်ချိန်းခွတ် နှစ်ချိန်းပြတ်။
၆၁။ တစ်ထည်ဝတ် ရှားရှား။
၆၂။ တစ်ထည်ဝတ်ရှားရှား၊ တစ်ထပ်စား ကားကား။
၆၃။ တစ်ထစ်ခွတ် နှစ်ထစ်ပြတ်။
၆၄။ တစ်ထောင်မြင် တစ်ရာစွန့်။
၆၅။ တစ်ထပ်စာကို တစ်သက်စာထင် ခွီးအမြင်။
၆၆။ တစ်ထပ်စားကားကား တစ်ထည်ဝတ်ရှားရှား။
၆၇။ တစ်ထွာပြ တလံမြင်။
၆၈။ တထွာမခွါ အပ်နဖားမှာ ခြည်မျှင်ပါယောင်။
၆၉။ တစ်နားဆို တစ်ဖွဲလားမိန်း။
၇၀။ တစ်နား တစ်ဖွဲ။
၇၁။ တစ်နားနန့် တစ်ဖွဲ တစ်ချက်တည်း။
၇၂။ တစ်နိ့တစ်ခါသီရမှာ။
၇၃။ တစ်နိတစ်ခြား ရီနည်းငါး။
၇၄။ တစ်နိ့တစ်နိ့ ကာလရှို့။
၇၅။ တစ်နိ့တစ်ခြား သီဖက်နီး။
၇၆။ တစ်နိထက်တစ်နိ သီရက်နန့်နီး။
၇၇။ တစ်နိထက်တစ်နိ တရှို့ရှို့နဲ့ အချိန်ကုန်။
၇၈။ တစ်နီယွင်းချွတ် တလမွတ်။
၇၉။ တစ်နီလုံးကတဲ တိုက်တေကြက်မ ဥခါတစ်လုံးတည်း။
၈၀။ တစ်နှစ်လုံးစာသင်ရေ ကမှန်းခမှန်းမသိ။
၈၁။ တစ်နှစ်လုံးစာသင်ရေ ဇာမှန်းမသိ။
၈၂။ တစ်နွယ်ငင် တစ်ခြုံပါ။
၈၃။ တစ်ပူမှာ နှစ်ပူထပ်လောင်း။
၈၄။ တစ်ပူမှာနှစ်ပူလောင်း အကြောင်းကမလှ။
၈၅။ တစ်ပင်လဲမူ တစ်ပင်ထူ။
၈၆။ တစ်ပုတ်တည်းဆန် တစ်ရိုင်တည်းစပါး။
၈၇။ တစ်ဖီးကလွတ် နှစ်ဖီးထပ်။
၈၈။ တစ်ဖီးထက် နှစ်ဖီးမဟိ။
၈၉။ တစ်ဖက်ကမ်းပြို တစ်ဖက်ကမ်းဆန်း။
၉၀။ တစ်ဖောင်ဝါး တစ်လုံးနန့်ကန်။
၉၁။ တစ်ဖောင်ဝါး တစ်လုံးနန့်ကန် ကေလေ့အချည်းနှီး။
၉၂။ တစ်မိုယ်းလယ်ထွန် နွားထီးမှန်း နွားမမှန်းမသိ။
၉၃။ တစ်မိုယ်းအောက်တွင် တစ်ယောက်မပေါ် ငါရာဇာ။

၉၄။ တစ်မြီတည်းနီ တစ်ရီတည်းသောက်။
၉၅။ တစ်မှုဖော် နှစ်မှုပေါ်။
၉၆။ တစ်ယောက်ကစပ် တစ်ရွာလုံးကို အမျိုးမှတ်။
၉၇။ တစ်ယောက်ကစပ် အသားကပ်။
၉၈။ တစ်ယောက်ကောင်းက တစ်ယောက်ဖျက်။
၉၉။ တစ်ယောက်ကောင်းက တစ်သောင်းပျက်။
၁၀၀။ တစ်ယောက်ကောင်းစား တစ်ယောက်မမြင်အား။
၁၀၁။ တစ်ယောက်ကောင်းစား တစ်ယောက်လား။
၁၀၂။ တစ်ယောက်ကံကို တစ်ယောက်မှီ။
၁၀၃။ တစ်ယောက်ကိုနှုန်း တစ်ရွာလုံး။
၁၀၄။ တစ်ယောက်ချမ်းသာ တစ်ယောက်မမြင်သာ။
၁၀၅။ တစ်ယောက်စကား တစ်ယောက်နား။
၁၀၆။ တစ်ယောက်စကား တစ်ရာနား။
၁၀၇။ တစ်ယောက်စကား၊ တစ်ရာနား၊ တစ်ရာစကား မင်းပါးကြား။
၁၀၈။ တစ်ယောက်စကား တစ်ရွာကြား။
၁၀၉။ တစ်ယောက်စား တစ်ယောက်ဝ။
၁၁၀။ တစ်ယောက်ဆက်ဆန် ဖောက်မပြန်ဘဲ အလွန်ခဲ။
၁၁၁။ တစ်ယောက်ဆင်း တစ်ယောက်တက်။
၁၁၂။ တစ်ယောက်တစ်ခါ တစ်အာနာ။
၁၁၃။ တစ်ယောက်တစ်ခါ တစ်အာနာ ပဲးသာတစ်ပြား အလကား။
၁၁၄။ တစ်ယောက်တစ်ချက် ကျောင်းသားလက်။
၁၁၅။ တစ်ယောက်တစ်ချက် သူသတ်လက်။
၁၁၆။ တစ်ယောက်တစ်နည်း ချင်းငထင်မှာ နောက်ဖင်လွှဲ။
၁၁၇။ တစ်ယောက်တစ်ဦး ကျေးဇူးပြုကာ တစ်ဦးပြန်ခါ မမိန့်ရာ။
၁၁၈။ တစ်ယောက်တစ်ဦး ချစ်ဟန်ပြုလည်း၊ တစ်ဦးမှန်စွာ မယုံရာ။
၁၁၉။ တစ်ယောက်ထက် တစ်ယောက်သာ၊ လှုကြာမှာတစ် ငါ့မှာနှစ်။
၁၂၀။ တစ်ယောက်ဖက် တစ်ယောက်အသာယူ မောင်လူမှာတစ် ငါ့မှာနှစ်။
၁၂၁။ တစ်ယောက်ဘုန်းကံကို တစ်ယောက်မသိ။
၁၂၂။ တစ်ယောက်ဘုန်းကို တစ်ယောက်မှီ။
၁၂၃။ တစ်ယောက်ဘုန်းသန် တစ်ယောက်လန်။
၁၂၄။ တစ်ယောက်မကောင်း တစ်သောင်းအပါယ်လား။
၁၂၅။ တစ်ယောက်မေတ္တာ တစ်ယောက်မှာ။
၁၂၆။ တစ်ရီးနိုး လာနိုးနိုး။
၁၂၇။ တစ်ရီးအိပ်ပျော် စက်တော်ခေါ် မောင်တော်လာနိုးနိုး။
၁၂၈။ တစ်ရက်ကုန် တစ်ရက်ဆုံး။
၁၂၉။ တစ်ရက်ကုန်သီခြင်းနန့် တစ်ရက်နီး။
၁၃၀။ တစ်ရက်တစ်ခြား ရီနန့်ငါး။
၁၃၁။ တစ်ရက်တစ်ထွာ မဟာမုနိ ဇာလောက်မဝီး။
၁၃၂။ တစ်ရက်တစ်ရက်နန့် လသာကုန် လာရုံမဟီ။
၁၃၃။ တစ်ရက်တစ်မျိုး အရီးသျှင်မှာ တိုးသာတိုး။
၁၃၄။ တစ်ရက်သာကောင်း တစ်လကောင်းနှင့် လူပါးဝကာ လူယုတ်မာကို မပေါင်းရာ။
၁၃၅။ တစ်ရစ်တစ်ရစ် တက်ဖန်များ တောင်ထိပ်ရောက်။
၁၃၆။ တစ်ရစ်တစ်ရစ်နန့် အထစ်ကျွတ်။
၁၃၇။ တစ်ရိုင်တည်းစပါး တစ်ပုတ်တည်းဆန်။
၁၃၈။ တစ်ရွာကစပ် တစ်ပြည်လုံးကို အမျိုးမှတ်။
၁၃၉။ တစ်ရွာစကား တစ်ပြည်လုံးကြား။
၁၄၀။ တစ်ရွာတည်းနီ တစ်ရီတည်းသောက်။
၁၄၁။ တစ်ရွာမပြောင်း သူကောင်းမဖြစ်။
၁၄၂။ တစ်ရွာလား တစ်ကျီဆောက်။
၁၄၃။ တစ်ရွာလား တစ်အားထား။
၁၄၄။ တစ်ရွာသားတစ်မျိုးစီ၊ မက္ကလာဆောင်း တစ်စောင်းစီ။
၁၄၅။ တစ်ရှိတစ်ဖျင် တစ်စင်းတင်။
၁၄၆။ တစ်ရွှန်းပေါ် နှစ်ရွှန်းတင်။
၁၄၇။ တစ်လမှာသုံးခါ တစ်ခါဖျားဆယ်ရက်။
၁၄၈။ တစ်လီကျ- ကျလီပတ်စီ နှစ်လီကျ မခံစီကေ့။
၁၄၉။ တစ်လင်သီ တစ်လင်မရ နဂါးမ။
၁၅၀။ တစ်လင်သီ တစ်လင်မရ ဟိန္ဒူမ။
၁၅၁။ တစ်လောင်းတက်အကွဲ တစ်လောင်းတက်အပေါက်။'
၁၅၂။ တစ်လုပ်ကျွေးဖူး သူ့ကျေးဇူး။

၁၅၃။ တစ်လံပြလို့ တစ်တောင်မမြင် လူငတင်။
၁၅၄။ တစ်လုံးကိုရာမြင်ရေ တပွတ်ကိုမမြင်။
၁၅၅။ တစ်လုံးကြောင့် တစ်ပွတ်ကိုဆွတ်။
၁၅၆။ တစ်လုံးပြ နှစ်လုံးနားလည်။
၁၅၇။ တစ်လုံးပြ နှစ်လုံးမြင်။
၁၅၈။ တစ်လုံးပြလည်း ဆရာ နှစ်လုံးပြလည်း ဆရာ။
၁၅၉။ တစ်ဝဲလည်လည် ရဟတ်နှယ်။
၁၆၀။ တစ်ဝဲလည်လည် သံသရာနှယ်။
၁၆၁။ တစ်သားမွီး တစ်သွီးလှ။
၁၆၂။ တစ်သက်ကောင်းသူ ပုဂ္ဂိုလ်ဖြူကို လွယ်ကူခဏရှာမရ။
၁၆၃။ တစ်သက်စာကို တစ်ထပ်စာထင် ခွီးအမြင်။
၁၆၄။ တစ်သက်စာကို မမြင်၊ တစ်ထပ်စာကိုမြင်။
၁၆၅။ တစ်သက်နန့် ခြောက်လ။
၁၆၆။ တစ်သက်မသီ နှစ်သက်သီ။
၁၆၇။ တစ်သက်လုပ် တစ်ဆုပ်မစားရ။
၁၆၈။ တစ်သက်လုံးစားရေကွမ်း သမ္ဘာရာတစ်ခြမ်း။
၁၆၉။ တစ်သက်လုံးဖုံးလာ ကုန်းခါမှ ပေါ်လာ။
၁၇၀။ တစ်သကြ်န်လွန်လီပတ်စီ တစ်ဝါကျွတ် စောင့်ရို့နီ။
၁၇၁။ တစ်သန်းတန် ဖွဲးခွံဖြစ်။
၁၇၂။ တစ်သိန်းတန် ရှီခွက်ထဲ ခွီးသီးဖြန်း။
၁၇၃။ တစ်ဦးကျေးဇူး၊ တစ်ဦးပြုက၊ တစ်ဦးပြန်ခါ၊ မမိန့်ရာ။
၁၇၄။ တစ်ဥစားလည်း ကြက်သွန်၊ နှစ်ဥစားလည်း ကြက်သွန်။
၁၇၅။ တစ်ဦးကျေးဇူး၊ တစ်ဦးပြုက တစ်ဦးပြန်ခါ မမိန့်ရာ။
၁၇၆။ တစ်အိမ်တည်းငွီ တစ်ခွက်တည်းငါး။
၁၇၇။ တစ်အိပ်ရာတည်းအိပ်၊ တစ်လက်ရာတည်း စား။

# တာ

၁။ တာကိုလွန်လို့ ဒူထိုးရေ။
၂။ တာမရှီး တွီ့မယှောင်။
၃။ တာရှည်ကေ နှောင့်နှေးရေ (ကြန့်ကြာရေ)။
၄။ တာရှည်ကေ ပေါင်းစောက်တေ။
၅။ တာရှည်စားဖို့သွား အရိုးမများကေ့ (အရိုးမကိုက်ကေ့)။
၆။ တာဝတိံသာ ဖျာဆိုးကာ။
၇။ တားမနိုင် ဆီးမရ။

# တိ

၁။ တိရစ္ဆာန်ကို မျက်နှာကြည့်ကေ ဂုဏ်ပရေ။
၂။ တိရစ္ဆာန်မှာ စားလျက်ပင် လူမှာကြံလျက်ပင်။
၃။ တိရစ္ဆာန်မှာစားလျက်သီ လူမှာကြံလျက်သီ။

# တီ

၁။ တီကိုဆားနန့်တို့ရေပိုင်။

# တီး

၁။ တီးဖန်များ ပန်းကျားမြည်။
၂။ တီးဖန်များ ပန်းကျားမြည်၊ ပြောဖန်များ စကားတည်။
၃။ တီးသမျှလည် လူသံစည်ကို ဝီးဝီးကြည်။

# တု

၁။ တုတုခေါ်လာ စူးစူးတိုက်တိုက်။

# တူ

၁။ တူနန့်ဝရီး (လူကိုထားဘိ) နွားကိုတောင်မှ ထမ်းပိုးမတင်ရ။
၂။ တူမှုရ ဖွတ်မှုဖြူ။

၃။ တူယင့်မဟုတ် ဟုတ်ယင့်မတူ။
၄။ တူရာ- တူရာ ၊ ပေါင်းဖက်ပါ။

## တေး

၁။ တေးသွားမကိုက် စည်းမကိုက်။

## တည်

၁။ တည်ကြည်ကေ သမာဓိ၊ ကြံနိုင်ကေ ပညာဟိ။
၂။ တည်ထားရေဘုရား ဇာပင်နားနား။
၃။ တည်ပြီးဘုရား လင်းတနား။
၄။ တည်သောက်မွဲး လည်သောက်ကေစွဲး။

## တည့်

၁။ တည့်တည့်ပြောမှ အတန်ကျရေ။
၂။ တည့်တည့်ပြော လူနန့်မသင့်။

## တော

၁။ တောကောင်းဝဒေါင်း (ဥဒေါင်း)။
၂။ တောကောင်းဝါဒေါင်း၊ ကိုယ်ကောင်းသကောင်း။
၃။ တောကောင်းဝါဒေါင်း၊ ကိုယ်ကောင်းသကောင်း၊ ဝါးကောင်းတောင်း။
၄။ တောကြက်ကိုလို အိမ်ကြက်နန့်ဖမ်း။
၅။ တောစကားတောမှာ ထား၊ ရွာစကားရွာမှာ ထား။
၆။ တောဆင်ပြောင် ယင်ကောင်လောက်မမှတ်။
၇။ တောထဲကဆီး သီဘေးကိုငြိမ်း၊ ကိုယ်ထဲက သွီး သီဘေးကို ပီး။
၈။ တောနက်လီ ကျားရဲလီ။
၉။ တောနက်လီ ဆင်ချီးတွိ့လီ။
၁၀။ တောမီးလောင် တောကြောင်လက်ခမောင်းခတ်။



၁၁။ တောမြင်တိုင်းမှာ ဆင်မဟိ၊ ရွာမြင်တိုင်းမှာ ပညာဟိ မဟိ။
၁၂။ တောမှာစကား တောမှာပျောက်။
၁၃။ တောမှာရောက်ကေ ဆင်နှာမောင်း၊ အိမ်မှာရောက်ကေ လူသကောင်း။
၁၄။ တောမှာလည်လို့ ပွဲမှာပြ။
၁၅။ တောဝင် မရရေ- ခဲးဝါပိုင်။
၁၆။ တောသားကိုခြောက် ကုလားကို ငေါက်။
၁၇။ တောသားမြို့ရောက် ကရောက်ကထောက်။
၁၈။ တောသားရဲကေ ဆွဲထုတ်ရရေ။
၁၉။ တောသားရဲ မြို့သားထက်ကဲး။

## တောင်

၁။ တောင်အကြောင်းကို ယုန်သိ၊ ယုန်အကြောင်းကို တောသိ။

## တော်

၁။ တော်ကတော်ယင့် မလျှော်။
၂။ တော်စီတန်စီ သုံးတတ်စီ။
၃။ တော်စုတ်- စုတ်တေ။
၄။ တော်ရာတန်ရာ သုံးတတ်ပါ။
၅။ တော်ရာမှာမနီ လျှော်ရာမှာနီ။
၆။ တော်ရေဆို မျောက်ကပြ။
၇။ တော်သလင်းနီ ပုဇွန်သီ။
၈။ တော်သလင်းနီပူ ကျက်ကျက်ဆူ (ကျွတ်ကျွတ်ဆူ)။
၉။ တော်သလင်းမိုဃ်း ချီးပွြန်းထိုး။
၁၀။ တော်သလင်းလ ကန့်လန့်ဆီ။

## တက်

၁။ တက်စရှိကေ တက်ချင်ချင်။
၂။ တက်တုံးခါဆင် ဝင်တုံးခါစား။

၃။ တက်တုံးပျိုတုံး ကိုယ်တောင့်တုံး။
၄။ တက်ရှိများရို့ ဝေါင်းရှိမများ။

## တင်

၁။ တင်ခါဘုရား စားခါကြွက်။
၂။ တင်တစ်ခြား ဝေါင်းတစ်ခြား။
၃။ တင်တစ်ပြည် ဝေါင်းတစ်ပြည်။
၄။ တင်ထားရေထီး မြီကြီးမကျစီကေ့။
၅။ တင်လုံးရေ ခွီးခေါ်ရေ ဒါးသွီးရေနန့်ပင် အချိန်ကုန်ရေ။

## တင်း

၁။ တင်းရေကြိုးပြတ်တေ။

## တိုင်း

၁။ တိုင်းကိုလည်လို့ ပြည်ကိုပတ်။
၂။ တိုင်းပြည်ဆူပွက် ပြည်လုံးညှက်။
၃။ တိုင်းပြည်ဆူ မင်းပူစမြဲ။
၄။ တိုင်းပြည်ပျက် ဘုန်းကြီးနန့် ခွီးအယင်ငတ်။
၅။ တိုင်းပြည်သခင် ပြည်သျှင်မင်းသာ ပဓါန။
၆။ တိုင်းပြည်အတွက် စဉ်းစားလည်းအရှုံး၊ မစဉ်းစားလည်း အရှုံး။
၇။ တိုင်းပြည်အလိုက် ငါ့ကျောက်ဆစ်။
၈။ တိုင်းပြည်အလိုက် အမိုက်မဆိုသာ။

## တောက်

၁။ တောက်ကျာဆောင်းကေ ဗင်္ဂလီ မြီမှာနီ ကုလားမျိုး။
၂။ တောက်တဲးဆိုလို့ပင် လိပ်လားဖွတ်လား။



၃။ တောက်တေမီးကို ရီနန့် ဆွတ်တေပိုင်။
၄။ တောက်တေမီး ရဲးရဲးညီး။

## တောင်

၁။ တောင်ကဆတ်ဖား မြောက်ကိုလားသော်၊ ကျားမင်းအစာ ဖြစ်တော့ရာအံ့။
၂။ တောင်ကိုပြင်းပြင်း မတက်ရ။
၃။ တောင်ကိုပြင်းပြင်း မတက်ရ၊ စကားကို ကြမ်းကြမ်းမပြောရ။
၄။ တောင်ကိုလွန်လို့ မိုယ်းကိုပျံ။
၅။ တောင်ကြီးဖဝါးအောက် လှိုင်းကြီးလှီအောက်။
၆။ တောင်ကြီးထဲမှာ တောင်သျှေခို။
၇။ တောင်စဉ်ကမ်းရောက်။
၈။ တောင်စဉ်ကမ်းရောက် ကရောက်ကထောက်။
၉။ တောင်စဉ့်ရှိတွက်မရ။
၁၀။ တောင်ဆိုကေ မြောက်၊ မြောက်ဆိုကေ တောင်။
၁၁။ တောင်တက်ဝါးရစိ၊ မြစ်ဆင်းငါးရစီ။
၁၂။ တောင်ထက်ကမီးဖွာ တောင်အောက်ကမီးလှုံ။
၁၃။ တောင်ထိုးရီကျ တစ်ဆယ်ကြဲကေငါးတောင်းရ။
၁၄။ တောင်ပို့ထက်ခြပို့မြင့်။
၁၅။ တောင်ပို့မဟိလို့ ကြက်ချီးစုမြင့်။
၁၆။ တောင်ပို့မှိုနန့်ခေါ် (ခို)သားနန့်။
၁၇။ တောင်ပြိုရာ မြက်ပါ။
၁၈။ တောင်မကျ မြောက်မကျ။
၁၉။ တောင်မရောက် မြောက်မရောက်။
၂၀။ တောင်မြင့်တိုင်း စန္ဒကူးနံ့သာမဟိ။
၂၁။ တောင်မှာတောင် ချောက်မှာချောက်။
၂၂။ တောင်မှာလည်းမကျ မြောက်မှာလည်း မကျ။
၂၃။ တောင်လီလာမိုးပါရေ မြောက်လီလာမိုးလန်ရေ။
၂၄။ တောင်အောက်ကကျောက်တုံး တောင်ထက်သို့တင်။
၂၅။ တောင်အောက်ကတမ်းခွန် တောင်ထက်သို့တင်။

## တောင်း

၁။ တောင်းကျဉ်ထိုးစွာကိုရာသိရေ လူဆိုးစွာကို မသိ။

၂။ တောင်းဆိုးတုံးဆိုး ပစ်ရိုးထုံးဟိ လောကအားလုံးသားသမီးကို မုန်းရိုးထုံးမဟိ။

၃။ တောင်းကေကားမုန်း ပီးကေဆုံး။

၄။ တောင်းဆိုးတုံဆိုးအလိုရှိခါ သုံးစရာ။

၅။ တောင်းကိုလက်ယာ၊ ဖျာကိုလက်ဝဲ၊ ဖာချုပ်သျှေကို၊ အသည်းစွဲ။

၆။ တောင်းခံခြင်းထက် ပီးကမ်းခြင်းမြတ်။

၇။ တောင်းတ တိုင်းလည်းမရ၊ မတောင်းတပဲလည်း ရ။

၈။ တောင်းတက်မှုရ ပြောတတ်မှုပီယ။

၉။ တောင်းတတ်မှတ်တတ် သူတော်မြတ်၊ မပီးပါလို သဝန်တို။

၁၀။ တောင်းတုံအစ မျက်ကွင်းက။

၁၁။ တောင်းဖန်များကေမုန်း ပီးဖန်များကေ ကုန် (ယွုံး)။

၁၂။ တောင်းမှာမကန် ရိုင်မှာမပြည့်။

၁၃။ တောင်းမှာမပြည့် တုံမှာထည့်။

၁၄။ တောင်းမှာမလောက် တုံမှာအလျှောက်။

၁၅။ တောင်းမှာအကွပ် လူမှာအဝတ်။

၁၆။ တောင်းမှာအကွပ် လူမှာအဝတ် လောင်းမှာအစပ်။

၁၇။ တောင်းလွန်းကေ မုန်း၊ ဆိုးလွန်းကေ တုံး (အသက်)။

## တတ်

၁။ တတ်ကတတ်ယင့် မမှန်။

၂။ တတ်ကေအလုပ်ကျ။

၃။ တတ်တေပညာမနီသာ။

၄။ တတ်တေယောင်ယောင် နပ်တေယောင်ယောင်။

၅။ တတ်လို့မလုပ် ငတ်လို့လုပ်တေ။

## တပ်

၁။ တပ်ပေါက်ကိုဖာနိုင် နှုတ်ပေါက်ကို မဖာနိုင်။

၂။ တပ်ပျက်မှာ ဗိုလ်မလုပ်ကေ့။

## တိတ်

၁။ တိတ်တိတ်နီတစ္ဆေ၊ တိတ်တိတ်စားဆိတ်သား။

၂။ တိတ်တိတ်နီ ထောင်တန်ရေ။
(တံခွန်မဟိရေ ရထား၊ မင်း မဟိရေ တိုင်းပြည်၊ ကြာမဟိရေ ရီကန်၊ ထီးမတင်ရေ ပုထိုး)

၃။ တိတ်တိတ်နီ တစ္ဆေမှတ်လား။

၄။ တိတ်တိတ်နီ ဝံခံရာရောက်။

## တံ

၁။ တံငါနားနီးကေတံငါ မုဆိုးနားနီးကေ မုဆိုး။

၂။ တံစိုးလက်ဆောင်ထောင်နားယောင်။

၃။ တံတားလည်းလျှောက်သာယောင်၊ လောင်းလည်းဝင်သာယောင်။

## တန်

၁။ တန်ကေကားဆီး၊ လွန်ကေကားဖီး။

၂။ တန်ဆောင်မုန်းငဟောက် တွင်းကောက်ကောက်၊ ပြာပင်မှာသတ်နှစ်ပိုင်းပြတ်။

၃။ တန်ဆောင်မုန်းငဟောက် ခါးဆောက်လောက်။

၄။ တန်ဆောင်မုန်း နတ်တော်ကောက်လျှော်စား။

၅။ တန်ဆောင်မုန်းလ ပြောင်ပြောင်ပ။

၆။ တန်ဖိုးထက်ယော် (လျှော်)ဖိုးကြီး။

၇။ တန်ရာတန်စီ မလွန်စီကေ့။

## တန်း

၁။ တန်းခူးကဆုန် ကျင်ပွဲကြုံ။
၂။ တန်းခိုးပြင်းထန် မောဂ္ဂလာန်၊ လာဘ်လာပေါဘိ သီဝလိ။
၃။ တန်းတားထက်က ခွီးကိုကျောက်ချရေပိုင်။
၄။ တန်းတားမှာချီး၊ စရပ်မှာမီးသွီး။

## တိမ်

၁။ တိမ်မှန်းမထင် နက်မှန်းမသိ။

## တုံ

၁။ တုံဏှီဘာဝေါ တိတ်တိတ်နီဘိ သမ္မောခိ။

## တုံး

၁။ တုံးဆိုကေတိုက်၊ ကျားဆိုကေ ကိုက်။
၂။ တုံးဆိုးကတောင် မှိုပေါက်နိုင်။
၃။ တုံးဆိုးကိုရာကျော် လူဆိုးကို မကျော်ကေ့။
၄။ တုံးဟောင်းကိုဖော် အောက်စဖိုရရေ၊ စကားဟောင်းကိုဖေါ် ရန်ရရေ။

## တို

၁။ တိုကေစပ် ရှည်ကေဖြတ်။
၂။ တိုတိုနန့်လိုရင်း။

## တို့

၁။ တို့စရာဖာလာ (ဖူး) ငပိမှာစုက္ကရာ။



## တိုး

၁။ တိုးတိုးစားဆို ဆိတ်သားထည့်။
၂။ တိုးတိုးပြောဆို တပြည်ကကြား။
၃။ တိုးတိုးပြော ပြည်ပျက်တေ။

## တွား

၁။ တွားဖန်များရောက် မြောက်ဖန်များမြောက်။

## တွီ့

၁။ တွီ့ကရာထင်ရာပြော အရူးသမား။
၂။ တွီ့ကြုံဟိမှ နည်းနာရ။
၃။ တွီ့တိုင်းလည်း မချစ်ကေ့၊ ချစ်တိုင်းလည်း မိတ်မဖွဲ့ကေ့။
၄။ တွီ့မဆုတ် တိုက်ထုတ်မှ ယောကျ်ားအဟုတ်။
၅။ တွီ့မယှောင် တာမရှီး။
၆။ တွီ့ရာကောက်ချ နာဂိန္ဒ။
၇။ တွီ့ရာသချီုင်း ဒါးမဆိုင်း။

## တွက်

၁။ တွက်ချက်နန့် မှန်းချက်မကိုက်။

## တွင်း

၁။ တွင်းထွက်ကျောက်မှန် ဖိုးထိုက်တန်။
၂။ တွင်းထွက်ကျောက်မှန်း ဖိုးထိုက်တန်၊ မျိုးကောင်းသန့်စင် ထို့တူပင်။
၃။ တွင်းထွက်ကျောက်မှန် အဖိုးတန်။
၄။ တွင်းထွက်ကြွက် တွင်းဝင်ခက်။
၅။ တွင်းမှန်းမသိ ချောက်မှန်းမသိ။

# တွန်း

၁။ တွန်းလှန်လျှင် အထက်ရောက် မတွန်းလှန်လျှင် ကျွန်သပေါက်။

## ထ

# ထ

၁။ ထမိန်ဂါစောင်း မဝတ်ကောင်း။
၂။ ထမိန်ဆိုးမှာ စူးခက်ငြိ- ငြိရို့။
၃။ ထမိန်တခါခါ လင်တစ်ရာ။
၄။ ထမိန်တိုလောင်း မဝတ်ကောင်း။
၅။ ထမိန်တိုလောင်း မြင်မကောင်း။
၆။ ထမိန်လှယ်ရာကြာ လင်ရမကြာ။
၇။ ထမိန်မကောင်း၊ တံပက်ကိုအားကိုး။
၈။ ထဖန်များ ထိုင်ရာကပ်။
၉။ ထဖန်များ နီရာမရ။
၁၀။ ထမင်းကို ကုန်ယောင်စားနိုင် စကားကိုကုန်ယောင် မပြောနိုင်။
၁၁။ ထမင်းခဲကိုလည်းပြ တုတ်ကိုလည်းမိုး။
၁၂။ ထမင်းချိုင်း (ချမ်း)ကို သင်းပုတ်ထိုးရို့မရ။
၁၃။ ထမင်းစားဆီး မယားကျားကိုက် ဆင်းမလိုက်။
၁၄။ ထမင်းစားပြီး လုပ်လက်ဆီး၊ ထားဖို့မျက်နှာ လမ်းကြောင်းမှာ။
၁၅။ ထမင်းစားပြီး လုပ်လက်ဆီး တင်မှာလက်သုတ်ကျောင်းကိုတုတ်။
၁၆။ ထမင်းစားဝမ်းပေါင်။
၁၇။ ထမင်းထုပ်ကိုရာမြင်ရေ တုတ်ကိုမမြင်။
၁၈။ ထမင်းဆုပ်ကိုလည်းပြ၊ တုတ်ကိုလည်းပြ။
၁၉။ ထမင်းညီးကေ အသက်မရှည်။
၂၀။ ထမင်းတစ်ဆုတ် ရီတစ်မုတ်။
၂၁။ ထမင်းဆုတ် ဇီးကန်းဖောက်။
၂၂။ ထမင်းမကောင်း ယောက်မကိုမာန်ပါ။
၂၃။ ထမင်းရည် ချောင်းရီစီး။
၂၄။ ထမင်းဝလို့ ပုံကန်။
၂၅။ ထမင်းဝ အံကြိတ်ပြ။
၂၆။ ထရံချင်းထပ်ရက် အကွက်ချင်းတူ။

# ထိ

၁။ ထိထိထောင်းထောင်း အကြောင်းမဟုတ်။
၂။ ထိရာက တောက်။

# ထီး

၁။ ထီးထမ်းလမ်းယှော်၊ ကရောက်ကထောက်။
၂။ ထီးမနိုင် ဆို့မရ။
၃။ ထီးမနိုင် ဖာမရ။
၄။ ထီးမှာခရိုင် အလုပ်မှာစာရင်းကိုင်။

# ထု

၁။ ထုမှကွဲ ဖြံမှပြ။

# ထူ

၁။ ထူရာကဝင် ပါးရာကပေါက်ထွက်။
၂။ ထူရာမှာထဲး။
၃။ ထူရာမှာ ထပ်။

၄။ ထူးကေချွန် မချွန်ကေတုံး။
၅။ ထူးကေထူး မထူးကေရှူး။
၆။ ထူးချင်ဆီထူး အရှူးအောက်။

# ထက်

၁။ ထက်မှမြက် မြက်မှအာမှာထောက်။

# ထင်

၁။ ထင်တိုင်းမလားရ ဝင်တိုင်းမစားရ။
၂။ ထင်တိုင်းမြင်တိုင်း မပြောရ။
၃။ ထင်တိုင်းလုပ် အမှားချဉ်းဖြစ်။
၄။ ထင်ရာပြော တွိ့ရာဆို အရှူးပိုင်။
၅။ ထင်ရာမြင်ရာပြော အမှားဖြစ်။
၆။ ထင်သာထင် မမြင်စီကေ့။

# ထင်း

၁။ ထင်းမီးကျီထက် ရာဂမီးကြီး သာလို့ကြီး။
၂။ ထင်းမခွဲ ရီမခတ် ဒိုင်နာစပူ အရပ်။

# ထစ်

၁။ ထစ်ရာထစ်တေအရာ မမြင်။

# ထိုက်

၁။ ထိုက်ချင်ဆီထိုက် မောင်မကြိုက်။
၂။ ထိုက်မှတန်ရေ တန်မှထိုက်တေ။
၃။ ထိုက်ရာမှာနား။
၄။ ထိုက်ရာမှာ နား၊ လားရာမှာ ပြား။

# ထိုင်

၁။ ထိုင်နီကေ အကောင်းသား၊ ထလားမှ ကျိုးမှန်းသိ။
၂။ ထိုင်နီလို့မပီး လုပ်ပြီးမှ စားရဖို့။
၃။ ထိုင်ဖန်များမြး ကဖန်များစွဲး။
၄။ ထိုင်ရာမှားကေ ငါးငတ်တေ။
၅။ ထိုင်သာထိုင် မယိုင်စီကေ့။

# ထောက်

၁။ ထောက်ထားကေ နှောင့်ယှက်တေ။
၂။ ထောက်မှကန် ကန်မှကျားဖြစ်။

# ထောင်

၁။ ထောင်ကိုမမြင် ရာကိုမြင်။
၂။ ထောင်ကိုမြင် ရာကိုစွန့်။
၃။ ထောင်ကျ ကမ်းကျ။
၄။ ထောင်ကျ- ကျ၊ ကမ်းကျ- ကျ။
၅။ ထောင်တန်စကား ရယ်လျှင်ပျက်ပြား။
၆။ ထောင်ရောက် - ရောက်၊ ကမ်းရောက်ရောက်။
၇။ ထောင်လွန်းက မာန၊ နှိမ့်ချက နိမ့်ဝါတ။
၈။ ထောင်သာထောင် မမောင်းစီကေ့။

# ထောင့်

၁။ ထောင့်တိုင်းမှာပါ ငါဆရာ။

## ထပ်

၁။ ထပ်လီသွားချီးထပ်။

## ထိပ်

၁။ ထိပ်ကိုပုတ်ပြီးမှ ကန်တော့။
၂။ ထိပ်ကွဲးမှ သတ်မှန်းသိ။

## ထုတ်

၁။ ထုတ်ချင်းခတ်မှ ပေါက်မှန်းကိုသိရေ။
၂။ ထုတ်ချင်းမြင်မှ အပေါက်ထင်။

## ထန်း

၁။ ထန်းသီးကြွီခိုက် ကျီးနားခိုက်။

## ထမ်း

၁။ ထမ်းပိုးကျိုးတိုင်း အပိုမလိုက်နိုင်။

## ထိန်း

၁။ ထိန်းလို့မနိုင် ကျောင်းလို့မရ။

## ထိမ်

၁။ ထိမ်ခိုး၊ လိမ်ခိုး။
၂။ ထိမ်မှတိမ် ပိန်မှရှုပ်။

## ထုံ

၁။ ထုံတေလုံတေ နပစ္စတိ။

## ထုံး

၁။ ထုံးပိုင်ခြီ ရီပိုင်နှောက်။
၂။ ထုံးဖြစ် ရီဖြစ်။
၃။ ထုံးသုတ် မျို့ပိုင်။
၄။ ထုံးဟိမှမှန် ဘုန်းဟိမှစံ။
၅။ ထုံးဟောင်းမှ ပုံတင်။
၆။ ထုံးဟောင်းမှ သက်သီဖြစ်။

## ထို

၁။ ထိုချင့် ထိုချင့်နန့် တရက်ကုန်။
၂။ ထိုမရောက် ဒေမရောက်။
၃။ ထိုယောင်ယောင် ဒေယောင်ယောင်။
၄။ ထိုလည်းမဟုတ် ဒေလည်းမဟုတ်။

## ထွက်

၁။ ထွက်တေနီလည်း နောက်ကုန်၊ ဝင်ရေနီလည်း နောက်ကုန်း။
၂။ ထွက်တုံတစ်ခါ ဝင်တုံတစ်လှည့်။
၃။ ထွက်သွားဆင်စွယ် ဝင်သည်မဟိ။

## ထွင်

၁။ ထွင်မှ ထွင်။

# ဒ

## ဒ

၁။ ဒပြုတ်သီးကောင်း ငါးကုန်။
၂။ ဒယောတစ်ခြား တစ်သီးတစ်ခြား။
၃။ ဒယောမရ ဒသီးမရ။
၄။ ဒယောလည်းဆုံး ဒါးလည်းဆုံး။

## ဒါ

၁။ ဒါဒေါင်စပါး ယူရို့စား၊ အတိုးဒါဂျီ ဆပ်မကျီ။
၂။ ဒါဒေါင်ရကေ ဆင်ကိုဝယ်စီး။
၃။ ဒါနသီလမပါ သီခါမှသိ၊ ထီးနန့်ဖိနပ်မပါ နွီခါမှသိ။

## ဒါး

၁။ ဒါးကေဒါးချင်း တုတ်ကေတုတ်ချင်း။
၂။ ဒါးကေဒါး ဝါးကေဝါး။
၃။ ဒါးကောင်းတစ်လက် လူတစ်သက်။
၄။ ဒါးကိုဒါးဖျက် သံချေးတက်။
၅။ ဒါးကိုဖျက်ဝါးမျက် လူကိုဖျက်အရက်။
(ဒါးကိုဖျက် ဝါးမျက်၊ လူကိုဖျက်အရက်၊ သားကိုဖျက်အမိ၊ သမီးကိုဖျက်အဖ၊ ဟင်းကိုဖျက်ငပိ)



၆။ ဒါးကိုသံချီးဖျက် လူကို အရက်ဖျက်။
၇။ ဒါးချောင်ကျွတ်ကေ ဒါးဆောက်သာကျန်။
၈။ ဒါးစောင်းထက် ရီစောင်းသာလို့ထက်။
၉။ ဒါးတုံးတုံးနန့် ခရမ်းပိန်ကို လှီးရေပိုင်။
၁၀။ ဒါးတုံးတုံးနန့် ဝါးလုံးပွတ်ကို ခွတ်တေပိုင်။
၁၁။ ဒါးနန့်ပေါက်ဆိန် အလီးချိန် ဒါးထက်ပေါက်ဆိန် မလီးလား။
၁၂။ ဒါးနှောင့်မလွတ် ဒါးသွားလွတ်။
၁၃။ ဒါးနှောင့်လွတ်ကေ ဒါးသွားမလွတ် ဒါးသွားလွတ်ကေ ဒါးနှောင့်မလွတ်။
၁၄။ ဒါးပြင်ပျက်ဆိုး အထောင့်ထိုး။
၁၅။ ဒါးမထက်က ဒါးသွီးကျောက်ကိုအပြစ်တင်။
၁၆။ ဒါးမလည်းဆုံး ဖွတ်လည်းဆုံး။
၁၇။ ဒါးမြကို တန္တဂေါင်းရိတ်။
၁၈။ ဒါးမြတန်းဂါးအိုင်ပစ်ငါး၊ ဆွီမျိုးကိုတောင် ပီးမစား။
၁၉။ ဒါးရောင်းနန့် ဆားရောင်းကြုံ။
၂၀။ ဒါးလည်းထက်တုံး၊ ဉာဏ်လည်းရင့်တုံး။
၂၁။ ဒါးလည်းထက်သိယင့် နီလည်းထွက်သိယင့်။
၂၂။ ဒါးလည်းမရ ဖွတ်လည်းမရ။
၂၃။ ဒါးသွားထက်က လောင်သွားကသာလို့ထက်။
၂၄။ ဒါးသွားမလွတ် ဒါးနှောင့်မလွတ်။
၂၅။ ဒါးသွားမှာ ရပ်နီမှား။
၂၆။ ဒါးအကြောင်းကို ပန်းထိမ်မသိ။

## ဒု

၁။ ဒုနန့်ဒေး။
၂။ ဒုရေးသူ့ရေး။

## ဒူ

၁။ ဒူဒူမြည် မောင်းမှန်းသိ။

# ဒူး

၁။ ဒူးဆိုကေ ပေါင်၊ ပေါင်ဆိုကေ ဒူး။
၂။ ဒူးနီရာဒူး ပေါင်နီရာပေါင်။
၃။ ဒူးမြဲမှ ပေါင်ကား။
၄။ ဒူးယားခေါင်းထဲက လက်သီးဆုပ်ပြ။
၅။ ဒူးရှူးဟာလာ ပေါင်ဒေမှာ။

# ဒေ

၁။ ဒေပိုင်ယုန် တောခြုံတိုင်းမှာ တွို့ယင့်။
၂။ ဒေဘာဝဒေကိုယ်စံ ထိုဘာဝထိုကိုယ်ခံ။။
၃။ ဒေဝလီထိုးလီ၊ ကြွီးတင်လီ။

# ဒေါ

၁။ ဒေါသကိုမေတ္တာနန့် အောင်စီရာသည်။
၂။ ဒေါသကိုထိန်း ရန်ကိုငြိမ်း။
၃။ ဒေါသကိုယှောင် မေတ္တာဆောင်။
၄။ ဒေါသကြီးစကားတို လောဘကြီးစကားပို။
၅။ ဒေါသကြီး မေတ္တာနန့်ဖို့။
၆။ ဒေါသကြီး ရန်မငြိမ်း။
၇။ ဒေါသကြီးလျှင် စကားတို မာနကြီးလျှင် စကားပို။
၈။ ဒေါသကြီးသူ ခွီးနန့်တူ။
၉။ ဒေါသကြီး အရီးကိုယ်ဖို့။
၁၀။ ဒေါသတရား ရှိမသွားရ။
၁၁။ ဒေါသဖုံးလွှမ်း မမြင်ကန်း။
၁၂။ ဒေါသမီးကြီး ရန်မငြိမ်း။
၁၃။ ဒေါသကိုလိုက် အမိုက်ဖြစ်။
၁၄။ ဒေါသအမျက် ကိုယ်ကျိုးပျက်။
၁၅။ ဒေါသအမျက် ပြင်မထွက်ရ။

# ဒက်

၁။ ဒက်ရဒက်ကျ။
၂။ ဒက်သမနှယ် ရက်ကန်းရှည်သို့။

# ဒိုင်

၁။ ဒိုင်မချိုခင် ဝိုင်းသားချို။
၂။ ဒိုင်မသရေခင် ဝိုင်းသာသရေ။

# ဒိုင်း

၁။ ဒိုင်းဂျီဟိယင့် ကန်ဟိယင်၊ ဘားဘူဟိယင့် ဆန်ဟိယင့်။

# ဒေါက်

၁။ ဒေါက်ဆိုကေ ဒေါက်။
၂။ ဒေါင်ကျ -ကျ၊ ဖြားကျ- ကျ။
၃။ ဒေါင်လည်းမကျ၊ ဖြားလည်းမကျ။

# ဒေါင်း

၁။ ဒေါင်းလည်းမဖြစ်၊ ကျီးလည်းမဖြစ်။

# ဒိတ်

၁။ ဒိတ်ပင်းဆိုနားမလည် နားပင်းဆိုမှ နားလည်။
၂။ ဒိတ်ပင်းနန့်နားပင်း တစ်ချက်တည်း။

# ဒုက်

၁။ ဒုက္ခခံမှ သုခရ။
၂။ ဒုက္ခကိုရှာသူ ဒုက္ခနန့်တွိ့။
၃။ ဒုက္ခနန့်ရင်းမှ သုခရ။

# ဒုတ်

၁။ ဒုတ်ကင်ပဟောက်ကိုချိုင်။
၂။ ဒုတ်ကျမှ ဒါးပြမှန်းသိ။
၃။ ဒုတ်ချိုင်ကြိုးသတ်။
၄။ ဒုတ်တစ်ရာ ဒါးတစ်ချက်။
၅။ ဒုတ်ထိုး ဖာထမ်း။
၆။ ဒုတ်ထိုး ဖာထမ်း၊ ထီးထမ်းလမ်းလျှောက်။
၇။ ဒုတ် - ဒုတ်ချင်း၊ ဒါး - ဒါးချင်း။
၈။ ဒုတ်မရ ဒါးမရ။
၉။ ဒုတ်မိန်း (မေး) ဆောက်ရိုက်ဖြေ။
၁၀။ ဒုတ်လာဒါးနန့်ကာ၊ ဒါးလားဒိုင်းနန့်ကာ။
၁၁။ ဒုတ်စွဲယောင်စွဲရေ။

# ဒုံး

၁။ ဒုံးဆိုကေ ဒိုင်း။
၂။ ဒုံးကကလို့။

# ဒုန်း

၁။ ဒုန်းနန့်ဟာရိ သချီမကြွင်း။

# ဒိုး

၁။ ဒိုးထိုးဂျင်ပေါက် လူလားမြောက်။
၂။ ဒိုးမွိယောင်မွိရေ။
၃။ ဒိုးလဲယောင်လဲရေ။

**ဓ**

# ဓ

၁။ ဓနဂုဏ်ကိုပြ တနိကျသခေါ်ရ။
၂။ ဓလို့ကိုလည်း မဖျက်ကေ့၊ ဆန်းတိုင်းလည်း မလိုက်ကေ့။
၃။ ဓလို့တူရာပေါင်း၊ မျက်နှာဟိရာ စောင်း။

# ဓာတ်

၁။ ဓာတ်ခိုက်နန့် နတ်တိုက်ကြံ။
၂။ ဓာတ်ချင်းခိုက်မှ နတ်ချင်းကြိုက်တေ။
၃။ ဓာတ်တော်မှတ်လိုး ကိုးကွယ်လာ၊ ကလပ်ပေါ်ရောက်မှ ငါးမျက်စိမှန်းသိ။
၄။ ဓာတ်တော်မှန် ရီပေါ်ပျံ။
၅။ ဓာတ်ဖက်ဆိုင်ရာ ဆီးဖက်ပါ။

# ဓမ်

၁။ ဓမ္မတရား လက်ကိုင်ထား အမှားမဟိရာ။
၂။ ဓမ္မသတ်ကို တစောင်းထား ယမ်းကူးတရားအမှားမှား။

# န

## န

၁။ နဂါးမီးတောက်တေပိုင်။
၂။ နဂါးမျက်စောင်း အကြောင်းမရှိး။
၃။ နဂိုချော့မှ လူလှ။
၄။ နဂိုတုန် ပုဆိုးချုံလို့မလုံ။
၅။ နဂိုဟိမှ နဂိုင်းထွက်တေ။
၆။ နပျိုးတောမှာ နွားအိပ် အိပ်လို့။
၇။ နပျိုးပင်စိုက် ပုံမပါ။
၈။ နပျိုးသီးသျှင် အခွံစား၊ လောင်းသျှင်တောင်ကြောင်းလား။
၉။ နပျိုးသီးစားဖို့လားမိန်း၊ အခွံနှီးပြီးသားလား။
၁၀။ နပျိုသီးပီးရေ  ဘုန်းကြီးမှ စာတတ်တေ။
၁၁။ နပျိုသီးမှန်း ဇာမှန်းမသိ။
၁၂။ နဖူးဇာမှာ ကြာပွင့်ရေ။
၁၃။ နဖူးတွေ့ ဒူးတွေ့(တည့်)။
၁၄။ နဖူးမှာရှိ ဒူးမှာငို။
၁၅။ နမောက စ၊ က၊ ခ၊ ဂ သင်အံအစ ပထမ။
၁၆။ နဝံပီယံ ဆီထိဂွမ်း။

## နာ

၁။ နာခါနာ သာခါသာ။
၂။ နာစများကေ သီ၊ ယော် (လျှော်) စများကေ ကြီ။
၃။ နာတတ်ကေဘဝနာ၊ မနာတတ်ကေ တဏှာ။
၄။ နာဖျားလို့ မသီ၊ ဝါကြွားလို့ သီ။
၅။ နာမည်ကချမ်းသာအောင်၊ မွဲးရာမှာ တက်တက်ပြောင်။
၆။ နာမည်က ဇီဝက၊ သီရေခါ အသျှေက။
၇။ နာမည်က ခနေပါလ မွဲးရာမှာ ဖွဲးပြာကျ။
၈။ နာမည်က ရုပ်ဆိုး၊ အလှမှာ မိုးထိုး။
၉။ နာမည်ကဆိုး၊ ကိုယ်ချမ်းသာ။
၁၀။ နာမည်တူ နာမ်တူမယှာႏ။
၁၁။ နာမည်တူ ရုပ်တူမယှာႏ။
၁၂။ နာမည်တူ သံတူမယှာႏ။
၁၃။ နာမည်သာဆိုး ရုပ်မဆိုး။
၁၄။ နာသာ ခံခက်။
၁၅။ နာလည်းနာ နံလည်းနံ။
၁၆။ နာလိုကဆီ မနာလိုက ရီ။
၁၇။ နာလိုက ကတိုး၊ မနာလိုက မစင်အိုး။
၁၈။ နာလိုက သျှသျှားဖက်၊ မနာလိုက ဒပြုတ်ဖက်။
၁၉။ နာလိုကေ ပြုံး၊ မနာလိုကေ မုန်း။
၂၀။ နာလိုကေ အချစ်၊ မနာလိုကေ အပြစ်။
၂၁။ နာလိုကေ အပြစ်မမြင်၊ မနာလိုကေ အပြစ်မြင်။

## နား

၁။ နားနန့်ပါး။
၂။ နားနန့်မနာ၊ ဖဝါးနန့်နာ။
၃။ နားပင်းတရားနာ၊ မျက်ကန်းလမ်းပြ။
၄။ နားရွက်ကိုမနိုင် ဆံထုံးကိုဆွဲ။
၅။ နားရွက်ကိုမနိုင် အဂ္ဂိုကိုကိုင်။
၆။ နားရွက်ပဲ့မှ လိမ်မှန်းသိရေ။
၇။ နားဟိရို့ ပါးကြားရရေ။

## နိ

၁။ နိကိုကမောင် ညည့်ကိုကြောင်။
၂။ နိခံ ညည့်စံ။
၃။ နိခံ ညည့်စံ ညည့်ခံနိစံ။
၄။ နိခြင်းကားနောက် ညည့်ကားအောက်။

၅။ နိပြောလျှင် နောက်ကိုကြည့်၊ ညည့်ပြောလျှင် အောက်ကိုကြည့်။
၆။ နိမဆုံး၊ ညည့်မဆုံး တစ်အုံးအုံး။
၇။ နိမိတ်ကောင်းခြင်း (မြို့မြောက်ဦးမှာ) အင်သျှစ်ပါး။
၈။ နိမိတ်နန့် တည်ရှိခိုင်ပြည်။
၉။ နိမြင်ညပျောက်။
၁၀။ နိသာကုန် မိုးသာချုပ်။

## နီ

၁။ နီကလည်းထွက်၊ ဒါးကလည်း ထက်။
၂။ နီကလည်း ပူ၊ ခြိုးကလည်း ကြူ။
၃။ နီကလည်း ပူ၊ ပွီးကလည်း ထူ။
၄။ နီကိုပိုးစနီး တုရေပိုင်။
၅။ နီချင်တိုင်းလည်း မနီရ၊ သီချင်တိုင်းလည်း မသီရ။
၆။ နီချောင် သီကျပ်။
၇။ နီနန့်လ ရှိနန့်မြ။
၈။ နီပူခိုက်စပါးလှမ်း၊ မိုယ်းရွာခိုက် ရီခံလိုက်။
၉။ နီပူစွာကိုရာ ခံချင်ရေ၊ နားပူစွာကို မခံချင်။
၁၀။ နီပူထက် နားပူခက်တေ။
၁၁။ နီပူ ပွီးထူ။
၁၂။ နီပူရင့်လီ ပွီးယားလီ။
၁၃။ နီပူသန်လီ ပွီးယားလီ။
၁၄။ နီမြင့်လီ အရှူးရင့်လီ။
၁၅။ နီရာတကာ မောင်ဖြူပါ။
၁၆။ နီရာတကာ သတိကိုထားမမှား။
၁၇။ နီရာတစ်ခြား စားရာတစ်ခြား။
၁၈။ နီရာတစ်ခြား ထိုင်ရာတစ်ခြား။
၁၉။ နီရာထက် ထိုင်ရာခက်။
၂၀။ နီရာမဟိ ပြင်ထားဒုန်းပိုင်။
၂၁။ နီရာမြဲးမှု အခြေစွဲ။



၂၂။ နီရာမှား ရီငတ်။
၂၃။ နီရန်အခက် ခွာရန်မက်။
၂၄။ နီလည်းထွက်စ၊ ဒါးလည်းထက်စ၊ ဉာဏ်လည်းရင့်စ။
၂၅။ နီလည်းထွက်သိယင့် ဒါးလည်းထက်သိယင့်။
၂၆။ နီလည်းဝင်ပျောက် မိုးလင်းသောက်။
၂၇။ နီလည်းဝင်ပျောက် မိုးလင်းသောက် ရခိုင်အလင်းရောက်။
၂၈။ နီလည်းဝင်ပျောက် ရခိုင်ရောက်။
၂၉။ နီဝင်စပါးလှမ်း မိုးလင်းကြက်တင်။
၃၀။ နီဝင်ဆိုင်းဆာ ညဆိုင်းဆာ (ဆာ)။
၃၁။ နီဝင်တရှူး ဆိုင်းဆာဘီလူးလာရေ။
၃၂။ နီဝင်လီ တဆီမြွလီ (စဆီမြွလီ)။
၃၃။ နီအာရုံတက် ပဒုမ္မာကြာပွင့်။

## နီး

၁။ နီးကေ ရန်သူ၊ ဝီးရေကြည်ဖြူ။
၂။ နီးတကြက်ကြက် ဝီးတသက်သက်။
၃။ နီးနီး - နီးနီးနန့် ကပ်မရ။
၄။ နီးရာမှာ ခို။
၅။ နီးရာမှာ ခို၊ ခိုရာမှာ အခြေစိုက်။
၆။ နီးလျှက်နန့်ဝီး။

## နု

၁။ နုမှာငါးရာ ရင့်မှာတစ်ကျိပ် ဝေသန္တရာနောက်ဆုံးပိတ်။

## နူ

၁။ နူဖို့အစ ယားရေ။
၂။ နူရာမှ ဝဲစွဲး။

၃။ နူရာမှာ ဝဲစွဲး လဲရာမှာ ဖိထောင်း။

## နည်း

၁။ နည်းကင မျာ:ကဝ။
၂။ နည်းကေပလဲးလှောက်။
၃။ နည်းတိုင်းလေ့မပစ်ကေ့ မျာ:တိုင်းလေ့ မလိုက်ကေ့။
၄။ နည်းတွိ့မဟုတ် ကိုယ်တွိ့။
၅။ နည်းနိသယမှီဝဲရ။
၆။ နည်းရာမှာဖိတ် ဖိတ်ရာမှာစဉ်။
၇။ နည်းလျှင်နှုတ် မျာ:လျှင်ထည့် တိုလျှင်ဖြတ် ရှည်လျှင်စပ်။

## နယ်

၁။ နယ်ကျူးလွန် ဘေးဒဏ်သင့်။

## နက်

၁။ နက်ဖြန်- နက်ဖြန် တစ်ခါလေ့ရက်မလွန်။

## နင်

၁။ နင်ရို့မေတ္တာ ချောရာ။
၂။ နင်လားငါလား။

## နင်း

၁။ နင်းခြီရာ။



## နိုင်

၁။ နိုင်တိုင်းလည်း မနှိမ်ရ နှိမ်တိုင်းလည်း မခံရ။
၂။ နိုင်ထက်ကလူ မပြုမူရ။
၃။ နိုင်ရေကျွဲ တင်သားကြီ။
၄။ နိုင်ရေကျွဲ မှာနောက်က။
၅။ နိုင်လိုသူကို အအောင်ပီးကေ စိတ်အီးရေ။
၆။ နိုင်လျှက်နန့်ယှုံး။
၇။ နိုင်လျှက်နန့်ယှုံး၊ ယှုံးလျှက်နန့် နိုင်။

## နောက်

၁။ နောက်ကုန်းကောင်းလို့ ဒုတ်တောင်းရေ။
၂။ နောက်ကိုဆုတ်လှည်းဒုတ် ရှိကိုတိုးထမ်းပိုး။
၃။ နောက်ကျကေ ငှင်းတမှာအရိုး လူမှာအိုး။
၄။ နောက်ကျကေ အောက်ကျရေ။
၅။ နောက်ကြောင်းတွေးဆ မမိန့်ကြနှင့်။
၆။ နောက်ကြောင်းပြန်တွေး အသဲးကွဲး။
၇။ နောက်ကြောင်းသိချင် ရာဇဝင်ကိုကြည့်။
၈။ နောက်ကြောင်းသိမှ ဖွဲ့တက်ကြွ။
၉။ နောက်ခါပီးမည်ဆို တွိ့တိုင်းတောင်း။
၁၀။ နောက်ဆုံးပိတ် အိတ်နန့်လွယ်။
၁၁။ နောက်မှမွီး သူကအကြီးခံ။
၁၂။ နောက်မှမွီးသူကို မောင်ဦးမှည့်ချင်။
၁၃။ နောက်မှီထရံ ဟိကောင်းပြန်။

## နောင်

၁။ နောင်ခါလာ နောင်ခါစီး။
၂။ နောင်တ- တစ်ဖန်ပူပန်မရ၊ မြို့ပါသျှေကို အားပါးကျ။

# နောင်း

၁။ နောင်းနောင်းကိုင်မှ တောင့်တောင့်ကျရေ။

# နတ်

၁။ နတ်ကရာမှာ ကျီးမော့- မော့လို့။
၂။ နတ်ကရာချီးပါ။
၃။ နတ်ကိုမည်ကာ လူ့အစာ။
၄။ နတ်ကိုယိုးလို့ လူ့အစာ။
၅။ နတ်ကိုလည်း မယိုးကေ့၊ စုန်းကိုလည်း မပျိုးကေ့။
၆။ နတ်ကျောက်ခဲး။
၇။ နတ်ကြီးထက် နတ်သျှေတင်း။
၈။ နတ်ကြီးထက် နတ်သျှေရဲ။
၉။ နတ်ကြမ်းကို ပတ်ကြမ်းနန့်တိုက်။
၁၀။ နတ်ကြမ်းနန့်ပတ်ကြမ်း ပတ်ကြမ်းနန့်နတ်ကြမ်း။
၁၁။ နတ်တော်ပြာသို ချီးမတ်တတ်ယို။
၁၂။ နတ်တော်ပြာသို နှင်းစွတ်စို။
၁၃။ နတ်တို့ဖန် ရီကန်အသင့် ကြာအသင့်။
၁၄။ နတ်ပီး ကြက်ဥ။
၁၅။ နတ်ပြည်ကိုပြ ခွီးဝမ်းခေါင်းကိုမြင်။
၁၆။ နတ်ပြည်ဘုံနန့်သိကြား။
၁၇။ နတ်ပြည်ဘုံနန့်သိကြား လူ့ပြည်စောင့်ထိန်းတရား။
၁၈။ နတ်ပြည်အဆုတ် ယိုးတရုတ်။
၁၉။ နတ်ပြင်းသတ်- သတ်လို့။
၂၀။ နတ်မနာလို စုန်းမနာလို။
၂၁။ နတ်မမျှ လူမက။
၂၂။ နတ်မှာအငွိ့၊ လူမှာ အတွိ့။
၂၃။ နတ်ရွှတ်မီးကျောင်း။ (မိုက်ရူးရေးဆန်သူ)။

# နပ်

၁။ နပ်ကျိဝမ်းဝ။
၂။ နပ်တေထမင်း- အောက်က။

# နိမ့်

၁။ နိမ္ဗာန်ကိုခေါ် ဝါကြီးကိုမိန်းကြည့်ခီမေ့။

# နံ

၁။ နံမှုပုပ် ပုပ်မှုနံ။
၂။ နံမှုပုပ် ပုပ်မှုပေါ်။
၃။ နံလည်းနံ နာလည်းနာ။

# နန်း

၁။ နန်းခေါင်ထက် ငှက်ချီးပါ။

# နမ်း

၁။ နမ်းကေကားချိ စားကေသီအာသာဝတီ။
၂။ နမ်းလည်းနမ်းရ ငါးချပ်ရ။

# နိမ့်

၁။ နိမ့်တုံတစ်ခါ မြင့်တုံတစ်လှည့်။

# နို့

၁။ နို့တစ်ဝက် ရီတစ်ဝက်။
၂။ နို့လုံကေချက်မလုံ ချက်လုံကေနို့မလုံ။

၃။ နို့အိုးကိုဖွင့် ချီးအိုပွင့်။

# နှိုး

၁။ နှိုးသူထခိုး ခိုးသူရိုး။

# နွား

၁။ နွားကဝမ်းလျှားရှည် အသျှင်က သူတောင်းစား။
၂။ နွားကိုကကျား ကျားကိုနွား။
၃။ နွားကဝယ်ယင့် ကြိုးဖို့မစဉ်းစား
၄။ နွာကိုမောင်း ကုလားကိုထောင်း။
၅။ နွားကိုမောင်း မယားကိုထောင်း။
၆။ နွားကွဲး ကျားကိုက်။
၇။ နွားခရမ်းသီး။
၈။ နွားပြိုနန့် နွားမွီး။
၉။ နွားငတ်ရီကျ။
၁၀။ နွားတစ်ဘက် ကျွဲးတစ်ဘက်။
၁၁။ နွားတစ်ရာကို ထိန်းကျောင်းနိုင်၊ မိန်းမတစ်ယောက်ကို မထိန်းနိုင်။
၁၂။ နွားတင်ပါးကို ကျားကိုက်။
၁၃။ နွားပျင်းသီးပေါက် လူပျင်းဆီးသောက်။
၁၄။ နွားပြီးရာ ဖျာဆိုးပါ။
၁၅။ နွားပြီးရာမှာ ဖျာဆိုးရွှင့်- ရွှင့်လို့။
၁၆။ နွားမတစ်ထောင်ထိန်းကျောင်းနိုင်၊ သမီးတစ်ယောက် မထိန်းနိုင်။
၁၇။ နွားမလည်း တစ်ဖက်၊ နွားထီးလည်း တစ်ဖက်။
၁၈။ နွားမဝယ်ခင်က ကောက်ရိုးပုံ။
၁၉။ နွားမျိုး (မျော) ဘေးစောင်း လောင်းမျိုးပျက်လက် (ပက်လက်)။
၂၀။ နွားမှာကြံစုံ ငါးမှာငဖယ့်။
၂၁။ နွားမှာစားလျှက်ပင် လူမှာကြံလျှက်ပင်။
၂၂။ နွားမှာစားလျှက်ပင်သီ လူမှာ ကြံလျှက်ပင်သီ။
၂၃။ နွားရဲကျားဆွဲခံရ။
၂၄။ နွားသီကောင်ကို ငှင်းတဆွဲး - ဆွဲလို့။
၂၅။ နွားသီကောင်ကို ငှင်းတကျ- ကျလို့။
၂၆။ နွားသျှေနို့ နွားမကြီးစို့။
၂၇။ နွားအိုကေ အရိုး လူအိုကေ အယိုး။
၂၈။ နွားအိုတင်ပိန်ဂြိုမညီ ခတ်ခီပြန်လည်း အလွဲလွဲ။
၂၉။ နွားအိုထက် လူအိုညက်။
၃၀။ နွားအို မြက်နုကြိုက်။
၃၁။ နွားအို မြက်နုကြိုက်၊ လူအို အပျိုကြိုက်။
၃၂။ နွားအိုလျှင် ချောက်၊ လူအိုလျှင် မျှောက်။

# နွယ်

၁။ နွယ်လိမ်ပတ် ပြတ်တတ်တေ။
၂။ နွယ်လိမ်ပတ် ပြတ်တတ်တေ လူလိမ်သတ်သီတတ်တေ။

# နှ

၁။ နှမကမောင် မောင်ကမယား။
၂။ နှမကိုလိုချင် မောင်ကိုပေါင်း။
၃။ နှမများမောင် ခြည်ခင်စွပ်။

# နှင်း

၁။ နှင်းတောတိုးလည်းခံရ လင်းဖက်လည်းလိုက်ရ။
၂။ နှင်းပေါက်တစ်ရာ မိုယ်းသီးတစ်ပေါက်။

# နှစ်

၁။ နှစ်ခါမသီ တစ်ခါသီ။
၂။ နှစ်ဆူမပွင့် တစ်ဆူပွင့်။
၃။ နှစ်သက်ကပျားသကာ မနှစ်သက်က ခါးတမာ။
၄။ နှစ်သက်ကေ ခါးတောင်း မနှစ်သက်ကေ တောင်စောင်း။
၅။ နှစ်သက်မှ မက်မောဗ။
၆။ နှစ်သက်ရာ ဩဇာ ပျော်ရာနိဗ္ဗာန်။
၇။ နှစ်ချိုက်မှကြိုက်။
၈။ နှစ်ချိုက်မှ ကြိုက်၊ ကြိုက်မှလိုက်။

# နှိုင်း

၁။ နှိုင်းယှဉ်ချက်ချိန် သုခမိန်။

# နှုတ်

၁။ နှုတ်ကိုထိန်း ရန်ငြိမ်း။
၂။ နှုတ်ကိုထိန်း ရန်ငြိမ်း၊ စိတ်ကိုသတ်အပြစ်လွတ်။
၃။ နှုတ်ကြောင့်လက်ကြောင့် ဘေးရန်ထောင်း။
၄။ နှုတ်ကြောင့်သီ လက်ကြောင့်ကြီ။
၅။ နှုတ်ခမ်းထက် သွားရှည်။
၆။ နှုတ်ခမ်းပဲ့ချင်း မီးမမှုတ်ကေ့။
၇။ နှုတ်ခမ်းမွှီးထက် သွားရှည်။
၈။ နှုတ်ခမ်းမွှီးရှည်နန့် ဆီးလိပ်တိုသောက်ချင်။
၉။ နှုတ်ခမ်းမွှီးရှည်နန့် ဟင်းရည်သောက်ချင်။
၁၀။ နှုတ်ချိုမှ လူလိုသည်။
၁၁။ နှုတ်ချို သျှိုတစ်ပါး။
၁၂။ နှုတ်ဆက် ခမက်ဖြစ်။
၁၃။ နှုတ်ဆက်ခမက် လက်ဖက်တစ်ခွက်။
၁၄။ နှုတ်မှာကားပျား ဝမ်းမှာခါး။
၁၅။ နှုတ်မှာကားပျား ဝမ်းမှာမျှား။
၁၆။ နှုတ်တစ်ရာ စာတစ်လုံး။
၁၇။ နှုတ်လျှာတစ်ရာ ပြောတုံပါလည်း အက္ခရာတစ်လုံး နှိုင်းရန်ယှုံးခဲ့။

# နှမ်း

၁။ နှမ်းတစိနန့်ဆီမဖြစ် ဆန်တစိနန့် ထမင်းမဖြစ်။
၂။ နှမ်းတစိနန့် ဆီမဖြစ် ထမင်းတစ်လုံးနန့် ချီးမဖြစ်။

**ပ**

# ပ

၁။ ပကတိဒါးထက် နုတ်ဒါးထက်။
၂။ ပဆာပွား သောကများ။
၃။ ပတကာ သီးခိုက်။
၄။ ပတမြားကို ဝါးရှူးထင်။
၅။ ပတမြားစစ် ညွှန်မှာမနစ်။
၆။ ပတမြား ဆန်ကွဲးကျိုး အဖိုးပြည်တန်။
၇။ ပတမြားမှန် ညွှန်မှာမနစ်။
၈။ ပတမြားရောင်ထက် ပညာရောင်တောက်။
၉။ ပတမြား ရောင်နန့် ပါးပြောင်း။
၁၀။ ပတိုင်းပန်း ပျားခပ်တေပိုင်။
၁၁။ ပထမကုန် သိကြားကုန်။
၁၂။ ပထမခါက ပျားသကာ နောင်ခါမှ ခါးတမာ။
၁၃။ ပရပါချိပ်တက် - တက်လို့။
၁၄။ ပရပ္ပိဆံခြူလိုက်။
၁၅။ ပလီပတာ ပေါင်းများစွာ။



# ပါ

၁။ ပါဏီအာဓာ ဓူအာဓါ။

# ပါး

၁။ ပါးကိုဆွဲး နားကိုသတ်။
၂။ ပါးကိုလိုချင် စံကိုလက်တို့။
၃။ ပါးစပ်ကစားချင်ပြန် ဝမ်းကလက်မခံ။
၄။ ပါးစပ်ကပျားသကာ ဝမ်းကခါးတမာ။
၅။ ပါးစပ်ကပျား ဝမ်းကမျှား။
၆။ ပါးစပ်ကဘုရား- ဘုရား၊ လက်က ကားရား- ကားရား။
၇။ ပါးစပ်ကိုဟ အူမကိုမြင်။
၈။ ပါးစပ်ကြမ္မာ လက်ကြောင့်နာ။
၉။ ပါးစပ်ဆရာ ဖင်ကမာ။
၁၀။ ပါးးစပ်တစ်ခွန်း စွာတစ်ခွန်း။
၁၁။ ပါးစပ်တစ်မျိုး စွာတစ်မျိုး။
၁၂။ ပါးစပ်နန့် ရင်းစား။
၁၃။ ပါးစပ်ဖြဲးတိုင်း ရယ်ယောင်မထင်ကေ့။
၁၄။ ပါးစပ်ဘုရား လက်ကားရား။
၁၅။ ပါးစပ်မှာ ကြက်အိပ် - အိပ်လို့။
၁၆။ ပါးစပ်အကျင့် ဝမ်းအချင့်။
၁၇။ ပါးစပ်အလို ဝမ်းမလိုက်နိုင်။
၁၈။ ပါးနန့်နား။
၁၉။ ပါးပိန်ရာမှာ အရီတွန့်။
၂၀။ ပါးပျောင်ရာမှာ သွားကျိုး။
၂၁။ ပါးပျောင် သွားကျိုး။
၂၂။ ပါးပျောင်သွားကျိုး နားပဲ့ပါးယွဲ့။
၂၃။ ပါးရာက ပေါက်ထွက်။
၂၄။ ပါးရာကပေါက်ထွက် ထူရာကမဲးသားတက်။

၂၅။ ပါးရာက ပေါက်ထွက်၊ ထူရာကဝင်။
၂၆။ ပါးရည်မစစ် နားရည်မစစ်။
၂၇။ ပါးရိုက်လို့ နားကိုက်တေ။

# ပိ

၁။ ပိထိုင်မျက်ကန်း မခွဲတန်း။
၂။ ပိရာမှ ပြား။
၃။ ပိရာမှပြား ပြားရာမှ ညှပ်ပြား။

# ပီ

၁။ ပီတပင် သျှင်တပါး။
၂။ ပီတပင်လုံး ဘုန်းကြီးယပ်တောင်။
၃။ ပီတပင်လုံး ဘုန်းကြီးယပ်တောင် ဝါးတစ်ရုံလုံး သူတော်မတောင်မွိန့်။
၄။ ပီဖြစ်ပြီးနောက် ခံရဲ့ရဖို့။
၅။ ပီဖြစ်ပြီးမှ တူရိုက်ခံဖို့စွာကိုမကြောက်။
၆။ ပီယချစ်ခင် သနားကြင်လည်း၊ နောင်ခါမုချ ကွဲတတ်စွ။
၇။ ပီယဝါစာ ချိုသာယာ။
၈။ ပီယဝါစာ ပြောတက်မှ လူသထာ။
၉။ ပီယသထာ ချစ်မေတ္တာ

# ပီး

၁။ ပီးကပီးယင့် မရ။
၂။ ပီးကပီးယင့်မရ ကျွေးကကျွေးယင့် မဝ။
၃။ ပီးကေကလို မိန်းကေဆို။
၄။ ပီးကေဆုံး မပီးကေမုန်း။
၅။ ပီးကမ်းနိုင်မှ နှစ်သက်၊ မပီးကမ်းနိုင် ရန်ဖက်။
၆။ ပီးကမ်းနိုင်မှ အောင်မြင်။

ဥပမာစုံ ရခိုင်စကားပုံ

၇။ ပီးခါမယူ တောင်းခါမရ။
၈။ ပီးစရာလည်း ငွေမဟိ စားစရာလည်း ဆန်မဟိ။
၉။ ပီးစရာလည်း ငွေမဟိ ပြီးစရာလည်း မြီမဟိ။
၁၀။ ပီးတိုင်းမစားရ စားတိုင်းမပီးရ။
၁၁။ ပီးတိုင်းမစားရ ထင်တိုင်းမလားရ။
၁၂။ ပီးတိုင်းမစားရ ဝင်တိုင်းမမျိုရ။
၁၃။ ပီးတိုင်းမယူရ ယူတိုင်းမပီးရ။
၁၄။ ပီးတတ်မှရ ကျွေးတတ်မှ ဝ။
၁၅။ ပီးမှုယူမှု ပြန်ပီးမှု။
၁၆။ ပီးလျှင်ကောင်း မပီးလျှင်စောင်း။
၁၇။ ပီးသူမေတ္တာ ချစ်သူယူပါ။
၁၈။ ပီးသူမေတ္တာ ယူသူသစ္စာ။

# ပု

၁။ ပုကန်မှာမြင်း၊ ဇွန်းမှာမြင်း။
၂။ ပုဇွန်စိတ်ကေ အဂေါင်းကိုဆိတ်- ဆိတ်လို့။
၃။ ပုဇွန်စိတ်ကေ အဂေါင်းကိုဆိတ် တဖြိတ်ဖြိတ်။
၄။ ပုဇွန်ဖြူငါးမဟုတ် သမက်စီ လူမဟုတ်။
၅။ ပုဇွန်မှာ ချီးထုပ်အဂေါင်းမှာအုပ်။
၆။ ပုဆိုးမပါ အမိရွာတောင် မလားသာ။
၇။ ပုတီးတစ်ဖက် ဒါးတစ်လက်။
၈။ ပုတို ရန်လို။
၉။ ပုထုဇဉ်ဆို အလှလို။
၁၀။ ပုထုဇ္ဇနော ဥမ္မတ္တကော။
၁၁။ ပုထုဇဉ်ဟူသမျှ အရူးတစ်ပိုင်း။
၁၂။ ပုမှ ခရု။
၁၃။ ပုရစ်နပင်း ကျိန်းအညင်း။
၁၄။ ပုလင်းထဲမှာ ရီကိုမြင်ရေပိုင်။

၁၅။ ပုလင်းထဲမှာ ရီကိုထည့် ဇီတည့်မြင်။
(ပုဝါဖြူ ပုဝါပါး ကြက်သားထုပ် စွန်းတတ်တေ တစ်ရပ်သူတစ်ရွာသား၊ရည်းစားထား လွမ်းတတ်တေ)
၁၆။ ပုသင်လည်ညိတ် တစ်ကျိတ်ကျိတ်။

## ပူ

၁။ ပူကေမီးလှုံ။
၂။ ပူကေမီးလှုံ ပုဆိုးချုံ။
၃။ ပူခါမီးလှုံ ပုဆိုးချုံ ဆောင်းခါရီချိုးနှင်းတောတိုး။
၄။ ပူဆာကေ သောကများ။
၅။ ပူရာမှာ ရီတွင်းထဲ ကျစွာနန့်အဆင်သင့်။
၆။ ပူရာမှာ ရီပူထပ်လောင်း။
၇။ ပူသူကို ကူသူမဟိ။
၈။ ပူသူကို မီးတိုက် ဟိုက်သူကို အပြီးခိုင်း။

## ပဲး

၁။ ပဲးပင်လဲရာ ဖရုံဆင်။
၂။ ပဲးလှော်စားလီ ဝမ်းပွ(ပေါ့)လီ။

## ပေါ့

၁။ ပေါ့ကေလျှော့ရေ လျှော့ကေပြီကျရေ။
၂။ ပေါ့စီလိုလို့ မှင်ကိုထိုး မှင်အတွက်လီး။
၃။ ပေါ့ပျက်ပျက်ဆားမတန် စကားမခြိုင်။
၄။ ပေါ့ကေလေ့- လေးလံ၊ မြုပ်ကေလေ့- လေးလံ။

## ပေါ်

၁။ ပေါ်စခရမ်းသီး ထပ်ချင်းညီး။
၂။ ပေါ်မည်လို့ ဖုံးခါမှ ကွင်းလုံးကျွတ်ကျ။



၃။ ပေါ်ရာက တက်စီး။

## ပက်

၁။ ပက်ကုန်းဝန်ထမ်းကိုရာ ခံနိုင်ရေ ၊ နားဝန်ကိုမခံနိုင်။
၂။ ပက်ကုန်းဝန်ချိ နားဝန်မချိ။
၃။ ပက်ကျိလားရာ ကြောင်းမပေါ်။
၄။ ပက်ကျိလားရာ လမ်းမပေါ်။
၅။ ပက်ပင်းဆုံမှ ထက်ပက်ကြို။
၆။ ပက်ပင်းနန့်ထက်ပက် တစ်ချက်တည်း။

## ပင်

၁။ ပင်ပန်းဆင်းရဲ ရန်တွိ့များ။
၂။ ပင်ပန်းဒုက္ခတရောဂါရ။
၃။ ပင်မခရမ်း ရောပွမ်းစိုက်က ခရမ်းသာလီး ဗူးမသီး။
၄။ ပင်လယ်မြစ်မှာ ငါးပိခတ်- ခတ်လို့။
၅။ ပင်လယ်ထဲမှာ ဆားခတ်- ခတ်လို့။
၆။ ပင်လယ်မှာ အပ်ကျ - ကျလို့။
၇။ ပင်လယ်သမုဒ္ဒရာကို လက်လွတ်ကူးရေပိုင်။
၈။ ပင်လယ်သမုဒ္ဒရာကို အယားကူးရေပိုင်။

## ပင့်

၁။ ပင့်ရစ်ပိုင်ပိုင် မကြံနိုင်ကေ ရခိုင်ပြည်သို့သွား
၂။ ပင့်ရစ်မနိုင်၊ ရခိုင်ကိုမီး။

## ပင်း

၁။ ပင်းကွန်ဆောင်ရေနား တစ်ဲ့လေ့မကြား။
၂။ ပင်းတွန်းရိုးရှည် ရိုးရှည်ပင်းတန်း မြစ်လယ်ခေါင် ဗီလာတန်း။

# ပစ်

၁။ ပစ္စည်းကလည်းမွဲ အနာကလည်း သည်း။
၂။ ပစ္စည်းကိုလု ကုတ်ကိုထု။
၃။ ပစ္စည်းမဟိကေ အသိမလုပ်ချင်။
၄။ ပစ္စည်းမှန် အမွှမ်းတင်ဖို့မလို။
၅။ ပစ္စည်းဟိက လိုတိုင်းရ။
၆။ ပစ္စည်းဟူက ရှိသီရ။
၇။ ပစ္စည်းဥစ္စာ မာနသာ။
၈။ ပစ္စည်းဥစ္စာ လူမိုက်နန့် အတူမနီရာ။
၉။ ပစ္စည်းဥစ္စာ သင်္ခါရ။
၁၀။ ပစ္စည်းဥစ္စာ သင်္ခါရ၊ ဒါနကုသိုလ်ထွက် ကရားအိုး။
၁၁။ ပစ်တိုင်းထောင် ထောင်တိုင်းကျ။
၁၂။ ပစ်မနိုင် ခါမကျ။
၁၃။ ပစ်ရာတစ်ခြား ကျရာတစ်ခြား။
၁၄။ ပစ်ရာမမှန် ထိရာမှန်။
၁၅။ ပစ်လိုက်ဖို့လည်း အဆီခဲ၊ မျိုလိုက်ဖို့လည်း သဲသျှပ်သျှပ်။
၁၆။ ပစ်လိုက်ဖို့လည်း အသား၊ မျိုလိုက်ဖို့လည်း အရိုး။

# ပိုက်

၁။ ပိုက်ထောင် ကြောင်ကျ။
၂။ ပိုက်နန့်မတန် ကွန်မှာမလောက် ငါးလိပ်ကျောက်။
၃။ ပိုက်မှာလည်း မကန်၊ ကွန်မှာလည်း မဆန့်၊ ငါးကန့်လန့်။
(ပိုက်သည်ငါးကောင်းမစား၊ လက်သမားအိမ်ကောင်းမနီ၊ ပန်းဘဲဒါးကောင်းမကိုင်)။
၄။ ပိုက်သည်ဖော်လာ ဖောက်သည်ဂေါင်းထက်။

# ပိုင်

၁။ ပိုင်ဆိုင်ယင့် အစိုးမရ။
၂။ ပိုင်ရာပိုင်ရာ မဆိုင်။
၃။ ပိုင်သာပိုင် မဆိုင်။

# ပိုင်း

၁။ ပိုင်းမှပြတ် သင်မှတတ်။

# ပဉ်း

၁။ ပဲ့ခွင်းဖခေါ်လို့ မထူး၊ ချီးလူးအောင် ဖခေါ်မှထူး။

# ပည်

၁။ ပညာကားရှိ ဥစ္စာကားနောက်။
၂။ ပညာကိုနည်းရေ မမှတ်ရ။
၃။ ပညာကိုနည်းရေ မမှတ်ရ၊ ဥစ္စာကို များရေမမှတ်ရ။
၄။ ပညာကိုလို အိုရေမဟိ။
၅။ ပညာဂုဏ်ရောင် ထွန်းလင်းပြောင်။
၆။ ပညာဆည်းပူးဂုဏ်အထူး။
၇။ ပညာဆည်းပူး မြတ်ကျေးဇူး။
၈။ ပညာဆိုကေ ရွှန်းသီးမှာလောက်လည်း အစွန်းမဟိ။
၉။ ပညာဉာဏ်မဟိကေ အသိမလုပ်ချင်။
၁၀။ ပညာတတ်က ဂုဏ်မာန။
၁၁။ ပညာတတ်က ဂုဏ်မောက်ပြ။
၁၂။ ပညာတတ်ပွန် သူမြတ်မွန်။
၁၃။ ပညာတတ်မြောက် ဂုဏ်ကိုမောက်။
၁၄။ ပညာတတ်မှု လုံ့လပြု။
၁၅။ ပညာတတ်သူ မာနထူ။
၁၆။ ပညာပြည့်စုံမှ လူဂုဏ်တန်။
၁၇။ ပညာဖြင့်ချင့်ချိန် သုခမိန်။

၁၈။ ပညာမမည် လူငလည်။
၁၉။ ပညာမမှီ ငဒုသီ။
၂၀။ ပညာမရ ဒုက္ခကျ။
၂၁။ ပညာမရ ဝန်ထမ်းကျ။
၂၂။ ပညာမဟိက ကျွဲနောက်နွားနောက်။
၂၃။ ပညာမဟိ ဒုက္ခနန့်တွိ့။
၂၄။ ပညာမဟိ လူဒိဋ္ဌိ။
၂၅။ ပညာမဟိ လူဒိဋ္ဌိ၊ ထောင်းမှသိ။
၂၆။ ပညာမာန ဂုဏ်ကိုပြ။
၂၇။ ပညာမှာ သျှင်သာရိ၊ အဆင်းမှာသျှင်ကစ္စည်း။
၂၈။ ပညာရဲရင့်ပွဲလယ်တင့်။
၂၉။ ပညာရှာ ပမာ သူတောင်းစား။
၃၀။ ပညာရှာ ပမာ သူဖုန်းစား။
၃၁။ ပညာလို မပျင်းကေ့ ဥစ္စာလို မငြင်းကေ့။
၃၂။ ပညာလိုဥစ္စာနန့်ရင်း ဥစ္စာလိုပညာနန့်ရင်း။
၃၃။ ပညာလွန်ကဲ၊ လူကိုမလေး။
၃၄။ ပညာသည်ကို ကြီးသည်ငယ်သည်မဆိုရာ။
၃၅။ ပညာဟိက နုတ်စောင့်ရ။
၃၆။ ပညာဟိက ကြွားဝါမပို ဂုဏ်မလို။
၃၇။ ပညာဟိကား စကားလွန်မပြော။
၃၈။ ပညာဟိဆို ဂုဏ်မပို။
၃၉။ ပညာဟိတိုင်း လောဘကို သတ်နိုင်ခဲ။
၄၀။ ပညာဟိ ဒေါသအမျက် ပြင်မထွက်။
၄၁။ ပညာဟိနန့်ပေါင်းဖော် ဘေးရန်ကွာ။
၄၂။ ပညာဟိနန့်ပေါင်းသင်း ဘေးရန်ကင်း။
၄၃။ ပညာဟိနှစ်ယောက်လား လမ်းလယ်လပ်။
၄၄။ ပညာဟိများ တစ်ခွန်းပြောက အဖိုးနဋ္ဌ ထိုက်တန်လှ။
၄၅။ ပညာဟိမှ ထင်ပေါ်။
၄၆။ ပညာဟိမှ ထင်မြင်နိုင်။
၄၇။ ပညာဟိမှ ပေါ်လွင်၊ ပေါ်လွင်မှထင်ရှား၊ ထင်ရှားမှ ကျော်စော။
၄၈။ ပညာဟိမှ မြော်မြင်။
၄၉။ ပညာဟိမှ အခွင့်သိ။
၅၀။ ပညာဟိမှ အရီးအရာသိ။
၅၁။ ပညာဟိမှ အသိပိုင်။
၅၂။ ပညာဟိ သတိရခဲ။
၅၃။ ပညာဟိသော်လည်း သတိရခဲ။
၅၄။ ပညာဟိ- ဟိရာ ပညာဟိလာ။
၅၅။ ပညာဟိအမျက် ပြင်မထွက်။
၅၆။ ပညာဟိဟု ဆိုတုံဘိလည်း သတိကင်းကွာ ဟိတတ်စွာ။
၅၇။ ပညာဟူက ရခဲစွ။
၅၈။ ပညာဟူရာ ကြီးငယ်မဆိုသာ။
၅၉။ ပညာဟူရာ တတ်ကောင်းစွာ။
၆၀။ ပညာဟူသည် မိုးပေါက်နှယ်။
၆၁။ ပညာအတတ် ထွက်ကရားအိုးမှတ်။
၆၂။ ပညာအတွက် မခွါရက် ကမ္ဘာညွှန်တုံးဘက်။
၆၃။ ပညာအမျိုး မြတ်ရှိအိုး။
၆၄။ ပညာအရောင် ထွန်းလင်းပြောင်။

# ပည်း

၁။ ပညတ်ကိုလည်း မပယ်ကေ့၊ ပရမတ်ကိုလည်း မလွန်ကေ့။

# ပေါက်

၁။ ပေါက်ဆိန်ဒူးသားကွဲးဖို့ခါ အခုတစ်ဆယ်ဝင်။
၂။ ပေါက်ဆိန်ရာကိုမမြင် အပ်ပေါက်ရာကို မြင်။
၃။ ပေါက်ဆိန်ရာ မထင် အပ်ရာထင်။
၄။ ပေါက်တူးမှာပိုင် ကိုယ့်ရင်တွင်းကိုယက် (မက်)။
၅။ ပေါက်တေနဖူး မထူးဗျာ။

# ပေါ်င်

၁။ ပေါင်တုတ်ကေလုပ်တေ ဂေါင်းတုတ်ကေစားရေ။
၂။ ပေါင်တန်ရှည်တိုင်း ငှက်ကြီးမဟုတ်။

# ပေါင်း

၁။ ပေါင်းခီပက်စက် မပေါင်းအပ်။
၂။ ပေါင်းမှာအကွပ် လူမှာအဝတ်။
၃။ ပေါင်းမှာအကွပ် လောင်းမှာအစပ်။
၄။ ပေါင်းရဖို့လည်း အခက်၊ မပေါင်းပြန်လည်း စိတ်ကွက်။

# ပတ်

၁။ ပတ်ကြမ်းနန့်နတ်ကြမ်း နတ်ကြမ်းနန့်ပတ်ကြမ်း။
၂။ ပတ်ထက်ဗုံမသာ။
၃။ ပတ်မှာငပင် သိုက်မှာလေက်ရုံး ယတြာမှာငကုသလ။
၄။ ပတ်လည်းမဖြစ် ဗုံလည်းမဖြစ်။
၅။ ပတ်သံကြား နတ်မနီနိုင်။

# ပိတ်

၁။ ပိတ်တထွာနပျိုးသီးပိန်ကျာ။
၂။ ပိတ်မှလုံ လုံမှရီမဝင်။

# ပုတ်

၁။ ပုတ်ကြားနွားချီး မျိုးကြားသူစိမ်း
၂။ ပုတ်ကြားနွားချီးဝင် မျိုးကြားသူစိမ်းဝင်။
၃။ ပုတ်ချုပ်။
၄။ ပုတ်ချုတ်လင်မရ။
၅။ ပုတ်ဆိုကေဝထုပ် ဝထုပ်ဆိုကေပုတ်။
၆။ ပုတ်မှာရိုင်မှာ ဖြည့်လို့ပြည့်နိုင်၊ ဝမ်းတစ်ထွာမှာဖြည့်လို့မပြည့်နိုင်။
၇။ ပုတ်မှာလည်းမကန် ရိုင်မှာလည်း မပြည့်။

# ပုပ်

၁။ ပုပ်မှနံ နံမှပုပ်။
၂။ ပုပ်မှနံ နံမှဟောင်။
၃။ ပုပ်မှပေါ် ကြော်မှညှော်။
၄။ ပုပ်မှပေါ် ဟုတ်မှကျော်။
၅။ ပုပ်မှရာပျိုကျ။

# ပုံ့

၁။ ပုံ့သူမဟိနှိပ်သူဟိ။

# ပန်း

၁။ ပန်းကောင်းအညွန့်ချိုး။
၂။ ပန်းကောင်းပန်ခဲ့ရ လင်ကောင်းရခဲ့စွ။
၃။ ပန်းကိုအကြောင်းပြုရို့ ရှောက်ခွန်းကိုဂေါင်းမှာတင်။
၄။ ပန်းတကာပန်းထက် မယားပန်းနန့်သားပန်းအမွီးဆုံး။
၅။ ပန်းတန်ယောင်သမီး ချီးတန်ယောင်ဖြစ်။
၆။ ပန်းထိမ်ခေါက်တောက် မစားလောက်။
၇။ ပန်းထိမ်မတတ်ခင် ရွှီခိုးသင်။
၈။ ပန်းထိမ်ရိုးရိုး အမိရွှီကိုတစ်မတ်ခိုး။
၉။ ပန်းထိမ်လည်းမဖြစ် ပန်းပဲလည်းမဖြစ်။
၁၀။ ပန်းထိမ်သီ ခေါက်ယှာဖြစ်။
၁၁။ ပန်းပင်မှာအပွင့် လူမှာအကျင်။
၁၂။ ပန်းပွင့်ရွှန် ပန်သူယှား။

၁၃။ ပန်းပွင့်ရှန် ပန်သူယှား၊ အရွယ်လွန် ယူသူယှား။
၁၄။ ပန်းဘဲသမား၊ ဒါးကောင်းမကိုင် လက်သမားအိမ်ကောင်းမပိုင်။
၁၅။ ပန်းဘဲသံလိမ် ပန်းထိမ်ရှိခိုး။
၁၆။ ပန်းမဠုကြိုင်ကြိုင်မွှီး အိမ်ခြီစာရင်းပီး။
၁၇။ ပန်းသတင်းလီညှင်းဆောင်၊ လူသတင်းလူချင်းဆောင်။
၁၈။ ပန်းအကြောင်းကြောင့် ဝါးခြမ်းကိုဂေါင်းမှာတင်။
၁၉။ ပန်းအနံ့ကားလီစုန်မွှီး၊ ပညာဟိအနံ့ကား ထက်အောက်မွှီး။

# ပိန်

၁။ ပိန်နဲလောင်းပိုင် တစ်ဖက်စောင်းထောင်။
၂။ ပိန်နဲသီးခွံကို နွားရစ်- ရစ်လို့။
၃။ ပိန်ရာမှာရှုပ် ရှုပ်ရာမှာကုပ်။

# ပုံ

၁။ ပုံတိုပတ်စ။

# ပုဏ်

၁။ ပုဏ္ဏားကိုမြင်ကေ ခွီးဟောင်။
၂။ ပုဏ္ဏားနွားရောင်း လတပေါင်း။
၃။ ပုဏ္ဏားမြင် ဗေဒင်ကြည့်ချင်။

# ပုံး

၁။ ပုံမကျ ပတ်မကျ။
၂။ ပုံမကျ ဟန်မကျ။



# ပုံး

၁။ ပုံးထက်ဖာမသာ မက္ကလာထက် စံဂိုးမကြီး။

# ပုန်း

၁။ ပုန်းတုံ ဝှက်တုံ။

# ပို

၁။ ပိုကေဖျက် လိုကေစွက်။
၂။ ပိုရာပို မလိုစီကေ့။

# ပို့

၁။ ပို့ကား (ဖိုးခေါင်) ငှက်ကို ဇကန်းလိမ်ရေပိုင်။
၂။ ပို့ရေလက်စ ကူးတို့ဆိပ်ရောက်ယောင်ပို့။

# ပျာ

၁။ ပျာချောင်းကို အဆန်မတိုးကေ့။

# ပျား

၁။ ပျားနန့်စား ဆားပါမှ။
၂။ ပျားနန့်စား ဆားပါမှ လူချောလှ မှဲ့ပါမှ။
၃။ ပျားပိုင်ချိုစီ တမာပိုင်မခါးစီကေ့။
၄။ ပျားမြက်ပြာကိုယက် (လျက်)။
၅။ ပျားမှာ အချိုလောင်း။
၆။ ပျားရည်ငုပ်ရာ ပျားချီးပေါ်။
၇။ ပျားရည်တစက်ကြောင့် မိတ္ထီလာတပြည်ပျက်။

၈။ ပျားရည်နန့် ဝမ်းနုတ်။
၉။ ပျားလည်းစွဲးသာစီ ရှည့်လည်းလျှောက်သာစီ။
၁၀။ ပျားအစဉ်ချို လူအစဉ်မချို။
၁၁။ ပျားအစဉ်ချို လူအစဉ်မရိုး။

## ပျော်

၁။ ပျော်ကေပန်းထော် (ကျွန်း)လား။
၂။ ပျော်ပွဲကြို သီပွဲးဆုံ။
၃။ ပျော်ပွဲးလား သီပွဲပြား။

## ပျက်

၁။ ပျက်ချိပျက်ချော် လူငလော်။
၂။ ပျက်လုံးပျက်ချော် လူငလော်။
၃။ ပျက်အစဉ် ပျင်ခဏ။

## ပျင်း

၁။ ပျင်းကေ ပတင်း (ကျွန်း)လား။
၂။ ပျင်းကေ ပုလင်းဆွဲ။
၃။ ပျင်းရိဆင်းရဲး လည်းသောက်စွဲး။
၄။ ပျင်းရိသောသူ ရောဂါထူ။

## ပျစ်

၁။ ပျစ်မှာကပ်- ကပ်လို့။
၂။ ပျစ်ရာမှာ ဖျစ်။

## ပျောက်

၁။ ပျောက်တေလူရှာကေတွိ့ သီရေလူ ကြာကေမိန့် (မေ့)။
၂။ ပျောက်မဆုံး ပစ်မမုန်း။
၃။ ပျောက်မရှာ ကျမကောက်။

## ပျိုး

၁။ ပျိုးထောင်မိုးခေါင်။
၂။ ပျိုးမအောင်ပဲ မိုယ်းခေါင်တုန်းမှာ အုံးရို့တက်ကာ မိုယ်းကြီးရွာ။

## ပြ

၁။ ပြဒါးတစ်လမ်း၊ သံတစ်လမ်း။

## ပြာ

၁။ ပြာကိုဂေါ်င်းတင် ကြွိကိုဂေါ်င်းရွက်။
၂။ ပြာတောင်းကိုကိုင် ဖွဲ့းတောင်းကိုရွက်။
၃။ ပြာသိုတပိုးတွဲး သျှင်ကြီးလူထွက်ပွဲး။

## ပြား

၁။ ပြားပြားဝပ်မှ ဒူးထောက်မှန်းသိရေ။
၂။ ပြားရာမှာပိ ပိရာမှာဖိ။

## ပြီး

၁။ ပြီးယှော်င်မလွတ် သံသရာဝဋ်။

# ပြု

၁။ ပြုလျှင်အသစ် ပျက်လျှင်အဟောင်း။
၂။ ပြုသူမရှက် မြင်သူရှက်။

# ပြူ

၁။ ပြူကိုအမြှောက် တလိုင်းကိုအကောက် ကုလားကို မီးပေါက်။

# ပြည်

၁။ ပြည်ကားတပြည်တွိယက် အသက်မလောက်။
၂။ ပြည်ကိုမရ ဗာရဏာ မင်းကိုမမှတ် ဗြဟ္မဒတ်။
၃။ ပြည်ကြီးဝန်ကို အိုးတန်ဆန်ခပ်၊ မင်းကျင့်ဝတ်နှင့်လျှောက်ပတ်သင့်စွာ စီရင်ရာသည်။
၄။ ပြည်သျှင်မှောက်မှား အလားလား။
၅။ ပြည်ထဲအရေး ပေါက်နန့်ကျေး။
၆။ ပြည်ရီးထက် ဝမ်းရီးခက်။
၇။ ပြည်ရွာစည်မှု ဖောက်ကားပြု။
၈။ ပြည်ရွာပြောင်းမျှား မကောင်းစား။
၉။ ပြည်ရွာမသာ ပြည်သူနာ။
၁၀။ ပြည်သူ့အတွက် ငါကြောင့်ကြ ရှူးရာကျ။

# ပြော

၁။ ပြောခဲ့နက် ဆိုခဲ့နက်။
၂။ ပြောခြင်းမတော် မဆီလျှော်။
၃။ ပြောစရာတွင် စကားခက် ထားစရာတွင် မယားခက်။
၄။ ပြောစာရာမဟိ ပိတောက်ပင်ကို လက်ညှိုးထိုးလို့ပြော။
၅။ ပြောစရာရှာမရ ငါ့မယားဝမ်းကြီးရေ။
၆။ ပြောတိုင်းမယုံရ၊ တောင်းတိုင်းမပီးရ။
၇။ ပြောတတ်မှ နားဝင်ချို။



၈။ ပြောတက်လီယင့် မြတ်လီယင့်၊ ခွတ်တတ်လီယင့် ပြတ်လီယင့်။
၉။ ပြောတတ်ဟောတတ် ကလူတတ်။
၁၀။ ပြောတတ်ဟောတတ် သူတော်မြတ်။
၁၁။ ပြောတတ်ဟောတတ် သူတော်မြတ် မပီးပါလိုသူ ဝန်တို။
၁၂။ ပြောတတ်ဟောတတ် သိုက်ခွဲးမြတ် (လွတ်)။
၁၃။ ပြောဖန်မျှား စကားရ။
၁၄။ ပြောဖန်မျှား ဆိတ်ချီးဝင်။
၁၅။ ပြောဖန်မျှား ဇာတိပြ။
၁၆။ ပြောဖန်မျှား မယားစကားအောင်။
၁၇။ ပြောဖန်မျှား အမှားပါတတ်တေ။
၁၈။ ပြောမနာ ဆိုမရှက်။
၁၉။ ပြောမနာ ဆိုမရှက် ကြိစဲဖျက်။
၂၀။ ပြောမနာ ဆိုမရှက် အပြောရခက်။
၂၁။ ပြောမိပြောရာပြော မှားမှန်းမသိ။
၂၂။ ပြောရာမှာသတိ ကျင့်ရာမှာသမာဓိ။
၂၃။ ပြောရေခါ ငမုတ် စားရေခါ ငရုပ်။
၂၄။ ပြောရေခါအလွယ် လုပ်တေခါခဲး။
၂၅။ ပြောရေခါဦးကြီး စားရေခါဂေါင်းကြီး။
၂၆။ ပြောလီကဲးလီ။
၂၇။ ပြောလီကဲလီ မန်းလီရမ်းလီ။
၂၈။ ပြောလီကဲးလီ မှုတ်လီရောင်လီ။
၂၉။ ပြောလီဖို့က မိုကိုးနှစ်၊ စားလီဖို့က လက်တဆစ်။
၃၀။ ပြောလီသမျှ သဲးရိကျ။
၃၁။ ပြောလီသမျှ အဘာသျှေမှာအောက်ကကျ။
၃၂။ ပြောလီသည်းလီ မန်းလီရမ်းလီ။
၃၃။ ပြောလို့မကျိ လူကာနီ (ကာနျူ)။
၃၄။ ပြောလို့မနာ ဆဲးလို့မရှက် ကြဲးစဲးပျက်။

## ပြင်

၁။ ပြင်လူချစ် တွင်းလူရိုက်။

## ပြိုင်

၁။ ပြိုင်လောင်းနိုင်ရှိ ကွဲနွားနိုင်နောက်။
၂။ ပြိုင်လီအို စပ်ပျဉ်မရ။

## ပြိုင်း

၁။ ပြိုင်းတိုင်မြုပ်- မြုပ်ရို့၊ စုန်းစုန်းမြုပ်တေ။

## ပြောင်

၁။ ပြောင်လှောင်သရော် လူပျက်ပျော်။

## ပြောင့်

၁။ ပြောင့်သက်ကေတသက်စာ မပြောင့်သက်ကေ တစ်နပ်စာ။

## ပြောင်း

၁။ ပြောင်းတုံးတင်- တင်လို့။
၂။ ပြောင်းထောင်- ထောင်လို့။

## ပြုတ်

၁။ ပြုတ်မန္တူးလူ ပြောခက်ထူ။
၂။ ပြုတ်ရို့မန္တူး လူကျောက်တုံး။

## ပြန်

၁။ ပြန်ခါခူးမည် ဟင်းရယ်ရေ။

## ပြိန်း

၁။ ပြိန်းတောမှာ ဒါးက- ကလို့။
၂။ ပြိန်းမယားပဲမြောက်ယားရေ။
၃။ ပြိန်းသုတ်ပစ တရွှရွှ။

## ပြုံ

၁။ ပြုံပြုံး- ပြုံးပြုံ အပြောခဲ။

## ပြုံး

၁။ ပြုံးတိုင်းမရယ်။
၂။ ပြုံးကတီ (ပြုန်းပတီ) လင်သီဟင်း မစားလီကေ့။

## ပြို

၁။ ပြိုလတ်မေကြောက် အိမ်ကိုထောက်။

## ပွ

၁။ ပွရာမှာရောင် ရောင်ရာမှာ ပေါက်ကွဲ။
၂။ ပွရာမှာရောင် ရောင်ရာမှာ ဖွ။

## ပွါး

၁။ ပွါးမှတိုး တိုးမှကြွယ်။

# ပွိုး

၁။ ပွိုးညှင်းထူရာမှာ နူနာစွဲ။
၂။ ပွိုးညှင်းထူရာမှာ ဝဲနာစွဲ။
၃။ ပွိုးထူကေလေ့မယား ကွှီးထူကေလေ့မပူ။
၄။ ပွိုးမှာပေါင် မိုယ်းမှာတောင်။
၅။ ပွိုးဟိသူညင်း စွဲးဖို့မကြောက်။

# ပွဲး

၁။ ပွဲးစရိတ်ထက် ပြင်စရိတ်ကြီး။
၂။ ပွဲးစရိတ်မကျီခင် ပြင်စရိတ်တောင်း။
၃။ ပွဲးတင်ပြင်တင်။
၄။ ပွဲးပြ- ပြလို့။
၅။ ပွဲးပြ- ပြင်ပြ။
၆။ ပွဲးပြီးမဏ္ဍပ် ခြောက်- ခြောက်ကပ်။
၇။ ပွဲပြီးမှ ဖျာခင်း။

# ပွင့်

၁။ ပွင့်ပွင့်ပြောမှ အလင်းနားလည်။

# ဖ

## ဖ

၁။ ဖနန့်တမူ ညီတူအလား မေတ္တာထား။
၂။ ဖနန့်တမူ ညီတူအလား သဘောထား။
၃။ ဖနန့်တမူ မိမူတစ်ခြား။
၄။ ဖနန့်မတူ သားမူတစ်ခြား။
၅။ ဖနန့်မတော် မိမူမစပ်။
၆။ ဖ၊ ဖိုး၊ ဖီး၊ ဇူ၊ ဇာ၊ နု၊ အနာ၊ စဉ်လာမပျက် ခုနှစ်ဆက်။
၇။ ဖ မသာ မိမနာ။
၈။ ဖမှာတစ်ရာ မိမှာတစ်ယောက် ကရောက်ကထောက်။
၉။ ဖမှာတစ်ရာ မိမှာတစ်ယောက် လင်ခိုးယှောက်။
၁၀။ ဖယောင်းတိုင်စား အကြောပါ ဖန်သလိ ဖန်သလက် မကောင်းကာ။
၁၁။ ဖယောင်းနီပူ ကြာဖြူနီထိုး။
၁၂။ ဖရဲးစိ့တွင်းကျ။
၁၃။ ဖရုံသီးတစ်လုံးနန့် အိမ်လုံးကုန်။
၁၄။ ဖလောင်းစစ် မင်းစစ်။

# ဖာ

၁။ ဖာတစ်လုံး ဗူးတစ်ရာ။
၂။ ဖာထက် ဗူးမကြီး။
၃။ ဖာမရ ဆို့မနိုင်။
၄။ ဖာရစ္စာထက် အသစ်ပြုပြင်စွာက ပိုကောင်းသိယင့်။
၅။ ဖာသားထူထပ် အပ်သွားစပ်။

# ဖား

၁။ ဖားကိုတုလို့ ခရုခုန် ကျောက်ပုံမှာသတ် စအိုကျွတ်။
၂။ ဖားကျမကျ ကြောင်ကျ- ကျ။
၃။ ဖားခုန်လို့ ဖုံမထ။
၄။ ဖားငယ်ကေလေ့ ခြသေ့်မင်းကို နိုင်သေး။
၅။ ဖားပြုတ်ကေ ကျောက်သားနန့်ထုလီကြောက်တက်လီ။

# ဖိ

၁။ ဖိမှပိ ထိမှတွိ့။

# ဖီး

၁။ ဖီးမကောင်း ဒဏ်မကောင်း။

# ဖူး

၁။ ဖူးစာပါ မလွတ်ရာ။
၂။ ဖူးစာပါ ဝီးနီးမဆိုသာ။
၃။ ဖူးတုံးလုံးတုံ တန်ဆောင်မုန်း။

# ဖဲး

၁။ ဖဲးဘိန်းအရက် လူကိုဖျက် အသက်တစ်ခါသီအံ့ရာ။
၂။ ဖဲးရိုက်ကြက်တိုက် လူငမိုက်။
၃။ ဖဲးသမား စကားမတည်ရာ။
၄။ ဖဲးသမား တန်းကား နွဲးဆရာပါး။
၅။ ဖဲးသမား တန်းကား အလကား။

# ဖေါ်

၁။ ဖေါ်မှပေါ် ပေါ်မှထင်ရှား။

# ဖင်

၁။ ဖင်ကိုမနိုင်ဘဲ သာကူသောက်ချင်။
၂။ ဖင်ကိုလှစ်ပြပြီးမှ စအိုမှန်းသိရေ။
၃။ ဖင်တစ်ခြား တင်တစ်ခြား။
၄။ ဖင်တစ်ခြား ခေါင်းတစ်ခြား။
၅။ ဖင်တစ်ခွန်း၊ ပ စတစ်ခွန်း။
၆။ ဖင်မှာ လောက်ကိုက် တေပိုင်။
၇။ ဖင်မှာ လောက်ကျ- ကျလို့။

# ဖေါင်

၁။ ဖေါင်ပါး - ပါးလို့။

# ဖေါင်း

၁။ ဖေါင်းကား။
၂။ ဖေါင်းမှပွ ပွမှရွ။

## ဖိတ်

၁။ ဖိတ်ချင်းဖိတ် ကိုယ့်အိပ်မှာဖိတ်။
၂။ ဖိတ်ရာဖိတ်မစဉ်စီကေ့။
၃။ ဖိတ်ရာမှစဉ် စဉ်ရာမှရွှင့်။

## ဖုတ်

၁။ ဖုတ်စား ကင်စား
၂။ ဖုတ်ထားရေငပိ ဟိမှန်းတောင်မသိ။
၃။ ဖုတ်စားစားလို့။
၄။ ဖုတ်ဝင်ဝင်လို့။

## ဖမ်း

၁။ ဖမ်းရရေ ဇကန်းပိုင်။
၂။ ဖမ်းရရေ ဇကန်းပိုင်၊ ကျိန်းကိကျိန်းကာ။

## ဖုံး

၁။ ဖုံးချင်ဆီဖုံး ကုန်းကုန်းပေါ်။
၂။ ဖုန်းထားသမျှ ကုန်းခါမှပေါ်။
၃။ ဖုန်းမလုံ ပုန်းမသီ။

## ဖိုး

၁။ ဖိုးစဉ်ဘောင်ဆက် ဆွီမပျက်။
၂။ ဖိုးဖိုး- ဖိုးဖိုးနန့် နို့တစ်အိုးကုန်။
၃။ ဖိုးလှမိမှာ နှစ်ခါနာရေ။
၄။ ဖိုးသူတော် ဖြစ်မှန်းမသိဖြစ်။
၅။ ဖိုးသူတော် လမ်းမှားဆန်ရ။

## ဖျာ

၁။ ဖျာကျသိုက်တေ။
၂။ ဖျာလိပ်ခေါင်း ခွီးဝင် ဆုံးချင်း။
၃။ ဖျာလိပ်ခေါင်း ခွီးဝင်ရေပိုင်။

## ဖျက်

၁။ ဖျက်တေလည်းကိုယ်ရုံတော် ပျင်ရေလည်းကိုယ်ရုံတော်။
၂။ ဖျက်တေလည်း ပန်းထိမ် ပျင်ရေလည်းပန်းထိမ်။
၃။ ဖျက်မှပျက် သွီးမှထက်။

## ဖြား

၁။ ဖြားခန်းလို့ သစ်ငုတ်ပေါ်။
၂။ ဖြားမှာ တလတ်ရိုင်မှာအကပ်။
၃။ ဖြားမှာတလတ် လူမှာသွားကျွတ်။
၄။ ဖြားမှာဖြား သီ၊ ကလန့်မှာ အဆီ။
၅။ ဖြားရီနန့် မိုယ်းရီမရော။
၆။ ဖြားရှူးနန့် ငါးရှူး။
၇။ ဖြားသင့်လီသင့် ရွှက်ကိုဖွင့်။
၈။ ဖြားသင့်လီသင့် အဆင်သင့်။
၉။ ဖြားသတ်လမန်။

## ဖြူ

၁။ ဖြူမည်လားဖွပ် မဖွပ်သည်ထက်ညစ်။

## ဖြဲး

၁။ ဖြဲးမှပြဲး လှဲးမှလဲး

# ဖြစ်

၁။ ဖြစ်ကြောင်းသံသရာ ငါ့ကြမ္မာ။
၂။ ဖြစ်တုံတစ်ခါ ပျက်တုံတစ်လှည့်။
၃။ ဖြစ်တုံပျက်တုံ လောကဘုံ။
၄။ ဖြစ်ပြီးမှ နောင်တရ။
၅။ ဖြစ်ပြန်ပျက်ပြန် လောကဓံ။
၆။ ဖြစ်လျှင် ပျက်စမြဲ။
၇။ ဖြတ်တတ်မှပြတ် လှူတတ်မှမြတ်။
၈။ ဖြတ်ထုံးလိမ္မာ ပညာကျော်။

# ဖြုန်း

၁။ ဖြုန်းမှပြုန်း ဆုံးမှတုံး။
၂။ ဖြိုမှပြို ခွဲမှကွဲ။

# ဖွဲ

၁။ ဖွဲကိုထောင်း လို့ဆန်ကောင်းမရ။

# ဖွဲ့

၁။ ဖွဲ့တောမှာ ရီသွန်ရေပိုင်။
၂။ ဖွဲ့ပုံရီကျ ရှာမရ။
၃။ ဖွဲ့ရာထက် ပြာရာညှက်။
၄။ ဖွဲ့ရာမှာ ပြာရာကျ။

# ဖွင့်

၁။ ဖွင့်ဟာမပြော ဂြောသီမော။
၂။ ဖွင့်ဟာမပြော ဒုံမိမော။

# ဖွတ်

၁။ ဖွတ်ကမိကျောင်းဖြစ် ချောင်းမြောင်းမငြိမ်းသာ။
(ဖွတ်ကမိကျောင်းဖြစ် ချောင်းမြောင်းမငြိမ်သာ၊ ကျွန်ကသူကောင်းဖြစ် ပြည်ရွာမချမ်းသာ)
၂။ ဖွတ်ကိုက်တဟမ်း လိပ်ကိုက်တန်းလန်း။
၃။ ဖွတ်ကြီးကေ မိကျောင်းဖြစ်တေ။
၄။ ဖွတ်ကြောပြာစု။
၅။ ဖွတ်ညီနောင် ပြာတောင်ရထားဆိုက်။
၆။ ဖွတ်ထွက်မှ တောင်ပို့မှန်းသိ။
၇။ ဖွတ်ပိုင်လျှာနှစ်ခွ။
၈။ ဖွတ် ဖွတ်ချင်း မတုံးယှက်။
၉။ ဖွတ်မထုံး ဖွတ်လိုင်မှာပတ်။
၁၀။ ဖွတ်မရ ဒါးမအဆုံး။
၁၁။ ဖွတ်ရီမှာ ပြာရီဖြစ်။
၁၂။ ဖွတ်တတ်မှဖြူ ယူတတ်မှ ရ။

# ဖွပ်

၁။ ဖွပ်မှဖြူ တူမှရ။
၂။ ဖွပ်လီညစ်လီ ကြီးလီမိုက်လီ။

# ဗ

## ဗ

၁။ ဗကရိုင်မပိုင်ချစ် ကျား မီးကျောင်းပိုင် မကိုက်ကေ့။

၂။ ဗကျင်းတစ်ကိုယ်လုံး ဝမ်းချဉ်း။

၃။ ဗဗေါက - ဆို၊ အကျိုးက - က။

၄။ ဗဗေါက - ဆို အကျိုးက - က နားပင်ကနားထောင် အကန်းကကြည့်။

## ဗူး

၁။ ဗူးကောင်းမှစင်ခံ လင်ကောင်းမှတစ်သက်စံ။

၂။ ဗူးဆိုကေ ဖရုံမသီး။

၃။ ဗူးတစင်ကောင်း လင်ကောင်းတစ်ယောက်။

၄။ ဗူးတစ်ရာဖာတစ်လုံး။

၅။ ဗူးတစ်ရာ အပေါက်ကိုပိတ်ဆို့နိုင်၊ လူတစ်ယောက်ပါးစပ်ကို မပိတ်နိုင်။

၆။ ဗူးတောင်းစကားကို ကြွက်နားမထောင် ကြွက်စကားကိုဗူးတောင်းနားမထောင်။

၇။ ဗူးတောင်းထဲ ကြွက်ဝင်ရေပိုင်။

၈။ ဗူးတောင်းနှစ်လို့ အိုးခြမ်းပေါ်။



၉။ ဗူးတောင်း - လပေါ်ကျိုက်ထမ်း။

၁၀။ ဗူးထက်ဖာမသာ။

(ဗူးနန့်ကရား အတူထား ဗူးထက်ကရား မလီးလာ ကျွန်နန့်သူကောင်းအတူ ပေါင်းသူကောင်းကျွန်စော်မနံလား)။

၁၁။ ဗူးနန့်တန်ကေဗူး ဖာနန့်တန်ကေဖာ။

၁၂။ ဗူးနန့်ဖရုံ ရောယှက်ခြုံ ဖရုံသာသီး ဗူးမသီး။

၁၃။ ဗူးပေါ်- ပေါ်ရေ။

၁၄။ ဗူးရွက်ဆိုကေကြာ ပြွက်ဆိုကေယင် (လျှင်)။

၁၅။ ဗူးလုံးနားမထွင်။

၁၆။ ဗူးသီးနန့်တန်ကေဗူးသီး ခရမ်းသီးနန့်တန်ကေခရမ်းသီး။

၁၇။ ဗူးသီးမှ အရီးတော်ရေ။

၁၈။ ဗူးသီးလည်း အခိုးခံရသိယင့် ထိပ်ကိုလည်း အထိုးခံရသိယင့်။

## ဗေ

၁။ ဗေဒင်ကိုယုံယင့် ဗေဒင်ဆရာကို မယုံ။

## ဗေါ်

၁။ ဗေါ်လာမဟောက်တာ ဗေါ်လာ။

၂။ ဗေါ်လာလာဝေါ် (အော်)လာ။

၃။ ဗေါ်လာဝေါ် (အော်) လာငါ့ပါးမျှာ။

## ဗင်း

၁။ ဗင်းထမ်းထက် အပိုးသန်။

## ဗိုင်း

၁။ ဗိုင်းဝါခြည်နု ပြောဆိုပြု။

# ဖောင်

၁။ ဖောင်ဗင်ခတ် ဂျောင်ဂျင်လှူပ်။

# ဖုံ

၁။ ဖုံတစ်ရာ ပတ်တစ်ချိန်း။
၂။ ဖုံလည်းမကျ ဆိုင်းလည်းမကျ။
၃။ ဖုံအရာဖုံ ပတ်အရာပတ်။

# ဗျာ

၁။ ဗျာဒိတ်ပီး လွဲးရေလို့မဟိ။

# ဗျိုင်း

၁။ ဗျိုင်းကုလားကောက် နတ်သီးကောက်တိုင်း ခြီမကောက်။
၂။ ဗျိုင်းဖြူတကျိုင်ကြား ဇကန်းတကောင်းနားရေပိုင်။
၃။ ဗျိုင်းဖြူလယ်ကြား ဇကန်းနားသို့။
(ဗျိုင်းဟောက်လိုင်စောင်း ငါးကိုချောင်း ရကြောင်းမမြင် ဗျိုင်းနတ်သီးမှာ ရီညှီတင်)

# ဗွီ

၁။ ဗွီစရာဖြစ်လီ ရဲး ကောင်းစားလီ။



# ဘ

# ဘ

၁။ ဘကျိုင်မှ ဘိုင်ကျမှန်းသိ။
၂။ ဘမသိ ဘုမသိ။

# ဘာ

၁။ ဘာရဲးဘသမီး ဆံထုံးကြီး ဟန်လီဟန်လှ လင်မရ။
၂။ ဘာသာဟိက ယဉ်ကျေးမှုဟိစမြဲး။

# ဘား

၁။ ဘားဘာကိုက်လည်း ယင်းကျား အိယောင်ကိုကိုက်လည်း ယင်းကျား။
၂။ ဘားဘာစားဖို့ဆို အစားဖို့တောင်မလောက်။
၃။ ဘားဘာစား အာလည်းစားဖို့။

# ဘီ

၁။ ဘီလူးအသက် ပူးတောင်းမှာ။

# ဘု

၁။ ဘုမသိ ဘမသိ။
၂။ ဘုရားကားအောက် မျောက်ကားအထက်။
၃။ ဘုရားငါးဆူ လေးဆူ ယှောင်နိုင် အရာတဆူဇာထွက်မူ။
၄။ ဘုရားတစ်ဆူ ဂူတစ်လုံး။
၅။ ဘုရားတောထွက်ရာ မာန်နတ်မှောင့်။
၆။ ဘုရားတင်မည်ပျင် ကြောင်အယင်စား။
၇။ ဘုရားပေါ် ခီးပိုင်။

၈။ ဘုရားပေါ်လည်းမမီ ဗန္ဓုလလည်းမမီ။
၉။ ဘုရားဖူးဖက် ကျောင်းတက်ဖက်။
၁၀။ ဘုရားဖူးဖက် ဂူဝင်ဖက်။
၁၁။ ဘုရားဖက် အသင်ရှင်။
၁၂။ ဘုရားဖက်အသက်ရှင်၊ တရားဖက်အမျက်စင်။
(ဘုရားဖက်အသက်ရှင် တရားဖက်အမျက်စင်၊ သူယုတ်ပေါင်းဖက် အမျက်ဝင်)
၁၃။ ဘုရားဗျာဒိတ် မိဖဗျာဒိတ်။
၂၀။ လူကိုပင်ယုံကေလေ့ ကံကိုမယုံရ။
၂၁။ လူကိုပြောဖို့ဆို စုန်းကျကျလို့။
၂၂။ လူကိုပြောဖို့ဆို လျှာယမ်းယမ်းနန့်။
၂၃။ လူကိုပြောအတားမဟိ၊ ကိုယ့်ကိုပြော အုံစိစိ။
၂၄။ လူကိုမကောင်းကြံမိ ဘေးရန်ထိ။
၂၅။ လူကိုမကောင်း မကြံကောင်း။
၂၆။ လူကိုမကောင်း မကြံကောင်း၊ ကိုယ့်ထက်မှာပင် ရာဂျီဝင်။
၂၇။ လူကိုမကောင်း မကြံကောင်း၊ ကြံမိချေက ဘေးသင့်စွ။
(လူကိုမကောင်း မကြံကောင်း၊ မကောင်းကိုယ်တွင် ကိုယ့်ရင်တွင်းမှာ ပြီးလို့ဝင်)
၂၈။ လူကိုမကောင်း မကြံကောင်း၊ မကောင်းကိုယ့်တွင် ကိုယ့်ရင်တွင်းမှာ ရာဂျီဝင်။
၂၉။ လူကိုမနာလို ကိုယ့်မှာအကျိုးမဟိ။
၃၀။ လူကိုမနိုင် ဆံထုံးကိုကိုင် (ဆွဲ)။
၃၁။ လူကိုမမြင် သျှင်ကိုကုန်းတိုက်။
၃၂။ လူမိုက်ကိုရှောင်၊ လူလျှောင်ကို ခါ။
၃၃။ လူကိုယုံကေ ကုန်။
၃၄။ လူကိုယုံကေလေ့ စကားကိုကုန်စင်ယောင် မပြောရ။

၃၅။ လူကိုယုံကေ လူယုံသတ်က သက်သီရ။
၃၆။ လူကိုရည်စူး ကိုယ့်ဖင်ပြူး။
၃၇။ လူကိုလူချင်းကြည့် ရယ်ဖွယ်မြင်။
၃၈။ လူကိုလူချင်းရင်း ငွိကိုငွိချင်းရင်း။
၃၉။ လူကိုအချိန် မစောင့်ဆိုင်းနိုင်။
၄၀။ လူကိုအပြစ်ရှာ ကိုယ့်မှာအနာနန့်။
၄၁။ လူကိုအမူကြည့် ကြက်ကိုအမြီးကြည့်။
၄၂။ လူကိုယ်ခန္ဓာ ပန်းပမာ။
၄၃။ လူကျယ်တင်ပြန် တမတ်တန်။
၄၄။ လူကျယ်သတ်ခံ ဖိုးမတန်။
၄၅။ လူကျင့်မကျင့် ခွီးကျင့်-ကျင့်။
၄၆။ လူကျိုး တက်ကျိုး လောင်းအဆိုး။
၄၇။ လူကြားမဝင် ပွဲပြင်မပြု လူငချူ။
၄၈။ လူကြီးကေမိုက်တေ ယောင်ကြီးကေ ငိုက်တေ။
၄၉။ လူကြီးကေ မျောက်ထီး။
၅၀။ လူကြီးဆိုးကေ ပြေနိုင်ခဲ၊ အသျှေဆိုးကေ ပြေရန်လွယ်။
၅၁။ လူကြီးတိုင်း အရာမရောက်။
၅၂။ လူကြီးတိုင်း အရာမရောက်၊ သစ်ပင်ကြီးတိုင်း အသုံးမဝင်။
၅၃။ လူကြီးထက် လူသျှေတင်း။
၅၄။ လူကြီးရှက်ကေရယ်ရေ၊ လူသျှေရှက်ကေငိုရေ။
၅၅။ လူကြီးအမျက် ပြင်မထွက်။
၅၆။ လူကြီးအရာ လူငယ်ကိုပီး။
၅၇။ လူကြီးအရာ လူငယ်ကိုပီး အရီးမလှ။
၅၈။ လူကြဲစဲပျက် အပြောခက်။
၅၉။ လူကြောက်လှည်းအောက် မခိုသာ။
၆၀။ လူကြမ်းကို နတ်ကြမ်းမနိုင်။
၆၁။ လူကြမ်းနန့် နတ်ကြမ်း၊ နတ်ကြမ်းနန့် ပတ်ကြမ်း။
၆၂။ လူချီးကို ကိုယ့်တင်မှာသုတ်တေ။
၆၃။ လူချီးနန့် ဝက်မွီးစပ်တေ။
၆၄။ လူချီးကမဟုတ် နတ်ချီးရာ။
၆၅။ လူချီးသာနံ ကိုယ့်ချီးမနံ။
၆၆။ လူသျှေထက် လူကြီးညှက်။
၆၇။ လူချင်းတူကေလေ့ ပညာချင်းမတူ။
၆၈။ လူချင်းတူကေလေ့ အမူချင်းမတူ။
၆၉။ လူချင်းတူကေလေ့ အသက်ယှူခြားနား။
၇၀။ လူချင်းတူလျှက် အပေါင်းခက်။
၇၁။ လူချင်းမတူ အကင်းထူ။
၇၂။ လူချင်းအတူတူ၊ ကလူတတ်က အသာယူ။
၇၃။ လူချို့ စိတ်ကောက်၊ လူဖြောင့် စိတ်တို။
၇၄။ လူငတိုကို အပြောခက်၊ ငါးတောင်သူကို အဖမ်းခက်။
၇၅။ လူငယ်ကို ခိုင်းစရာ၊ ဒါးငယ်ကို ခွတ်စရာ။
၇၆။ လူစကားနန့် စီးလားရေ။
၇၇။ လူစကားနန့် ရွှီညာလွမ်းရေ။
၇၈။ လူစွာကို ကိုယ့်စွာလုပ်ရို့၊ အသျှင်ယူခါ ငါ့မှာတုံးတုံး။
၇၉။ လူစွာဆိုလိုချင် ကိုယ့်စွာဆို မပြချင်။
၈၀။ လူစွာနန့် ဟန်လုပ်တေ။
၈၁။ လူစော်သူစော်နံရေပင်။
၈၂။ လူစော်ကို အရှင်ခံ။
၈၃။ လူစွမ်းကောင်းပြ၊ အရာမဟုတ်သည်၌ သီဆုံးရ။
၈၄။ လူစွမ်းမစွမ်းကို ပွဲဝင်ခါမှသိ။
၈၅။ လူဆရပ်ခရေ အပြောခဲ။
၈၆။ လူဆိုးကိုထား တုံးဆိုးကို တောင်မကျော်ရ။
၈၇။ လူဆိုးကိုယှောင် ကျားဆိုးနန့်တွိ့။
၈၈။ လူဆိုးနောက်က အလင်းလိုက်အပြစ်ဖြစ်။
၈၉။ လူဆိုးနန့် ငွိ တူမနီ။
၉၀။ လူဆိုးနန့်ပေါင်းသူ၊ ထပ်တူတလဲလဲ။
၉၁။ လူဆိုးနန့်လူကောင်း ပေါင်းရိုးမဟိ၊ အဖြူနန့်အမဲ ရောရိုးမဟိ။
၉၂။ လူညှက်ကို အပြောခက်။
၉၃။ လူညှက်ကိုး အပြောခက်၊ စာနားပင်းကို အနှင်ခက်။
၉၄။ လူတကြောင်းဆို ကိုယ်တကြောင်းပြော။

၉၅။ လူတကြောင်းဆို သူတကြောင်းပြော။
၉၆။ လူတပြည် စိတ်တပြည်။
၉၇။ လူတရာ ဝါးတရာ။
၉၈။ လူတဦးစီ ဝါသနာတစ်ခုစီ။
၉၉။ လူတည်ကျင်ကို မခင်လီကေ့။
၁၀၀။ လူတိုအပြောခက် လောင်းတိုအလှော်ခက်။
၁၀၁။ လူနီခြုံကြား၊ စိတ်နီဝတီဖျား။
၁၀၂။ လူနီတုံးကြား စိတ်နီဘုံဖျား။
၁၀၃။ လူနပ်ကို လူပါးလိမ်။
၁၀၄။ လူနပ် ချမ်းသာ။
၁၀၅။ လူနပ်နန့် လူပါး။
၁၀၆။ လူနန့်ပေါင်း ကောက်ညှင်းပေါင်းလည်း မကောင်း။
၁၀၇။ လူနန့်မတူ နတ်နန့်မမျှ။
၁၀၈။ လူနန့်မတူ သူနန့်မတူ။
၁၀၉။ လူနန့်မတူ အမူသုန်။
၁၁၀။ လူနန့်မတန် မင်းဖြစ်ကြံ။
၁၁၁။ လူနန့်မလောက် မျောက်နန့်မှောက် (လျှောက်)။
၁၁၂။ လူပိလို့မသီ တုံးပိလို့သီ။
၁၁၃။ လူပါး ပုလင်းကျ။
၁၁၄။ လူပုစိတ်တို ခွီးပုရန်လို။
၁၁၅။ လူပုစိတ်တို လူချိုစိတ်ကောက်။
၁၁၆။ လူပုအပြောခက်၊ လှီတိုအလှော်ခက်။
၁၁၇။ လူပက်စက်ကို ရက်ရက်ခွာမှ၊ ဘေးကင်းစွ။
၁၁၈။ လူပင်ကြီး လူကြီး ဗူးသီး။
၁၁၉။ လူပင်ကြီး လူကြီးဘိုးသိုး။
၁၂၀။ လူပင်ကြီး လူကြီးဘိုးသိုး၊ လူပင်ငယ် လူငယ်နှစ်ပြည့်။
၁၂၁။ လူပေါင်းလူဖေါ်၊ မသင့်တော်က၊ ခနဥစ္စာ၊ ပျက်စီးရာ၏။
၁၂၂။ လူပိန်ဉာဏ်တုံး ခရမ်းပိန်ဒါးတုံး။
၁၂၃။ လူပျက်စကား လူညှက်ကြား။
၁၂၄။ လူပျက်ဆွမ်းတင်၊ လချာတင်။
၁၂၅။ လူပျင်းဆီးသောက်၊ နွားပျင်းသီးပေါက်။
၁၂၆။ လူပျင်းလုံ့လ တခဏ။
၁၂၇။ လူပျိုမယားလို အိုးကိုဖောက်။
၁၂၈။ လူပျိုမယားလို အိုးကိုဖောက်၊ အပျိုလင်လို အိုးကိုမှောက်။
၁၂၉။ လူပျိုအပျိုဝင်စ ဇမ်းတတ်မှ။
၁၃၀။ လူပြဆွမ်းတင်။
၁၃၁။ လူပြောစကားနန့် ခွီးဟောင်ရေ။
၁၃၂။ လူပြောစကားနန့် မြို့ချေစီးလားရေ။
၁၃၃။ လူပြောင့်စိတ်တို လူချိုစိတ်ကောက်။
၁၃၄။ လူဖနပ်ကိုထမ်းမှ ကိုယ့်ဖနပ်ကိုလူထမ်းမည်။
၁၃၅။ လူဖျက်စကား ယုံငြားကအမှား။
၁၃၆။ လူဖျောင်းတိုင်း မပျောင်းရ။
၁၃၇။ လူဖြစ်လျက် မသိခက်။
၁၃၈။ လူဖြစ်လျက် မသိခက်၊ လူချောလျှက် အကျင့်ပျက်။
၁၃၉။ လူဗူးတောင်းကို မပေါင်းလီကေ့။
၁၄၀။ လူဗောနမ်းကို ရွှီအိုးပီးရေပိုင်။
၁၄၁။ လူမက နတ်မမျှ။
၁၄၂။ လူမကောင်းကို ပေါင်းဖေါ်မိ၊ ကြက်ချေခြီမှာ ဆံခြည်ငြိ။
၁၄၃။ လူမစွမ်းကို နတ်မရေ။
၁၄၄။ လူမစွမ်းပြင်း ချီးမွမ်းဖျင်း။
၁၄၅။ လူမနာလိုနား၊ ခွီးမနာလိုသွား။
၁၄၆။ လူမနာလို နတ်မနာလို။
၁၄၇။ လူမပေါ်ခင် ချီးပေါ်ရေ။
၁၄၈။ လူမရယ်ဆန်း။
၁၄၉။ လူမရောက်မြင့်မိုရ်တောင်၊ ခွီးမရောက်အိမ်မိုးခေါင်။
၁၅၀။ လူမသိ ငွီမယှား။
၁၅၁။ လူမဟုတ် သူမဟုတ်။
၁၅၂။ လူမဟုတ် သျှင်မဟုတ်။
၁၅၃။ လူမင်းဘုန်းကြီး နတ်မင်းမနီနိုင်။
၁၅၄။ လူမိုက်ကင်းထူ မိုက်သောသူ အတူမပေါင်းရာ။

၁၅၅။ လူမိုက်ကိုနတ်ပြည်ပြ၊ ခွီးဖင်ဝကိုမြင်ရ။

၁၅၆။ လူမိုက်ကိုနတ်ပြည်တင်၊ မြင့်လို့ခုန်ချ။

၁၅၇။ လူမိုက်ကိုနိုင်လိုသော်၊ ဖျားယောင်း။

၁၅၈။ လူမိုက်ကို ယုံကြသူပေါင်း ပျက်စီးကြောင်း။

၁၅၉။ လူမိုက်ကျင့်ကြံ ဖိုးမတန်။

၁၆၀။ လူမိုက်ကြောင့် ပညာဟိပျက်စီးရ။

၁၆၁။ လူမိုက်တရာ ကဲ့ရဲ့ပါလည်း ၊ ပညာဟိတစ်ယောက်၊ ချီးမွမ်းပျောက်၏။
(လူမိုက်တရာ ချီးမွမ်းပါလည်း၊ ပညာဟိသူကဲ့ရဲ့မှုကား၊ ထိုသူပိန်ညှိုးသတင်းဆိုး၏)

၁၆၂။ လူမိုက်နောက်မှ အကြံရ။

၁၆၃။ လူမိုက်နန့် ငွီအတူမနီ။

၁၆၄။ လူမိုက်နန့်ပေါင်း လူမိုက်၊ သူတော်ကောင်းနန့်ပေါင်း သူတော်ကောင်း။

၁၆၅။ လူမိုက်နန့်ပေါင်း အမှုတသောင်း။

၁၆၆။ လူမိုက်သားရမ်းကား လူလိမ္မာသားယဉ်ပါး။

၁၆၇။ လူမုန်းမှ အသက်ရှည်။

၁၆၈။ လူများကေ ချီးများရေ။

၁၆၉။ လူများကေသောင်းသံ ကြက်များကေ ချီးစိုနံ။

၁၇၀။ လူများချီးနန့် ဝက်မွီးစပ်တေ။

၁၇၁။ လူများစိတ်ကိုသိလိုမူ ကိုယ့်စိတ်နန့်နှိုင်း။

၁၇၂။ လူများပြောတလ၊ မယားပြော တည။

၁၇၃။ လူများယောင်ရို့ ယောင်စွာရာ။

၁၇၄။ လူများယောင်ရို့ ယောင်စွာရာ၊ အမောင်တောင်မှန်း မြောက်မှန်းမသိ။

၁၇၅။ လူများလို့ ပွဲမစည်။

၁၇၆။ လူများသားသမီးကို ချစ်ကေမုန့်ကုန်။

၁၇၇။ လူများအပြစ်ကို မြင်ကေပြုံး၊ ကိုယ့်အပြစ်ကို မြင်ကေ ဖုံး။

၁၇၈။ လူများအပြစ်ကိုရာမြင်ရေ ကိုယ့်အပြစ်ကို မမြင်။

၁၇၉။ လူမြင်ကေကြည့်မရ လူမမြင်ကေ ခိုးရေ။

၁၈၀။ လူမြင်တိုင်း ပညာမဟိ၊ တောမြင်တိုင်း နံ့သာမဟိ။

၁၈၁။ လူမြင်တိုင်း မရိုး၊ ကြံမြင်တိုင်း မချို။

၁၈၂။ လူမြင်တိုင်းမုန်း၊ စဆီစုန်း။

၁၈၃။ လူမွဲကို ကျွဲခတ်တေ။

၁၈၄။ လူမွဲကို ပျားထိုးရေ။

၁၈၅။ လူမွဲကို နတ်မြင်ရေ။

၁၈၆။ လူမွဲကို သူကောင်းပြု ငွီနန့်တကြောင့်ကြ။

၁၈၇။ လူမွဲ သွားရဲ။

၁၈၈။ လူမှာနောင်တ ဟိတတ်စွ။

၁၈၉။ လူမှာနှုတ်ဗွီ၊ နွားမှာကုန်းဗွီ။

၁၉၀။ လူမှာဝတ်ရောင်၊ လောင်းမှာစပ်ရောင်။

၁၉၁။ လူမှာအကျင့် ဘုံဆင့်ဆင့်။

၁၉၂။ လူမှာအကြံ ခရုမှာ အဆံ။

၁၉၃။ လူမှာအချစ်၊ ကြက်မှာအမြစ်။

၁၉၄။ လူမှာအဆုံးဇာတ်၊ သံမှာအဆုံးအပ်။

၁၉၅။ လူမှာအမျိုးကိုချစ်၊ ခွီးမှာအရိုးကို ကြိုက်။

၁၉၆။ လူမှာအမျိုး၊ ကြက်မှာအရိုး။

၁၉၇။ လူမှာအဝတ်၊ တောင်းမှာအကွပ်။

၁၉၈။ လူမှာအဝတ် တောင်းမှာအကွပ် လောင်းမှာအစပ်။

၁၉၉။ လူယောင်သူယောင် ကြောင်သီတင်းသုံး။

၂၀၀။ လူယုတ်မာကြီးပွား တိုင်းပြည်မကောင်းစား။

၂၀၁။ လူယုတ်လူကြမ်း လူသရမ်းကို၊ ပေါင်းဖော်မပြု ဝေးကွာမှု။

၂၀၂။ လူယုတ်လူစုတ် လူငနုတ်ကို၊ မပေါင်းဖော်ရ သိအပ်စွ။

၂၀၃။ လူယုတ်ဟိရာ လူယုတ်လာ။

၂၀၄။ လူယုံကိုပုံ အသက်ကုန်။

၂၀၅။ လူယုံသတ် သီတတ်တေ။

၂၀၆။ လူယုံသတ် သီတတ်တေ၊ နွယ်လိမ်ပတ် ပြတ်တတ်တေ။

၂၀၇။ လူယိုးဝါးငတ်၊ မိုယ်းယိုးဝါးစွတ်။

၂၀၈။ လူရတတ်ချီး ပေါက်ကမ္ဘီ၊ ဆင်းရဲသားချီးပေါက်ကနံ။

၂၀၉။ လူရာကြီးရေ ခွီးကြီးရေပိုင်။

၂၁၀။ လူရာငယ်ရေ စကားကြွယ်။

၂၁၁။ လူရာငယ်ရေ စကားကြွယ်၊ ချောင်းရာငယ်ရေ စောက်နက်တေ။

၂၁၂။ လူရာငယ်ရေ စာသွေးမျိုး။

၂၁၃။ လူရဲမရဲ ပွဲဝင်ကြည့်မှသိ။

၂၁၄။ လူရည်ဝမှ ပါးနပ်။
၂၁၅။ လူရိုင်းယဉ်ခဲ၊ ဆင်ရိုင်းယဉ်လွယ်။
၂၁၆။ လူရိုးကေတော်၊ လူနပ်မှ ချမ်းသာ။
၂၁၇။ လူရိုးကေ န၊ လူနပ်မှ ဝ။
၂၁၈။ လူရိုးကို သူခိုးထင်။
၂၁၉။ လူရွာချောင်းကိုဝင်ကေ ပေါင်းကိုရှုပ်၊ လူကြားဝင်ကေ ဒူးကိုရှုပ်။
၂၂၀။ လူရွာမှာကြက်မ၊ ကိုယ့်ရွာမှာ ကြက်ဖ။
၂၂၁။ လူလူချင်း ပေါင်းဖေါ်ခက်။
၂၂၂။ လူလူချင်း ယုံရခက်။
၂၂၃။ လူလူချင်း အမှုကွဲ။
၂၂၄။ လူလဲ တောင်မွှိန့်မထူနိုင်။
၂၂၅။ လူလည်းမဖြစ်၊ သျှင်လည်းမဖြစ်။
၂၂၆။ လူလည်းမဖြစ်၊ မျောက်လည်း မဖြစ်။
၂၂၇။ လူလင်လုပ်။
၂၂၈။ လူလိမ္မာနောက်ကိုဆုတ်၊ ခွီးလိမ္မာပတုံးကုပ်။
၂၂၉။ လူလိမ္မာအရာသိတတ် အပြစ်လွတ်။
၂၃၀။ လူလိမ်လူကောက်ကို မမြင်၊ သစ်လိမ်သစ်ကောက်ကိုရာ မြင်။
၂၃၁။ လူလိမ်လူကောက် မစားလောက်။
၂၃၂။ လူသတင်းကို လူချင်းဆောင်၊ ပန်းသတင်းကို လီညှင်းဆောင်။
၂၃၃။ လူသမုတ်ကေ သစ်ငုတ်ကလည်း ကျားဖြစ်တေ။
၂၃၄။ လူသရမ်း ဘေးဒဏ်ထိ။
၂၃၅။ လူသရမ်း ဘေးဒဏ်ထိ၊ ဝက်သရမ်း ကပ်စီးမိ။
၂၃၆။ လူသားသမီး မွီးစပ်ရို့ကြီး၊ ချီးသီးစင်ယင့် ပြီးခယက်။
၂၃၇။ လူသူလေးပါး တပါးပါဝင် ငါမထင်။
၂၃၈။ လူဟောင်းစကား ထုံးပုံထား။
၂၃၉။ လူအကောင်းကို အပေါင်းဖျက်တေ။
၂၄၀။ လူ- အပေါင်းအဖေါ်ကြောင့် ပျက်။
၂၄၁။ လူ- အပေါင်းအဖေါ်ကြောင့်ပျက်၊ မြစ်- သောင်ကြောင့်ပျက်။
၂၄၂။ လူအရောင်နန့် ခွီးဟောင်ရေ။
၂၄၃။ လူအလိုက် ပေါင်းသင်းလိုက်။



၂၄၄။ လူအလိုကို နတ်မလိုက်နိုင်။
၂၄၅။ လူနာအလိုလိုက် ပေါင်းသင်းထိုက်။
၂၄၆။ လူအလိုလိုက် ပေါင်းသင်းမှ ကြိုက်။
၂၄၇။ လူအလိုသို့လိုက် ကိုယ့်အလိုသို့ပါ။
၂၄၈။ လူ၏ဆန္ဒကိုသိလိုပါက၊ ကြေးရီး ငွီရီး ပေါင်းသင်းကြည့်မှသိပါရေ။
၂၄၉။ လူအိမ်ကိုလားရေကြက် ခြီမှာချီးမှုံ့။
၂၅၀။ လူအိမ်ထမင်း လှီကားရင်း။
၂၅၁။ လူအိမ်လားနွား တရားပါ၊ လူအိမ်လားသား စကားပါ။
၂၅၂။ လူအိုကေ ကုန်း၊ ဆင်အိုကေ ကျုံး။
၂၅၃။ လူအိုကေ မျောက်၊ နွားအိုကေ ချောက်။
၂၅၄။ လူအိုကေ သောက်ခံ၊ အိမ်အိုကေ ထောက်ခံ။
၂၅၅။ လူအို အပျိုနန့်ငြား။
၂၅၆။ လူအို အပျိုနန့်ငြား၊ အချိုရှာ သကာနန့်ငြား။

# လူး

၁။ လူးကောက်မှ ကြမ်းပေါက်ဖာ။

# လေ

၁။ လေသာမတ္တ ကြားကာမျှ မယုံရ။

# လေ့

၁။ လေ့ကျင့်မှ ကျွမ်းကျင်။
၂။ လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှ တတ်သိ။
၃။ လေ့လာမှ ဗဟုသုတတိုး။

# လေး

၁။ လေးဖက်လေးတန် သံကြိုးနန့်ဆွဲ၊ မြို့သံတွဲ။

၂။ လေးဖြာသြဃ ပင်လယ်မ။
၃။ လေးအတတ်မှာ သူများမတူ ဘစောဖြူ။

## လဲ

၁။ လဲကျကောခြီကိုမာန်ပါ (ဆဲ)။
၂။ လဲကျပြီးမှ တောင်မွိန့်ကို သတိရ။
၃။ လဲခါမကူ ထခါကူ။
၄။ လဲခါမထူ ထခါထူ။
၅။ လဲစွာမဟုတ် ထိုင်စွာရာ။
၆။ လဲရာမှ ဖိထိုင်။
၇။ လဲရာမှ ဖိထောင်း။

## လည်

၁။ လည်သောက်ကေစွဲ၊ တည်သောက်ကေ မွဲ။

## လယ်

၁။ လယ်ခထက် ချောင်းခကြီးရေ။
၂။ လယ်တမိုယ်းထွန်ရို့ နွားထီးမှန်း နွားမမှန်းမသိ။
၃။ လယ်ထွန်ကိုကြာစီ တလင်းသိမ်းကို ယင်စီ။
၄။ လယ်ထွန်နီတွင်း နွားပျောက်တေ။
၅။ လယ်ထွန်လာရင်း နွားကိုမှိ (မေ့)။
၆။ လယ်ထွန်အစ နံ့ယုန်လ။
၇။ လယ်နန့်စပါး မယားဟိရာ ပေါင်းပါစွာတည်း။
၈။ လယ်နန့်စပါးကို ကျီသွင်းမှ စိတ်ချရ။
(လယ်မှာစပါးကို ကျီသွင်းမှစိတ်ချရ၊ အိမ်မှာမယားကို အရွယ်လွန်မှ စိတ်ချရ)
၉။ လယ်မှာအညက် ကုန်မှာ အတွက်။
၁၀။ လယ်မှာအပုပ် ဆီးမှာ အညက်။
၁၁။ လယ်လုပ်လည်း မိုယ်းခေါင် ခိုးစားလည်း ခွီးဟောင်။
၁၂။ လယ်သည်သမီး ဝမ်းလှ (ဝ)၊ ကုန်သည်သမီးခါးလှ။

## လော

၁။ လောကဌ်လူ ပြစ်ကင်းသူမဟိ။
၂။ လောကရီးရာ အိပ်မက်သာ။
၃။ လောကလူ့ဘုံ အလုံးစုံ အကုန်ပျက်စမြဲ။
၄။ လောကလူ့ရွာ မျက်လှည့်သာ။
၅။ လောကီလောကုတ်၊ မယုတ်တိုးပွား၊ အကျိုးများ။
၆။ လောကျိတ်တလွဲ တင်တလွဲ။
၇။ လော၊ ဒါ၊ မောကြောင့် အသက်ပြောင်း။
၈။ လောဘကြီးက လောကန္တရသင့်ရ။
၉။ လောဘကြီး စကားပို၊ ဒေါသကြီးစကားတို။
၁၀။ လောဘကြီး မီးယောင်ပူ။
၁၁။ လောဘတဏှာ အပြစ်သာ။
၁၂။ လောဘတိုက်တွန်း အမြင်ကန်း။
၁၃။ လောဘမီးကြီး ထိန်ထိန်ညီးမျှ။
၁၄။ လောဘမျိုးသိပ် သူတော်စိပ်။
၁၅။ လောဘလွန်ကဲ၊ လူမိုက်ခဲ၊ ဘေးကြီးများစွာ တွိ့ကြုံရာ။
၁၆။ လောဘသန် လောကန္တရသင့်။

## လော်

၁။ လော်လည်းက အရှက်ကွဲခံရ။
၂။ လော်လည်းပြင်းထန် ကမြင်းသန်၊ လင်းပြန်ဖြစ်ရ။

## လက်

၁။ လက်ကြီးကေ ဆင်းရဲရေ။

၂။ လက်ကြောင့်ကြီ နှုတ်ကြောင့် သီ။
၃။ လက်ကြောင့် နှုတ်ကြောင့် ဘေးရန်ထောင်း။
၄။ လက္ခဏာကောင်းတိုင်း မင်းလောင်းမဖြစ်။
၅။ လက်ခုတ်ထဲက ရီပိုင်။
၆။ လက်ခုတ်ထဲမှ ရီ သွန်ချင်သွန်၊ မှောက်ချင်မှောက်။
၇။ လက်ခြီအားကိုး ကံမယိုးကေ့။
၈။ လက်ဆီးပြီးမှ နို့ခွက်လာ။
၉။ လက်ဆောင်ပါတကာကြီး၊ လက်ဆောင်မပါ ပြောကြီး။
၁၀။ လက်ဆောင်ပါ တကာကြီး၊ လက်ဆောင်မပါ စရာကြီး။
၁၁။ လက်ဆောင်ပါ တကာကြီး၊ လက်ဆောင်မပါ တခါကြီး။
၁၂။ လက်ဆောင်ပါ တကာတော်၊ လက်ဆောင်မပါ တကာချော်။
၁၃။ လက်ဆောင်ပါတပြုံးပြုံး၊ လက်ဆောင်မပါ တငြူးငြူး။
၁၄။ လက်ဆာင်ပါရေဇည့်သည်မျိုး အိမ်သျှင်စိတ်မဆိုး။
၁၅။ လက်ဆောင်မစား၊ တလင်းသား။
၁၆။ လက်ဆောင်မစား၊ မယားမမည်။
၁၇။ လက်ဆောင်မပါ ဖုံပြာပြာ။
၁၈။ လက်ဆောင်မပါ ဖုံပြာပြာ၊ လက်ဆောင်ပါပျာယီပျာယာ။
၁၉။ လက်ဆောင်မပါ ဖုံပြာပြာ၊ လက်ဆောင်ပါမှ ရွှင်ပျပျ။
၂၀။ လက်ဆောင်မပါ မာဇာမဖြစ်။
၂၁။ လက်ဆောင်မပါ မန္တာန်မစူး။
၂၂။ လက်ဆောင်မပါ မျက်နှာမရ။
၂၃။ လက်ဆောင်မပါ လက်ဆယ်ဖြာ ပဏ္ဏာပြု။
၂၄။ လက်ညှိုးညွှန်ရာ ချောင်းဖြစ်ပါ။
၂၅။ လက်ညှိုးမကောင်း၊ လက်ညှိုးကိုဖြတ်၊ လက်မမကောင်း- လက်မကို ဖြတ်။
၂၆။ လက်ညှိုးထောင်၊ ပြောင်ပြောင်တောက်။
၂၇။ လက်ညှိုးမှာ ချီးလူးမဖြတ်နိုင်၊ ချီးမှာရှိကျ မပစ်နိုင်။
၂၈။ လက်တထောက်တင်တရာ အိမ်ရာပါယူ (နယ်ချဲ့သူ)။
၂၉။ လက်တန်ခြီတန် ဖယောင်းတန်။
၃၀။ လက်တို့စနစ်။
၃၁။ လက်တို့စနစ်၊ မှောင်ခိုဖြစ်။

၃၂။ လက်ထိပ်ထက် လက်သည်းရှည်။
၃၃။ လက်နန့်ဖဝါး လျှာနန့်သွား။
၃၄။ လက်နန့်ရှိုး ခြီနန့်ဖျက်။
၃၅။ လက်ပံဆို လက်ဖန်ကြာ၊ လက်ဖန်ဆို လင်းဖန်ကြား။
၃၆။ လက်ပံထင်းတုံး အသုံးမကျ။
၃၇။ လက်ပံထင်းတုံး အသုံးမကျ၊ အနှစ်မပါ ဗလချာ။
၃၈။ လက်ပံပင်မှာ ဇရက်ကျယောင်။
၃၉။ လက်ဖျာကွတ်။
၄၀။ လက်မျှောက် ခြီမျှောက်။
၄၁။ လက်ရိ ခြီရိ။
၄၂။ လက်ဝဲကြည့်ကေလေ့ ငါ့စွာဗျာ၊ လက်ယာကြည့်ကေလေ့ ငါ့စွာဗျာ။
၄၃။ လက်ဝဲထိုးဆို လက်ယာထိုး။
၄၄။ လက်ဝဲ လက်ယာ ငါ့စွာဗျာ။
၄၅။ လက်ဝဲလမ်ကိုလည်း မလိုက်လီကေ့။
(လက်ယာလမ်းကိုလည်း မလိုက်လီကေ့ အလယ်ဖြောင့်ရှိုး လမ်းမရိုးရာလိုက်လီ)
၄၆။ လက်သမာအလုပ်ကို မျှောက်ဖျက်တေ။
၄၇။ လက်သမားအလုပ်ကို မျှောက်မလုပ်နိုင်။
၄၈။ လက်သာမြင် လက်သည်းရှည်။
၄၉။ လက်သည်းကိုဆိပ် လက်သားနာ။
၅၀။ လက်သည်းကြားစူးဝင်၊ မယားထိ မခံချင်။
၅၁။ လက်သည်းကြားစူးဝင်ရေပိုင်။
၅၂။ လက်သင့်ရာ စားတော်ခေါ်။
၅၃။ လက်သင့်ရာထိုင်၊ စားသင့်ရာ ကိုင်။
၅၄။ လက်သုတ်လည်း မဖြစ် ဟင်းရည်လည်း မဖြစ်။
၅၅။ လက်ဦးပထမ ချီးမွမ်းကြလည်း၊ နောင်ခါမှုချ၊ ယှုပ်ချစမြဲ။

# လင်

၁။ လင်ကခံ မယားကစံ။
၂။ လင်ကောင်းကိုရှာ ဖုန်းစရာတိုင်နန့်ငြား

၃။ လင်ကောင်းမယားခံရများ၊ မယားကောင်း လင်ခံရသူယှား (နည်း)။
၄။ လင်ကောင်းမယား မိဖုရား။
၅။ လင်ကောင်းမယား မိဖုရား၊ သားကောင်းမိခင် တောင်နန်းသျှင်။
၆။ လင်ကောင်းရွှီး ဘိန်းချိုးနန့်ငြား။
၇။ လင်ကောင်းရွှီး လင်ဆွိုးနန့်ငြား။
၈။ လင်ကောင်းအိမ်သျှင် ပြုံးသွင်သွင်။
၉။ လင်ကိုမရိုသီ မယားအပါယ်လား။
၁၀။ လင်ကိုရိုသီ နတ်ပြည်ရောက်နိုင်။
၁၁။ လင်ကို အိမ်ဦးနတ်၊ ယောက္ခမကို မိဖမှတ်။
၁၂။ လင်ကြီးဖက်ရမ်း၊ သာကိုနမ်း၊ လင်ငယ်လမ်းက ပြုံးတတ်တေ။
၁၃။ လင်ကွာမိန်းမ တသသ၊ လင်သီမိန်းမ တတတ။
၁၄။ လင်ဆိုကေ စပါးလင်ကိုတောင် မစိုက်ချင်။
၁၅။ လင်ဆိုးမယား တဖားဖား။
၁၆။ လင်ဆိုးမယား၊ တဖားဖား၊ သားဆိုးအမိ တရိရိ။
၁၇။ လင်နန့်မယား၊ တလခြားက၊ ဖောက်ပြားတတ်လှ၊ ဣတ္ထိယ။
၁၈။ လင်နန့်မယား ယင်နန့်ပျား။
၁၉။ လင်နန့်မယား လျှာနန့်သွား။
၂၀။ လင်မကောင်း မထောင်းတာ၊ လင်မဟိမရရာ။
၂၁။ လင်မကောင်း မယား၊ ကရားကထား၊ သားမကောင်း အမိကချိကရိ။
၂၂။ လင်မကောင်း မယားအပါယ်လား။
၂၃။ လင်မရခင် ပုခွက်ဆင်။
၂၄။ လင်မရခင် လက်သည်မကိုခေါ်ချင်။
၂၅။ လင်မရခင် သားမွီးချင်။
၂၆။ လင်မရစွာမှာ နားပဲ့။
၂၇။ လင်မရစွာမှာ ပါးယွဲ့။
၂၈။ လင်မျိုးကို ပီးရေခွက်၊ မယားမျိုးကို ပီးရေခွက် (ခွဲ၊ ခြား)။
၂၉။ လင်လိုတုံး နားပဲ့ရေ။
၃၀။ လင်သားမကောင်း မယားအပါယ်လား။
၃၁။ လင်သားရလွယ် မောင်ဖွားရခဲ။
၃၂။ လင်သားလိုချင် ကြင်ချင်ခက်ခဲ။



၃၃။ လင်သားအပေါ်၊ ကရုဏာ၊ မေတ္တာတရား၊ အမြဲထား။

# လင်း

၁။ လင်းကဲ့၊ တုံးတုံး၊ ဖျာဆိုးဖုံး၊ ဖျာဆိုးကိုလှစ်၊ ငွေတကိုက်။
၂။ လင်းကွက်ထက် စည်းမသာ။
၃။ လင်းချူလည်းရောက်၊ မီးကျောင်းပျောက်။
၄။ လင်းချူဟိရာ မီးကျောင်းမလာ။
၅။ လင်းဖက်လည်း လိုက်ရ၊ နှင်းတောတိုးလည်း ခံရ။
၆။ လင်းလင်းစင်မှ ပြစ်ပြစ်ပြုန်းမှန်း သိရေ။

# လစ်

၁။ လစ်ဟင်းခြင်းသည် ပျက်စီးခြင်းတရား။

# လိုက်

၁။ လိုက်လည်းလိုက်ယင့် စိတ်မချင့်။

# လိုင်

၁။ လိုင်ကြိုးတရာ နဖားကြိုးတပင်။
၂။ လိုင်ချင်းယှက် ရင်ချင်းဟပ်။
၃။ လိုင်ခြောင်းကို ကျော်ကေချီးဖြစ်တေ။
၄။ လိုင်တော်ညိတ် စိတ်တော်သိ။
၅။ လိုင်ပင်းချင်းတိုင်းလာရေ။

# လောက်

၁။ လောက်ကလောက်ယင့်

# လောင်

၁။ လောင်ဗွန်းဆီးကျရေ။

၂။ လောင်ရာမှာ အညွှက်ပုံ။

# လောင်း

၁။ လောင်းကားသုံးလံ ပေါင်းခြောက်လံ။

၂။ လောင်းကိုလိုက် ရို့ပေါင်းဆင်။

၃။ လောင်းကိုလောင်းချင်းဆယ်။

၄။ လောင်းကိုလောင်းချင်းဆယ်၊ ဆင်ကိုဆင်ချမ်းဖမ်း။

၅။ လောင်းနစ်ရာမှာ နှစ်သတ်ရာရောက်။

၆။ လောင်းနိုင်ကေရှိက၊ ကျွဲနိုင်ကေနောက်က။

၇။ လောင်းပုတိုအလှော်ခက်၊ လူပုတိုအပြောခက်။

၈။ လောင်းပေါက်ကိုတက်ကျိုးနန့် လှော်ရေပိုင်။

၉။ လောင်းပေါက်နန့် တက်ကျိုး။

၁၀။ လောင်းပေါက်နန့် ပေါင်းပေါက်၊ လက်ကျိုးနန့် တက်ကျိုး။

၁၁။ လောင်းမကောင်းမှာ စပ်မကောင်းတင်ရေ။

၁၂။ လောင်းမကောင်း လောင်းသျှင်ဂေါင်း။

၁၃။ လောင်းမကောင်း လောင်းသျှင်ဂေါင်း၊ သားသမီးမကောင်း မိဖဂေါင်း။

၁၄။ လောင်းမှာစပ်ရောင်၊ လူမှာဝတ်ရောင်။

၁၅။ လောင်းရကေတတ်မရ၊ တက်ရကေ လောင်းမရ။

၁၆။ လောင်းအတို အလှော်ခက်၊ လူအတို အပြောခက်။

# လာဘ်

၁။ လာဘ်စားတရားသူကြီး ထောင်နားနီး။

၂။ လာဘ်ပီးလာဘ်စား ထောင်နားပါး။

၃။ လာဘ်ပီးလာဘ်ယူ များရန်သူ။

၄။ လာဘ်လာပွားဘိ သီဝလိ၊ တန်ခိုးပြင်းထန် မောဂ္ဂလာန်။

၅။ လာဘ်လာမရ လောကတိဿ။

# လိပ်

၁။ လိပ်ကိုတုရို့ မျှောက်အထုခံ။

၂။ လိပ်ကို ရီမှာချ ငိုပြ။

၃။ လိပ်ကိုရောင်းရို့ လိပ်ကိုဝယ်။

၄။ လိပ်ကြံ့စွာကို လိပ်ရာသိရေ။

၅။ လိပ်ခုန်ရို့ ဖုန်မထ။

၆။ လိပ်သျှေဖ ငါးဝီ ကိုယ့်ရင်အောက်က နှစ်ခုစီ။

၇။ လိပ်ဂေါင်း။

၈။ လိပ်ဂေါင်းပိုင် ထွက်တုံ ဝင်တုံ။

၉။ လိပ်ဂေါင်းပိုင် မတွက်ဝံ့တုံ တွက်ဝံ့တုံ။

၁၀။ လိပ်နောက်ကုန်းကို ကြောင်ခြစ်ခြစ်ရို့။

(လိပ်နောက်ကုန်းရှိချမြင်၊ မျှောက်မင်းရွှာကိုဝင်၊ ရွှာသူရွှာသား ထောင်းထုနှက်၊ ဆုံးရသက်၊ ခန္ဓာပျက်)။

၁၁။ လိပ်ပူစွာကို လိပ်ရာသိရေ။

၁၂။ လိပ်မရ ဖွတ်မရ။

၁၃။ လိပ်မှာပိုင် ကိုယ့်ဖက်ကိုယက်။

၁၄။ လိပ်ရ ဖွတ်ရ (စား)။

၁၅။ လိပ်လည်းမရ ဖွတ်လည်းမရ။

၁၆။ လိပ်လန်- လန်ရေ။

၁၇။ လိပ်လိုလုံ့လဟိ၊ ယုန်ပိုင်မပျင်းရိကေ့။

၁၈။ လိပ်- ကိုယ်မှာ ဆိတ်ဂြိုတတ်ယောင်။

# လုပ်

၁။ လုပ်စရာလည်း အလုပ်မဟိ၊ စားစရာလည်း ဆန်မဟိ။

(လုပ်စရာလည်း အလုပ်မဟိ၊ စားစရာလည်း ဆန်မဟိ၊ဝတ်စရာလည်းအဝတ် စုတ်၊ တစ်ထည်လှည်စရာမဟိ)

၂။ လုပ်တေကအားနန့် စားရေက ဆားနန့်။

၃။ လုပ်တေလည်း ပန်းထိမ်၊ ဖျက်တေလည်း ပန်းထိမ်။
၄။ လုပ်ဖို့ခါခေါ်၊ စားဖို့ခါဟာ။
၅။ လုပ်ဖို့ခါ ဂေါင်းယှောင်၊ စားဖို့ခါ ဂေါင်းဆောင်။
၆။ လုပ်ဖို့ခါ လာပါလာပါ၊ စားဖို့ခါ သွားပါ- သွားပါ။
၇။ လုပ်ဖို့ခါ လောကဝတ်၊ စားဖို့ခါ ပါးကိုသတ်။
၈။ လုပ်ဖို့ခါ အဖပါးမှာ၊ စားဖို့ခါ အမိပါးမှာ။
၉။ လုပ်ဖို့ခါ ဦးကြီး စားဖို့ခါ ဂေါင်းကြီး။
၁၀။ လုပ်ရစွာထက် ပြောရစွာခက်။ (ညှက်)။
၁၁။ လုပ်ရာမှာလည်း မပါ၊ စားရာမှာလည်း မပါ။
၁၂။ လုပ်ရာလုပ်တေ အရာမမြင်။
၁၃။ လုပ်လီသမျှ အဘာသျှေမှာ သဲရိကျ။
၁၄။ လုပ်လည်းလုပ်ရ မျက်နှာမရ။
၁၅။ လုပ်လည်းလုပ်ရ အပြစ်တင်လည်းခံရ။
၁၆။ လုပ်သူတတိုင်လုပ်၊ စားသူတတိုင်စား။
၁၇။ လုပ်သူတစ်ယောက် စားသူတရာ မဝစာ။

# လန်

၁။ လန်ရာ- လန်ရေ ပြန်ရေလို့မဆို။

# လမ်း

၁။ လမ်းကမလား ကြောင်းကလား။
၂။ လမ်းကောက်ကိုရာလားလီ၊ လူကောက်နောက်ကို မလားလီကေ့။
၃။ လမ်းကောက်ကိုလိုက် လူကောက်ကိုပစ်။
၄။ လမ်းကိုထားရို့ ကြောင်းကလား။
၅။ လမ်းစမမြင် ကြောင်းမထင်။
၆။ လမ်းဆုံးကေ ရွာကိုတွို့။
၇။ လမ်းနားကပန်ွသီး လူတိုင်းပုတ်တေ။
၈။ လမ်းနား ကြိမ်နှာမောင်း။
၉။ လမ်းနား ပျားသန်း။
၁၀။ လမ်းမသိ ခွီးနောက်လိုက်။
၁၁။ လမ်းသစ်ထွင် စူးဝင်ခံရ။

# လိမ်

၁။ လိမ်စရာ ရှာမရ ကိုယ်ပေါင်သားကိုယ်လိမ်။
၂။ လိမ်စရာ ရှာမရ ခြီခြီချင်းလိမ်။
၃။ လိမ်စွာမဟုတ် ညာစွာရာ။
၄။ လိမ်စွာမဟုတ် ဝါစော်ရာ။
၅။ လိမ်နိုင်ကေ ပညာဟိ၊ ညာနိုင်ကေ သမာဓိ။
၆။ လိမ်ဖန်များကေ အမှန်ဖြစ်တေ။
၇။ လိမ်ဖန်များ ကြက်တွန့်ပေါ်။
၈။ လိမ်ဖန်များ ကြိုးရွှန်းပေါ်။
၉။ လိမ်ဖန်များ စကားမှန်လျက် ယုံရခက်။
၁၀။ လိမ်ဖန်များပြတ် လဲဖန်များ ဒူးကွဲ။
၁၁။ လိမ္မာကေအဖိုးထိုက်၊ မလိမ္မာကေ အဆိုးဖြစ်။
၁၂။ လိမ္မာဇကန်းချီးစား။
၁၃။ လိမ္မာတတ်ကြောင်း နည်းခံတောင်း။
၁၄။ လိမ္မာတတ်စီ နှံ့စပ်စီ။
၁၅။ လိမ္မာတတ်စီ ပြောတတ်စီ။
၁၆။ လိမ္မာပန်းဘဲ၊ သံနှမ်းဆွဲ။
၁၇။ လိမ္မာမြင်ပျင်း ဆင်းရဲအားရ။
၁၈။ လိမ္မာမြင်ပျင်း ဆင်းရဲအားရ၊ ကွယ်ဝမနာလို၊ ကိုယ့်ထက်သာမကြိုက်။
၁၉။ လိမ္မာမှ ကြွယ်ဝ။
၂၀။ လိမ်ရာမှာ ကြိုးရွှန်းပေါ်ရေ။
၂၁။ လိမ်ရာမှာ ဆလိမ်။
၂၂။ လိမ်ရာမှ မရွတ်။
၂၃။ လိမ်လည်လှည့်ဖျား မာယာများ။

## လုံး

၁။ လုံးချင်းကောင်း ပေါင်းဖော်မရ။
၂။ လုံးချင်းကောင်း အပေါင်းမရ။
၃။ လုံးစိ ပတ်စိ ကွက်တိုက်မိ။
၄။ လုံးတန်ပေါက်တန် ကွက်မဆန်။

## လုံ့

၁။ လုံ့လမထူ ကံမထူ။

## လို

၁။ လိုကေထည့် ပိုကေဖဲ့။
၂။ လိုခါဖက် မလိုခါထွက်။
၃။ လိုခါဖက် ရခါထိပ်နှက်။
၄။ လိုခါမရ ရခါမလို။
၅။ လိုခါမသုံး ချင်ခါသုံး။
၆။ လိုခါမသုံး ရခါဖြုန်း။
၇။ လိုချင်ကေပျားသကာ၊ မလိုချင်ကေ ခါးတမာ။
၈။ လိုချင်ကေ မောင်ဖြူ မလိုချင်ကေ မဲတူ။
၉။ လိုချင်တဘဝ၊ မလိုချင်တခဏ။
၁၀။ လိုချင်လောဘ ဘေးတွိ့ရ။
၁၁။ လိုချင်လောဘ၊ မခိုင်ချင် ဒေါသ။
၁၂။ လိုချင်လောဘ အိပ်ကြူးထိန။
၁၃။ လိုစွာကိုမရ၊ ရစွာကို မလို။
၁၄။ လိုစွာထက် မဟိစွာခက်။
၁၅။ လိုတောင့်မင်းတာ။
၁၆။ လိုတာမင်းတာ သုံးစရာ။



၁၇။ လိုရာမရ သြော်ဒုက္ခ။
၁၈။ လိုရာလိုရေ ပိုရေမဟိ။
၁၉။ လိုလျှင်ကြံဆ နည်းလမ်းရ။
၂၀။ လိုလျှင်ရအောင် နည်းလမ်းဆောင်။
၂၁။ လိုသူကျွဲစား ကျော်ဖြူယော် (လျှော်)။
၂၂။ လိုသည်သာဟိ ပိုသည်မဟိ။

## လွယ်

၁။ လွယ်ယောင်နန့်ခက်၊ တိမ်ယောင်နန့်နက်။
၂။ လွယ်ရေဆို တိမ်ကိုပုံချင်။
၃။ လွယ်ရေဆို မြင့်မိုရ်တောင်ကို တက်ချင်။
၄။ လွယ်လွယ်နန့်မယုံရ။
၅။ လွယ်လွယ်- လွယ်လွယ်နန့် တွေးမရ။
၆။ လွယ်သာလွယ် ခက်ခဲးခဲး။

## လွတ်

၁။ လွတ်လား ရေငါးကြီး၊ သီလားရေသား လှ။
၂။ လွတ်လပ်ရေးအစ ဦးဥတ္တမက။

## လွန်

၁။ လွန်ကျူးမိက ဝန်ချဖို့အသင့်။
၂။ လွန်ကျူးမိမှ နောင်တရ။
၃။ လွန်ကျူးမိသမျှ ဝန်ချတောင်းပန်။
၄။ လွန်ရေပန်းကို ဘုရားတင်ရို့မရ။
၅။ လွန်လီသမျှ ကန်တော့ချ။

## လွမ်

၁။ လွမ်းနီတုံးမှာ မောင်ရောက်လာ။

## လှ

၁။ လှဂုဏ်ကိုးရို့ မာနထူ၊ ယူသူမဟိုင်းတိတိ။
၂။ လှဂုဏ်ကိုးရို့ မာနထောင်၊ လင်သားမရ ငေါင်းဖို့ကျ။
၃။ လှစီချင်လို့ မျက်နှာချယ်၊ ပါးစပ်က ပြုပြု။
၄။ လှစီချင်ရို့ မျက်နှာချယ်၊ ပါးကယွဲ့ယွဲ့။
၅။ လှတိုင်းမလိုက်ကေ့၊ မလှတိုင်းမပစ်ကေ့။
၆။ လှစွာကို မက်ရို့အခက်ကြုံရ။

## လှီ

၁။ လှီကိုလိုက်ရို့ ပေါင်းဆင်။
၂။ လှီထိုး ဖာသား။
၃။ လှီနစ်ရာမှာ နှစ်သတ်ရာရောက်။
၄။ လှီနံ့ဒါးထစ်။
၅။ လှီနံ့နှစ်ဖက်နင်း။
၆။ လှီပုအလှော်ခက်၊ လူပုအပြောခက်။
၇။ လှီပက်စဝါမကူးသာ မြောင်းငယ်မခုန်သာ။
၈။ လှီပျောက်ကို လှီနန့်ရှာ။
၉။ လှီဉူးထက် ထိုးဝါးယင် (လျှင်)။

## လှူ

၁။ လှူကေကားမြတ် စားကေကားကုန်။
၂။ လှူကေမြတ် စားကေကုန်။
၃။ လှူကေအကျိုး မြတ်နိုးသဒ္ဓါ။
၄။ လှူတတ်ကျွေးတတ် မြတ်။
၅။ လှူတတ်မှ မြတ်။
၆။ လှူတတ်မှ မြတ်၊ ချွတ်တတ်မှ ကျွတ်။
၇။ လှူတတ်မှ မြတ်၊ ဖြတ်တတ်မှ ပြတ်။
၈။ လှူတတ်မှ မြတ်၊ ဖွပ်တတ်မှ ဖြူ။
၉။ လှူနိုင်ကေတကာ မလှူနိုင်ကေ ငပြာ။

## လှည့်

၁။ လှည့်ဖန်များလည်။
၂။ လှည့်ဖန် မာယာ ရာဂတဏှာ။

## လှော်

၁။ လှော်ဖန်များ ကမ်းနားရောက်။
၂။ လှော်ရင်းနစ်။
၃။ လှော်လီ နစ်လီ။
၄။ လှော်လီ နစ်လီ၊ လှူပ်လီမြုပ်လီ။
၅။ လှော်လည်း လှော်ယင့် လောင်းမရွှီ့။

## လှစ်

၁။ လှစ်ပြမှ ငိုက်ကျရေ။

## လှိုင်း

၁။ လှိုင်းကြီးကေ ကမ်းကိုခွါ။
၂။ လှိုင်းကြီးကမ်းရောက် အားလုံးပျောက်။
၃။ လှိုင်းကြီးလှီအောက်၊ တောင်ကြီးဖဝါးအောက်။
၄။ လှိုင်းလီဖြားသင့်၊ ရွက်ကိုဖွင့်။

## လှောက်

၁။ လှောက်ချင်ဆီလှောက် မလောက်။

# လှူပ်

၁။ လှူပ်တို့လှူပ်ယင့် နုတ်လို့မရ။
၂။ လှူပ်ဖန်များ လှူပ်၊ ပြုတ်ဖန်များ နူး။
၃။ လှူပ်လီ မြှုပ်လီ။
၄။ လှူပ်လီ မြှုပ်လီ၊ ဖုတ်လီ ညှော်လီ။

၁။ လုံ့ပုံ့ပိုင်စိုး စန္တြားမျိုး၊ ဝေသာလီမှာ ကိုးဆက်စိုး။

# လှမ်း

၁။ လှမ်းမမီ ကမ်းသူမဟိ။

# လျှာ

၁။ လျှာစက်အာစက် ပြီးလွတ်ခက်။
၂။ လျှာစက်အာစက် လွန်ထက်မြက်။
၃။ လျှာဖဲ့ငါး။
၄။ လျှာဖဲ့ငါး၊ အာစိကျား။

## ဝ

# ဝ

၁။ ဝထုပ်ဆိုကေ ပုတ်။
၂။ ဝထုပ်ဆိုကေ ပုတ်၊ ပုတ်ဆိုကေ ဝထုပ်။
၃။ ဝဖြီးသိပ်နန့် သန်းငင်- ငင်ရို့။
၄။ ဝဖြီးသိပ်နန့် သန်းစိငင်။
၅။ ဝရေ ဆူရေနန့်ပင်၊ အသျှေရာမွီးရေ။
၆။ ဝလီ တုတ်လီ။

# ဝါ

၁။ ဝါကြီး ပေါင်းယင့် ဝါကြီးမစားယင့်၊ ဝါကြီးမပေါင်းယင့်၊ ဝါကြီးစားယင့်။
၂။ ဝါကျွတ်ခါနီး တော်သလင်းလ ကန့်လန့်ဆီ။
၃။ ဝါကျွတ်တခါ တရားနာ၊ သကြ်န်သုံးရက် အရက်နှက်။
၄။ ဝါခေါင်လကလန့်၊ ကျွဲးတမနန့်မဖ။
၅။ ဝါစရာဟိကေ ဝါသာဝါ၊ လိမ်စရာဟိကေ လိမ်သာလိမ်။
၆။ ဝါစွာမဟုတ် ညာစွာရာ။
၇။ ဝါဆိုခြီအောက် အရိပ်ပျောက်။
၈။ ဝါဆိုဝါခေါင် ရီဖောင်ဖောင်။
၉။ ဝါရာမှာ နနွင်းဗူး။

၁၀။ ဝါဝါမြင်တိုင်း ဘုန်းကြီးမဟုတ်။
၁၁။ ဝါသနာ ပါရာသို့လိုက်။
၁၂။ ဝါသနာ ဘာဂီဆက်တိုင်းမှီ။
၁၃။ ဝါသနာဟိရာ အထုံပါ။
၁၄။ ဝါသနာအလိုက် ကောင်းကျိုးဖြစ်။
၁၅။ ဝါသနာအလိုက် ဆိုးကောင်းဖြစ်။

# ဝါး

၁။ ဝါးကောင်းကေ တောင်း။
၂။ ဝါးကောင်းကေ - တောင်း၊ ကိုယ်ကောင်းသကောင်း။
၃။ ဝါးကောင်းကေ - တောင်း၊ ကိုယ်ကောင်းသကောင်း၊ တောကောင်းဝါဒေါင်း။
၄။ ဝါးကိုအဖျား၊ ကြံကိုအရင်း။
၅။ ဝါးကွဲရီဝင် မျိုးကွဲသူစိမ်းဝင်။
၆။ ဝါးစဖြာမှာပိုင် တဖက်ချွန်။
၇။ ဝါးဆွီးကို ချွန်ရို့မရ။
၈။ ဝါးတရာ လူတရာ။
၉။ ဝါးတောကို ဆင်နင်းရေပိုင်။
၁၀။ ဝါးတောမှာ ဝါးလှရွီး။
၁၁။ ဝါးတောမှာ ဝါးလှရွီး ပိုးစားနန့်တွိ့။
၁၂။ ဝါးနှမ်းကိုသုံးဖို့မရ။
၁၃။ ဝါးမျက်ကြီးကေ ဒါးပဲ့ရေ။
၁၄။ ဝါးမျက်ဖျက်ကေ ဒါးပျက်ဖြစ်။
၁၅။ ဝါးရောင်းမီးလောင်ရေပိုင်။
၁၆။ ဝါးလုံးခေါင်းထဲ လပရေ။
၁၇။ ဝါးလုံးခေါင်းထက် မိုက်တေ။
၁၈။ ဝါးလုံးနန့်ချီးသုတ်တေပိုင်။
၁၉။ ဝါးလုံးနင်းတုံ၊ ဝါးခြမ်းနင်းတုံ။
၂၀။ ဝါးလုံးပွတ်နန့် ချီးကိုင်း ကိုင်းရို့။
၂၁။ ဝါးလုံးဖွတ် (စကား)။
၂၂။ ဝါးလုံးရှည်နန့် ယမ်းရေ။
၂၃။ ဝါးအထင်းကို သုံးဖို့မရရေပိုင်။

# ဝိ

၁။ ဝိနည်းတတ်ကေ ပြစ်လွတ်တေ။
၂။ ဝိပဿနာ လောဘသာ။
၃။ ဝိရိယကိုဆောင် မြင့်မိုရ်တောင်။
၄။ ဝိရိယကိုဆောင် မြင့်မိုရ်တောင်၊ မာနတရား မြီကြီးထား၊ သမာဓိတရား ရှိဂူထား (ဝီရိယလည်းထူ၊ ကံလည်းကူ၊ လွယ်ကူခဏ၊ ကမ်းကိုရ)
၅။ ဝိရိယလွန်ကေ ဆွံ့ရေ၊ သဒ္ဓါလွန်ကေ တွန့်ရေ။

# ဝီး

၁။ ဝီးချင်ဆီဝီး ဖူးဇာပါကေနီး။
၂။ ဝီးတသက်သက် နီးတခြက်ခြက်။

# ဝေ

၁။ ဝေသာလီကမ်းထောင့်ပြိုစွာမှာ၊ ကောသမ္ဗီကန္တားမ၊ ပေါင်ကျိုးရေ။
၂။ ဝေသာလီကြက် ကျိန်းရီမျက်။
၃။ ဝေသာလီကြက် ကျိန်းရီမျက် ကန်ဖေအရက်။
၄။ ဝေသာလီမြို့ ရတနာမိုယ်း ရွာသွန်းဖြိုး။

# ဝဲ

၁။ ဝဲ မကူး။

# ဝယ်

၁။ ဝယ်ခါတအာနာ ရောင်းခါတပဲ။

၂။ ဝယ်ရာလည်းမကျတောင်းရာလည်း မရောက်။

## ဝက်

၁။ ဝက်ဆီနန့် ဝက်ကောင်ကိုကြော်။
၂။ ဝက်ထီးအားကိုး။
၃။ ဝက်ထီးအားကိုး အားကိုကိုး အကျိုးမလှ ဖြစ်တတ်စွ။
၄။ ဝက်ပုပ်ကိုပစ်၊ ဆတ်ပုပ်ကိုလိုက်။
၅။ ဝက်ဖြစ်ပြီးနောက် ချီးကိုမယှောင်နိုင်။
၆။ ဝက်ဖြစ်ပြီးနောက် ချီးစားဖို့စွာကို မရှက်နိုင်။
၇။ ဝက်မတင်ကို တောင်းကျဉ်ကိုက်။
၈။ ဝက်မရောက်တန်းတောင်၊ လူမရောက်မြင့်မိုရ်တောင်။
၉။ ဝက်ဝံတင်သားကို တောင်းကျဉ်ကိုက်တေပိုင်။
၁၀။ ဝက်သားကင်မောင်သျှင်ဖို့၊ ငါးခြောက်လှမ်းဇကန်းဖို့။
၁၁။ ဝက်သားနန့် ငါးဗွက်ရည် ဖစားရေပိုင်။
၁၂။ ဝက်သားမစား ဝက်ရည်စား။
၁၃။ ဝက်ဟုပ်- ဟုပ်ရို့။

## ဝင်

၁။ ဝင်ကေဝင်ချင်း ဆောက်နန့်ထွင်း။
၂။ ဝင်္ကန္တီကြံစီနှော ပျက်မသား။
၃။ ဝင်ပေါက်ငယ် ထွက်ပေါက်ကျယ်။
၄။ ဝင်ပေါက်တစ်ရာ ထွက်ပေါက်တစ်ထောင်။
၅။ ဝင်ရာဝင်စီ မထွက်စီကေ့။
၆။ ဝင်ရာအပ်ပေါက် ထွက်ရာပေါက်ဆိန်။
၇။ ဝင်ရေနီလည်း နောက်ကုန်း ထွက်ရေနီလည်း နောက်ကုန်း။
၈။ ဝင်ရန်လွယ် ထွက်ရန်ခဲ။

## ဝင်း

၁။ ဝင်းဝင်းပြောင်တိုင်း ရွှီရောင်မဟုတ်။

## ဝတ်

၁။ ဝတ်ကျီ တန်းကျီ။
၂။ ဝတ်စော်ကိုလူမြင်၊ စားစော်ကို လူမမြင်။

## ဝင့်

၁။ ဝင့်ကြီးပါ ဘုရားရဟန္တာလည်း မလွတ်ရာ။
၂။ ဝင့်နာကံနာ။
၃။ ဝင့်နန့်ကြမ္မာ မလွတ်ပါ။
၄။ ဝင့်မှာအမြဲ ငရဲမှာ အပ။

## ဝန်

၁။ ဝန်ထမ်းလာစွာကိုမြင်၊ ကံထမ်းလာစွာကို မမြင်။
၂။ ဝန်နန့်အား လေးနန့်မြှား။
၃။ ဝန်မဟိပဲ အထုပ်သန်။
၄။ ဝန်သည်လာကေ ဟန်သည်ယှောင်။

## ဝမ်း

၁။ ဝမ်းစာထက် ပန်းစာခက်။
၂။ ဝမ်းတထွာ၊ သမုဒ္ဒရာ။
၃။ ဝမ်းထဲမှာ ဆန်ပြာ- ပြာရို့။
၄။ ဝမ်းထဲသမုဒ္ဒရာ အူဂင်္ဂါ။
၅။ ဝမ်းနာထက် လွမ်းနာခက်။
၆။ ဝမ်းနန့်မလွယ် သားမမည်။

၇။ ဝမ်းနန့်မလွယ် သားမမည်၊ မိဖနှစ်ပါး မထိမ်းမြား၊ မယားမမည်။
၈။ ဝမ်းပူ- ဝမ်းပူချင်း။
၉။ ဝမ်းရီးထက် လွမ်းရီးခက်။
၁၀။ ဝမ်းရီးဝမှ ဆွမ်းရီးလှ။
၁၁။ ဝမ်းလည်းမဝ၊ ခါးလည်း မလှ။
၁၂။ ဝမ်းဝကေခါးမလှ၊ ခါးလှကေ ဝမ်းမဝ။
၁၃။ ဝမ်းဝမှ ခါးလှ။
၁၄။ ဝမ်းသာဝမ်းနည်း နှစ်ခုတွဲ။

## သ

# သ

၁။ သကာကိုမျောက်ခြင်- ခြင်ရို့။
၂။ သကာကို အချိုလောင်း။
(သကာချောင်မှာ ကျော်သာဦးဖ လယ်လုပ်စုတ်စုတ်မြုပ် စံဂိုးဂေါင်းတင်ဂိုရို့ဝင်)
၃။ သကာချို ပျားလက်အောက်။
၄။ သကာနန့်ပျား၊ တမာနန့်အခါး။
၅။ သကာမှတ်ရို့စား၊ ငရုပ်ကြိတ်နန့်မှား။
၆။ သကြားမှတ်ရို့စား ဆားနန့်မှား။
၇။ သကြဲဖဖင်ဆိုက် ဒိုးနွယ်ရစ်။
၈။ သကြဲဖဖင်ဆိုက် ဒိုးနွယ်ရစ်၊ အသက်တရာလူတထွာ။
၉။ သခင်ကြောင့်ကြ ကျွန်ဝမ်းဝ။
၁၀။ သခင်မကောင်း ကျွန်မကောင်း။
၁၁။ သခင်ရဲကေ ကျွန်ရဲရေ။
၁၂။ သခင်မြင့်ကေ ကျွန်တင့်ရေ။
၁၃။ သခင်လည်းမိုက် ကျွန်လည်းမိုက်။
၁၄။ သခင်လည်းမိုက် ကျွန်လည်းမိုက် အပြစ်မဆိုသာ။
၁၅။ သခင်ဝမ်းဝ ကျွန်ကြောင့်ကြ။
၁၆။ သခင်အာဏာ ကျွန်မှာတည်။
၁၇။ သခင်အားရ ကျွန်ဝမ်းဝ။
၁၈။ သဇင်ပန်းခိုင် တမြိုင်မြိုင် ရခိုင်ဘုရားပေါင်း။
၁၉။ သဇင်ပွင့်စ နတ္တော်လ၊ သဇင်လည်းပွဲ တပိုတွဲ။
၂၀။ သငှီးစည်းစိမ် လူမွဲကိုပီး အိပ်ရို့မရ တကြောင့်ကြ။
၂၁။ သငှီလည်းလူ ငါလည်းလူ။
၂၂။ သငှီးလည်းလူ ငါလည်းလူ၊ အမှုချင်းကွဲ ဇာကြောင့်လည်း။
၂၃။ သငှီးသဘော်ပျက်စွာက၊ အရီးမကြီး၊ ဆင်းရဲသား ဇွန်းပျောက်စွာကအရီးကြီး
၂၄။ သတိကိုဆယ် စိတ်ကိုဖြေ၊ သံဝေတရားအမြဲထား။
၂၅။ သတိကိုဆောင် အိုယောင်မဆင်းရဲ။
၂၆။ သတိကို လိုသည်သာဟိ ပိုသည်မဟိ။
၂၇။ သတိတလုံး အမြဲသုံး။
၂၈။ သတိထားက ဝပြောကြွယ်၊ အရိုးများက သွားကျိုးလွယ်။
၂၉။ သတိမကျပ် ဆင်ကိုခနုခတ်။
၃၀။ သတိမထား လွဲချော်မှား။
၃၁။ သတိမမူ ဂူကိုမမြင်။
၃၂။ သတိတူက ရခဲစွ။
၃၃။ သတင်းရီသောက် မိုယ်းရီသောက်၊ မ ဇရော၊ လင်ကိုးယောက်။
၃၄။ သတိုးဘုရာ အသျှင်ဝက်စား၊ စားရေဝါ။
၃၅။ သနားကေ သီနာရောက်တေ။
၃၆။ သနားသင့်ညှာ ဒုက္ခသာ။
၃၇။ သနားမှကြင်နာ၊ ကြင်နာမှချစ်ခင်၊ ချစ်ခင်မှကြည်ဖြူ။
၃၈။ သနားလို့ ငါးဝီပီး ညှီစော်နံရေ။
၃၉။ သပိတ်ခါ အိပ်ခါ။
၄၀။ သပွတ်အူ ဆံခြူလိုက်။
၄၁။ သဘောကောင်း အခေါင်းကျန်။
၄၂။ သဘောယိုကရောဟိ။
၄၃။ သဘင်ထွန်း ပြည်စွန်း။
၄၄။ သဘင်သည်စကား အရူးစကား အသွေ့စကား။
၄၅။ သဘင်သည်ဘဝ အရူးတမျှ။
၄၆။ သဘောက်တထည် အလယ်ထွားညက် အနားပျက်။

၄၇။ သမာဓိတရား ရှိဂူထား၊ ဝီရိယကိုဆောင် မြင့်မိုရ်တောင်။
၄၈။ သမာဆယ်ခွက် လက်တဘွက်။
၄၉။ သမာမတတ် လူကိုသတ်။
၅၀။ သမီးကညာ အရွယ်လွန်က မောင်ဖွားမိဘ အရှက်ရ။
၅၁။ သမီးကိုဖျက် အမိ၊ သားကိုဖျက် အဖ။
၅၂။ သမီးတစ်ကောင် နွားတစ်ထောင်။
၅၃။ သမီးပီးမှ သမက်ရ။
၅၄။ သမီးမိန်းမ အရွယ်လွန်က မောင်ဖွားမိဖအရှက်ရ။
၅၅။ သမီးမွိး သမက်ဖို့။
၅၆။ သမီးယောက်ဖ ရန်မရ။
၅၇။ သမီးယောက်မ ရန်မရ။
၅၈။ သမီးလိမ္မာ ဟင်းတစ်ခွက်၊ သမက်လိမ္မာ ရှိတခွက်။
၅၉။ သမီးဟိက မောင်ဖွားကြောင့်ကြရ။
၆၀။ သမီးဟိက မောင်ဖွားကြောင့်ကြရ၊ အသီးဟိက အပင်ပျက်စီးရ။
၆၁။ သမီးဟိရို့ ယောက္ခမအတော်ခံရ။
၆၂။ သမီးအလှ မိုးပန်းဖ။
၆၃။ သမက်ကို သူခိုးထင်လို့ လုံနန့်ထိုး။
၆၄။ သမက်မှန်း သူခိုးမှန်းမသိ၊ ဇရက်မှန်း ချိုးမှန်းမသိ။
၆၅။ သမက်စီလူမဟုတ်၊ ပုဇွန်ဖြူ ငါးမဟုတ်။
၆၆။ သမက်လိုချင် သမီးနန့်မျှား။
၆၇။ သမက်သစ် ဘောက်ခြိုးစားရို့ မိုယ်းရွာရေ။
၆၈။ သမင်မွိးယင့် ကျားစားယင့်။
၆၉။ သမုဒ္ဒရာ ဝမ်းတထွာ။
၇၀။ သမုဒ္ဒရာ ဟူသရွိ့ ရီအပြည့်၊ တောဟူသရွိ့ ထင်းအတိ။
၇၁။ သမုဒ္ဒရာရီကို တစ်ယောက်တည်း သောက်ရို့မကုန်။
၇၂။ သမုဒ္ဒရာအလယ် ကြွန်းဝယ်မဟိ။
၇၃။ သရီရဓာတ် ထွတ်အမြတ်။
၇၄။ သရေရာယိုရေ ကြောက်တေရို့မပြော။
၇၅။ သရမ်းထသူ အပူမစဲ တသဲသဲ။

# သာ

၁။ သာကြူလည်း သောက်ချင်၊ နှုတ်ခမ်းမွိးလည်း မရိတ်ချင်။
၂။ သာကြည်ညှင်းညှင်းဇသောခြင်း။
၃။ သာခါသာ နာခါနာ။
၄။ သာပေါင်း ညာစား။
၅။ သာယာခြီငံ နဝင်ပီယံ။
၆။ သာရာပင်း။
၇။ သာရေခါပေါင်း၊ နာခါစောင်းနှင့်၊ သာပေါင်းညာစား၊ ထိုလူများကို သတိထား။
၈။ သာရေခါသာ၊ နာရေခါနာ။
၉။ သာလိကာငှက်ကို စကားသင်- သင်ရို့။
၁၀။ သာလိကာငှက်ပိုင် ချီးတပြွတ်ပြွတ်။
၁၁။ သာသနာကို သာသနာထဲက (လူ) ဖျက်မှပျက်။
၁၂။ သာသနာတဝက် မင်းကောင်းတဆက်။
၁၃။ သာသနာပ လူဖြစ်ကျိုးမလှ (မနပ်)။
၁၄။ သာသာယာယာ ပြောဆိုတတ်မှ နှစ်သက်။

# သား

၁။ သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်လုံး။
၂။ သားကောင်းမိခင် တောင်နန်းသျှင်။
၃။ သားကောင်းမိခင် တောင်နန်းသျှင်၊ လင်ကောင်းမယား မိဖုရား။
၄။ သားကိုဖျက် အဖ၊ သမီးကိုဖျက် အမိ။
၅။ သားကိုသခင် လင်ကိုဘုရား၊ ယောက္ခမကို အဖထား။
၆။ သားကိုသိပ်ဟန် အမိမွှန်။
၇။ သားကိုယိုးလို့ မုံ့ကုန်။
၈။ သားကိုအချစ် မြီးကိုအနှစ်။
၉။ သားကိုအဖမကယ်နိုင်၊ အဖကို သားမကယ်နိုင်။
၁၀။ သားကြီးကေ မြီးတွဲလွဲ။
၁၁။ သားကြီးကေ အဖအရာ အည်းမကြီးကေ အမိအရာ။

၁၂။ သားကြီးကေ အမိရှောင်၊ သမီးကြီးကေ အဖရှောင်။
၁၃။ သားကျွေးမှု မယားကျွေးမှု တစ်ခုပညာကိုယ်စီပါ။
၁၄။ သားချင်းတူကေလေ့ သွီးချင်းမတူ
၁၅။ သားစဉ်မြီးဆက် မြစ်လက်တက်။
၁၆။ သားဆိုးမိခင် တစ်ကြင်ကြင် သားကောင်းအမိတခိခိ။
၁၇။ သားဆိုးအမိ တရိရိ လင်ဆိုးမယား တဖားဖား။
၁၈။ သားဆိုးအမိ အိမ်ကပြီး။
၁၉။ သားတစ်ရာမြင် သျှင်တရာပြု နိဗ္ဗာန်ဆု။
၂၀။ သားတစ်ရာမြင် မြီးတရာရ၊ ရွှယ်မလွန်က စိတ်မချရ။
၂၁။ သားတစ်ရာမြင် အသက်ပင်ကြီး သီခါနီးလည်း မိန်းမတိကို စိတ်မချရ။
၂၂။ သားတစ်ကိုရာမြင်ရေ ညွှတ်ကွင်းကိုမမြင်။
၂၃။ သားနှောင်းကျွန်အရာ။
၂၄။ သားနှောင်းကျွန်အရာ ကောက်နှောင်းဆင်စာ။
၂၅။ သားမကောင်းအဖ၊ မယားမကောင်းလင်။
၂၆။ သားမကောင်းအဖ၊ မယားမကောင်းလင်၊ တပည့်မကောင်းဆရာ။
(သားမကောင်းအဖ၊ မယားမကောင်းလင်၊ တပည့်မကောင်းဆရာ၊ ကျွန်မကောင်း သခင်၊ သမီးမကောင်း အမိ)
၂၇။ သားမယားကြောင့် တဖြားနှောင်း။
၂၈။ သားမရခင် ပုခွက်ဆင်။
၂၉။ သားမိုယ်းကြိုးစက် ဖကိုဖျက်။
၃၀။ သား၊မြီး၊မြစ်၊တီ၊ကြွတ်၊ဂွျတ်၊ချွတ်၊မပြတ်စဉ်လာ ခုနှစ်ဖြာ။
၃၁။ သားမှာအပိန်၊ ဗူးမှာအလိန်။
၃၂။ သာရီမှာအိပ်လို့ သားရီနားကိုစားရေ။
၃၃။ သားရီဝိုင်း မတတ်ခင် ဗုံဖောက်သင်။
၃၄။ သားလူးကျမှ ကြမ်းပေါက်ဖာ။
၃၅။ သားလည်းဆုံး လင်လည်းသီ ကွှီးလည်းတင်။
၃၆။ သားလင်မကောင်း မယားအပြစ်တစ်သောင်း။
၃၇။ သားလိုတုံးလင်သီ။
၃၈။ သားသမီးကြောင့် တဖြားနှောင်း။
၃၉။ သားသမီးများလီ ထမင်းအိုးကြီးလီ။
၄၀။ သားသမီးမကောင်း မိဖ၊ ကျွန်မကောင်း သခင်။



၄၁။ သားသမီးမကောင်း မိဖဂေါင်း။
၄၂။ သားသမီးမကောင်း မိဖဂေါင်း ၊ လောင်းမကောင်း လောင်းသျှင်ဂေါင်း။
(သားသမီးမိုက်၊ လွန်ဆိုးညစ်လည်း၊ တိုက်ရိုက်မျက်မြင်၊ မိဖခင်တို့စီရင်ကွပ်ညှပ် မသတ်အပ်။)
၄၃။ သားသီလင်ဆုံး ကွှီးတင်မြီကျ။
၄၄။ သားသတ်လွတ် ဘဲဥပါဘုရား။
၄၅။ သားသတ်ယောကျ်ား အပါယ်လား။
၄၆။ သားဦး မြီးဦး အရှူးရှူး။
၄၇။ သားအေ့ (ရယ့်)အမူရာ အဖနန့်နီးစပ်။

# သိ

၁။ သိကားသိယင့် မမြင်ဖူး။
၂။ သိကြားပီးနှင်း၊ လက်နက်ရင်းနှင့်၊ မင်းမာရယု၊ တည်ပြုအစ၊ မြို့ဓညေ။
၃။ သိကြားလက်ချ လူလက်ချ။
၄။ သိကြားလက်ချ နတ်လက်ချ။
၅။ သိခါပူပန် မသိခါပြုံးဟန်။
၆။ သိတိုင်းလည်း မပြောကေ့၊ ဟိတိုင်းလည်း မစားကေ့။
၇။ သိရာသိစီ မမြင်စီကေ့။

# သီ

၁။ သီကေကားမိ ချစ်တေသူကိုရှာကေတွိ့။
၂။ သီကေမြီကြီး ရှင်ကေရှိထီး။
၃။ သီကေလေ့တရက် မွီးကေလေ့တရက်။
၄။ သီခါပြီးမှ ရယ်လို့ပြ။
၅။ သီချင်ရေကျား တောပြောင်း။
၆။ သီချောင်နီကျပ်။
၇။ သီစီလိုကေ ရီနန့်ပက်၊ ရှင်စီလိုကေ ဒုတ်နန့်နှက်။
၈။ သီစာ ရှင်စာ။
၉။ သီစွာနန့် အိပ်စွာမထူး။

၁၀။ သီဆုကိုတောင်း နာဆုသို့ရောက်။
၁၁။ သီတူရှင်ဖက် ကောင်းတူဆိုးဖက်။
၁၂။ သီဖို့ခါပြီးမှ လတုံမြည်ရေ။
၁၃။ သီဖို့တခါ ရှင်ဖို့တချက်။
၁၄။ သီဖို့တခါ ရှင်ဖို့တလှည့်။
၁၅။ သီဖို့နွား တောစယောင်။
၁၆။ သီဖို့အစ ကြမ္မာငင်။
၁၇။ သီဖို့အစ ဖျားရေ။
၁၈။ သီဖို့အနာ ဆီးမပါ။
၁၉။ သီဘေးကြုံ ရဲဂုဏ်ပြ။
၂၀။ သီရာသီချင်ရေ မပြောချင်။
၂၁။ သီရာသီဖို့ ဝမ်းကျမတန့်။
၂၂။ သီရာသီရေ ငါ့လောက်မနာ။
၂၃။ သီရီးထက် နာရီးခက်။
၂၄။ သီရီးထက် ရှင်ရီးခက်။
၂၅။ သီရီးရှင်ရီး နှစ်ခုတွဲ။
၂၆။ သီရေလူကြာကေမိ၊ ပျောက်တေလူရှာကေတွိ့။
၂၇။ သီလအနံ့ ထက်အောက်နှံ့။
၂၈။ သီလားခရေသား အလှပ၊ ရွတ်လား ရေငါး အကြီးသန်။
၂၉။ သီလတ်မည်ကြောက် နတ်ကိုးကွယ်။
၃၀။ သီလတ်မည်ကြောက် ပေါက်ထူးပေါက်။
၃၁။ သီလို့တောင် ဝမ်းကျမတန့်။
၃၂။ သီအတူ ရှင်မူမကွဲ။

# သီး

၁။ သီးကောင်းလိုချင် အပင်ပြုစု။
၂။ သီးခါမလာ မှည့်ခါမရောက်။
၃။ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်။
၄။ သီးရာယိုရေ ကြောက်တေလို့မဆို။



# သူ့

၁။ သူ့ကံနန့်သူ။
၂။ သူ့ကိုချစ်မှ ကိုယ့်ကိုချစ်။
၃။ သူ့ကိုတချောင်းထိုးကေ၊ ကိုယ့်ကို လေးချောင်းထိုး။
၄။ သူ့ကိုမနာလို ကိုယ့်မှာအကျိုးမဟိ။
၅။ သူ့ကိုရိုသီမှ သူကလည်းရိုသီမည်။
၆။ သူ့ကျေးဇူးကိုလည်း မကန်းကေ့၊ အရိပ်ခိုအခက်ကိုလည်း မချိုးကေ့။
၇။ သူ့ခေတ်နန့်သူ။
၈။ သူ့စွာကိုလိုချင် ကိုယ့်စွာနန့်ရင်း။
၉။ သူ့စွာကိုလိုချင် သူ့ကိုရိုသီ။
၁၀။ သူ့ဆန်စား သူ့ကြက်။
၁၁။ သူ့ဒါးနန့် သူ့ကိုခွတ်။
၁၂။ သူ့နီရာနန့်သူ။
၁၃။ သူ့နီရာနန့်သူ အသုံးဝင်။
၁၄။ သူ့ဘုရားထက် ငါ့ဘုရားသာ။
၁၅။ သူ့ဘုန်းနန့်သူ့ကံ။
၁၆။ သူ့ဘုန်းနန့်သူ့ကံ၊ သူ့လက်ရုံးနန့် သူ့ပညာ။
၁၇။ သူ့မယားကိုလိုချင် သူ့လင်ကိုသတ်။
၁၈။ သူ့မယားမျက်ရည်ကျမှ ကိုယ့်မယားဝမ်းဝ။
၁၉။ သူ့မသာငါပို့၊ ငါ့မသာသူပို့။
၂၀။ သူ့မြင်မမှန်၊ ငါမြင်မှန်၊ အမှန်လှဘိ၊ လူငတိ။
၂၁။ သူ့ လူကိုယ့်ဖက်။
၂၂။ သူ့လူငါ့ဖက်။
၂၃။ သူ့လုံ့နန့် သူ့ကိုထိုး။
၂၄။ သူ့မယားကိုဖျက်၊ နတ်ပြည်တက်၊ တဖက်ငါးရာ၊ အရံ့ပါ။
၂၅။ သူ့သက်သီမှ ကိုယ့်သက်ချမ်းသာ။
၂၆။ သူ့အပြစ်နန့်သူခံ။
၂၇။ သူ့အရာနန့် သူတွင်ကျယ်။
၂၈။ သူ့အရိပ်ကိုလည်း ခို၊ သူ့အခက်ကိုလည်း ချိုး။

၂၉။ သူ့အရိုးနန့် သူ့ကိုထိုး။
၃၀။ သူ့အလိုသို့လိုက်မှ သူကြိုက်။
၃၁။ သူ့အလိုသို့လိုက် သူချစ်တေ။
၃၂။ သူ့အိုး နန့်သူ့ဆန် တန်ရုံခပ်။

# သူ

၁။ သူကရာဝက်သတ်ကြီး၊ ကိုယ့်လျှာကိုယ်ဖြတ်လှီး။
၂။ သူကောင်းသားလည်း၊ မူထားကောင်းလျှက်၊ အပေါင်းဖျက်။
၃။ သူကောင်းသူစံ သူမကောင်းသူခံ။
၄။ သူခိုးက လူအော်။
၅။ သူခိုးကို တန္တဂေါင်းရိပ်တေ။
၆။ သူခိုးကို ဒါးမြကဆုံးမ။
၇။ သူခိုးကို ဒါးရိုးကမ်း။
၈။ သူခိုးကို သီဖော်ညှိ။
၉။ သူခိုး- ခိုးက ကြွင်းကျန်၊ မီးလောင်က မကြွင်းကျန်။
၁၀။ သူခိုး- ခိုးပြီးမှ ထိုးကွင်းထ။
၁၁။ သူခိုးတညည့်ပျက်၊ အိမ်သျှင်ဆယ်ညည့်ပျက်။
၁၂။ သူခိုးထွက်ပြီးမှ လုံ့ကိုင်။
၁၃။ သူခိုးမယား မငိုဝံ့ယောင်။
၁၄။ သူခိုးရှိရ တပြပြ။
၁၅။ သူခိုးလည်း ခိုးခီ၊ အိမ်သျှင်လည်း အနိုးနီ။
၁၆။ သူခိုးလက်က သူဝက်လု။
၁၇။ သူခိုးဟိရာ ဝန်ထုပ်လာ။
၁၈။ သူစိမ်းချစ် ဆွိမျိုးဆဲသလောက်သာ။
၁၉။ သူဌေးချီးပေါက်ကေ အစိုမနံ၊ ဆင်းရဲသားချီးပေါက်ကေ အစိုနံ။
၂၀။ သူဌေးဖြစ် ကျွန်ဖြစ်။
၂၁။ သူဌေးမှာသဘော်မှောက်စွာထက်၊ ဆင်းရဲသားမှာ ခွက်ပျောက်စွာခက်တေ။
၂၂။ သူတကြောင်း ကိုယ်တကြောင်း။
၂၃။ သူတခါ ကိုယ်တခါ။



၂၄။ သူတပြန် ကိုယ်တပြန်။
၂၅။ သူတမင်း ကိုယ်တမင်း။
၂၆။ သူတလှည့် ကိုယ်တခါ။
၂၇။ သူတလှည့် ကိုယ်တလှည့်။
၂၈။ သူတကို ငါတမင်း။
၂၉။ သူတော်ကောင်းကို နတ်ကောင်းစောင်မ၊ ချမ်းသာရ။
၃၀။ သူတော်ကောင်းကို နတ်ကောင်းမ။
၃၁။ သူတော်ကောင်းကို မကောင်းကြံက ဘေးရန်ခ။
၃၂။ သူတော်ကောင်းကို မကောင်းကြံတတ်၊ တိရစ္ဆာန်ထက်၊ လွန်ညစ်ပတ်။
၃၃။ သူတော်ကောင်းကို မကောင်းကြံမိ ဘေးရန်ထိ။
၃၄။ သူတော်ကောင်း ဥစ္စာကို၊ ရီမှာပစ်လည်း မနစ်၊ မီးမှာပစ်လည်း မချစ်။
၃၅။ သူတော်ကောင်းနန့်နီ သူတော်ကောင်း၊ သူမိုက်နန့်နီ သူမိုက်။
(သူတော်ကောင်းနန့်ပေါင်းကေ စားသောက်မကုန်၊ သူမိုက်နန့်ပေါင်းကေ လျှော် မောင်း(မင်း)မကုန်။)
၃၆။ သူတော်ကောင်း မပီ၊ ကျင့်မညီ၊ ကျင့်ခီပြန်လည်း၊ အလွဲလွဲ။
၃၇။ သူတော်ကောင်းယဉ်ပါး၊ သူယုတ်မာသား ရမ်းကား။
၃၈။ သူတော်ကောင်း ဟိရာသူတော်ကောင်းလာ။
၃၉။ သူတော်မကို ဝဖြိုး (ဂေါင်းဖြီး) လျှုရေပိုင်။
၄၀။ သူတော်မနန့်ဂေါင်းဖြီး ဘုန်းကြီးနန့်တကာမ။
၄၁။ သူတော်လမ်းမှား ဆန်ရ။
၄၂။ သူတောင်းစားလက်နန့် ရွှေလောင်းပွန်းကို နှိုက်တေပိုင်။
၄၃။ သူနာလွန်မှ ဆီးသမကိုရှာ။
၄၄။ သူမနာ ကိုယ်မနာ။
၄၅။ သူမသိ ကိုယ်ပိုး။
၄၆။ သူမသိ ကိုယ်ပိုး မောင်ယာနိုး။
၄၇။ သူမိုက်ကို နာလိုမှု မြှောက်မြှင့်။
၄၈။ သူမိုက်ကိုယှော်င ရန်ကိုအောင်။
၄၉။ သူမိုက်စကား ရာထောင်များလည်း၊ စီးပွားကင်းဘိ၊ ကျိုးမဟိ။
၅၀။ သူမိုက်နန့်ပေါင်းမှု၊ ထပ်ထူတလဲလဲ။
၅၁။ သူမိုက်အလှူပြုပါမူကား ရွယ်ချူမင်္ဂဖိုလ်၊ သူမလိုတည်း။ ဆုကိုမတောင်း၊ ချီးမွမ်းကြောင်းသာ။
၅၂။ သူများကိုချစ်ခင်မှ သူများကချစ်ခင်မည်။

၅၃။ သူများကိုမကောင်း မကြံကောင်း။

၅၄။ သူများကိုမကောင်း မကြံကောင်း၊ ကိုယ့်ပါးမှာရောင်း။

၅၅။ သူများကို မနာလို ကိုယ့်မှာ အကျိုးယုတ်။

၅၆။ သူများကို လေးစားမှ သူများက လေးစားမည်။

၅၇။ သူများကိုလည်း မယုံကေ့၊ ယုံပင်ယုံကေလေ့ မပုံကေ့။

၅၈။ သူများကျွဲစား ငါ့နွားယော် (လျှော်)။

၅၉။ သူများငိုခါ ငါရယ်၊ ငါငိုရေခါ မခံချင်။

၆၀။ သူများစားဖတ်ကို ကောက်စားမှား။

၆၁။ သူများစိတ်ကိုလို ကိုယ့်စိတ်နန့်နှိုင်း။

၆၂။ သူများတံထွီးကို ကောက်မျိုမှား။

၆၃။ သူများထက်ကျော့မှကြွား။

၆၄။ သူများထက်ထူး အရှုး။

၆၅။ သူများနာကေ နာပတ်စီ၊ ကိုမနာကေကျိ။

၆၆။ သူများနားငှောင်းနန့် ပါးပြောင်ရေ။

၆၇။ သူများနှာခေါင်းနန့် လီယှူ။

၆၈။ သူများမဝလို့၊ ကိုယ်မစားရ။

၆၉။ သူများမိုယ်းခါးရေသောက်ခါသောက်၊ မသောက်ကေအရှုး။

၇၀။ သူများမျက်ချီးကိုရာ မြင်ရေ၊ ကိုယ့်မျက်ချီးကိုမမြင်။

၇၁။ သူများယောင်လို့၊ ယောင်စွာရာ။

၇၂။ သူများယောင်လို့ ယောင်စွာရာ၊ အမောင်တောင်မှန်း မြောက်မှန်းမသိ။

၇၃။ သူများရှူးခါရှူး။

၇၄။ သူများရယ်ခါ အကျွန်နားပင်းကို လက်တို့ပါ။

၇၅။ သူများလည်း မစားရ၊ ကိုယ်လည်းမစားရ။
(သူများသားမယား တစ်အိမ်လားစွာကိုရာ မြင်ရေ၊ ကိုယ့်သားမယားဆယ်အိမ် လားစွာကို မမြင်)။

၇၆။ သူများသားမွီးလို့ မမွီးကေအမြုံ။

၇၇။ သူများအတွက် ဝေက်ဝမ်းကျ။

၇၈။ သူများအပေါ် မသင့်မတော်မပြုရာ။

၇၉။ သူများအပြစ်ကို မပြောခင်၊ ကိုယ့်အပြစ်ကို အယင်ရှု။

၈၀။ သူများအပြစ်ကို မြင်၊ ကိုယ့်အပြစ်ကို မမြင်။

၈၁။ သူများအပ်ကို ခိုးကေ၊ ကိုယ့်မှာပေါက်ဆိန်ပျောက်တတ်တေ။



၈၂။ သူယုတ်နန့်သူကောင်း မပေါင်းရိုးမှန်။

၈၃။ သူယုတ်ဗါလာ၊ လူ့ရပ်မြီမှာ၊ အဆွေခင်ပွန်း၊ မမွန်းအပ်။

၈၄။ သူယုတ်ဟိရာသူယုတ်လာ၊ သူကောင်းဟိရာ သူကောင်းလာ။

၈၅။ သူရို့လှဲထား မှိုဟင်းပုတ်၊ စားငုတ်ကျ။

၈၆။ သူလုပ်ငါရ မမှတ်ကြနှင့်။

၈၇။ သူသိမဟုတ် ကိုယ်သိဟုတ်နှင့် အသိလုပ်ဘိ၊ လူငတိ။

၈၈။ သူဦးသူစား၊ ငါဦးငါစား။

# သေ

၁။ သေချာမှလုပ်၊ မယုတ်။

# သဲ

၁။ သဲတောမှာ ရီသွန်သွန်လို့။

# သည်း

၁။ သည်းခံကေ နိဗ္ဗာန်ရောက်တေ။

၂။ သည်းခံသဲပို့ရေ။
(သည်းခံသဲပို့၊ သဲပို့ကျွန်းပေါ်၊ ကျွန်းပေါ်မြက်ပေါက်၊ မြက်ပေါက်နွားစား၊ နွားစား ချီးစိုက်)။

၃။ သည်းခံ သောင်ပေါ်ရေ။

# သော့

၁။ သော့သွမ်းဟောရမ်း၊ လူကြမ်း။

# သက်

၁။ သက်ကြီးစကား၊ သက်ငယ်ကြား။

၂။ သက်ကြီးတရစ်၊ စုတ်စုတ်နစ်။

၃။ သက်ကြီးတရစ်၊ သက်ငယ်ပြစ်၊ ငတေမှာ လူမဖြစ်။

# သင်

၁။ သဘော်ာဆင်ကေ သံမှိုကိုမနှမြောကေ့။

၂။ သဘော်ာပျက်ရာမှာ ချဉ်ပေါင်ဟင်းရောင်းလို့ လိုက်မမီ။

၃။ သင်မှတတ် မြင်မှမှတ်။

# သင့်

၁။ သင့်ရာသင့်ကြောင်း နည်းခံတောင်း။

၂။ သင့်ရာသင့်ရာ စားတော်ခေါ်။

၃။ သင့်ရာသင့်ရာထိုင်။

၄။ သင့်ရာသင့်ရာ လက်တို့ခေါ်။

၅။ သင့်သူသင့်သူ လက်တို့ယူ။

# သင်း

၁။ သင်းပေါင်းထိုးက လောင်းသျှင်ခံ။

၂။ သင်းလွန်ရေကျွဲကို မြက်ကောင်းပီးလီ ဖင်ချွန်းလီ။

# သစ်

၁။ သစ်ကိုင်း မျှောက်လျှောက်။

၂။ သစ်ကောက်ဝါး ကောက်ကိုရာမြင်နိုင်၊ လူလိမ်လူကောက်ကို မမြင်နိုင်။

၃။ သစ်ကောင်းတစ်ပင် လူကောင်းတစ်ယောက်။

၄။ သစ်ကိုနင်း သစ်ကျိုး၊ ဝါးကိုနင်း ဝါးကျိုး။

၅။ သစ်ကိုဝါးမှီ၊ ဝါးကိုသစ်မှီ။

၆။ သစ်ကိုအရင်း စပ်ကိုအလယ် မထမ်းကေ့။

၇။ သစ်ကြား ဝါးပျစ်။

၈။ သစ်ကြား ဝါးပျစ်၊ စူးကြား ဗူးသီး။

၉။ သစ်ကြီးအမျက် ပြင်မထွက်။

၁၀။ သစ်ငုတ်မြင့်တုံ မြက်မြင့်တုံ။

၁၁။ သစ်စရှည်စီ၊ သံစကိုတိုစီ။

၁၂။ သစ္စာမမှန် ကတိမတည် လူသဝေ။

၁၃။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်း နားနိုင်။

၁၄။ သစ်တိုင်းလည်း မယူကေ့၊ ဟောင်းတိုင်းလည်း မပစ်ကေ့။

၁၅။ သစ်ပင်ကောင်း လီညှင်းသာ။

၁၆။ သစ်ပင်ကောင်းလည်း အခေါင်းအမျက်၊ ကျီးပေါင်းဖျက်။

၁၇။ သစ်ပင်ကောင်းလျှက် ဒိန်းနောင်းဖျက်။

၁၈။ သစ်ပင်ကို အငယ်ကပြုစုမှ၊ သားသမီးကို အငယ်ကဆုံးမမှ။

၁၉။ သစ်ပင်ကြီးလတ် အကိုင်းပြတ်။

၂၀။ သစ်ပင်ကြီးအောက်၊ သစ်ပင်ငယ်မပေါက်။

၂၁။ သစ်ပင်ဖြောင့်က တက်ခဲလှ၊ အမှန်ပြောက နားခါးလှ။

၂၂။ သစ်ပင်သစ်ကေလေ့ မကောင်းကေပယ်။

၂၃။ သစ်ပိုင်းဝါးပိုင်းကိုရာကျော်၊ လူလိုင်ပိုင်းကို မကျော်လီကေ့။

၂၄။ သစ်မရခင် ဝါးဖောင်ညှပ်။

၂၅။ သစ်ရောင်းဝါးရောင်း မတက်ကောင်း။

၂၆။ သစ်ဝါးကြီးစွာကိုရာ မြင်ချင်၊ လူကြီးစွာကို မမြင်ချင်။

# သိုက်

၁။ သိုက်ကျမ်းဖတ်ရာ နားထောင်ပါ။ ဥစ္စာရနည်းနည်း (နိုးနိုး)။

၂။ သိုက်ဆရာ ဘုရားဖျက်မှာ မကြောက်ပါ။

၃။ သိုက်တူးအရှူးဖြစ်။

၄။ သိုက်မှာအဆုံး လေက်ရုံး၊ သူများနှုန်း တုံးလိမ့်မည်။

# သိုင်

၁။ သိုင်ခေါင်ညဥ့်နက် မနီရက်(ရ)။

၂။ သိုင်ခေါက်ထက် ညည့်မနက်။

## သောက်

၁။ သောက်စားယစ်ဝ လူဗာလ။
၂။ သောက်ရေအိုးမှာ တီတက်တေ။
၃။ သောက်လီငတ်လီ ငါးကာမီ။
၄။ သောက်လီငတ်လီ ဆားငန်ရီ။
၅။ သောက်လီငတ်လီ အာသာမပြီ (ပြယ်)။
၆။ သောက်လိုက်စားလိုက် မယားချစ်။
၇။ သောက်လိုက်စားလိုက် မယားချစ်၊ မသောက်မစား လူငနွား။

## သောင်

၁။ သောင်ကြောင့် မြစ်ပျက်။
၂။ သောင်တင်- တင်လို့။
၃။ သောင်ပြင်မှာ ရွှတ်တေခွိးပိုင်။
၄။ သောင်မတင် ရီမကျ။
၅။ သောင်ဟိရာ သောင်ထွန်း။

## သတ်

၁။ သတ်စွာမနာ ဆဲစွာနာ။
၂။ သတ္တဝါတစ်ဦး ကံတစ်ခု။
၃။ သတ္တဝါတစ်ဦး မှီခိုရာတစ်ခု။
၄။ သတ္တိမဟိပဲ ရန်စမင်ကေ့။
၅။ သတ်ရဲကေ ခံရဲရဖို့။
၆။ သတ်လို့မနာ ဆဲလို့နာ။

## သဒ္ဒ်

၁။ သဒ္ဒါမတတ် စာမတတ်။
၂။ သဒ္ဓါ(သထာ) တိုးပွား အကျိုးများ။
၃။ သဒ္ဓါယောင်ယောင် တဏှာဆောင်။
၄။ သဒ္ဓါ(သတာ)လို့ပီး၊ သီဆီးကိုမျှ အာဂျောက်ချ။
၅။ သဒ္ဓါလွန် တဏှာကျွံ။
၆။ သဒ္ဓါလွန် တွန့်ရေ။
၇။ သဒ္ဓါလွန် တွန့်ရေ၊ ဝိရိယလွန်ကေ ဆွံ့ရေ။

## သပ်

၁။ သပ်ပင်းရိုက်- ရိုက်လို့။

## သုတ်

၁။ သုတ်သင်မှ စင်ကြယ်။
၂။ သုတ်သင်မှ ယှင်းလင်း။

## သံ

၁။ သံကိုခွတ်လို့ မည်းသားမတက်။
၂။ သံကိုခွတ်လို့ မည်းသားမတက်၊ ရီကိုခွတ်လို့ အရာမထင်။
၃။ သံကိုမလောက် ပီကိုလျှောက်။
၄။ သံကို သံချီးစား။
၅။ သံကို သံချင်းရိုက်။
၆။ သံကို သံချင်းရိုက်၊ လူကိုလူချင်းတိုက်။
၇။ သံကို သံဖျက် သံချီးတက်။
၈။ သံဃာအား ဘုရားမဆန်သာ။
၉။ သံတွေခဲ၊ သားတစ်မှတ်ထင်။
၁၀။ သံပုရာသီးပိုင် ကြီးလီချဉ်လီ။

၁၁။ သံပူသံရဲ၊ လောင်မီးခဲထက်၊ သောကမီးကျဲ၊ သာလွန်ကဲ။
၁၂။ သံမှာ အပ်ဆုံး၊ လူမှာ ဇာတ်ဆုံး။
၁၃။ သံမှာ အပ်ဆုံး၊ လူမှာ ဘိန်းဆုံး။
၁၄။ သံယောဇဉ်ကြိုး ပြတ်နိုင်ခဲရိုး။
၁၅။ သံယောဇဉ်မီး ထိန်ထိန်ညီးမျှ။
၁၆။ သံလျှက်သွားကို နမ်းမိရေ ပုဏ္ဏားပိုင်။
၁၇။ သံလျှက်သွားကို လျှက်မှား။
၁၈။ သံလျှက်သွားကို ရပ်မှား။
၁၉။ သံသရာကြော ဆုံလည်နွှား။
၂၀။ သံသရာထဲ တဝဲလည်လည် ရဟာတ်နှယ်။
၂၁။ သံသရာထက် ဝမ်းစာခက်။
၂၂။ သံသုဘုရင်၊ အသျှင်ကောင်းမှု၊ တည်ထားပြု၊ သာစုမခေါ်လောက်။

# သန်

၁။ သန်ရာသန်ရေ၊ ကြီးရေမဟိ။

# သန်း

၁။ သန်းခေါင်ထက် ညဥ့်မနက်။

# သုံး

၁။ သုံးကေကားကုန် လျှုကေကားမြတ်။
၂။ သုံးကျောင်းထိုင် ဘုန်းကြီး၊ သုံးလင်ရ မိန်းမ။
၃။ သုံးတုံးကုန်မှ ခွီးချီးမှန်းသိရေ။
၄။ သုံးထပ်ထမင်း သုံးစိမလျှော့။
၅။ သုံးနှစ်ချီးခြောက်ကို ရီဆွတ်လို့နှူး။
၆။ သုံးနှစ်ချီးတုံး ရီဆွတ်လို့နှူး။
၇။ သုံးနှပ်အိပ် သုံးခါစား။
၈။ သုံးမှုထက် ရှာမှုခက်။
၉။ သုံးမှုလွယ် ရှာမှုခဲ။
၁၀။ သုံးသာသုံး မကုန်စီကေ့။

# သွား

၁။ သွားကို သွားပိုးစား
၂။ သွားကြဲလဇ္ဇီ၊ မျက်ဆန်နီ၊ ဂုဇ္ဈိမသား။
၃။ သွားချီးစင်ပတ်စီလို့၊ ကြံဝယ်စားခီဆို၊ မြောက်ဥဝယ်စားလာရေ။
၄။ သွားချီးတင် ကြံဝယ်မစား မြောက်ဥစား။
၅။ သွားနန့်ဆန် အနီမဟိ။
၆။ သွားမဟိပဲ အရိုးမွှားချင်။
၇။ သွားမှုပြောမှု၊ စားသောက်မှု၊ သတိပြုက ဘေးမခ။

# သွို့

၁။ သွို့ကေထိုင် စွတ်ကေထ။

# သွီး

၁။ သွီးချင်းတူမှ ချစ်ကြည်ဖြူ။
၂။ သွီးချင်းမတူ မကြည်ဖြူ။
၃။ သွီးဖြစ် ပြည်ဖြစ်။

# သွေး

၁။ သွေးဖျားလှည့်ဆောင် မာယာကောင်။

# သျှင်

၁။ သျှင်ကြီးလာလည်းသတ်၊ သျှင်ငယ်လာလည်း သတ်။

၂။ သျှင်ဘုရင်ကိုးကွယ်ရာမှာ အပြစ်ပြော။
၃။ သျှင်ဘုရင်တစ်ခါထွက် ပဲလှော်ဆယ်ခါကျက်။
၄။ သျှင်ဘုရင်တရားနန့် ညီမညီ အသီးကိုစားကြည့်။
၅။ သျှင်ဘုရင်တင့်မှ မြို့မြင့်။
၆။ သျှင်ဘုရင်ဘုန်း မိုယ်းသို့ချုန်း တောင်ပုန်းမနီသာ။
၇။ သျှင်ဘုရင်မှားကေ (ပြည်သူ) ပျင်ရန်မလွယ်။
၈။ သျှင်မဝင်ခင် ကျောင်းထိုင်ချင်။
၉။ သျှင်မှာ သီလ လူမာ စာဂ။
၁၀။ သျှင်ရဲအောင်ဖွယ် မာန်အောင်ပို့- နတ်မရေ။
၁၁။ သျှင်လည်းမဖြစ် လူလည်းမဖြစ်။
၁၂။ သျှင်လည်းမဟုတ် လူလည်းမဟုတ်။

## ဟ

## ဟ

၁။ ဟခါကပင် အူမကိုမြင်။
၂။ ဟရဇား ပရဇားမှတ်လား။

## ဟာ

၁။ ဟာစရီ ရပ်- ရပ်လို့။
၂။ ဟာရီလည်းသိ ပြည်လည်းကြီ။

## ဟိ

၁။ ဟိခါတန်ဆာ မဟိခါ ဝမ်းစာ။
၂။ ဟိခါမမြင် မဟိခါမြင်။
၃။ ဟိခါလင် မဟိခါ နင်။



၄။ ဟိခါသခင် မဟိခါ တေင်။
၅။ ဟိခါအသျှင် မဟိခါနင်။
၆။ ဟိတိုင်းလည်း မစားရ၊ ပြောတိုင်းလည်း မယုံရ။
၇။ ဟိတိုင်းလည်း မပြကေ့။
၈။ ဟိတိုင်းလည်း မပြကေ့၊ သိတိုင်းလည်း မပြောကေ့။
၉။ ဟိရေနွားလည်း ကုပ်ပီ၊ ရခီရေနွားလည်း ကုပ်ပီ။
၁၀။ ဟိလီသမျှသတ္တဝါ သူငါကစ အနိစ္စ။

## ဟူး

၁။ ဟူးရာပညာ သမားမှာ။

## ဟော

၁။ ဟောခါတရား လုပ်ခါအမှား။
၂။ ဟောလီသမျှ သဲရီကျ။

## ဟင်း

၁။ ဟင်းကိုဖျက် ငပိ၊ လူကိုပြော သတိ။
၂။ ဟင်းကိုဖျက် ငပိ၊ သမီးကိုဖျက် အမိ။
၃။ ဟင်းတအိုး ဆားမြည်းတွင်းကုန်။
၄။ ဟင်းဖတ်ပါရာ မျက်နှာသာ။
၅။ ဟင်းမကောင်းကေ ငပိကို ယိုးရေ။
၆။ ဟင်းမဟိဂန်တို့၊ လူမဟိငါရို့။
၇။ ဟင်းမည်များ နပ်စာမပြည့်။
၈။ ဟင်းမှာလျှော့ရို့ ငါးမှာထိုး။
၉။ ဟင်းရည်ကောင်းလျှက် ငပိဖျက်။
၁၀။ ဟင်းရည်ကောင်းလျှက် ဆားကဖျက်။
၁၁။ ဟင်းရည်ကောင်းလျှက် ဆားကဖျက်၊ သမီးကောင်းလျှက် အမိဖျက်။

၁၂။ ဟင်းရည်တစ်ခွက် ဇွန်းဆယ်လက်။
၁၃။ ဟင်းရွက် ဟင်းရည်။

# ဟင်

၁။ ဟသ်ာလယ်ကြား ဇကန်းနား။

# ဟိုက်

၁။ ဟိုက်မှမောမှန်းကိုသိ။

# ဟိုင်း

၁။ ဟိုင်းဆို အရွယ်အို။

# ဟောင်

၁။ ဟောင်ရေခွီးကို လူမထီ။
၂။ ဟောင်ရေခွီးလည်း မကိုက်၊ ကိုက်တေခွီးလည်း မဟောင်။
(ဟောင်ရေခွီးလည်းမကိုက်၊ ကိုက်တေခွီးလည်း မဟောင်၊ ငြိုရေလင်လည်း မသတ်ကြိုးရေမိုဃ်းလည်း မရွာ)။
၃။ ဟောင်လွန်းရေခွီး လူမလေး။
၄။ ဟောင်တိုင်းလည်း မပစ်ကေ့၊ သစ်တိုင်းလည်း မလိုက်ကေ့။

# ဟောင်း

၁။ ဟောင်းပင်ဟောင်းကေလေ့ မကောင်းကေပစ်။

# ဟပ်

၁။ ဟပ်တွင်းမွဲ။

# ဟိတ်

၁။ ဟိတ်ကြီး ဟန်ကြီး။
၂။ ဟိတ်ကြီးတိုင်း မဟန်။

# ဟုတ်

၁။ ဟုတ်ကား ဟုတ်ယင့် သူမခံချိ။ (မခံသာ)။
၂။ ဟုတ်ကေဝံ မဟုတ်ကေခံ။
၃။ ဟုတ်ကေသာ မဟုတ်ကေနာ (ဆာ)။
၄။ ဟုတ်စွာဆို နာလိုခံခက်။
၅။ ဟုတ်တိုင်းမှန်ရာပြော မနှော။
၆။ ဟုတ်မဟုတ်သူခိုးနန့် အိမ်သျှင်ရာသိရေ။
၇။ ဟုတ်မဟုတ် အသူ့လက်ကိုဖက်နမ်းဖို့လည်း။
၈။ ဟုတ်ရူပရူမောင်ဖြူမန္တရား။
၉။ ဟုတ်မှကျော် ပုပ်မှပေါ်။

# ဟန်

၁။ ဟန်ကိုကိုယ့်ဖို့ မာန်ကိုသူ့ဖို့။
၂။ ဟန်မကျ ပန်မကျ။
၃။ ဟန်မရ ဘမ်းမရ။
၄။ ဟန်လီ ဟန်လွ။
၅။ ဟန်လို ဟန်ရ။

## ငှ

ငှ

၁။ ငှုကြီး အရုပ်ရာကြီးရေ၊ ကြီးလေးလုံး တစ်လုံးအပါအဝင်။
၂။ ငှုင်းတငှက်ပိုင်လိုင်ကျင်ကျင်နန့်။
၃။ ငှုင်းတငှက် အသက်မစား။
၄။ ငှုင်းတထက် နောက်ကျအရိုးမရ။
၅။ ငှုင်းတမှိုင်မှိုင်လို့။
၆။ ငှုင်းတဝဲ။
၇။ ငှုင်းတဝဲဝဲလို့။
၈။ ငှုင်းတဝဲရေ နွားအသုံးမကျ။
၉။ ငှုင်းတလောက်တော့ ငှက်တိုင်းပျံနိုင်ရေ။
၁၀။ ငှုင်းတထက် ငှက်တိုင်းလှ။

## အ

အ

၁။ အကစပ် က ရန်ရရေ။
၂။ အကစပ်နန့် ကျင်ဖြစ်တေ။
၃။ အကစပ်သန် ရန်ဖြစ်တေ။
၄။ အကမတတ် ခြီကျိုးတတ်။
၅။ အကမတတ် ခြီချော်တတ်။
၆။ အကမတတ် ဖျာကျိုးတတ်။
၇။ အကမှာ အခုန်ပါ။
၈။ အကာကိုခွာ အနှစ်ကိုတွို့ တရားကိုရှာ ကိုယ်မှာတွို့။
၉။ အကာကိုခွာ အနှစ်ကိုရှာ။
၁၀။ အကာကိုပစ် အနှစ်ကိုယူ။
၁၁။ အကာကြီး ငါးရာ အကာငယ်တစ်ထောင်။
၁၂။ အကာထက် အနှစ်ကြီး။
၁၃။ အကုသိုလ်ကိုဖျောက်၊ ကုသိုလ်ကိုမြှောက်။
၁၄။ အကောက်ချင်း အကောက်၊ အလိမ်ချင်း အလိမ်။
၁၅။ အကောက်တစ်ထောင် ဝက်ဘာတောင်။
(အကောက်သုံးဆယ် ငါပြွန်ရည်၊ ပြွန်ရှည်ညီမ ငါပင်ခ ပင်ခလက်အောက် ဗကျင်းတောက်၊ ဗကျင်းတောက် လက်အောက် ငရကောက်၊ ငရကောက် လက်အောက်၊ နှာခေါင်းပေါက်။)
၁၆။ အကောင်နန့် လက်နန့်မရှိ။
၁၇။ အကောင်ရာငယ်ရေ ခြာသျှေမျိုး။
၁၈။ အကောင်ရာငယ်ရေ စာသျှေမျိုး။
၁၉။ အကောင်ရာငယ်ရေ စန္ဒကူးနှယ်။
၂၀။ အကောင်သာကြီး လူဗူးသီး။
၂၁။ အကောင်းကိုအဆိုးလုပ်မရ၊ အဆိုးကို အကောင်းလုပ်မရ။
၂၂။ အကောင်းပြောကေ ငယောင်းဖလာ။
၂၃။ အကောင်းပြော အဆိုးကြား။
၂၄။ အကောင်းမှာအဆိုးပါ၊ အဆိုးမှာ အကောင်းပါ။
၂၅။ အကောင်းလုပ်ခါ လူမသိ၊ မကောင်းလုပ်ခါ လူသိ။
၂၆။ အကောင်းလုပ် အဆိုးဖြစ်။
၂၇။ အကောင်းအကန်း ခတောက်ပန်း၊ ဒေါက်လန်းတချပ် ငွီတမတ်။
၂၈။ အကောင်းအဆိုး ပေါင်းနှစ်မျိုး။
၂၉။ အကန်း စဆီမကြောက်။
၃၀။ အကန်းမှာ ညည့်နန့်နိ တလဲလဲ။
၃၁။ အကုန်အရသိတတ်မှလျှင်၊ ကိစ္စကြီးငယ်၊ ဆောင်ရွက်လွယ်၏။
၃၂။ အကျောခံ လန်တတ်တေ။
၃၃။ အကျင့်ကောင်းတိုင်း အမျိုးမကောင်း၊ အမျိုးကောင်းတိုင်း အကျင့်မကောင်း။
၃၄။ အကျင့်ကောင်းမှ လူပေါင်းဆန့်။

၃၅။ အကျင့်ချော် ငရဲရွာ။
၃၆။ အကျင့်ဆိုးသွမ်း လူဗိုကြမ်း။
၃၇။ အကျင့်ထူး ဗျူးမှာကျ။
၃၈။ အကျင့်ပျက် အောက်ရနက်။
၃၉။ အကျင့်မှောက်မှား ငရဲလား။
၄၀။ အကျင့်မှန် နိဗ္ဗာန်ရောက်။
၄၁။ အကျင့်မှန် သစ္စံ။
၄၂။ အကျင့်လွန် နိဗ္ဗာန်ချော်။
၄၃။ အကျင့်ကိုဆောင် အပြစ်ကိုယှောင်။
၄၄။ အကျိုးကိုလိုလို့ ညောင်ရီလောင်း ပတ်ထမ်းကျရေ။
၄၅။ အကျိုးကိုလို အပြစ်ပို။
၄၆။ အကျိုးအကြောင်းကို စုံလင်ယောင်မသိပဲ အယမ်းမပြုရ။
၄၇။ အကျိုးအကြောင်း ဆိုးအကောင်း။
၄၈။ အကြားအမြင်ဟိမှ ဗဟုသုတတိုး။
၄၉။ အကြီးဂေါင်းဆောင် အငယ်နောက်လိုက်။
၅၀။ အကြီးမှာ သူရာ၊ အငယ်မှာ ပိုင်စရာ။
၅၁။ အကြီးရှုက်ကေ ရယ်ရေ၊ အငယ်ရှုက်ကေ ငိုရေ။
၅၂။ အကြည့်တတ်မှ မြင်။
၅၃။ အကြည့်တတ်မှ မြင်၊ အဆီးတတ်မှ စင်။
၅၄။ အကြောသင့်ရာ အီး။
၅၅။ အကြောသင့်ရာ အီး၊ အနာဟိရာ ထီး။
၅၆။ အကြင်ဟိမှ အချစ်ဟိ။
၅၇။ အကြောက်လည်း ခံရသိယင့်၊ ချီးလည်းယိုရသိယင့်။
၅၈။ အကြောက်ဟိမှ အရှုက်ဟိ။
၅၉။ အကြောင်မှာ အကျားဖြစ်။
၆၀။ အကြောင်းကိုမသိလို့ ဖယောင်းကို ငပိထင်။
၆၁။ အကြောင်းဆုံကေ ရဲဂုဏ်ပြရေ။
၆၂။ အကြောင်းနန့် အကျိုး၊ အကျိုးနဲ့ အကြောင်း။
၆၃။ အကြောင်းပေါ်မှ အကြံရှာ။
၆၄။ အကြောင်းမလှ ဟန်မကျ။
၆၅။ အကြောင်းမသိ မှင်းကျိုးစိ ဖုတ်ပျာစား ဖန်ဆိမ့်ဆိမ့်။
၆၆။ အကြောင်းမသိလို့ ငပိကိုဖုတ်စားမိ။
၆၇။ အကြောင်းလျှော် တောင်ပေါ်ရီစီး။
၆၈။ အကြောင်းသိချင်။
၆၉။ အကြောင်းသိချင်မှ၊ အရိပ်အကဲကို နားလည်။
၇၀။ အကြောင်းသင့်၊ ကျောက်ပြင်ကရီဆင်း။
၇၁။ အကြောင်းဟိက ဇကန်းပိုင်ဝိုင်းအာ။
၇၂။ အကြောင်းဟိမှ အကျိုးပေါ်။
၇၃။ အကြံကောင်းတစ်ချက်၊ အနီကောင်း တစ်သက်။
၇၄။ အကြံကုန် ဂဠုန်ဆားချက် ပြာကိုလျှက် (ယက်)။
၇၅။ အကြံကြီး ပျက်စီးတိုင်။
၇၆။ အကြံဆန်း ရဟန်းကျောင်းနန့်မနီရ။
၇၇။ အကြံတူ ရန်သူမှတ်။
၇၈။ အကြံတူ ရန်သူ၊ အလုပ်တူပြိုင်ဘက်။
၇၉။ အကြံမတူ အိမ်သူမဖြစ်။
၈၀။ အကြံမတတ် သမ္မာန်ခတ်၊ အလုပ်မမြင် ရဲသားဝင်။
၈၁။ အကြံမနိုင် ဉာဏ်မပိုင်။
၈၂။ အကြံများ ဉာဏ်ကောင်းပေါ်။
၈၃။ အကြံလိုကေ ဂေါင်းသုံးလုံးကိုမိန်း။
၈၄။ အကြံလိုကေ ဒူးသုံး၊ ချောင်းကိုမိန်း။
၈၅။ အကြံလိုကေ သူအိုကတောင်း။
၈၆။ အကြမ်းမှူ အနုနန့်အောင်။
၈၇။ အကွဲဟိက ရီဝင်ရေ။
၈၈။ အကွဲဟိက ရီဝင်ရေ၊ အပေါက်ဟိက လီဝင်ရေ။
၈၉။ အကွပ်တစ်ချက် လက်တစ်ချက်။
၉၀။ အကွပ်မဟိရေကြမ်း ပရမ်းပတာ။
၉၁။ အကွပ်မဟိရေ ကြမ်း ပရမ်းပတာ၊ အဖမဟိရေသား ကရားကထား။
၉၂။ အကွပ်မဟိကြမ်း အပျက်လွယ်။
၉၃။ အကျွမ်းဝင် အပင်ပေါက်တေ။
၉၄။ အကြွီးတင် သျှင်ဘုရင် ဆပ်လိမ့်မည်။

၉၅။ အခါကောင်း လတပေါင်း။
၉၆။ အခါကောင်းလည်း အလာနှောင်း။
